(သက္ကရာဇ်) ၁၁၁၁ ခု (နှောင်း)တန်ခူး လဆန်း ၅ ရက် နေ့ ဂန္ဓာလရာဇ် တိုင်း တရုပ်ဥတည်မင်း က ရောက်သည့် ရာဇသံ။

အရှေ့မျက်နှာ တိုင်းကြီး ပြည်ကြီး ထီး ဆောင်း နန်း နေမင်း အပေါင်း တို့ကို အစိုးရ တော်မူသော နောင်တော်ဥတည်မင်း ချစ်ကြည်စွာကြား ရောက် အပ်သည်။

အနောက်မျက်နှာ တိုင်းကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း တို့ကို အစိုးရ တော်မူသော ဆင်ဖြူဆင်နီ ရတနာပွင်း များ သခင်ညီ တော် ရွှေနန်း ရှင်။

နောင်တော်ပြည်နှင့်ညီ တော်ပြည်သည်ကာလအရှည် ရွှေလမ်း ငွေလမ်း မပေါက်မရောက်ကြရသည်နှစ်ပေါင်း ၁၂၀ ရှိ လေသည်။ နောင်တော်လည်း သံတမန်မစေ၊ ညီ တော်လည်း သံတမန်မစေ နေကြသည့်အရာသည်နတ်ဗြဟ္မာအပေါင်း တို့မလှုံ့မဆော် သော ကြောင့် နောင်တော်နှင့်ညီ တော်သည်ပြည်ကြီး နှစ်ပြည်ကိုတပြည်တည်း ရွှေနှစ်ပြား ကိုတပြား တည်း ကိုယ်နှစ်ကိုယ်ကိုတကိုယ်တည်း ကဲ့သို့ မရှိကြရ၊ ကာလလွန် လေသည်ကို နောင်တော်ကိုယ်မှစ၍ဘုရား သား တော်သမီး တော်မင်း ညီမင်း သား မှူး ကြီး မတ်ကြီး စစ်သူကြီး အပေါင်း တို့ယူကြုံး မရရှိရ တော့သည်။

နောင်တော် ချစ်ကြည်စွာ ရာဇမဟာမိတ်ဖြစ်မည့်အကြောင်း ကိုလဝမြိုက် ကိုစိုး အုပ်စီရင်ရသည့် သေူရဲအမတ်ဘွန်တာရဲတို့ကိုခန့်ထား ၍ ရာဇသံ ကောင်း မွန်စွာ ဂို သေစွာညီ တော်သို့ပို့ဆက်ပါစေသည်။

ရာဇမဟာမိတ်ဖြစ်၍ကမ္ဘာနှင့်အမျှအစဉ်အဆက်ချစ်ကြည် လေး မြတ်မည် အကြောင်း ။ ညီ တော်ကိုယ်မှစ၍ မိဘုရား သား တော်အိမ်ရှေ့မင်း သား တော် သမီး တော် ဆွေတော် မျိုး တော် မှူး တော်မတ် တော်အပေါင်း တို့ကျန်း မာ ကြောင်း ကိုကြား သိချင်ပါသည်။

တိုင်း နိုင်ငံများ လည်း နောင်တော်ညီ တော်တို့ဘေား လောင်း တော် ဘုံး လောင်း တော်အဆက်ဆက်အစဉ်စဉ်စိုး အုပ် တော်မူသကဲ့သို့ညီမ်ဝပ်ချမ်း သာ သည်ကိုကြား ချင်လျက် တောင့်တ၍ ရှိပါသည်။ နောင်တော်က စေသူကိုအလျင်အမြန် လာပါစေ။

ကမ္ဘာတည်စကသည်အာဘာဿရဗြဟ္မာ့ပြည်ကဆင်း၍တည်ထောင်သည်၊ အာဘာဿရဗြဟ္မာပြည်လည်း အချားမရှိ၊ ညီတော်နောင်တော်တို့ဘုရားလောင်းတော်ပင်ဖြစ်သည်၊

အရှေ့တိုင်းကြီး ပြည်ကြီး မှာလည်း ထီး ဆောင်း မင်း အပေါင်း တို့ကို အစိုး ရသည်ညီတော်ပင်ဖြစ်တော့သည်၊ နောင်တော်ညီတော်တို့တိုင်ရှိသော ကောင်းမွန်စွာသာသနာတော်စီး ပွါး ၊ သား တော်သမီး တော်တို့စီး ပွါး အတိုင်း မသိရှိသည်ကိုရည်မှတ်၍ နောင်တော်ညီတော်တို့ ဘုရား လောင်း တော်ဘုံး လောင်း တော်အာဘာဿရဘုံမှလာ သောဗြဟ္မာကိုး ယောက်သည်တယောက် သောသူကိုရှစ်ယောက် သောသူ မြှောက်၍ မင်း ဖြစ်ပေသည်၊ ရှစ်ယောက် သောသူသည်အရပ်ရှစ်မျက်နှာကိုအုပ်ချုပ်၍ စီရင်သည်၊ မပျောက်မပျက်စေရ၊ ဗြဟ္မာကိုး ယောက်၏မျက်နှာရုပ်ကိုအစဉ်လုပ်ဆောင်၍ကိုး ကွယ်ထား သည့်အရုပ်ကိုခုတိုင်လည်း နောင်တော်ညီတော်တို့ ဘုရား လောင်း တော်ပင်ဖြစ်၍ညီတော်တို့ကိုး ကွယ်စေချင်သောကြောင့်ချစ်လှသည်နှင့်အညီဆက်လိုက်ပါသည်၊ အတွင်း နန်း ပြဿဒ်သို့သွင်း၍ညီတော်ရှေ့တွင်ရွှေဖြင့်လွှမ်း လျက်တရက်မခြားကိုး ကွယ်ပါစေ၊

အာဘာဿရဘုံမှဆင်း သည့်ဗြဟ္မာကိုး ယောက်တွင်ဗြဟ္မာကြီး တယောက်၏သား အကြီး သည်နောင်တော်ဘုရား လောင်း တော်၊ သား အငယ်သည်ညီတော်ဘုရား လောင်း တော်ပင်ဖြစ်သည်၊

အနောက်မျက်နှာတိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း တို့ကို အစိုး ရတော်မူသောဆင်ဖြူဆင်နီရတနာတွင်း မြား သခင်ညီတော် ရွှေနန်း ရှင်၊

နောင်တော်ချစ်ကြည်စွာရာဇမဟာမိတ်ဖြစ်ရာဇသံစာကိုသွေးရဲအမတ်တွံတာရဲတို့ကိုခန့်ထား၍ ပို့ဆက်ပါစေသည်၊

ညီတော်တိုင်း နိုင်ငံအရှေ့မျက်နှာကိုင်း မား ၊ မိုင်း မိုင်း ၊ မိုင်း လျည်း သခင်၊ တောင်မျက်နှာယိုး ဒယား ၊ လင်း ဇင်း ၊ အကြော်၊ လဝိုက်၊ မျက်နှာမြည်း ၊ ပင်လယ်ကျ၊ အနောက်မျက်နှာသမုဒ္ဒရာနား ထိထီး ဆောင်း မင်း အပေါင်း ကား ပုဂံ၊ မိုး ဖြဲ၊ ပုခန်း ၊ မုတ္တမ၊ ဟံသာဝတီ၊ သံလျင်၊ တောင်ငူ၊

ဇင်း မယ်၊ ကလေး ၊ သောင်သွပ်၊ သိန္နီ၊ ဒါး ဝယ်၊ ပြည်၊ တောင်တွင်း၊ ခုကြုံင်း
၉ စော်ဘွား မှစ၍ယခုတိုင်ညီတော် ဘား လောင်း တော်အဆက်ဆက်တိုင်း နိုင်
ငံတော်ဖြစ်ပေသည်၊ နိုင်ငံတော်အတွင်း ရှေး ဘား လောင်း တော်တို့လက်
ထက်ကကဲ့သို့ပြည်ရွာတိုင်း နိုင်ငံစည်ပင်သာယာငြိမ်ဝပ်သည်ကိုသိလိုသည်၊ မငြိမ်
မဝပ်ညီတော်မှာရှိလျှင် နောင်တော်ရန်သူဖြစ်တော့သည်၊ နောင်တော်တို့
ဘုန်းအာဏာနှင့်မငြိမ်မဝပ်ရှိလျှင်နှိပ်ကွပ်ရှင်းလင်း ရမည်ညီတော် နေထွက်
ဘုရင် ရွှေနန်း ရှင်။
(သုတေသီ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောသာသနာ့ဒါယကာ တော်လက်နက်စကြာ
သခင်ဆင်ဖြူဆင်နီဆင်ကျား များ သခင်အသျှင်ဘဝရှင်အလောင်း မင်း တရား
ကြီး ဘုရား အမိန့်တော်ရှိသည်၊ မြန်မာကျွန်တော်မျိုး အရပ်ရပ် ခေါင်း အကြီး တို့
မြန်မာကပ်ဥပါဒ်ကြိန်သည်၁၀၈၅ခုနှစ်ကသည်၁၁၁၅ခုနှစ်တိုင်ပျက်ကျိမ်း ရှိသည် I723
ရတနာပူရအဝပြည်ကြီး လည်း အနှစ်၁၀၀ ကျော်လျှင်ကပ်ဥပါဒ် ရောက်မြဲဖြစ်သည် I753
နှင့်သိုက်ခါတ်နိမိတ်တွင်လည်း ညောင်ရမ်း အစဒသစေ့မူပူး မင်း ဟူ၍သိုက်ခါတ်နိ
မိတ်နှင့်အညီတိမ်ယိမ်း သည့်အခါကြိုက်သည်အတွင်း မင်း တရား ၁၀ပါး ကိုမစောင့်
လျှင်မင်း ညီမင်း သား အမျိုး အမတ်ပြည်သူလူအပေါင်း တို့တရား ကိုမစောင့်ကြဟံ
သာဝတီရာမညတိုင်း သား တို့လည်း တရား နှင့်ကျေး ဇူး သစ္စာကိုမစောင့်အ
ရှင်ကိုလက်ဝါး ပြောင်း ပြန်ပြုကျင့်သည်ဖြစ်၍သတ္တဝါဥပါဒ်နှင့်အညီဖြစ်ပျက်ဆုံး ရှုံး
ကြသည်များ ကိုပညာဒုဗ္ဗနည်း သောသူတို့သာလျှင်တလိုင်း တို့နိုင်ငံပြည်နန်း စည်း
စိမ်အရှည်မြဲမည်ကဲ့သို့မှတ်ထင်ကြရသည်၊ တဒင်္ဂတခဏမျှသာဖြစ်သည်၊ ရှေး ထုံး စံ
များ မှာလည်း ဘုန်း ရှိလါမြောက်ဘုန်း မဲ့ပျောက်သို့ဆို သောစကား ဟောင်း
ရှိသည်၊ မဟောသထာဖြစ်မည်ကိုလည်း ဝိဒေဟရာဇ်ပြည်အလုံး ဆင်း ရဲညှိုညင်သည်၊
ပုဂံပြည်တွင်ပြုမင်း စောဖြစ်လိုလျှင်သတ္တဝါအပေါင်း တို့သေကြောင်း ရောက်ကြ
သည်ငါဘုရား အလောင်း သည်ကား ဘုရား ရှင်ရွှေမျက်နှာတော်ကိုကြည့်၍ ၁၀ပါး
သောတရား ဓမ္မလောကတရား ၇ပါး ၊ သင်္ဂဟတရား ၄ါး ၊ ၅ါး သောပဥ္စညာဉ်
၄တန်သောစကား ၏အင်္ဂါယမမင်း ကဲ့သို့၄ပါး သော၈တိကိုမငဲ့မူ၍သတ္တဝါအပေါင်း
တို့အား ၅၂၀ပါး သောမေတ္တာနှင့်ရတနာသိင်္ဃကျွန်း ဘောင်ရွှေမြို့တော်ကြီး ကို
တည်ထောင်၍ပြုစုသိမ်း မြန်း တော်မူလျှင် ကောလင်း ဝန်း သို ကလေး သောင်
သွပ် မိုး ကောင်း မိုး ညှင်း မိုး တား မိုး မိတ် ယင်း ခဲ သီပေါသုံး ဆယ် လဲ
ချား ရပ်စောက် ကသည်း စော်ဘွား တို့မှစ၍အမှုတော်ကိုထမ်း ရွက်ကြလျှင်ရေ
ချမ်း အိုး ကိုလက်နှင့်ပိုက်သကဲ့သို့ကာယသုခစိတ္တသုခနှစ်ပါး ကိုရကြသည်၊ ငါ၏သစ္စာ
တော်ကိုမခံမီကာလကလိုင်း တို့သစ္စာကိုခံခြင်း ၊ တလိုင်း တို့လည်း အရှင်မရှိဖြစ်
၍တယောက်ကိုတယောက်သတ်ညှစ်ကြခြင်း သည်ပညာနည်း သောသူတို့သာလျှင် မ
ဟုတ်ကိုအဟုတ် အဟုတ်ကိုမဟုတ်ထင်သည်၊ ကျေး ဇူး သစ္စာတော်နှစ်ပါး နှင့်အညီငါ

(2 January 1755)

အမှုတော်ကိုထမ်း ရွက်လျှင်မြန်မာဇာတ်တူခြင်း ကိုမဆိုနှင့်ဦး သူပုန်ဖြစ်သော တလိုင်း ပင်ကျိုး နှံ့ဝပ်ပျပ်ထပ် သော်လည်း ငါရွှေနှလုံး တော်အထူး မရှိ၊ မြန်မာ ကျွန်တော်မျိုး အရပ်ရပ်ကို ခေါ်သိမ်း၍ ငါရွှေစက်တော်စုံဦး တိုက်လှာကြရမည်။

(2 January 1755)

သက္ကရာဇ် ၁၁၁၆ ခု (ပြာသိုလပြည့်ကျော် ၅ ရက် နေ့)

အရပ်ရပ်သူကြီး ခေါင်း အကြီး တို့ကို ပေး ပြန်သည်

( လောင်း မိန့်၊ မှတ် ၂၊ စါ ၉ – ၁၀ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သုနာပရန်တမ္ဗဒီပက မွောစတိုင်း ကြီး အပေါင်း တို့နှင့်သရေခေတ္တရာပြည်အရိမဒ္ဒနာပုဂံပြည်ပင်ယမြင်စိုင်း စစ်ကိုင်း အင်း ဝ က လေး မိုး ကောင်း မိုး ညှင်း ဗန်မော်မိုး မိတ် သီပေါ ယောက်စောက်မှစ၍ ရာဇဌာနီထီး ဆောင် စော်ဘွား မြို့စား အပေါင်း နှင့်တကွရတနာသိဃ်ကုန်း ဘောင် ရွှေပြည်ကြီး ကိုအစိုး ရတော်မူ သော ပတ္တမြား နီလာဥဿဘယား ရွှေ ငွေ ပယင် ကြေးသံ ရတနာ တွင်အပေါင်တို့ကိုအစိုး ရတော်မူ သောဆင်ဖြူဆင်နီဆင်ကျား များ သခင်အသျှင်ဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား ၅၂၈ ပါး သော များ သော မေတ္တာစိတ်နှင့်တကွအမိန့်တော်ရှိသည် မော်ဓဂ် ရာဇ်အကြီး ဂုမ္ဗညီ ဒေါကိုမဇ္ဈိမာဒေသဖြစ် သောပြည် ထောင်မင်တို့နှင့်မြန်မာဥစ္စန်း ကိုအစိုး ရသော ဘေး လောင်း တော်ဘိုး လောင်း တော်အဆက်ဆက်ပြည်၏အင်္ဂါ၇ပါး ထွင်သခါဟူ သောပြည် ထောင်ခြင်း ထီး ဆောင်း မင်း ကေရာဇ်တို့ဝယ်ဖြစ်ခဲ့ သောအင်္ဂါဖြစ်သည်ငါ ဘေး လောင်း တော်ဘိုး လောင်း တော်အဆက်ဆက်မဇ္ဈိမာဒေသ၌ဖြစ် သောမင်း တို့နှင့်အစည်မိသဟာယဖြစ်ကြ၍ ပတ္တမြား ကျော်သံအမြော် သွေ့သတ္တလပ်အုပ်မျိုး ထည်မျိုး ကုန်စယ်နှင့်ဆင်း ရဲသား တို့သည်လည်အရှက်အတင် ရောင်း ဝယ်ဘောက်ကား ၍ မိဘသား မယား စည်း စိမ်ဥစ္စာစီး ပွါး ကြ၍ ချမ်း သာစွာအသက် မွေး ကြရသည်ကိန်း ခန်း အလျောက်ရာမညတလိုင်း တို့အရှင်ကိုအရှင်မမှတ်လက်ဝါး ပြောင်း ပြန် ကျေး ဇူး သစ္စာ တော်ကို ဖေါက်ပြန်၍ ပုန်စား ဂိုင်း ပြု ထေါင်ထား သည်ကိုရတနာပူရအင်း ဝမြို့လည်း အနှစ်တရာ ကျော်လျှင်ဥပါဒ် ရောက်မြဲအစည်ကဲ့သို့ဖြစ်၍ ပျက်စီး ရမည်အခါရောက်သည်နှင့်ရတနာပူရအင်း ဝမင်း ဟောင်း လည်တရား ကိုမ စောင့်ကျင့် လေသည်တ ကြောင်း တ ကြောင်း မှာလည်း ဘုန်း ရှိလိမြောက်ဘုန်း မဲ့ ပျောက်သည်ဆိုသကဲ့သို့ငါဘဝရှင်အလောင်း မင်း တရား ကြီး (ဘုရား ) ပေါ်ထွန်း သိမ်း ရုန်း ရမည်အချိန် ရောက်၍အခိုက်အတန့်မျှမြန်မာတို့ တိမ်း ယိမ်း ရသည်တိမ်း ယိမ်း နှင့်သည်ကိုသိုက်မါတ်နှင့်အညီရတနာသိဃ်ကုန်း ဘောင် ရွှေမြို့တော်ကြီး ကိုတည်ထား ၍ ရွှေထီး ရွှေနန်း စိုက်ထူလျှင်ထီး ဆောင်း မြို့စား ရှမ်း ကိုး စော်ဘွား မှစ၍ကသည်း စော်ဘွား ဟုန် ကချင်ကရင်ဓနု စော်ဘွား ခေါင်အကြီး ထီး ဆောင်း အပေါင်း တို့ပျပ်ဝပ်ကြီး နှံ့ကျွန် တော်ခံ၍အမှု တော်ကိုညီ

ညွှတ်စွာထမ်း ရွက်ကြလျှင် ရှေး မင်း အဆက်ဆက်တို့လက်ထက် ရတနာထွင်အပေါင်း တို့
တိမ်မြုပ်သမျှသည် ငါဘုန်း တော်ကြောင့်အဆဆတိုး ပွါး ပေါ်ထွက်၍ပြည်သူပြည်သား
အပေါင်း တို့ရေချမ်း အိုး ကိုရင်၌ပိုက် ရသကဲ့သို့စိတ်၏ရွှင်ပြချမ်း သာချင်း ကိုရကြ
သည်၊ မတရား သောအကျင့်ကိုကျင့်၍ပြည်သူး ပြည် ချောင့်ပြုကျင့်သည်ကိုမှန် သော 7 February 1755
သစ္စာစကား ဖြင့်မိဌာန်၍အကြိမ်ကြိမ် ရှင်လင်း ရသည်နှင့်၁၁၁၆ခုငါကိုယ်တော်
မြတ်ဆင်မြင်း အလုံး အရင်း နှင့်ချီ တော်မူ၍တိုက်လံရာသည်ပြည်ကြက်တင်း တောင်
တွင်သစ်တပ်ကျုံး မြောင်း လှေတက်အများ နှင့်ခံရပ်ပြန်သည်ကိုလည်း သစ္စာစကား
ဖြင့်မိဌာန်၍လုပ်ကြလျှင်ငါဘုန်း တော်ကိုမခံနိုင်၍သူပုန်တို့ပျက်စီး သည် လှေ၆၀၀
ကျော်အမြောက် သေနတ်ဆင်မြင်း လက်နက်အကုန်အစင်သိမ်း ယူလိုက်၍ ပြေး သွား စေ
သည်၊ မဏိမာဒေသဖြစ် သောတကျွန်း တနိုင်ငံကုန်သည်သူ ဌေး သူကြွယ်နှင့်ငါနေ
ပြည် တော်ရတနာပူရအဝ ရွှေမြို့ တော်နှင့်စီး ပွါး ပြုဘက် ဘေး လောင်း တော်
ဘိုး လောင်း တော်အဆက်ဆက်လက်ထက်တိုး ပွါး ၍ မေတ္တာနှင့်တဦး စီး ပွါး ကိုတ
ဦး အရှည်ကာလချမ်း သာငြိမ်ဝပ်၍ပဏ္ဏာမြား ရွှေငွေ ကြေး သံပယင်း သေနတ်
သတ္တုလက်နက်အုပ်မျိုး ထည်မျိုး ခရီး လမ်း ဟောင်း အတိုင်း ၂ပြည်တပြည်စီး ပွါး ရှက်
တင်ရအောင်ပဏ္ဏာမြား ဟင်သာ၂ခုကိုဥပမာပြု၍သတင်း ကြား စေ တော်မူ
လိုက်သည်။

(4 March) 1755

သက္ကရာဇ်၁၁၁၆ခု(တပေါင်း လပြည့်ကျော်ရရက်နေ့)ဟိုင်း ကြီး ဂုမ္ပဏီ
ဒေါ်တို့ကို ပေး သည့်ရာဇသံ

( လောင်း မိန့်မှတ်၁၊ စါ၃-၄ )

မဟာအတုလယသမဓမ္မရာဇဂုရု ( ဆုံဘား  သာသနာပြုဆရာတော် ) အမိန့်တော်ရှိသည်၊ အတွင်းဘွဲ့တော မရွာနေဥာဏဂန္ဓိ၊ ပုံတောင်ပုံညာအလွဲအနောက်ဘက်သီတင်းသုံးနေတော်မူသောသံဃာတော်တို့ကိုဝိနည်းကျမ်းဂန်လါရှိသည့်အတိုင်းကျင့်ဆောင်အောင်ကြပ်ကြပ်တည်းတည်းဆုံးမစီရင်ရမည်။

သံဃာတော်တို့ကလည်း ဥာဏဂန္ဓိအဆုံးအမဩဝါဒကိုမနာခံလျှင်ထိုသံဃာတို့ကိုငါ့ထံလျှောက်ထား ရမည်။

သက္ကရာဇ်၁၁၁၇ခုနယုန်လပြည့်ကျော် ၄ ရက်နေ့ပို့အပ်သည့်အမိန့်မဟာ 29 May 1755
ဒါန်လုလင်ရှင်ပင်လှစား ငပုတို့အစုံအညီအပ်လှာသည်။

( ယော၊ စါ၆၅ )

ရခိုင်ရိုး မချင်း တောင်တန်း အရှေ့တွင်ရဟန်း သင်္ဃာတို့ကိုအုပ်ထိန်း ကြပ်မ
လျက်ရှိစေရန် ဂိုဏ်း အုပ်ဆရာ တော်ခန့်ထား သည်မှာ

၁ အတွင်း ရွဲး တောမသတင်း သုံး ၊ ပခန်း ကြီး ဇာတိရှင်ဥက္ကာဂန္ဓီ

၂ တောမသတင်း သုံး ၊ တောင်တွင်း ကြီး ဇာတိမြင်း တော်သည် မောင်ရှမ်း ၊ ရဟန်း ဘွဲ့ရှင် တေဇောဒီပ

၃ တောသတင်း သုံး ၊ ပခန်း ကျေး တောင်စဉ်သုံး ဆယ့်ရွာအဝင်ဆိတ် ချေး ဇာတိအသည်ကြီး မောင် ပေါ်စံ ၊ ရဟန်း ဘွဲ့ရှင်ဂုဏသာရ

၄ မင်း ရွာသတင်း သုံး ၊ မင်း ရွာအသည်ကြီး မောင် နေထွန်း ၊ ရဟန်း ဘွဲ့ ရှင်ဓမ္မသရ

(သက္ကရာဇ် ၁၁၁၇ ခုနယုန်လပြည့် ကျော် ၄ ရက် နေ့) (29 May 1755) သာသနာပြု သာသနာ စောင့်ဆရာ တော်ကအမိန့် တော်စာပေး အပ်ခန့်ထား သည်။

(မူလအမိန့်တော်မရှိပြီ၊ <u>ယော</u> ၊ စာ ၆၆)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သုနာပရန်တမ္ဗဒီပစသော တိုင်းကြီး များ အပေါင်း နှင့်တကွတိုင်း နိုင်ငံထီး ဆောင်း မင်း တကာတို့ကိုအစိုး ရတော်မူသော သာသနာဒါယကာတော်ဖြစ်တော်မူသော လက်နက်စကြာသခင်အဆောင်ဆောင်သော ရွှေနန်း ပြဿဒ်သခင် ရွှေတွင်း ငွေတွင်း ပယင်း ဥဿဘယား နီလဂေါမိတ် ကြေး သံ ပတ္တမြား တွင်း အစရှိသော ရတနာတွင်း အပေါင်း တို့ကိုအစိုး ရတော်မူသော ဆင်ဖြူဆင်နီဆင်ကျား များ သခင်အသျှင်ဘဝရှင်ဒလောင်း မင်း တရား ကြီး ဘုရား ၏ မိန့်တော်ရှိသည်။ မောမက် ရဇ်ဂုံပြည်စန္ဒရပ်တို့။ ဟံသာဝတီမြို့သည်မြန့်မာ့ဥစ္စန်း ထွန်း ရာမြန်မာမင်း အဆက်ဆက်အစဉ်အရိုး ပိုင်သောနိုင်ငံဖြစ်သည်။ တလိုင်း သူပုန်တို့သည် ကျေးဇူး သစ္စာကို ဖောက်လှန်ပုန်ကန်စား၍အနိုက်အတန့်မျှမင်း ပြုနှင့်ရသည်ကိုငကိုယ် တော်သား တော်ညီ တော်ဗိုလ်မှူး တပ်မှူး သူရဲသူခက်တိုက် ငလှဝန် လှဆင်ကုံး မြင်း ရင်း အများ နှင့်အကြိမ်ကြိမ်အရပ်ရပ်တိုက်သိလုပ်ကြံ ရှင်း လင်း ၍ပြည် တောင်ငူသာယာဝတီအုတ်ကန်ဥဝလွှမ်း ဆေး ကြံခင်း မနုဖြူဟင်း သတပုသိန် မြောင်း မြဲ ပေါင်ဒဂုန်ဒလကိုး မြို့အရပ်ရပ်မြို့ပြ ကျေး ရွာများ နှင့် လှေတက်အမြောက် သေနတ်လက်နက်ကိရိယာအများ ရတော်မူသည်။ သန်လျင်ပန်လိုင်သံလျင်ကြိုက်ခမီအရပ်ရပ်ဘွင်သူပုန်တို့ကဆီး ခံသည်များ ကိုလည်း အကုန်အစင်ဘိုက်လံဖမ်း ဆီး သတ်ဖြတ်သည်ဟံသာဝတီပတ်လည်မည်သည့်မြို့ပြ ကျေး ရွာမကျန်တိုက်လံဖျက်ဆီး သိမ်း ယူတော်မူပြီး လျှင်ဒဂုန်မြို့ကိုရန်ကုန်သမိုက်တော်မူ၍မြို့ပြကျုံး မြောင်း ပစ္စင်ရင် လျှောက်တဇောင်း ပြအိုး နှင့်တကွ ရွှေနန်း စိုက် ဆောက်စပ္ပါယ်တော်မူသည်။ ကုမ်ပညီတို့ကိုလည်း မဖြိုမာဒေသမင်း နှင့်မြန်မာမင်း အဆက်ဆက်မိတ်သဟာယပြု၍ဆက်ဆံဘောက်ကား ရောင်း ဝယ်သည့်အတိုင်း အစည်မပျက်မိတ်သဟာယဖြစ် ကြမည့်အကြောင်း ကိုငါ့အမိန့်တော်ရာဇသံနှင့်စေရာတွင်ဂုမ်ပညီတို့က လျှောက်သည်ရှိခိုး သံတော်ဦး တင်စာတွင်အရှည်မိဿဟာယဖြစ်ကြမည့်အကြောင်း ကိုကြား သိတော်မူရသည်။ ဟံသာဝတီမြို့ကိုမင်း ပြုသူတို့သည်ငါ့သူရဲသူခက်ရဲမက်တော်တို့ကိုစစ်ဦး ဘက်ရှည်၍မထွက်မတိုက်ဝံ့မြို့ကိုသာလုပ်ဆောင်ကိုး ယိုး ၍ နေသည်ကိုတိုက်လံလုပ်ကြံတော်မူမည်ဂုမ်ပညီတို့တွင်အမြောက်လက်နက်အများ ရှိကြောင်း ကိုလည်း စေသူသံတို့တွင်ကြား တော်မူသည်။ ဟံသာဝတီ

(6 June 1755)

မြို့ကိုလုပ်ကြံပြစ်ဖို့ရန်အမြောံ ၅ ဝင် ၄ ဝင် ၃ ဝင် ၁ ဝင် အမြောံ ၁၂ အလို တော်ရှိသည်၊ အချစ်မေတ္တာနှင့်ပေး စေချင်သည်၊ ပဲကူး တလိုင်း တို့မှာလည်း ဖရင်သစ်ဂုံပညီ ဖရနေသည်ပဲကူး တလိုင်း တို့နှင့်တကျိုး တစီး ပွါး တည်း ပြု၍အမြောက် ၆ဝ သေနတ် ၃ဝဝ ဆေး ကျည် စေ့ခဲမကန့်အများ ပေး၍ပဲကူး တလိုင်း တို့ကိုအား မြှောက်သည် ဟိုင်း ကြီး ဂုံပညီတို့လည်း ငါဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား နှင့်ကံစပ် ၍သုခဒုက္ခ ၂ ပါး ကို မေး မြန်း ပြောဆိုကြရသည်၊ ဖရင်သစ်ဂုမ်ပညီကတလိုင်း တို့ကို တဆအား ပေး ပြုသည်ကို ထောက်၍ဟိုင်း ကြီး ဂုမ်ပညီအရှည်စီး ပွါး ကို မျှော်၍ ငကို ၂ဆထက်ပင်ပြုသင့်မည်ထင်သည်၊ ဖရင်သစ်ဂုမ်ပညီဖရနေကိုလည်း ပြည်ရွာနှင့် မတန်သူဖြစ်၍သံလျှင်မြို့ကသင်္ဘောကိုနုတ်ယူ၍နှင်လိုက်သည်၊ ပင်လယ်ဝသို့ရောက်ပြီး

5 June (1755)

အင်္ဂရိတ်မင်း ကဂုံပညီသို့ စေသူဝိုက်ထည်ကိုလည်း; ၁၁၁(၇)ခုနယုန်လပြည့်ကျော် ၁၁ ရက်နေ့ရန်ကုန်မြို့တော်သို့သင်္ဘောနှင့်ရောက်လာ၍ မေး လျှင်အင်္ဂရိတ်မင်း က ဂုံပညီသို့ စေသည် လေမသင့်၍ ရွှေစက်တော် အောက် ရောက်ဝင် ကြောင်း ကိုရှိခိုး သံတော်ဦး တင် သော ကြောင့်အကြောင်း နှင့်ဒေပါး မေး မြန်း သင့်သည်ဖြစ်၍ ကောင်း မွန်စွာထား ၍ ရှိ ကြောင်း ကိုအမိန့်တော်ရှိသည်၊ ငွေတော်လည်း သေ နတ်ဝယ်ရန် စေသူသံတွင် ပေး လိုက်သည်၊ ဟိုင်း ကြီး ဂုံပညီစန္ဒရဝ်တို့ကို ပေး သည့် ရာဇသံ.

(6 June 1755)

(သက္ကရာဇ် ၁၁၁၇ ခုနယုန်လပြည့်ကျော် ၁၂ ရက်နေ့)

(လောင်း မိန့်၊ မှတ် ၁၄၊ စါ ၅၂ – ၃)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သုနာပရန်တမ္ဗဒီပက မ္ဘောဇ ဇေယျ
ဝဍ္ဎနတို့တိုင်းကြီး များ သခင်ဖြစ်တော်မူသော ပတ္တမြား ဣန္ဒနီလာ မသာရကန်
ဥဿဘယား ကြောင်မျက်ရွှဲ ပုလဲ ပယင်း ရွှေ ငွေ ကြေး သံ ခဲ မ ရတနာတွင်း အပေါင်း
တို့၏သခင်ဖြစ်တော်မူသော ဘုရား သဗ္ဗညုဗျာဒိတ်တော်ရ ကောင်း ကင်ပျံသော
ရသေ့တို့ ဟောသော သိုက်ဝင်သော သာသနာဒါယကာဖြစ်တော်မူသော ၁၀ ပါး သော ရာ
ဇဓမ္မ ၇ ပါး သော လောကမင်း ကျင့် ၄ ပါး သော သင်္ဂဟ တရား ငါး သော ပဋိညာဉ်
ယမမင်း ၏သဘောကဲ့သို့တည့်မတ်သော ၄ ပါး သော ဂတိမင်း ကျင့်တရား အပေါင်း
တို့နှင့်ပြည့်စုံတော်မူသော စည်း လဲ ကွေ့လည် ကောက်ကျစ်သော တဖက်သား ရန်သူတို့
ကိုသကြား ဝေဿဝဏ္ဏ၊ ယမကအာဠဝကတို့၏လက်နက်ကြီး ၄ ပါး နှင့်အတူဆန္ဒ အတိုင်း
ကြေပျက်လွင့်ဝေး စေသကဲ့သို့တရား သဖြင့်စီရင်တော်မူ လေ့ရှိသော ဘုန်း လက်ရုံး
ပညာတော်ရှင်ဖြစ်တော်မူသော ဆင်ဖြူဆင်နီဆင်ကျား များ သခင်ဖြစ်တော်မူ
သောအဆောင် ဆောင်သော ရွှေနန်း ရွှေပြဿဒ်သခင်ဖြစ်တော်မူသော အာဒိစ္စ
ဝံသနေမင်း ၏အဆက်အနွယ်ဖြစ်တော်မူသော အယုဇ္ဈပူရမည်သော ရတနာသိင်္ဃကုန်
ဘောင်ရွှေပြည်ကြီး ကိုအစိုး ရတော်မူသော အကြည်တော်အလောင်း မင်း တရား
ကြီး ကြွ ၎င်း မှာအပ်သော ပဲကူး ပြည်ကိုအစိုး ရသော အကြည်တော်သည်လည်း ရှေး ဘ
ဝအဆက်ဆက်က ဘုရား ပစ္စေကဗုဒ္ဓါသာဝကတို့၌ ဒါနအလှူကို ပေး ၍ ပန်ခဲ့ဘူး သော
ကုသိုလ် ကြောင့် ရတနာပူရမင်း တိုင်း နိုင်ငံထွင်ကျွန်တော်ဖြစ်လျှက်ထူး သော ကုသိုလ်
စေတနာ ကြောင့်အရှင်ကိုအရှင်မမှတ်ပြုကျင့်သည်နှင့်ပင် လောကဝယ်ထူး သော သမု
တိမင်း စည်း စိမ်ကိုရ၍ အရှင်ကိုကျွန်ပြုပြန်ရသည်' ငါလည်း ပျက်ပြီး သော ပြည်ရွာ
သာသနာတော်မြတ်ကို ရှေး ဘုရား အ ဆက်ဆက်တို့၌ ပါရမီ ပုညသမ္ဘာရအဆောက်အဦး
ဘုရား ရှင်ဗျာဒိတ်တော်ဝင်အလောင်း ဖြစ်၍အနည်း ငယ်မျှနှင့်တည် ထောင်၍
မင်း အဆက်ဆက်တို့လက်ထက် ငိုင်း ပျလစ်လွတ်သမျှထီး ဆောင်း မြို့စား စော်ဘွား
အပေါင်း တို့ကို ဓါး မကျိုး လှံမရှသတင်း ကျေး ဇူး ရနံ့နှင့်ပင်ပြန့်ကြိုင်၍ ယဉ် ကျေး
ပျပ်ဝပ်ကျိုး နွံကျွန်တော်ခံ၍ တိုင်း ကြီး ပြည်ကြီး သခင်ဖြစ်တော်မူသည်ကို မထောက်
အတ္တနောမတိအယူကိုယူ၍ ငါကဲ့သို့မျှ မကဘုန်း ကြမ္မာရှင်ပင်ဖြစ်ပေသည် မယူမစွဲအဝ
မင်ကံကြမ္မာကုန်လူကိုတခါနိုင်ဘူး သည်ကိုအစွဲပြု၍ ငြိထား ရန်စိုက်ဘဝအဆက်ဆက် နိဗ္ဗါန်

မရောက်သမျှဘုရား ရှင်နှင့်ရှင် ဒေဝဒါတ်ကဲ့သို့ ဝိပါကဝဋ်အစည် ရန်သူဖြစ်မည် အလား ကိုမရှုသူပြုဘူး သောကုသိုလ်ကံ စေတနာ ကြောင့်ပြည်မြို့တိုင်း ခရိုင်နိုင်ငံ ရွှေထီး ရွှေနန်း ဆင်ဖြူဆင်နီဆင်ကျား ပတ္တမြား ရတနာသခင်ဖြစ် လေသည်မ ယူမစွဲအကြိမ်ကြိမ်အလုံး အရင်း ဆင်း မြင်း ဗိုလ်ပါနှင့်လာ၍ စစ်ပြုလှာ သော်လည်း ဘုရား လောင်း တို့တန်ထာကိုစွဲ၍ ၂သိန်း ၄ သောင်းအထု ရှိ သော မဟာပထဝီ မြေကြီး နှင့်အတူသည်း ခံလျက် ရန်တုန့်မလိုသတ္တဝါအ ပေါင်း တို့ကို ၅၂၈ ပါး သော မေတ္တာစိတ်နှင့်သာဘုရား သဗ္ဗညုတ ဖော တော်မူ သော ပိဋကတ်သုံး ပုံထွက်လာ သည်အတိုင်း တရား သဖြင့် ဟောကြား ဆုံး မပဲ့ပြင်၍သာ နေသည်ယခု ချီ တော်မူ ၍အနောက်အရပ်သို့ ရောက်သည်လည်း ကောက္ကသန် ဂေါနာဂုံကဿပ ဂေါတမဘုရား သခင်တို့၏ ဓါတ် မွေ တော်ဌာပနာထား ရှိသိင်္ကုတ္တရ ကုန်း မြတ်သ ရိယ ဓါတ် မွေ စေတီ တော်မြတ်ကိုဖူး မြှော်လိုသည်တ ကြောင်း ဘုန်း ကြမ္မာရှင် ကြောင့်ကိုပြည် ထောင် ချင်း မင်း တို့ကိုသိခြင် စေလိုသည်တ ကြောင်း ပြည်အင်္ဂါရပါး တွင်သ ခါဟူ သောပြည် ထောင်ချင်အင်္ဂါတပါး သည်ဖြစ်ခဲ့ သောအရာဖြစ်၍သုခဒုက္ခ ၂ ပါး ကို ပြောဆိုလိုသည် တကြောင်း ဘုံသုံး ပါး ဩစက်ရဟတ်ကဲ့သို့နစ်မွန်း မြောပါကြ လေကုန် သောသတ္တဝါအ ပေါင်း တို့ကိုဘုရား သဗ္ဗညုတ ဖော တော်မူသည့်အတိုင်း ဟောကြား ၍ နတ်ရွာနိဗ္ဗာန် ငြိမ်း ကိုပြည့်စွန်၍ပြည် ထောင်ချင်း မင်း တို့၏အဆက်အကပ်ကိုခံလိုသည်တ ကြောင်း ၊ အ ကြောင်း ၄ ရပ်နှင့်သကြား တည် သောဒဂုန်ဆင်ပုံ့ရှင်ကိုရန်ကုန်မြို့သ မိုက် တော်မူ ၍ထီး နန်း ကနက်စိုက် ထောက် နေသည် ၂လ ကျော် ၃လခန့်ရှိ၍ မျှအ ကြေအရပ်တွင်မြို့ ကြီး ရွာကြီး ဖြစ်လျက်ဆရာ ကောင်း မျိုး ကောင်း မတ် ကောင်း ပညာ ရှိသုခမိန် ကောင်း မရှိ လေသကဲ့သို့အကြည် တော်ကသတင်း စကား မကြား ရ၍မြင်စရိတ်သူငဲ တို့ မော်ဝန်း ဘက်က ဆောင်ယူခဲ့သည့်ပဋ္ဌင်း ပညာဒီပကိုသတင်း ကြား စေ တော် မူလိုက်သည်။

IO June I755

သက္ကရာဇ် ၁၁၁၇ ခုပဌမဝါဆိုလဆန်း ၂ ရက်နေ့ ပဲကူး သို့မြင်း စာရိတ် သူငယ်တို့ မော်ဝန်ဘက်က ဆောင် ယူခဲ့သည့်ပဋ္ဌင်ပညာဒီပကို စေသည့်ရာဇသံ

( လောင်း မိန့်၊ မှတ်၃၊ စါ၁၂-၁၃ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သာသနာ့ဒါယကာ တော်ဆင်ဖြူများ
သခင်ဖြစ်တော်မူသော ရွှေနန်း ပြဿဒ်သခင်အာဒိစ္စဝံသ နေမင်း၏အဆက်
အနွယ်ဖြစ်တော်မူသော ဘုရား သခင် ရွှေဗျာဒိတ် တော်ရရသေ့တို့ ဟော တော်
မူသော သိုက်ဝင်ဖြစ်တော်မူသော ရွှေငွေ ကျောက်သံပယင်း ရတနာတွင်း များ
သခင်ဖြစ်တော်မူသော စည်း တေ့ကောက်ကျစ်သော ပြည်ဆူး ပြည်ညှောင့်သူပုန်
သူကန်တို့ကို ဝေဿဝဏ္ဏယမကသိကြား အာဠဝကဘီလူး တို့၏လက်နက်ကြီး ၄ ပါး နှင့်
အတူဆန္ဒအတိုင်း ကြေပျက်လွင့်ဝေး စေနိုင်သော ဘုန်း လက်ရုံး ပညာ တော်ရှင်
ဖြစ်တော်မူသော ယမမင်း၏သဘောကဲ့သို့ဆန္ဒာဒေါသာဘယာမောဟ ၄ ပါး သော
ဂတိတို့၌မတိမ်း မစောင်း စီရင်လုပ်ကြံ လေ့ရှိတော်မူသော ရာဇဓမ္မအပရိဟာ
နိယ၊ သင်္ဂဟတရား ၄ ပါး တို့နှင့်မကင်း ယိုယွင်း သောတိုင်း ခရိုင်နိုင်ငံသာသ
နာ တော်မြတ်တို့သည် ကောက်သိမ်း ပြုစုချီး မြှောက်မည့်သူမရှိပြည်အညှာ ကြွေကိုအ
မွေခံ တော်မူသော အသျှင်ဘဝရှင်အ လောင်း မင်း တရား ကြီး ဘုရား အမိန့်
တော်ရှိသည်၊ သိန်နီစော်ဘွား ရတနာပူရအဝမင်း သည်ဘေး လောင်း တော်
ဘိုး လောင်း တော်အဆက်ဆက်ကပြုစုသည်ဆင်လုံး မြင်း ရင်း လက်နက်သင်း ပင်း
အများ နှင့်ပင်တိမ်း ယိမ်း ပျက်စီး သည်မှာသူတ ယောက်သည် ကောင်း ဘို့ရောက်
သူတယောက်ကား ပျောက်လင့်ကာသာဓမ္မတာ ရှေး သူ ဟောင်း တို့ဆိုသည်နှင့်အညီ
ပြည်တိုင်း နိုင်ငံသာသနာ တော်မြတ်အစီး အပွါး ၌အာရုံပြု တော်မူ၍သိမ်း မြန်း
တော်မူလျှင်ရတနာပူရအဝအရိမဒ္ဒနာ၊ ပုဂံသရေခေတ္တရာပြည်တလိုင်း ကိုး မြို့
ရာမညတိုင်း ၊ ပုသိန် မြောင်း မြ၊ မော်စင်ကျွန်း မှစ၍တရုပ်ယိုး ဒယား က
လား မကျန်ထိုမင်း ကျွန်လျှင်ဖြစ်လဘ္ဘန့်၊ သိုက်ဓါတ်နှင့်အညီအရပ်ရပ်ထီး ဆောင်း
စော်ဘွား မြို့စား တို့သည် ကျေး ဇူး သစ္စာ တော် ၂ ပါး ကိုခံ၍ကာယသုခစိတ္တသုခ
၂ါး ကို ကြေကုန်သည်၊ သိန်း နီစော်ဘွား ကအမှုး အမတ်တို့ကို စေ၍ဆက်ရန်ပန္နာ
ကာရနှင့်ဓါး မကျိုး လှံမရှနွား အိုခြံသိ ရွှေစက် တော် အောက် ရောက်သည်အရာ
သည်ပညာရှိတို့သဘောလက္ခဏာဖြစ်တော့သည်၊ ဟံသာဝတီအရေး တော်ကုန်စဲစဲ
ဖြစ်၍ချီ တော်မူမည်သိန်း နီစော်ဘွါး တို့နေရပ်သည်တိုင်စွန်ဖြစ်၍ဆီး ဆို့ရပ်ခံ
ရမည်အမှုရှိလျှင်ဆက်ရုံလက် ဆောင်လက်နက်နှင့်အမတ် ပေါမိုင် တို့ကိုစေ

၍ ရန်ကုန် ရွှေမြို့တော်မှာ ဆက်လှာစေရမည် 20 June I755

သက္ကရာဇ် ၁၁၁၇ ခု ပဉ္စမဝါဆိုလဆန်း ၁၂ ရက် နေ့ သိန်း နီ စော် ဘွား ကို ပေး သည့် ရာဇသံ

( လောင်း မိန့်၊ မှတ် ၄၊ စာ ၁၆-၁၇ )

မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို

ဝိထိယမင်းကြီး သက္ကရာဇ်တို ၆၅ ခုထီးနန်း စိုက်၏ ဥတ္တမသီလ စတုဒီပ ရသေ့သည် သပြေပင်ရိပ်ကို ရေတွက်သတည်း ။ ဒိပ္ပစက္ခုရူပဒဿန ရသေ့သည်ကန့်ကော်ပင်ရိပ်ကို ရေတွက်သတည်း ။ ဟောတတ္တသီလ ရသေ့သည်ပြည် ညောင်ပင်ရိပ်ကို ရေတွက်သတည်း ။ ဥတ္တမဝင်္ဂအ ကောလိက ရသေ့အုန်း ပင်ရိပ်ကို ရေတွက်သတည်း ။ ထိုရသေ့ထားသည့် ဓါတ်ကို ရေတွက်သတည်း ။ ဓါတ်ကား ပါပဓါတ်သူရဋ္ဌဓါတ်အမြိတ္တဓါတ် ကောလိဓါတ်ဟူ သော် ဓါတ်ကိုစီရင်သတည်း ။ အသိတိရှစ်ကျိပ်ပြု၏ ။ တုရာသီဖြစ် သော ပါပဓါတ်တွင်သုဉ်း သည် ။ ဓါတ်ဖိုကသည်ဓါတ်မဓါတ်နှစ်ပါး ဖြစ်၏ ။ မိတ်ကား သတွတ်တည်း ။ သူရဋ္ဌဓါတ်တွင်း သည်ဓါတ်ဖိုရသည်ဓါတ်မတည်း ဓါတ်ဖိုနှစ်ပါး ဖြစ်၏ ။ မိတ်ကား ယင်မတည်း ။ အမြိတ္တ ဓါတ်တွင် လေးသည်ဓါတ်ဖို ခြောက်သည်ဓါတ်မတည်း ဓါတ်နှစ်ပါး ဖြစ်၏ မိတ်ကား စကါး တည်း ။ ကောလီဓါတ်တွင်နှစ်ကား ဓါတ်ဖိုငါး ကား ဓါတ်မတည်း ဓါတ်နှစ်ပါး ဖြစ်၏ မိတ်ကား ဥရှစ်တည်း ။ ရာဇဂြိုဟ်မြို့၏ မူလဟူ သောကြငှန်း သစ်ရပ်ငှ် ၂ ဦအရှေ့မြောံ ၁ မူလရှား တည်း ။ သစ်ရပ်ငှ် ၂ ဦ ။ အရှေ့ ၂ မူလကုက္ကိုတည်း သစ်ရပ်ငှ် ၂ ဦ ။ အရှေ့တောင် ၃ မူလခုဆန်တည်း သစ်ရပ်ငှ် ၂ ဦ ။ တောင် ၄ မူလသီး တည်း သစ်ရပ်ငှ် ၂ ဦ ။ အနောက် တောင် ၇ မူလပတောက်တည်း သစ်ရပ်ငှ် ၂ ဦအနောံ မူလ ပေါက်တည်း သစ်ရပ်ငှ် ၂ ဦ ။ အနောက်မြောက် ၈ မူလမအူတည်း သစ်ရပ်ငှ် ၂ ဦ မြောက် ၆ မူလလိန်တည်း သစ်ရပ်ငှ် ၂ ဦ အင်ကား အဋ္ဌမုတ်ဖြစ်၏အင်း ဖီလာစုတ်လက်ဝဲသွား ၈အင်း ။ စတုရင်္ဂနိပါတ်အင်း ကျယ်သက်တော်ရှစ်ဆယ်အင်း ။ သက်တော်ရှစ်ဆယ့်တစ်ခုအင်း ။ သချ်ာ ၁၅၀၀၀အင်း ။ သည်အင်း ခြောက်အင်း ကိုစုလ္လာသီအင်း ခြောက်ထပ်ဆိုသည် ။ စုလ္လာသီရိအင်း ခြေံ ထပ် ။ ဆင်မသား နို့စို့ ။ မြင်း မသား နို့စို့ ။ ဘုမ္မစိုး နတ် ။ ကျောက်ကိုထု၍ပြင်သို့ မျက်နှာပြုထား ရသေ့ပြုသောအခါ်သိမ်ထဲတွင်လွယ်သောသပိတ် ။ သွာသူရနတ်တို့မဏ္ဍန် ကို ရေးသည့် ကျောက်သော္တာနှစ်လုံး ဓါတ် လေး ရပ်ကိုတရိသီဟပါ ကျောက်သော္တာလုံး ရေ ၂၀ စီရင်သည်အင်အား အဋ္ဌမုတ် ခြောက်ထပ်အင်း ဖီလာစုတ်လက်ဝဲသွား ခြေံ ဆယ့်ရှစ်အင်း ။ သက်တော်ရှစ်ဆယ်အင်း ။ သက်တော်ရှစ်ဆယ့်တခုအင်း သချ်ာ ၁၅၀၀ အင်း စုလ္လသီရိအင်း ခြောက်ထပ် ကျောက်သော္တာတြီသီတပါး နှစ်လုံး ဓါတ်ဖိုဓါတ်မအဋ္ဌ ပုတ် ခြောက်တပ်အင်း ။ အာဠာဝကဥဒကရသေ့ ။ ဒေဝိလရသေ့ ။ ဥရုဝေလကဿပ

ရသေ့၊ နဒီကဿပရသေ့၊ ဂရာကဿပရသေ့၊ သုသိမရသေ့တို့အရုပ်များကို
ရေးသားထားသည်၊ ရန်အောင်သောမဏ္ဍန်များကိုလည်း အင်းရေးသည်၊
စာကြောင်းရေးသည်၊ သိကြား၊ စတုလောကပါလာ၊ မဟေသရ၊ စန္ဒီ၊ ပရမိ
သွာ၊ မဟာပိန္နဲ၊ ပိဿနိုး၊ အသူရိန်၊ နေနတ်သား၊ လနတ်သား၊ တိမ်နတ်သား၊
ဂြုဟ်စိုး၊ အာကာသစိုး တဆယ့်ရှစ်ပါး သောနတ်တရာ့ရှစ်ပါး သောနတ်တရာ့
နှစ်ဆယ့်လေးပါး သောနတ်ငါးရာ့ငါးဆယ် သောနတ်တို့အရုပ်များကိုလည်း ရေး
သား၍ ဗေဒင်ကျမ်း ဂိုး နှစ်ဆယ့်ခြောက်ကျမ်း မှလာသောအရာသိန္ဓိက ဝေရ
ကျမ်း မှထွက်သောအချက်မဏ္ဍန်မဏ္ဍယားတို့ကိုအင်း ရေးသင့်လည်း အင်း၊ စာ
ကြောင်း ရေးသင့်လည်း စာကြောင်း ရေးသည်၊ သောတာဂီရိနတ်နှင့်တကွ
သောတပန်တည်ကုန် သောဘီလူး ၁၀၀၀တိုက်မဏ္ဍန်မဏ္ဍယားတို့ကိုလည်း မြို့တံခါး
ပြကြီးငယ်များ တွင်စာကြောင်း ရေးသည်၊ ကပ္ပတိလေးပါး ကိုလည်း ဂူမသုဖြင့်
သဏ္ဌာန်ပြု၍ ရေးသည်၊ လက်ာဒီပကျွန်း တွင်စောင့်သော ဥပလဝဏ္ဏနတ်၊ သမနဂုတ်တောင်
စောင့်သော သဖန်ဂုဏ္ဏနတ်လင်းလွန်းပင်၌သဖနဝဏ္ဏနတ်အရုပ်များ ကိုလည်း ရေး
သား စောင့်စေသည်၊ ရာဇဂြိုဟ်ပြည်ကြီး ကိုအစိုးရသော ဝိထိယမင်းကြီး သည်
သက္ကရာဇ်တို ၆၅ ခုတွင်ရာဇဂဟပြု၏ထီးနန်း စိုက်၍ မင်းပြု၏၊ သက္ကရာဇ်တို ၇၃ ခု
ကဆုန်လပြည့် ကျော်၁ရက် ၃ နေ့ ဝိထိယမင်းကြီး မှာသား တော်ပိမ္ဗိသာရကိုဖွါး သ
တည်း၊ ထိုပိမ္ဗိသာရမင်းသား အသက်၁၅နှစ် မြောက်သက္ကရာဇ်တို ၈၈ ခုတွင် ဝိထိ
ယမင်းကြီး အနိစ္စရောက်၍သား တော်ပိမ္ဗိသာရမင်းသား နန်းတက်၏၊ ကမ္ဗိ
လဝတ်ပြည်ကြီး ကိုအစိုးရသောသုဒ္ဓေါဒနမင်းကြီး သက္ကရာဇ်တို ၆၅ ခုကမ္ဗိလဝတ်
ပြည်ကြီး ကိုထီးနန်း စိုက်၍ မင်းပြုတော်မူ၏၊ သက္ကရာဇ်တို ၆၈ ခုကဆုန်လပြည့် ၆
နေ့ဘုရားလောင်း သိဒ္ဓါတ်ကုမာရမင်းသား ကိုဖွားတော်မူသတည်း၊ သက္က
ရာဇ်တို ၈၄ ခုရာမသုဘာသူရာမ ရွှေနန်း တော်နှင့်သမဏ္ဍထက်ဝန်းကြင်တိုင်း ခ
ရိုင်တော်နှင့်တကွသိမ်း ဂုံး တော်မူ၍ကပ္ပိလဝတ်ပြည်တော်၌သုဒ္ဓေါဒနမင်းကြီး
ရွှေနန်း တက်တော်မူ၏၊ သုဒ္ဓေါဒနမင်းကြီး နှင့်ဝိထိယမင်း လည်း မဟာမိတ္တ
ဖြစ်၍တယောက်အကျိုး ကိုတယောက်ဆောင်ရွက် လေ့ရှိကြသတည်း၊ ရာဇဂြိုဟ်အစ
ရှိသောသောဠသပြည်ကြီး တို့၌ဗဟိုရ်စည်ဟုအစဉ်ပြု၍တည်သည်ကား ဩကာသလော

ကတည်ဟန်ကိုအကြောင်း ပြု၍တည်သတည်း ။ ဩကာသ လောကတည်ဟန်အချင်း အရာကား မြေ ရေ လေအထုတို့ဖြင့်ကြံနိုင်စွာတည်၏ ။ ထိုတည် သော မြေအထုကား ယူဇနာ ၂၄၀၀၀၀ ။ ထို မြေကိုခံ၍တည် သော ရေအထုကား ယူဇနာ ၄၈၀၀၀၀တည်း ။ ထို မြေရေတို့ကိုခံ၍တည် သော လေအထုကား ယူဇနာ ၆၀၀၀၀တည်း ။ ထို မြေ၏အပြင်၌အချင်း ယူဇနာ ၁၂၃၄၅၀ရှိ သော စကြဝဠာတိုက်သည်တည်၏ ။ ထို စကြဝဠာတိုက်၏အလယ်ချက်မ၌ထက် အောက်ယူဇနာ ၆၈၀၀၀၀ရှိ သောမြင်မိုရ် တောင်မင်းသည်သီဒါသတ္တရဘန်နှင့်တကွ ပေါ်ထွန်း ၏ ။ ထိုမြင်မိုရ် တောင်၏ထိပ်ပြင်၌အချင်း ယူဇနာ ၁၀၀ရှိ သော ပင်လယ်ကသစ်ပင်မင်း သည် ရောက်၏ ။ မြင်မိုရ် တောင်၏အရှေ့မျက်နှာထုအပြင်၌ယူဇနာ ၇၀၀၀ရှိ သောပြုဗ္ဗ ဝိဒေဟာကျွန်း ကြီး သည်အရံ ၅၀၀နှင့်တကွထွန်း ၏ ။ ကျွန်း ဦး ၌အချင်း ယူဇနာ ၁၀၀ရှိ သောကုက္ကိုပင် ရော်၏ ။ မြင်မိုရ် တောင်၏အနောက်မျက်နှာ ရေအပြင်၌ယူဇနာ ၇၀၀၀ရှိ သောအပြဂေါရာကျွန်း ကြီး သည်အရံ ၅၀၀နှင့်တကွ ပေါ်ထွန်း ၏ ။ ကျွန်း ဦး ၌အချင်း ယူဇနာ ၁၀၀ရှိ သောထိန်ပင်သည် ရောက်၏ ။ မြင်မိုရ် တောင်၏ မြောက်မျက်နှာ ရေအပြင်၌ယူဇနာ ၈၀၀၀ရှိ သောဥတုကုရုကျွန်း ကြီး သည်အရံ ၅၀၀နှင့်တကွ ပေါ်ထွန်း ၏ ။ ကျွန်း ဦး ၌အချင်း ယူဇနာ ၁၀၀ရှိ သော ပဒေသာပင်မင်း ရောက်၏ ။ မြင်မိုရ် တောင်၏ ဒက္ခိဏ ရေအပြင်၌ယူဇနာ ၁၀၀၀၀ရှိ သော ဇမ္ဗူဒီပါကျွန်း ကြီး သည်အရံ ၅၀၀နှင့်တကွ ပေါ်ထွန်း ၏ ။ ကျွန်း ဦး ၌အချင်း ယူဇနာ ၁၀၀ရှိ သော သပြေပင်မင်း သည် ရောက်၏ ။ ဤသို့ဩကာသ လောကတည်သည်ကိုဥပမာပြု၍ ရာဇဂဟမြို့၏အလယ်ချက်၌ဗဟိုရ်စင် ဆောက်၍ ဗဟိုရ်စည်တီး သတည်း ။ မြို့အနောက်မျက်နှာ၌သစ်မည်း စည် ။ အရှေ့မျက်နှာ၌ကျွန်း ။ မြောက်မျက်နှာ၌သရက် ။ တောင်မျက်နှာ၌ ပေါက် ။ အလယ်ချက်မ၌စကား ဟူ သော ဤငါး လုံး သောသစ်တို့ကိုစည်ပြု၍ ဤငါးလုံး သော်စည်တို့ကိုသါ သောဋ္ဌသပြည်ကြီး တို့၌အစဉ်နိစ္စ မပြတ်တီး သတည်း ။ ထိုမှတပါး ထွက်စည်ဝင်စည်တို့သည်ကား မင်း တို့အသုံး အဆောင်သာတည်း ။ ဗဟိုရ်စည်တော်အိမ်ရှင်စည် တော် လေး ။ ပေါင်း စည် တော်ငါး လုံး ကို ဗေဒင်သုံး ပုံမှထွက်သော ဂါထာတို့ကိုရ သေ့တို့ကိုရွတ် စေ၍ ပုဏ္ဏား တို့ကိုနတ်ပူ ဇော် စေ၏ ။ ဗေဒင်သုံး ပုံမှလာ သောအရှပုတ်၌ထပ်အင်း စတုရင်္ဂနိပါတ်အင်း သက် တော်ရှစ်ဆယ်အင်း ရှစ်

ဆယ့်တခုအင်း စမ္ပါနဝတ္ထက်အင်း သင်္ချာ ၅၀၀၀ အင်းတို့ကိုစည် တော်ငါးလုံးတွင်အရင်း ကသလွဲဖွား နှင့်နှံ့စေသည်၊ အင်း ဦး ကိုသစ်ဖွား သို့ထား ရသည်၊ သစ်ဖွား တွင် ဖဒုဒ္ဓါယ လေး အင်း သံကြီး လေး ပါး မဟေသရနတ်မင်း မန္တန်သိကြား မင်း ဂါထါ စတုလောကပါလနတ်တို့မန္တန်များ ကိုအင်း ရေး သင့်သည်၊ စာကြောင်း ရေး သင့် သည်ထိုသို့ သောအရာတို့ကိုထား နှံ့သည်ကမ္ဘာနတ် ပေါင်း ၅၅၀အရုပ်တို့ကိုစုပ်ဖြင့် ရေး သည်၊ ရသေ့မန္တန်နတ်တို့မန္တန်များ ကိုအရင်း အဖွား စာကြောင်း ရေး သည်၊ ထွက်စည်ဝင်စည်တွင်လည်း ရေး သည်၊ နှဲခရာတံမှုတ်တံရှည်တံပိုး လင်း ကွင်း မောင်း ခရုသင်း များ တွင်လည်း စာကြောင်း သင့်သည်စာကြောင်း အင်း သင့် သည်လည်း အင်း ရေး သည်ထိုစည် တော်တို့ကိုတယောက်ကင်း မွန်မျိုး မန္တန်မန္တရား တို့ဖြင့်ပန်စေသည်ခြည်း ဝဂမျှင်၅ကွင်း ရထုံးစီ၊ ထုံးနှင့်ရတံ့စီနှင့်စည် တော်ငါး လုံး ကိုဆေး လျှော်၍သန့်ရှင်း စွာပြုပြီး လျှင်တိုင်ကြာပုံနှစ်တိုင်နှင့်ရင်ဖွား ညှိ ၍သင့်အောင်ထောင်စေပြီး လျှင်အောင်ချက်မှတ်၍တိ ရေး ၏၊ စည် တော်ကျက် သောခါပထမနွား နက် ရေနှင့်ကျက်ရသည်၊ သွေ့လျှင်ခွါပြန်၍ ဒုတိယတဖန်ကျက်ပြန် ရသည်၊ စည် တော်များ ကိုသိပ်၍တဆောင်း တော်သို့တင်ရ၏၊ ထိုငါး လုံး သောစည် တို့ကိုသောဠသပြည်ကြီး တို့၌နိစ္စမပြတ်တီးလစ်သတည်း ၊ သက္ကရာဇ်တို၄ခု နောင်နှစ် ဖြစ်မည်၊ အဓိပါယ်လည်း အဋ္ဌာရသကြိမ်မည်၊ လေး လရက်စုံရမည်၊ ထိုနှစ်၌ရာ ဇာဘိသေကခံလိုသည်ဖြစ်၍ မိဿဟာယကအရှင်ဖြစ်သောကပ္ပိလဝတ်ပြည်ကိုအစိုး ရ သောရာဇာဓိရာဇာမင်း တရား ကြီး သို့ကန် တော့လက်ဆောင် တော်ဆက်၍ရာ ဇာဘိသေကခံမည်သဘောလက္ခဏာကိုလျှောက်သည်၊ ရာဇာဘိသေကခံသည်တွင်မြတ် စုစနယ်ရိုး တို့တင်ဆောင်သောထီး ဖြူ တော်နှစ်ဆယ့်နှစ်စင်း ကိုမှတ်စါနှင့် ပေး အပ် တော်မူသည်ကား ကနတ္တဒါဏ်ထီး တော်၂၊ ဥရူထီး တော်၂၊ သမုဒ္ဒ ဇာထီး တော်၂၊ ကြငှန်း ထီး တော်၂၊ စန္ဒသီး တော်၂၊ သူရိယထီး တော်၂၊ ပဒုမ္မထီး တော်၂၊ သမုက္ခထီး တော်၂၊ သမုဒ္ဒရာဇ်ထီး တော်၂၊ ကမ္ဗုထီး တော်၂၊ ဝိသကြို ထီး တော်၂၊ ထီး ဖြူ တော်၂၂စင်း တွင်ကနတ္တဒါဏ်ထီး ဖြူ တော်သည်ထီး ဝ၅၅၊ ထီး လက်၃၆စီး ၊ ထီး ထောင့်၃၉စီး ၊ ထီး လုံး ပတ်တထွာနှင့်ဂံထီး ချက်အစသည်လက်သံ တောင်တွင်ခံတက၊ စောက်ကား ၃၂ ခံ ရွှေပစ္စန်ခွန်မှမ်း ပတ္တမြား အပြည့်စီသည်၊

ထီး ဂိုး သံခင်း တွင် ရွှေပစ္စန်ခွန်မှမ်း ၍ ၂၇ တွင် ပတ္တမြား ဂရစ်စီသတည်း ။ ရွှေညောင်ရွက် ၂၀၀ သုံးဆင့်၊ ပတ္တမြားဆိုင်း ၁၀၀၊ သန္တာဆိုင်း ၁၀၀၊ ပလဲဆိုင်း ၁၀၀၊ ဂေါမိတ်ဆိုင်း ၁၀၀၊ စိန်ဆိုင်း ၁၀၀၊ ပြယားဆိုင်း ၁၀၀၊ ထီး အုံကိုရတနာခုနစ်ပါး အတီစီသည်၊ ထိုထီး သည်ကား ထီး တကာတို့ထက်မြတ်သော ကြောင့်ကနတ္တဒါက်မည်သတည်း ။ သမုဒ္ဒရာဇ်နတ်သမီး စောင့်၏၊ ထိုကနတ္တဒါက် ထီး ကိုလုပ်သောအခါထီး ချက်စောင့်သောနတ်သမီး တို့ကိုများ စွာသောအပေး အကမ်း တို့ဖြင့်တင်၍ တောင်း ပန်လုပ်ကျွေး ခြင်း တို့ကိုကား ဒေဝဂ္ဂန္တိကိုရွတ်၍ နတ်ပူဇော်ဂါထာဖြင့်နတ်ပူဇော်စေ၊ ဥဂ္ဂျထီး ဖြူတော်ကား ထီး ဝင်္ဂံ၊ ထီး အုံ ကိုနဝရပ်အတီစီသည်၊ ရွှေညောင်ရွက်ငါးဆင့်ပလဲဆိုင်း ။ ဥဂ္ဂျမည်သောနတ်သမီး စောင့်၏၊ သမုဒ္ဒထီး ဖြူတော်ကား ထီး ဝင်္ရုံ၊ ၅ဆင့်ရွှေညောင်ရွက် ၃၀၀၊ ပလဲ ဆိုင်း ၃၀၀၊ နီလာဆိုင်း ၃၀၀၊ သမုဒ္ဒနတ်သမီး စောင့်၏၊ ကြငှန်း ထီး ဖြူတော် ကား ထီး ဝင်္ငံ၊ ရွှေညောင်ရွက် ၂၀၀၊ သန္တာဆိုင်း ၂၀၀၊ ကုဝေရမည်သော နတ်သမီး စောင့်၏၊ စန္ဒထီး ဖြူတော်ကား ထီး ဝင်္ဖ ရွှေညောင်ရွက် ၂၀၀၊ မြ ဆိုင်း ၂၀၀၊ စန္ဒမည်သောနတ်သမီး စောင့်၏၊ သူရိယထီး ဖြူတော်ကား ထီး ဝ င်္ဖ၊ ရွှေညောင်ရွက် ၂၀၀၊ ပတ္တမြား ဆိုင်း ၂၀၀၊ သူရိယမည်သောနတ်သမီး စောင့်၏၊ ပဒုမ္မထီး ဖြူတော်ကား ထီး ဝင်္ဦဖ၊ ရွှေညောင်ရွက် ၂၀၀၊ ဥသ ဘယား ဆိုင်း ၂၀၀၊ ပဒုမ္မမည်သောနတ်သမီး စောင့်၏၊ သမုဂ္ဂထီး ဖြူတော် ကား ထီး ဝင်္ဂံ၊ ရွှေညောင်ရွက် ၂၀၀၊ ဂေါမိတ်ဆိုင်း ၂၀၀၊ သမုဂ္ဂမည်သော နတ်သမီး စောင့်၏၊ သမုဒ္ဒရာဇ်ထီး ဖြူတော်ကား ထီး ဝင်္ဂံ၊ ရွှေညောင်ရွက် ၂၀၀၊ ပုလဲဆိုင်း ၂၀၀၊ သမုဒ္ဒမည်သောနတ်သမီး စောင့်၏၊ ကမ္ဗူထီး ဖြူတော် ကား ထီး ဝင်္ရုံ၊ ရွှေညောင်ရွက် ၃၀၀၊ နဝရပ်ကိုး ပါး ကိုပေါင်း ၍သီသော ပန်း ဆိုင်း ၃၀၀၊ ထီး အုံ ရွှေစင် ၁၅ သပြာ ၆ မြှောင့်အလုံး စုံကိုနဝရပ်စီသတည်း ။ ကမ္ဗူမည်သောနတ်သမီး စောင့်၏၊ ဝိသကြုံထီး ဖြူတော်ကား ထီး ဝင်္ရုံ၊ ရွှေညောင် ရွက် ၂၀၀၊ စိန်ဆိုင်း ၂၀၀၊ ပြယား ဆိုင်း ၂၀၀၊ ဝိသကြုံမည်သောနတ်သမီး စောင့် ၏၊ ထီး ဖြူတော် ၂၂ စင်း တွင်ဥဂ္ဂျမည်သောထီး ဖြူကိုနန်း တွင်း ကျုံး စင်ပန္ဒွဖွင့် ရာ၏၊ သမုဒ္ဒထီး ဖြူတော်ကိုအဂိုး မတတ်ရ၊ အနံ့အလျား ဂုံစီအခြေ ၆ ချောင်း တပ်

သော ရွှေသလွန် တော်တွင်အထက်က မျက်နှာကြက်၍ ဖွင့်သတည်း ၊ ကနတ္တဒါက်ထီး နှစ်စင်း ကိုကား ရာဇပလ္လင် ရှေ့တွင်လက်ဝဲလက်ျာ ဖွင့်သတည်း ၊ အဂိုပ်ဒိုအပ်၏ ၊ ထိုမှတွင်း သောထီး ရှစ်စင်း တို့ကိုကား ကနတ္တဒါက်ထီး နှစ်စင်း ဖွင့်မှလက်ဝဲ လက်ျာဖွင့်ရာသတည်း ၊ ထီး ဖြူသခင်ခရူသင်း လက်ျာရစ်၈လုံး အနဝဒတ်စသေါ အိုင်ကြီး ရေရတန်သီဒါရတန်မြစ်ကြီး ငါး စင်း ရေ၅တန်သာကီဝင်မင်း မျိုး သ မီး ကညာလက်ဝဲလက်ျာ ၈ ယောက်စီစာရိတ္တတုပုဏ္ဏား လုလင်၈ ယောက်စီစတုဒီပ သဒွေး ၄ ယောက်စီ ၊ ရ သော့ ၁၀၈ ၊ ကျွမ်း သီး ထည့်ကြုပ်အထဲအဖုံး ရွှေအသပြာအ ချိန် ၂၀ ၊ နဝရပ်၉ပါး စီ ၊ အဝန်း နံ့သာ ပြောင်းထည့်ကြုပ် ရွှေချိန် ၉သပြာအထဲ အဖုံး နဝရပ်၉ပါး စီထုံသင်း ထည့်ဟသ်ာရုပ် ရွှေချိန် ၂၅နှုတ်သီး သန္တာ ၊ မျက်လုံး ၂ ဖက်ပုလဲ ၊ မင်နှင့်မျက်နက် ဖေါ်သည် ၊ အတောင် ၂ ဖက်မြ ၊ အမြီး နှင့်ဥစွန်း ပတ္တမြား စီ ကျော ကုံး ကိုနီလာတချမ်း စီ ၊ ကြောင်တချမ်း စီ ၊ ခြေကိုပြယား စီ ၊ ရွှေချိန် ၉ဝိ ၊ ရွှေခွက်အုပ်ကား အထဲအဖုံး ခြေနှင့်ရှစ်မြှောင့်လုပ်သည် ၊ တညါ အဖုံး ကိုပဒုမ္မာပွင့်ကဲ့သို့လုပ်သတည်း ၊ အထဲအဖုံး ကိုနဝရပ်စီသတည်း ၊ စောက် ၁ဂံတည်း ၊ အဝလက်သစ် ၂၀ ၊ အထွတ်ကိုစိန်တတ်သတည်း ၊ ရွှေအသပြာ ရဝိကုန်သ တည်း ၊ အနား ရစ်၄ဆင့် ၊ မင်း ဧကရာဇ်တို့အမြိန်အရသာထည့်၍စား တော် ခေါ်ရာသတည်း ၊ ရွှေဖလား ကြီး ကား အချိန် ၂၂အနား ၅ရစ်တည်း ၊ နဝ ရပ်ကိုး ပါး စီသတည်း ၊ ရွှေဖလား ငယ်ကား ၁၉သပြာတည်း ၊ အနား ရစ်၈ ဆင့်တည်း ၊ မြအတိစီသတည်း ၊ ရွှေသင်ချောကား အသပြာ ၃၀တည်း ၊ ရွှေသနွှေ ကား အသပြာ ၄ဝိတည်း ၊ ရွှေကွမ်း လောင်း ကား အချိန် ၅ဝိ ၊ နဝရပ်အတိစီသ တည်း ၊ ရွှေဇွန်း ကား ၅သပြာတည်း ၊ ရွှေအင်ကား သပြာ ၁၀၀ ၊ ဤကား အ ငယ်တည်း ၊ အကြီး ကား အသပြာ ၃၃ဝိတည်း ၊ ရွှေစလောင်း ၄ဝိတည်း ၊ ရွှေ တကောင်း ၅၉တည်း ၊ ၁၂ မြှောင့်လုပ်သည် ၊ စောက်၁်တည်း ၊ အဖုံး ကား ၂ဝိ အမြှောင့်မြတ်လေး ငုံသဏ္ဍာန်နဝရပ်၉ပါး စီသည် ၊ ကျပ်ကြီး ကား အချိန် ၂၅ဝိ ၊ ကြာပဒုမ္မာပွင့်ကဲ့သို့ပွင့်ချပ် ၂၅၀ ၊ အနား ရေး ၁၀၀ ၊ နဝရပ်၉ပါး စီသတည်း ၊ ရွှေမြူတာ လေး လုံး ငွေမြူတာ လေး လုံး အချိန်၅ဝိစီ ၊ စောက်၁်စီအဝဂံ ၊ လှံထီး အရစ်၄ဆင့် ၊ နဝရပ်စီး ရွှေအိုး ငွေအိုး ရွှေဖျည်း ငွေဖျည်း ကား အချိန်အသ

ပြာ ၂၀၀စီ၊ အနား ရစ်ကိုနဝရပ်စီသည်၊ ရွှေမှုတ် ငွေမှုတ် ၂၃စီ၊ အရိုး ကား
အစိုး ရ သောမင်း ၏ နံတော်နှင့်ကြိုရန်း စတုရန်း သစ်ကိုတတ်သည်၊ ရွှေခြေ
ဆေး အင်အချိန် ၃၄ ဝိတည်း၊ ကျပ်ဖလား အချိန် ၂၂ ဝိနဝရပ်စီသတည်း၊ မင်း
ခေါင်မင်း တရား တို့ထီး နန်း ဥကင်တက် သောအခါမြတ် သောမင်း သမီး နှင့်
စား တော်ခေါ်ရန် ရွှေကြက်ခြမ်း ငွေကြက်ခြမ်း ပြုရသည်၊ အချိန် ၂၅စီတည်း၊
ရွှေမှုံ့ ငွေမှုံ့လုပ်ရသည်ကား အချိန် ၆စီတည်း၊ ရွှေငါး ကြင်း ငွေငါး ကြင်း လုပ်
သည်ကား အချိန် ၃၀စီတည်း၊ ရွှေငါး ရံ့ ငွေငါး ရံ့လုပ်ရသည်ကား ၇စီတည်း၊
ရွှေပုစွန်ထုပ် ငွေပုစွန်ထုပ်လုပ်ရသည်ကား ၉စီတည်း၊ ရွှေဝမ်း ပဲ ငွေဝမ်း
ပဲကား ၂၈စီတည်း၊ ရွှေဖြင့်ပြီး သောကွမ်း ခွက်၊ ရွှေဖြင့်ပြီး သောကွမ်း ချပ်၊
ရွှေဖြင့်ပြီး သောထုံး ဘူး၊ ရွှေဖြင့်ပြီး သောသွား ကြား ထိုး၊ ရွှေဖြင့်ပြီး သော
ဘီး တား၊ ရွှေဖြင့်ပြီး သောကွမ်း လိပ်၊ ရွှေဖြင့်ပြီး သောပြုထုံး၊ ရွှေဖြင့်ပြီး
သောရွှား ဆေး ထည့်၊ ရွှေဖြင့်ပြီး သောနံ့သာထည့်ဟင်္သာရုပ်၊ ရွှေဖြင့်ပြီး သော
ရွှေကုံး၊ ရွှေဖြင့်ပြီး သောကွမ်း အုပ်၊ ရွှေဖြင့်ပြီး သောဖလား၊ ရွှေဖြင့်ပြီး
သောဟင်း ဂျို၊ ရွှေဖြင့်ပြီး သောသနွေ၊ ရွှေဖြင့်ပြီး သောစလောင်း၊ ရွှေ
ဖြင့်ပြီး သောဇွန်း၊ ရွှေဖြင့်ပြီး သောအင်၊ ရွှေဖြင့်ပြီး သောတကောင်း၊
ရွှေဖြင့်ပြီး သောတကောင်း ပိတ်၊ ရွှေဖြင့်ပြီး သောကွမ်း လောင်း ကြီး ငယ်၊
ရွှေဖြင့်ပြီး သောဖလား ကြီး ငယ်၊ ရွှေဖြင့်ပြီး သောကြုပ်ကြီး ငယ်၊ ထိုထို သောအ
စီရင်တို့သည်ရတနာအတိစီသတည်း၊ ထိုသို့ သောအဆောင်တို့ကို ကောင်း မြတ် သော
နေ့ရက်၊ ကောင်း မြတ် သောစီတီကြွင်း နဝင်း ကောင်း သည့်အချိန်အခါတွင်ဘုမ္မိ
နက်သံ မြေကြွန်လက္ခဏာလည်း ကောင်း စေ၊ ရွှေ့ ရွှေ့ သောမင်း တို့ထီး စဉ်
နန်း စဉ်နေဘူး သောဌာဝရဌာနလည်း ရစေ၊ သုဝဏ္ဏဘုမ္မိမဟာသရနတ်
တို့ကိုလည်း ကောင်း၊ ဗြိုဟ်နတ်တို့ကိုလည်း ကောင်း၊ ဒေဝရှဿိဂါထာဖြင့်ရွတ်၍
ကောင်း မွန်စွာပူဇော်ရသတည်း၊ ထိုသို့ သောအခမ်း အနား တို့ကိုစင်မြင့်
နှင့်တည်ထား ၍မင်း ခေါင်မင်း ဖျား မင်း ကြား တို့သည်ကျင်း ပပူဇော်ကုန်
ရာ၏၊ ရွှေရိုး တတ် သောသံလျက်၊ ရွှေရိုး တတ် သောသား မြီး ယပ်၊ ရတနာ ရွှေ
ပန်း တောင်း၊ ခြသေ့်ခံဂမြှောင့် ရွှေကွမ်း ခွက်၊ ရွှေစလင်ကြာ၊ ရွှေကွမ်း ခွက်

ကြီး ၊ ခြသေ့်ခံ ရွှေကွမ်းတည့်၊ ရွှေကွမ်းချပ်၊ ရွှေကရား ၊ ရွှေတကောင်း ၊ ရွှေမြူတာ ၂ လုံး ၊ သည် ၁၃ ပါး သောမင်း ခမ်းတော်တို့ကိုဥကင်သနှင့် သောအခါလကျာ တော်ကစင်နှင့်ကျင်း ပထား ရာသတည်း ၊ ရွှေဘီနပ်၊ ရွှေတောင်ဝေး ၊ ရွှေလက်တင်ကြား ၊ နဂါး ခံကွမ်း ခွက်၊ ရွှေသလပ်၊ ရွှေကွမ်း**ဆောင်းကြီး** ကွမ်း လောင်း ငယ်၊ ရွှေဖလား ၊ ရွှေကရား ၊ ရွှေသလင်း မြှောင့်ကွမ်း ခွက်၊ ရတနာသစ်တိုင်၊ ရွှေမြူတာ ၂ လုံး ၊ သည် ၁၃ ပါး သောမင်း ခမ်း တော်တို့ကိုစင်နှင့်လက်ဝဲ တော်ကကျင်း ပ၍ထား ရာသတည်း ၊ နန်း မကွမ်း စင်တော်ကိုဂီရိမေဃလာနှင့်တကွ ၁၉ ပါး စောင့်၏၊ တောင်သေလာကိုသရစိုး နတ်နှင့်တကွ ၈ ပါး စောင့်၏၊ အနောက်ဓါတ်နန်း ကိုမဟာပရမေသူရနတ်နှင့် တကွ ၁၀ ပါး သောနတ်သမီး တို့စောင့်၏၊ မြောက်သေလာကိုသမုဒရီနတ်နှင့် ၇ ပါး စောင့်၏၊ လွှတ်တော်ကိုသီရိနတ်နှင့် ၉ ပါး စောင့်၏၊ ဥကင်သကိုမဟောသရ နတ်နှင့်နတ်သား ၃၆ ယောက် စောင့်၏၊ အရှေ့တောင်တံခါး ကိုဘုမ္မရက္ခိုက်နှင့် ဘီလူး ၅ ယောက် စောင့်၏၊ အရှေ့ရွှေး တော်မူတံခါး ကိုနန္ဒာနတ် စောင့်၏၊ လကျာဝင်း တံခါး ကိုမဟာရက္ခိုက်နတ်၊ နောက်တံခါး ကိုဂဝုံနတ် စောင့်၏၊ လက်ဝဲဝင်း တံခါး ကိုသရစိုး နတ် စောင့်၏၊ ထိုနတ်အပေါင်း တို့ကိုလည်း မြူတာအိုး ၁ လုံး စီအုံး မွှေ့ရာသင်ဖြူး နှီး ခေါက်နွား နို့ထောပတ်ပျား တင်လဲအစုံပူဇော် ရ၏၊ နန်း တော်ထက်အပြင် စောင့် သောနတ်တို့မှာ ရွှေပန်း ခိုင် ငွေပန်း ခိုင် သာ၊ သာလူ၊ အုံး မွှေ့ယာသင်ဖြူး နှီး ခေါက်နွား နို့ထောပတ်ပျား တင်လဲကြိသကါ ရွှေဖယောင်း တိုင် ငွေဖယောင်း တိုင်တို့ဖြင့်စင်အနီသုတ်တွင်ကျင်း ပ၍ပူဇော် ရသည်၊ မြို့ရှေ့မျက်နှာတံခါး ကိုဓဋ္ဌရထနတ်နှင့်အရံ ၃၀၊ တောင်မျက်နှာတံခါး ကို ဝိရူဠ္ဌနတ်မင်း နှင့်အရံ ၃၀၊ အနောက်မျက်နှာတံခါး ကိုဝိရူပက္ခနတ်နှင့်အရံ ၃၀၊ မြောက်မျက်နှာတံခါး ကိုကုဝေရနတ်မင်း နှင့်အရံ ၃၀၊ မြို့လေး မျက်နှာနတ်မင်း ကြီး ၄ ပါး နတ်ရံ ၁၂၀ နှင့် စောင့်သည်၊ ထိုမှတပါး စတုမဟာရာဇ်စ သောနတ်ပြည် ခြောက်ထပ်တို့၌သိကြား စ သောနတ်အပေါင်း ၊ ဗြဟ္မာပြည် ၂၀ တို့၌ဟါရိဗြဟ္မာမင်း မှစ၍တံခိုး ကြီး သောဗြဟ္မာအပေါင်း တို့နှင့်မြင့်မိုရ်သတ္တရဘန်သီဒါအနဝဓါတ်စ သော အိုင်ကြီး ၇ အိုင်၊ ဂင်္ဂါစ သောမြစ်ကြီး ၅ သွယ်၊ အစီရဝတီစ သောမြစ်ငယ် ၅၀၀၊ ဇမ္ဗူ

ဒီပါစ သောကျွန်း ကြီး ၄ကျွန်း ၊ သီဟိုဠ်စ သောကျွန်း ငယ် ၂၀၀၀၊ ဟိမဝန္တာ
တော နေ ၃၀၀၀၊ ရေ နေ ၄၀၀၀၊ လူ နေ ၃၀၀၀တို့ကို စောင့် သော နတ်၊ ဂ
ဂက်သား ဂဂက်သမီး ဟုဆိုအပ် သောသတ္တဝါတို့ကို စောင့် သော နတ်၊ မာတလိ၊ ဝိ
သကြုံ၊ ဓဋ္ဌရထ၊ ဝိရူဠှ၊ ကုဝေရ၊ ဝဿဝရော၊ တာနေဂုမှာန်၊ ပုဏ္ဏက၊ဂုမ္ဘ
စိုး ၊ ဘုမ္မစိုး ၊ အာကာသစိုး ၊ သုစန္ဒြီ၊မာစန္ဒြီ၊ ပရမိသ္မား ၊ အဋ္ဌဒေဝ၊ သူရ
ဿတိ၊ မဟာပိဿနိုး ၊ ဝသုန္ဓရေ၊ အသူရိန်၊ ကဝိလမိုင်း တို့မှစ၍ နတ်ပေါင်း ၅၅၀
တို့ကိုရည်၍ထမင်း အမြိန်အရသာဖက်ခွက် ၅၅၀တို့ကိုတန်ဆောင်း ပတ်လည်စကြော
ကြီး နှင့်ပုဏ္ဏား တို့နတ်ပူဇော်ရ၏၊ ၁၀၈လုံး သော ရွှေမြူတာ ငွေမြူတာတို့တွင်
စန္ဒကူး နံ့သာရည်အပြည့်ထည့်၍ကြာဖြူကြာညိုကြာပုဏ္ဍရိပ်ကြာတံဆိပ်ကြာ ခေါင်း လေါင်း
မုလေး စမ္ပာယ်ခူရာကန့် ကော်အဆိမ့်မျိုး အချိုမျိုး တို့ဖြင့်စီရင် သောထမင်း အမြိန်
အရသာတို့ဖြင့်ပူဇော်ရသည်၊ ပတ်ဝန်း ပတ်မတလိုင်း နှဲကိန္နရာဆိုင်း တီး ရသည်၊
လမ်း မလမ်း ငယ်ခရီး ကွေ့ခရီး ဖြောင့်တို့ကိုသုတ်သင်ရှင်း လင်း ၍သဲ ပွေ့ကြဲသည်၊
တန်ဆောင်း အိုး စင်တည်သည်၊ ရာဇမှတ်ငှက် ပျောပင်ကြံပင်စိုက်သည်၊ ပုဆိုး ဖြူ
ယမျှား ဆွဲသည်၊ မြို့တွင်း မြို့ပြင် ဈေး တို့၌အထူး ထူး သောကုန်အသိုး မျှား ထိုက် သော
ရွှေ ငွေမြဖန်မှန်နဝရပ် ကျောက်ထုပ်ဖဲကတ္တီပါဇာဖြင်မိုင်း လုံး ထည်မျိုး အုပ်မျိုး
တို့ကိုလက်ဝဲလကျ်ာ ဈေး တည်၍ကျင်း ပရသည်၊ ဥကင် တော်လက်ဝဲလကျ်ာအငြိမ့်တီး ရ
သည်၊ ပုဏ္ဏား တို့မှာ ကျေး ဥ ဗောင်း တွင် ရွှေပရိတ်ချည်ဆင်၍ယမတိတိုလိုနား မှာ
သက္ကလပ်တတ်အကျီအနား ရွှေကွပ်၊ ရွှေပွင့်ချပ်ကြဲ၊ ခါးသာ ၂ ဖက်မြိတ်စမ္ပာယ်တင်၍
လက်ဝဲ လေး ယောက်လကျ်ာ လေးယောက်ခရုသင်းလကျ်ာရစ် ဂလုံး တွင်သ ပြေ မြေဇာ
ကမ္ဘာပန်း နှင့်ဘိသိက်ခံ မြှောက်ရသည်၊ နေရာငါး သွယ် နေတို့မှာလည်း ဗောင်း
ပန်း ၉ပွင့်ရပွင့်၅ပွင့်၃ပွင့်မြှင့်လက်ဝဲလကျ်ာက တော့ပူဇော် တော်ကျင်း ပ၍ခ
စား ပူဇော်ရသည်၊ နာမံ တော်တံဆိပ်ဆက်ရသည်၊ မေး တော်မူမြဲအစဉ်ကို မေး
တော်မူသည်၊ လျှောက်မြဲအစဉ်ကို လျှောက်ရသည်၊ မင်း ရိုး စ သောမှူး ရိုး မတ်စဉ်
တို့နှင့်အမှုတော်ထမ်း ပွဲလမ်း အကြိမ်ကြိမ်ရ သောသူတို့ကိုမြို့ပေး ရသည်၊ ရွှေချက်
ပေး ရသည်၊ ငွေချက် ပေး ရသည်၊ ဆင်စွယ်ချက် ပေး ရသည်၊ ပန်း ဆိုး ထီး
ပေး ရသည်၊ နေရောင်ထီး ပေး ရသည်၊ ထမ်း စင် ပေး ရသည်၊ လှော်

ကား ပေး ရသည်၊ ကွမ်း ခွက် ပေး ရသည်၊ ကွမ်း ချပ် ပေး ရသည်၊ ဓါး နက် ပေး ရသည်၊ ဓါး စိမ်း ပေး ရသည်၊ ရွှေဓါး သံပြောက် ပေး ရသည်၊ ကွမ်း ခွက်ဂမြွောင့်၊ လောင်တောင့်၊ ကွမ်း လိပ်၊ ကွမ်း လောင်း ၊ သွား ကြား ထိုး ၊ သောက် ရေတင်၊ တကောင်း ပိတ်၊ လက်ဘက်အိုး ၊ ထွေး အင်၊ ရွှေကြိုး ရွှေက၊ ရွှေတကောင်း ၊ ရွှေဘိန်း ၊ တင်ရန်း ကတ္တီပါနီနက်စိမ်း စက်ရွှန်း ၃ဆင့် ၂ဆင့်၁ဆင့်သက္ကလပ်တင်ရန်း စက်ရွှန်း ၃ဆင့်၂ဆင့်၁ဆင့် ရွှေကြိုး ရွှေက ရွှေက တောင်စာမရီပန်း ခက်ကိုက်မှီး တိုင်ဝေါပလာရတနာကနား ယာဉ်သင်ဖြူး နှီး ခေါက်ဆင် ပေါက်ဆင်မ ရွှေ လှေ ပေး ရသည်၊ သံလျက် ပေး ရသည်၊ ရွှေတကောင်း ငွေတကောင်း မိုး ကျိုး တကောင်း ပေး ရသည်၊ ရွှေခြေ ဆေး အင် ငွေခြေ ဆေး အင် ပေး ရသည်၊ ရွှေ လှော်ကား ပရိတ်ခြည်၃ဆင့်၂ဆင့်၁ဆင့် ပေး ရသည်၊ စက်ကွင်း ၄က်၁၂ခု၆ခုစက်ကွင်း ပြည့်မြွော့ဝန်း ပေး ရသည်၊ ခင်တရင် ရွှေ၂စုအနီ၁စု၊ ရွှေ၁စုအနီ၂စုအဖုံး နီသည်၊ ခင်တရင်အမွှမ်း အပျောက်ခင်တရင်အမွှမ်း သင်ချောခင်တရင် ပေး ရသည်၊ စည်နီဇလုံး ငွေနှဲ ငွေခရာတံမြှောထုံမင်း ပေး ရသည်၊ စည်နီရလုံး ငွေနှဲ ငွေခရာပုံ ပေး ရသည်၊ စည်နီရလုံး ပုံ၁လုံး ကြေး နရည်း စရာ ကြေး ဝါနှဲ ပေး ရသည်၊ စည်ဖြူရလုံး ပုံ၁လုံး နှဲ၃စင်း ခရာ၁စင်း ပေး ရသည်၊ စည်ဖြူ၅လုံး ပုံ၁လုံး ခရာ၂စင်း ပေး ရသည်၊ ပုဆိုး စသောအဝတ်တန်ဆာ ပေး ရသည်များ ကိုအမှုထမ်း ရည်ကို ထောက်၍ မင်း ရိုး နွယ်မြစ်ဖြစ် သောတိုင်း ကြီး ပြည်ကြီး ရှင်တို့သည် ကျင့်ရသည်ဟူ၍ ရွှေ ပေတွင်သံစာ ရေး ၍ ချိတ်အိတ်တံဆိပ်လက်ရာနှင့်ရာဇာဂြိုဟ်မင်း က စေ သောသံတို့နှင့်အတူသံ ဖက်၍ စေ တော်မူလိုက်၏၊ သံတို့ ရောက်လျှင် ဗိမ္ဗသာရမင်း ကြီး လည်း အား ရဝမ်း သာအလုံး စုံ မျိုး တို့ကို စီရင်၍သံတို့ကိုလည်း ကောင်း မွန်စွာ ကျွေး မွေး စေရ၏၊ သက္ကရာဇ်တို၄ခုကဆုန်လပြည့်ကြော နေ့ ရာဇာဘိ သေကခံ တော်မူ၏၊ ဘိသိက်ခံကား ပြီး တော်မူသည်ဘုရား ။ (3 November 1755)

(သက္ကရာဇ်၁၁၁ရခုသတင်း ကျွတ်လပြည့်ကျော်၁၄ရက် နေ့)

(မေမြို့ ဘုန်းကြွယ် ပေမူ)

အိမ်ရှေ့တော်ပါအစုပေးသနား တော်မူမြဲအစဉ်ထုံး စံကား ဇေယကျော်သူ
သွေး သောက်ဦး ရေ၁၅၀၊ ကျော်တော်နရတ္တမိတ် သွေး သောက်၁၅၀၊ ဘ
ယသာရ သွေး သောက်၁၅၀၊ မှူး သား မတ်သား ကြီး စု၁၅၀၊ မှူး လတ်မတ်
စု၁၅၀၊ တောင်ငူလုပျိုးစု၁၅၀၊ စာရေး စာချီစု၅၅၊ ရှေ့တော် ပြေး မှူး
နှင့်ငယ်သား ၅၅၊ တောင်ရွာစား သွေး သောက်၁၅၀၊ ဆင်ကဲတို့သွေး သော်၊
သော်ကတို့သွေး သောက်၊ မခေါက်စား သွေး သောက်၊ တန့်ကျည်စား သွေး သော်
ပေါက်တောစား သွေး သောက်၊ သူရဲလုလင်မှူး သွေး သောက်၊ ယမ်း ခမ်း မှူး
သွေး သောက်၊ ဇရွန်စီး သွေးသောက်၊ သူငယ်တော်မှူး သွေး သောက်၊ အတွင်း
ရေး မှူး သွေး သောက်၊ ဒေဝသူရ သွေး သောက်၊ တုရင်ဝေရ သွေး သောက်၊
နတ်စက်ရန် အောင်မှူး သွေး သောက်ဒိုင်း ၊ ကျော်ဘက်ရန်တင်မှူး သွေး သော်
ဒိုင်း ၊ ကျွန်း တောစား သွေး သောက်၊ ဝေလုသာရ သွေး သောက်၊ မရှောက်
စား သွေး သောက်၊ ပြိုင်ရွာစား သွေး သောက်၊ ကျောက်မြင်း စား သွေး
သောက်၊ ကပိုင်စား သွေး သောက်၊ ကျူး တက်စား သွေး သောက်၊ မင်း သား
သီရိကျော်လူစု၅၀၀၊ သီရိဇေယ ကျော်ထင်လူစု၅၀၀၊ ပုခန်း မြင်း စုဦး ရေ
၁၀၀၀၊ ပြင်စီ ၁၀၀၊ မ ဝယ်မြင်း စု၁၀၀၊ လင်း စင်း မြင်း စု၁၀၀၊
ဘုံပေါက်မြင်း စု၁၀၀၊ အဝမင်္ဂလာကျီ တော်၁၊ လကျာသ ရေတိုက်၁၊ တံတား ဦး
ကွမ်း ခြံ တော်၊ စစ်ကိုင်း ပိန္နဲဥယာဉ် တော်၊ ကျွဲ တော်၁၀၀၊ နွား တော်၁၀၀၊
ဆင်ပေါက်မစီး ရေ၆၊ စီး တော်မြင်း ၁၀၊ ယည်သာမ၅၊ ဆောင်နီ တော် သွေး
သောက်ကြီး နှင့်အနောက်ဝန်စီရင်နက်၂၀၊ ရွှေ၁၀၀၊ ငွေ၃၀၀၊ ကြေး
၁၀၀၀၀ ၊ ၁၀၀၀၀ထွက်လယ်၅တွင်း ၊ ၁၀၀၀၀ထွက်ရွာ တော်၅ကုံး ၊ ဆိတ်၁၀၀
ကြက်၁၀၀၊ နို၁၀၀၊ ဝမ်း ဘဲ၁၀၀၊ အမွေလူကျွန် ယောကျ်ား ၁၀၀၊ မိန်း မ၁၀၀
စား တော်ကွမ်း ရေကိုင်အိမ်ရှေ့တော် သွေး သောက်မြင်း ကခန့်သည်၊ ရှေ့ဆောင်
တော်မြဲ၄၆၊ နောက်ဆောင် တော်မြဲ၄၆၊ သမား တော်နှင့်မဏ္ဍန် တော်၎င်း
လက်ပါး စေမိန်း မ၅၀ ၎င်း အလပ်စေမိန်း မ၅၀ ၎င်း အကြီး စေမိန်း မ
၅၀၎င်း ၊ ဝေါတော်၁၊ ကျူင်း ရွှေချက်၄၊ ဂွဲ တော်စား ၁၊ တာ တော်လိုက်၁၊
စား တော်ကွမ်း ရေကိုင်၁၊ ဝေါမှူး ၁၊ ကျူင်း မှူး ၁၊ လုလင်စင်၂စည်၊ ငန်၁၊

နွား ခံ ၁၊ နောက် တော်လိုက် ၁၀၀၀၊ အချုပ်စာရေးကြီး ၅၊ ဝင်း တော်မျိုး ၂ တို့မှာ ရွှေဝင်း နှင့် မြောက်ဝင်း ၁ ယောက်မျိုး နောက်ဝင်း နှင့် တောင်ဝင်း ၁ ယောက်မျိုး ၊ ရွှေနောက်တံခါး မျိုး ၂၊ ဝင်း မြင့်ကပ်အထက်ကွမ်း ပစ်စပ်ဒုံး ပိတ် ၅၊ တောင် မြောက် လှေခါး ၄ ဆူ၊ ရွှေဆင်ကပ်တွင်ဆင်ယည် တော်ကပ်၍ ဆောက်ရသည်၊ ဆင်ယည် တော်မှာ ရွှေနောက် လှေခါး ထည့်သည်၊ အိမ် တော်မှာ လှေကား မထည့်ရ၊ ပုဏ္ဏား လည်း ပေး တော်မမူ၊ မှန်ကင်း လည်း မပေး၊ အာဏာလက်မရွံ့ ထောင်မျိုး အဝန်း အပ် တော်မမူ၊ သည်ကား အုပ်မြဲထုံး စံမရှိ။
(3 November 1755)

(သက္ကရာဇ် ၁၁၁၇ ခုသတင်း ကျွတ်လပြည့် ကျော် ၁၄ ရက် နေ့)

( မေမြို့ ဘုန်း ဖြွယ် ပေမူ )

(3 November 1755)

19 April 1673
သက္ကရာဇ် ၁၀၃၅ ခုကဆုန်လပြည့်နေ့ဥကင်အတူထိုင် သောမိဖုရား ကား ပြည်
မင်း သမီး တော်အတုလသီရိမဟာ စန္ဒာ ဒေဝီနှင့်ဥကင်ဖွင့်တော်မူသည်၊ သ
19 February 1675
က္ကရာဇ် ၁၀၃၆ ခုတပေါင်း လဆန်း ၆ ရက် နေ့ဘုံ ကျော်တုလွတ်ကျောင်း ကို ဆောက်
8 October 1675
သည်၊ သက္ကရာဇ် ၁၀၃၇ ခုတန် ဆောင်မုန်း လဆန်း ၁ ရက် နေ့နတ်စက်ရေ ၀င်
ကျောင်း ပုဏ္ဏိလ်ကိုသီရိသဒ္ဓမ္မ ဃောသမဟာ ရာဇဂုရုတံဆိပ် တော်နှင့်တင်လျှ တော်
(13) May 1679
မူသည်၊ သက္ကရာဇ် ၁၀၄၁ ခုနယုန်လ (လပြည့်နေ့) ဥမင် တော်ကိုမယ် တော်ဘုရား
1680
တည်သည်၊ (သက္ကရာဇ်) ၁၀၄၂ ခုဥမင်ကိုသာမု ခေါ်သည်၊ ၅၁အိမ် ထောင်လျှ
တော်မူသည်၊ သလူထီး တွင်အဖြူမှန်းပါဂုပတ်ဖြူသား တော်ရမည်း သင်း မင်း သား
မယ် တော်စန္ဒာ ဒေဝီလယ်ပေါ် ရွှေ ကျောင်းကိုဆောက်ရါ တွင် ၄ ထောင့်ကျောင်း ကို
ရွှေထည့်သည်ကိုမနာလို၍ဘုံ ကျော်တုလွတ် ကျောင်း တော် ရွှေ ၆ ကျောင်း စည် ဇေတ
ဝန်၃ထပ်အုတ် လှေကား ၃ဆူနှင့်တုရင်စိန်ပွင့်တတ်သည်၊ ရွှေအမှန်း ထည့်သည်၊
ကြီး ရှာက တော်၊ ပန်းက တော်၊ သာဂရက တော်၊ ရေတွင်း ပြက တော်၊ ပလ္လင်
ကြီး က တော်၊ ပန်း တွင်း က တော်တို့က ၆ ကျောင်း စည် ၆ကြိပ်မ ဆော်ရသည်၊ ဘ၀
ရှင်မင်း တရား ကမင်း ဝံပတ္တမြား စေတီကိုထပ်၍ ရွှေပြည့်ထည့်၍အ နေကဇာ
ထပ်တင်သာမု ခေါ် တော်မူသည်၊ နောက်အပြင် ကျောင်း ကိုခန်း ကျောင်း
(28 January) 1696
ဆောက် တော်မူသည်၊ တရုပ်ထီး နီတရုပတ်နီ (သက္ကရာဇ်) ၁၀၅၇ ခု တ ပေါင်းလဆန်း
၆ ရက် နေ့) မြေလှုပ်သည်မြို့ တော်တတန်းပြိုသည်၊သါး တော်ရမည်းသင်းမင်းသါးကိုအိမ်
(14 July) 1698
ရှေ့နှင်း သည်၊ (သက္ကရာဇ်) ၁၀၆၀ (ပြည့်ဝါဆိုလပြည့် ကျော် ၃ရက် နေ့) တွင်အိမ်
ရှေ့မင်း နန်း တက်သည်၊ ရှင်ပင်မာန် အောင်ရတနာ စေတီကိုမဟာ ဂုံနှင့်တည်
18 January 1700
သည်၊ (သက္ကရာဇ်) ၁၀၆၁ ခုတပို့တွဲလဆန်း ၁၀ ရက် ၅ နေ့နက်တချက်တီး ကျော်
1700
၅ မောင်း တွင် ရွှေထီး တင်သည်၊ (သက္ကရာဇ်) ၁၀၆၂ ခုပိဋကတ်တိုက်ရှင်အါသဘ
1701
လေကကြောင့်ဝါး ဘော်ကျောင်း ဆောက်သည်၊ပထမတဲ ဆောက်သည်၊(သက္ကရာဇ်) ၁၀၆၃ ခု
စစ်ကိုင်း တိ လောကဂုရု ကျောင်း ၊ လောကမှန်ကင်း ကျောင်း ကို ဆောက်သည်၊
1702
(သက္ကရာဇ်) ၁၀၆၄ ခုမဟာ ဗောဓိ စေတီဂူပ်ထု တော်လဲသည်၊ ကျောင်း တော်
1703
၂ ကျောင်း စောင်း တန်း ၂ဆူထပ်၍ ဆောက်သည်၊ (သက္ကရာဇ်) ၁၀၆၅ ခုမင်း
ဝံ လေး ထပ် ကျောင်း ကို ဆောက်သည်၊ ပုည စေတီစရပ်ရှင်ဖြူရှင်လှစရပ် ဆောက်

(3 November 1755)

သည်၊ ဘုံ ကျောင်း ၊ ရွှေ တောက တော် ကျောင်း ၊ ကြက်ရုံဘား က တော် ကျောင်း ၊
1704
ပျဉ် တောင်ဦး က တော် ကျောင်း ကို ဆောက်သည်၊ (သက္ကရာဇ်) ၁၀၆၆ ခု ဝေဇ
1705
ယန္တာ ကျောင်း တော်ကို ဆောက်သည်၊ ဝတ်ချက်ရွာ (သက္ကရာဇ်) ၁၀၆၇ ခုကသည်း
1705
မင်း သမီး ရောက်သည်၊ (သက္ကရာဇ်) ၁၀၆၇ ခုသီဟိုဠ်ကျွန်း က မဟာ ဗောဓိပင်
18 December 1708
မ ၅ ပင်ကို ရွှေ ပျဉ်း ဦစည် တော်နှင့်ယှဉ်း ၍ စိုက်သည်၊ သက္ကရာဇ် ၁၀၇၀ ပြည့်ပြာ
သိုလပြည့် ကျော် ၄ ရက် ၇ နေ့ သခင်လှကျိုင်း တုံသို့ ချီရသည်၊ စည်ဖြူ ၅၊ ပုံသာ ၂၊ ဆင်
ပေါက် ၁၊ ယဉ်သာ ဝန်တင်မ ၁၊ ကျိုင်း ရွှေ ချက် ၁ ပေး သည်၊ ပန်း ယ အောင်
1709
တပ် တော်မှာ တပ် တော် ချသည်၊ ကျော်ဘုံတံခါး ကထွက်ရသည်၊ (သက္ကရာဇ်) ၁၀၇၁
30 December 1711
ခုသခင်လှကို ရွှေ ရုံး တော်တွင် ခါး ပြသည်။ (သက္ကရာဇ်) ၁၀၇၃ ခုတပို့တွဲလဆန်း
၃ ရက် ၁ နေ့ညီ တော် စည့်ကူး မင်း ကိုသိရိသုဓမ္မရာဇာတံဆိပ်အပ်၍သစ္စာတိုက်သည်၊
သမီး တော်အကြီး နှင့်စုံဘက်၍ ပုဂံကိုပိုင်စား ပေး သည်၊ ၎င်း နေ့သား တော်
11 November 1709
မြေထဲ မင်း သား (သက္ကရာဇ်) ၁၀၇၁ ခုတန် ဆောင်မုန်း လပြည့် ကျော် ၆ ရက်
19 November 1709
နေ့ ပုဂံသို့ စုံ တော် မူသည်၊ (သက္ကရာဇ်) ၁၀၇၁ ခုတန် ဆောင်း မုန်း လပြည့်
22 November 1709
ကျော် ၁၄ ရက် နေ့ ပုဂံသို့ ရောက်သည်၊ နတ် တော်လဆန်း ၂ ရက် နေ့ဆန် တော် မူ
သည်၊ ၁၁ ရက် ၅ နေ့ည ၃ ချက်တီး အချိန်တွင်မြို့ တော်သို့ ရောက်သည်၊ (သက္ကရာဇ်)
1710
၁၀၇၂ ခု ရွှေ စာ ရုံသို့ထွက် တော် မူသည်၊ သား တော်ကိုသက္ကရာဇ် ၁၀၇၃ ခုတန်
22 October 1711
ဆောင်မုန်း လပြည့် ကျော် ၈ ရက် နေ့အိမ် ရှေ့နှင်း တော် မူသည်၊ ရှေ့ ဝန် ၂ ရှေ့
ရုံး နေ ၂ နား ခံ အချုပ်အကြီး အိမ် ရှေ့ တော် ပါ ၂၊ အစု ရေး ၃၊ ဒိုင်း စာ ရေး
၄၊ သွေး သောက် စာ ရေး ၂၊ ကောင်ဟန် စာ ရေး ၅၊ သဘင် စာ ရေး ၂၊
တိုက် စာ ရေး ၇၊ ကိုယ် စာ ရေး ၂၊ ဆင်ထိန်း စာ ရေး ၂၊ ဝင်း မှူး ၂၊ ဝင်း
စချီ ၂၊ ဝင်း စာ ရေး ၄၊ ရှေ့ တော် ပြေး မှူး ၁၁၊ ဝေါမှူး မြင်း စာ ရေး ၈၊
ပရိတ် တော် ရွတ် ၄၊ သံ တော်ဆင့် ၂၊ သံ တော် ခံ ၂၊ အိမ် ရှေ့အတွင်း ဝန် ၂၊ အ နေဝံ
ရုံး နေအ နောက် ဝန် ၂၊ ဝန် စာ ရေး ကြီး ၂၊ ထိုမှ စ၍အ ရှေ့ မှာ နှင့်စပ်သမျှအ
နောက်မှာ နှင့်စပ်သမျှတို့ကိုအစု ရေး အစုကိုင်ခန့် တော် မူသည်၊ ကံ ကျွေး တော်ခံ
ဒီပဲ ရင်း မြို့ကံ ကျွေး တော်ခံ တောင်တွင်း ကြီး မြို့၊ အသုံး တော်ခံသူ ရင်း မြေထဲမြို့
အိမ် ရှေ့ (အိမ် တော်) စ ကြော ၂ ထပ်အမွှမ်း တတ် ရှေ့ နောက် တောင် မြောက် ဆောင်

ကူး ဘောင်ကပ်နှင့်အမိုး ဥဆင့်အမွှန်း နန်း ပျောက်တင်ဝင်း ပြင်ကပ်အထက်
1712
ကွမ်း ပစ်စီပဒုမ်း ပိတ်ရ၊ တံခါး ရွှေနောက်ရ၊ (သက္ကရာဇ်) ၁၀၇၄ခု ဒလိ
ကမန်အောင်စေတီ ကျောက်စံကတော် ကျောင်းကို ဆောက်သည်၊ (သက္ကရာဇ်)
1713
၁၀၇၅ခု **ဆရာတော်** တို့ကို ကျောင်း ဆောက်၍လှူတော်မူသည်၊ လှေခါး ၅ဆူ
8 August 1714
တတ်သည်၊ တုရင်ဖွား (သက္ကရာဇ်) ၁၀၇၆ခု တော်သလင်းလဆန်း ၁၃ရက် နေ့
မြေပြင်း စွာလှုပ်သည်၊ ရေနန်း တွင်းသို့ ပင်ဝင်သည်၊ (သီရိမဟာသီဟသူရ
11 August 1714
ဓမ္မရာဇာမင်း တရား သက္ကရာဇ် ၁၀၇၆ခု တော်သလင်း လဆန်း ၁၄ရက် နေ့
နတ်ရွာစံသည်၊ သား တော်သီရိပဝရမဟာဓမ္မရာဇာဓိပတိဘွဲ့ခံ၍) ရွှေနန်း
တက်သည်၊ မိုး သောက်လျှင်ခမည်း တော်ကိုသဂြိုဟ် တော်မူသည့်အရာများ ကိုစီရင်
12 August 1714
သည်၊ (သက္ကရာဇ်) ၁၀၇၆ခု တော်သလင်း လပြည့် နေ့သဂြိုဟ် တော်မူသည်၊ (သက္က
22 August 1714
ရာဇ်) ၁၀၇၆ခု တော်သလင်း လပြည့် ကျော် ၁၀ရက် နေ့ ပုဂံသို့ စစ်ကိုရိယာတို့ဖြင့်
1716
သခင်လှ ချီရသည်၊ (သက္ကရာဇ်) ၁၀၇၈ခုကသည်း သို့မင်း ရဲသီဟ ချီရသည်၊ စစ်
ကိုင်း သပြင်မှာတံတား ကူးသည်၊ ကျိုင်း ရွှေချက် ၁၊ ဆင် ၁၊ စည်ဖြူ ၅၊ ပုံသာ ၁၊
1715
ပေး သည်၊ (သက္ကရာဇ်) ၁၀၇၇ခုသို့သဘင်နန်း ဆောက် တော်မူသည်၊ (သက္က
1716,1717
ရာဇ်) ၁၀၇၈ခုသို့သဘင်နန်း မှာ ပဟိုစည်တီး သည်၊ (သက္ကရာဇ်) ၁၀၇၉ခု
1718
ခုတံတား ဦး မှန်စီ ကျောင်း ကို ဆောက်သည်၊ (သက္ကရာဇ်) ၁၀၈၀ပြည့်တိုင်း
14 February 1720
ရေး ပြည်မှုကိုစီရင်သည်၊ (သက္ကရာဇ်) ၁၀၈၁ခုတပေါင်း လပြည့် ကျော် ၄ (ရက်
1720
၁) နေ့ညည့်တချက်တီး ကျော် ၄နာရီနန်း တော်ကိုမီး သင့်သည်၊ (သက္ကရာဇ်)
May 1721
၁၀၈၂ခုမိုး ထိ ကျောင်း ကို ဆောက်သည်၊ (သက္ကရာဇ်) ၁၀၈၃ခုနယုန်လသုမဂ်
မဟာသာမိဆရာ တော်ကိုတင်သည်၊ မြင်း ရထား စီး၍ထွက်သည်၊ (သက္ကရာဇ်)
July 1722
၁၀၈၄ခု ဝါခေါင်လကသည်း သို့မင်း ရဲသီဟ ကျော် ချီသည်၊ တပင်ကိုင်မှာ ချသည်ဆင်
1723
ပေါက်မစည်ဖြူရလုံး ပုံသာ ပေး သည်၊ (သက္ကရာဇ်) ၁၀၈၅ခု မင်း ရဲ ကျော်က
16 April 1724
သည်း သို့ချီရသည်၊ (သက္ကရာဇ်) ၁၀၈၆ခုကဆုန်လဆန်း ၆ရက် နေ့ဗိုလ်မှူး လှေ
ကိုမိုး ညှင်း ကြီး သို့ပို့ပြန် သောအမိန့် တော်ကို ရွှေရုံး တော်မှာခံရသည်မြို့တွင်း
22 November 1724
ကင့်ကက် သသာခါ ဇေယျတံခါး ကထွက်သည်၊ (သက္ကရာဇ်) ၁၀၈၆ခုနတ် တော်လပြည့်
1725
ကျော် ၄ရက် ၁ နေ့နန်း တော်သိမ်း၍ဥကင်ဖွင့်သည်၊ (သက္ကရာဇ်) ၁၀၈၇ခုစစ်

(3 November 1755)

ကိုင်း လေး ကျွန်း မာန် အောင်ကိုတည်သည်၊ (သက္ကရာဇ်) ၁၀၈၈ ခုရန်တိပ္ပ 1726
28 December 1728
သေသည်ကိုခြား နား သည်၊ (သက္ကရာဇ်) ၁၀၉၀ ပြည့်ပြာသိုလဆန်း ၁၀ ရက်
ညီ တော်သတိုး မင်း စောလွန်သည်၊ ရန် အောင်မြင်တံခါး ကအ လောင်း ကိုထုတ်
သည်၊ ဘဝရှင်မင်း တရား ရွှေ ဝေါစီး ၍ ဖေါင်း ထုတ်ငက်ဦး နှင့်စံရာတံခါး
ကထွက် တော်မူ၍ကုဖြူမြစ်နား တောင်တွင် ဝေါ တော်ရပ်၍သဂြိုဟ် တော်မူသည်၊
23 April 1727
(သက္ကရာဇ်) ၁၀၈၉ ခုကဆုန်လပြည့် နေ့သား တော်စည့်ကူး မင်း သား ကိုအိမ်
1730
ရှေ့နှင်း သည်၊ ထိုကစ၍ ကြေး ဘိုး ဆုတ်သည်၊ (သက္ကရာဇ်) ၁၀၉၂ ခုသခင်ပြည်
ဇင်း မယ်သို့ချီသည်၊ စည်နီရလုံး ၊ ကျိုင်း ၁၊ ဆင် ပေါက်မ၊ စည်နီ၊ ပုံသာ၊ ကြေး
1731
နီ၊ ကြေး ဝါ၊ နှဲ၊ ခရာ ပေး သည်၊ (သက္ကရာဇ်) ၁၀၉၃ ခုတွင်း သင်း မင်း
1731
ကြီး သမီး ခမ္မ ဒေဝီလွန်သည်၊ သက္ကရာဇ် (၁၀၉၃) ခုတွင်း သင်း မင်း ကြီး က
24 May 1732
တော်လွန်သည်၊ (သက္ကရာဇ်) ၁၀၉၄ ခုနယုန်လဆန်း ၁၂ ရက် နေ့ရွှန်း တောင်
27 May 1732
ကဆင်ဖြူရောက်သည်၊ (သက္ကရာဇ် ၁၀၉၄ ခုနယုန်) လပြည့် နေ့သိမ်း ၍ဆင်ဖြူရှင်
1733
ခံသည်၊ (သက္ကရာဇ်) ၁၀၉၅ ခုတွင်း သင်း မင်း ကြီး လွန်သည်၊ ရန် အောင်မြင်
တံခါး ကထုတ်သည်၊ ပေါင်းပုံနီထီသစ်၊ ကျိုင်း ရွှေ ချက် ၄၊ ဆင် ၄ စီး ၊ သံလျှင်၊ ထီး ဖြူ
3 November 1733
တစင်း အုပ်၍ ချသည်၊ (သက္ကရာဇ်) ၁၀၉၅ ခုနတ် တော်လဆန်း ၉ ရက် နေ့အိမ်
ရှေ့မင်း နန်း တက်သည်၊ တလတိုင်တိုင် (သဘင်ကြီး ခံ၍ နေ)သည်၊ ကျီဝန်ကသူ့ရဲသူ
1734
ခက်တို့ကိုထမင်း ကျွေး ရသည်၊ (သက္ကရာဇ်) ၁၀၉၆ ခုဆင်တဲနန်း တော် ဆောက်
8 January 1736
သည်၊ (သက္ကရာဇ်) ၁၀၉၇ ခုတပို့တွဲလဆန်း ၇ ရက် နေ့ သေနာပတိတို့နှင့်မင်း
1736
ကျော်ညီအစ်ကိုကိုဝတ်ချက်မှာအဆုံး အဂုံး စီရင်သည်၊ (သက္ကရာဇ်) ၁၀၉၈ ခု
1737
လောကသရဘူထီး ကျသည်၊ ရှင်လှဘုရား ပျောက်သည်၊ (သက္ကရာဇ်) ၁၀၉၉
1738
ခုအ ဝေး မြို့ဝန်စစ်ကဲလဲသည်၊ (သက္ကရာဇ်) ၁၁၀၀ ပြည့်တွင်ပဥ္စင်း ၁၀၁ ပါး ခံ
1739
တော်မူသည်၊ အ ဝေး မြို့ဝန်တို့ခံရသည်၊ (သက္ကရာဇ်) ၁၁၀၁ ခုကသည်း သို့မင်း
1740
ရဲကျော် ခေါင်ချီသည်၊ (သက္ကရာဇ်) ၁၁၀၂ ခုဟံသာဝတီမှာငသာ အောင် သေါင်း
1741,1742,1743
ကြမ်း သည်၊ (သက္ကရာဇ်) ၁၁၀၃ ခု ၁၁၀၄ ခု ၁၁၀၅ ခုထမင်း ငတ်၍လူသား
1743
ခွေး သား စား ကုန်သည်၊ (သက္ကရာဇ်) ၁၁၀၅ ခုစစ်ကိုင်း ကိုဘုရင့်နောင်က
1744
လုပ်ရသည်၊ (သက္ကရာဇ်) ၁၁၀၆ ခုဘုရင့်နောင်စစ်ကိုင်း မှာရှင်ဘုရင်ပြုသည်၊

(3 November 1755)

ကရဝိတ်ဘောင်၊ ထီးဖြူဂ၊ မြွောက်စည်၊ ထွက်စည်၊ ဝင်စည်ပေး၍ကူး ရသည်၊ မြို့ကိုအတုလဝတ်သမုတ်သည်၊ ကောင်းမှုတော်ရှင်ဏ္ဍန္ဒလာရပုဏ္ဏိလ်၊ ပလိုင်း ရှင်သုဇာတ၊ အုတ်ရှစ်ကျေး ရှင်ညာဏ၊ ၎င်း ရှင်ယသတို့ကိုသံတံဆိပ်စစ်ကိုင်း ရှင်ဘုရင်ကလှူသည်၊ စစ်ကိုင်း ကျောင်း ဆောက်၍ကိုး ကွယ်သည်၊ ရှင်သုဇာတမှာ ဇေတဝန်သက်တော်ရှည် ဆောက်သည့်ကျောင်း ကိုတင်သည်။

(3 November 1755)

(သက္ကရာဇ် ၁၁၁၇ ခုသတင်း ကျွတ်လပြည့်ကျော် ၁၄ ရက်နေ့)

(မေမြို့ ဘုန်းကြွယ် ပေမူ)

ရွှေး မင်း ကေရာဇ်တို့ဝယ်မင်း မြောက်တန်ဆာ ၅ ကား ထီး ဖြူ၊ သံလျက်၊ ခြေ
နင်း ၊ သား မြီး ယပ်၊ သင်း ကျစ်၊ ထီး ဖြူ ၅ ကား ကနက္ကတန်ထီး ၊ ကမ္ဗတ်ထီး ၊
ယည်ထီး ၊ ဥဂျထီး ၊ ကြှန်း ထီး ၊ ဗိလိန္ဒ ပညာကျမ်း တွင်ထွက်သည်နှင့်အညီ ရတနာ
ပူရအင်း ဝမြို့တွင် ရွှေး အင်း ဝမင်း တို့ကသည် လောကသရဘူဒါယကာဟံသာဝတီ
ရောက်မင်း တရား တိုင်မင်း မြောက်တန်ဆာ ခင်း ကျင်း သည်ကား ရာဇပ
လ္လင်လက်ဝဲဘက်ကနက္ကဒါန်ထီး ဖြူ ၁ စင်း ၊ ကမ္ဗတ်ထီး ဖြူ ၁ စင်း ၊ ယည်ထီး ဖြူ ၂ စင်း ၊
ထီး ဖြူ ၄ ဆောက်ကျင်း သည်၊ ထီး ၄ စင်း အကြား ယမား ၁ စင်း ၊ ယမား ၃ စင်း
ကျင်း သည်၊ ရာဇပလ္လင်လက်ျာကသည်ကနက္ကဒါန်ထီး ဖြူ ၁ စင်း ၊ ကမ္ဗတ်ထီး ဖြူ ၁ စင်း ၊
ယည်ထီး ဖြူ ၂ စင်း ၊ ထီး ဖြူ ၄ စင်း ဆောက်ကျင်း သည်၊ ထီး ၄ စင်း အကြား ယမား
၁ စင်း စီ၊ ယမား ၃ စင်း ကျင်း သည်၊ သည်ထီး ဖြူ ဂ စင်း တွင် ကျောင်း ဘုရား
သွား ၍ထီး ဆောင်း သည်ဖြစ်လျှင်ကမ္ဗတ်ထီး ဖြူ ၂ စင်း ၊ ယည်ထီး ဖြူ ၄ စင်း လက်
ဝဲလက်ျာက ဆောက်၍ ဆောင်ရသည်၊ ဥဂျထီး မှာ နန်း မဥဂျတိုင်ရင်း တွင် ဆော်
ကျင်း သည်၊ ကြှန်း ထီး မှာ နန်း မကြှန်း တိုင်ရင်း တွင် ဆောက်ကျင်း သည်၊ က
နက္ကဒါန်ထီး မှစ၍ထီး များ မှာအရိုး အတန်ကို ရွှေပစွန်ခွန်မွမ်း သည်၊ ထီး ချက်
ကို ရွှေပစွန်ခွန်မွမ်း ၍ ကျောက်အပြည့်စီသည်၊ ရွှေး အင်း ဝမင်း တို့ကသည် လော
ကသရဘူဒါယကာဟံသာဝတီ ရောက်မင်း တရား တိုင် ဆောင်သည်၊ စည် တော်စုံ
(ကို) မင်း မိဘုရား နှင့်အိမ် ရှေ့မင်း ညီ တော်သား တော်မှူး တော်မတ် တော်
တို့ကို ပေး သည်၊ စည်နှင့်ရှမ်း ပြည် စော်ဘွား မြို့စား တို့ကိုလည်း ပေး သည်၊ အင်း
ဝမင်း တရား စည် တော်စုံကား မြှောက်စည်ရလုံး ၊ တပိုကြီး ၄၊ အချိန် ငွေ ၁၀ စီ
တမြွှား ၄၊ အချိန် ငွေ ၃ရ စီး တံရှည် ၄၊ အချိန် ငွေ ၃၅ စီး ခရူသင်း ၂၊ လက်ချပ်
၂၊ တပိုး ၂၊ အချိန် ငွေ ဂ၀ စီး စည်ဝန်း ၄၊ ငွေနှဲ ၄၊ အချိန် ၁၅ စီး စည် ပြော
၂၅၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်း ခွင်း ၁ စုံ၊ ငွေနှဲကြီး ၄၊ အချိန် ငွေ ၂၀ စီး
ငွေနှဲငယ် ၃၊ အချိန် ငွေ ၁၅ စီး ဝင်စည် ၅၊ ရွှေပိန်း တလိုင်း နှဲ ၃၊ စည်. ပုတ်
၁ ဆောင်သည်၊ မိဖုရား တို့စည် တော်စုံကား မြှောက်စည် ၅ လုံး ၊ တပိုး ၂၊ အ
ချိန် ငွေ ဂ၀ စီး တံရှည် ၂၊ အချိန် ၃၅ စီး တံမြွှာ ၂၊ အချိန် ၃ရ စီး ခရူသင်း ၁၊
လက်ချပ် ၁၊ တပိုး ကြီး ၁၊ အချိန် ၁၀ စီး စည်ဝန်း ၅၊ ငွေနှဲ ၂၊ အချိန် ၁၅ စီး စည်
ပြော ၁၅၊ ပုံသာ ၁၊ စည်ပုတ် ၁၊ လင်း ခွင်း ၁၊ ငွေနှဲကြီး ၂၊ အချိန် ၂၀ စီး ၊

ငွေနှဲငယ်၃၊ အချိန်၁၅စီး ခရာ၂၊ အချိန်၃၅စီး သည်စည်တော်စုံများ ကို
မိန်း မတို့ကို ရွှေတော် ပြေး စုသား ဖွဲ့၍တီး ရသည်၊ ရွှေး အင်း ဝမင်း တို့အ
ထွတ်အမြတ်သို့ ရောက်၍ ရွှေနန်း တော်ဥကင်သမဖွင့်ခင်မြိုတံခါး ၄ရပ်ဆွဲစည်
ကြီး အိမ်ရှင်စည်၊ ပဟိုစည်၊ မင်္ဂလာစည်၊ စည်တော်စုံသည်ရှစ်ရပ်ကိုအသစ်လဲ၍
ဆောင်သည်၊ စည်ဟောင်း ကိုရာဇမုဏိစူဠာဘုရား စရပ်မှာတင်ထား သည်၊
အိမ်ရွှေမင်း စည်ကား စည်နီ၉လုံး ၊ ပုံသာ၊ စည်ပုတ်၁၊ လင်း ကွင်း ၁၊ ငွေနှဲ
ကြီး ၂၊ ငွေနှဲငယ်၂၊ တံရှည်၃၊ ခရာ၁၊ ပြည်မင်း လက်ထက် နောင် တော် တေါင်
ငူမင်း ကို ပေး သည့်စည်စုံ၊ မာန်အောင်ရတနာဘုရား ဒါယကာမင်း လက်ထက်
ညီ တော်ပုဂံမင်းကို ပေးသည့်စည်စုံ၊လောကသရဘူဘုရား ဒါယကာမင်း တရား
လက်ထက်ညီ တော်သတိုး ဓမ္မရာဇာကို ပေး သည့်မည် စုံကား မြှောက်စည်၅၊
တပိုး ၂၊ တံမြှာ၂၊ ခရူသင်း ၁၊ လက်ခုပ်၁၊တပိုကြီး၁၊ စည်ဝန်း ၅၊ ငွေနှဲ၂၊
စည်ပြော၅၊ ပုံသာ၁၊ စည်ပုတ်၁၊ လင်း ကွင်း ၁၊ ငွေနှဲကြီး ၂၊ ငွေနှဲငယ်၃၊
ငွေခရာ ပေး သည်၊ ရာဇမုဏိစူဠာဘုရား ဒါယကာမင်း လက်ထက်ညီ တော်မင်း
ရဲကျော်စွာကို ပေး သည့် စည် ၊ ငါး ထပ်ဒါယကာမင်း တရား လက်ထက်ညီ တော်
မင်း ရဲထင်ညီ တော်မင်း ရဲကျော် ခေါင်တို့ကို ပေး သည့်စည်၊ မာန်အောင်ရတနာ
ဘုရား ဒါယကာလက်ထက်ညီ တော်ငစည့်ကူး မင်း ကို ပေး သည့်စည်၊ လောကမာန်
အောင်ဘုရား ဒါယကာမင်း တရား လက်ထက်ညီ တော်သတိုး မင်း ဇောကို ပေး
သည့်စည်ကား စည်နီ၉လုံး ၊ ပုံသာ၊ စည်ပုတ်၁၊ လင်း ကွင်း ၁၊ နှဲကြီး ၂၊ နှဲငယ်
၂၊ ခရာ ပေး သည်၊ ဒူး နေရာ နေအမတ်တို့တွင်စည် ပေး လျှင်မူကား စည်ဖြူ၅၊
ပုံသာ၁၊ စည်ပုတ်၁၊ လင်း ကွင်း ၁၊ နှဲကြီး ၂၊ နှဲငယ်၂၊ ခရာ ပေး သည်၊ ရှမ်း
ပြည် စော်ဘွား တို့ကိုစည်စ၍ ပေး သည်ကား စည်ဖြူ၅လုံး ပေး သည်၊ နောက်ထပ်
၍ ရလုံး ပေး သည်၊ နောက်ထပ်၍ စည်နီရလုံး ပေး သည်၊ ရှမ်း ပြည်မြို့စား တို့ကို
စည် ပေး လျှင်စည်ဖြူ၅လုံး ၊ ပုံသာ၊ ပလုတ်၊ လင်း ကွင်း ၊ နှဲကြီး ၂၊ နှဲငယ်၂၊ ခ
ရာ၂ ပေး သည်၊ အင်း ဝမင်း ထွက်သွား လျှင်အဆောင်နီ ဆောင်သည်ကား သေ
နတ်ကိုနီ ပါး ထည်အိတ်တစင်း စီသွတ်သည်ရအိတ်၊ လှံမတစင်း ကိုနီပါး အိတ်သွတ်သည်
၃အိတ်၊ လှံရှင်၁၀ကိုစည်း ၍နီပါး ထည်အိတ်သွတ်သည် ၃အိတ်၊ ခမောက်နီအတင်

နှင့်စစ်တပ်ပုဆိုး နီနှင့်ပိုး နီကြိုး ကွန်ချာရက်၍ ခက်သည့် ၁၊ နံကဝိုင်မီး အိုး ၁၊ မီး အိမ်အရိုး တန်နှင့် ၁၊ သောက် ရေတင်မြူတာ ပင်နီအုပ် ၂၊ သေနတ် ဆေး ဘူး နှင့် ၁၊ မီး စာခွေ ၁၊ နေရာသင်ဖြူး အနား မွှမ်း လိပ်၍ ၁၊ သည်များ ကိုအ ဆောင်နီစု ခေါင်း ထုပ် ပေါင်း ၍လိုက်ရသည်၊ အတင် တော်မှာကလပ် ခြေမြင့်ကဲ့သို့ ရွှေကိုလုပ်၍အတင် တော် ခေါ်သည်၊ အတင် တော် ၂ ခုကိုအတင်စုသား ခေါင်း ထုပ် ပေါင်း ၍ကိုင်ရသည်၊ ရွှေ တော်တွင်ကွမ်း ခွက်တည် သောအခါအတင် တော်တွင် ကွမ်း ခွက်ဆင့်၍တည်သည်၊ သောက် တော် ရေအိုး လည်း အတင် တော်တွင်ဆင့်၍တည် သည်၊ အိမ် ရှေ့အ ဆောင်နီကား သေနတ်တစင်း ကိုနီပါး ထည်အိတ်သွတ် ၁၊ လှံမကိုနီ ပါး ထည်အိတ်သွတ် ၁၊ လှံရှင် ၁၀ ကိုနီပါး ထည်အိတ်သွတ် ၁၊ နံကဝိုင်မီး အိုး နှင့် ၁၀၊ သောက် ရေ ဆောင်မြူတာ ၂ နှင့်ပဝါနီအုပ်၍ ၂၊ သေနတ် ဆေး ဘူး နှင့် ၁၊ မီး စာခွေ ၁၊ ခမောက်တင် ၁၊ စစ်မတ်ဖူး နှင့် ၁၊ နေရာသင်ဖြူး အနား မွှမ်း လိပ်၍ ၁၊ သည်များ ကိုအ ဆောင်နီကိုင်စုသား တို့ ခေါင်း ထုပ် ပေါင်း ၍ကိုင်ရသည်၊ ညီ တော်သား တော်တို့တွင် ဝေါ်ရသည်ဖြစ်စေ၊ ဝေါ်ပလာရသည်ဖြစ်စေ ဝေါ်ပလာ စီး ၍သွား လာသည်ဖြစ်လျှင်အ ဆောင်နီနည်း တူ ဆောင်သည်၊ ဝေါ်ပလာ မရသူ တို့တွင်စစ်မက်ခံ၍ထမ်း ရွက်ရလျှင်လှံမကိုနီပါး ထည်အိတ်သွတ် ၁၊ လှံရှင် ၁၀ ကိုနီပါး ထည်အိတ်သွတ် ၁၊ သေနတ်နီပါး ထည်အိတ်သွတ် ၁၊ သောက် ရေ ဆောင်မြူတာ ပဝါနီ အုပ် ၂၊ သေနတ် ဆေး ဘူး နှင့် ၁၊ နေရာသင်ဖြူး လိပ် ၁ ဆောင်သည်၊ ရတနာပူ ရအင်း ဝမင်း ညီတို့ကိုထီး ဖြူပေး သည်ကား ပြည်မင်း မဟာပဝရဓမ္မရာဇာ လောကာဓိပတိအမည် တော်ရှိ သောမင်း တရား လက်ထက် နောင် တော် တောင် ငူမင်း ကိုယဉ်ထီး ဖြူ ၂ စင်း အချက် ရွှေအထွတ်ပတ္တမြား ၉ ရစ်စီ၊ ရွှေကြယ် ညောင် ရွက် ၃ ဆင့် ပေး သည်၊ ကေတုမတီမည် သော တောင်ငူမြို့တွင် ဆောင်ကျင်း ရသည်၊ မာန် အောင်ရတနာဘုရား ဒါယကာမင်တရား လက်ထက်ညီ တော်ပုဂံမင်း ကို ယဉ်ထီး ဖြူ ၂ စင်း အရိုး နီအချက် ရွှေအထွတ်ပတ္တမြား အပြည့်စီ ပေး ၍အရိမဒ္ဒနာ မည် သော ပုဂံမြို့တွင် ဆောင်ကျင်း ရသည်၊ အိမ် ရှေ့မင်း မှစ၍ မင်း သား တို့ကို ယဉ်ထီး ဖြူထီး နီမပေး မဆောင်ရ၊ မူး တော်မတ် တော်တို့တွင်ဝန်ကြီး တို့မှစ၍ တော် နေရာ နေတို့ကိုထီး နီပေး လျှင်ထီး နီအရိုး နီအချက် ရွှေ ညောင်ရွက်တဆင့်

စ၍ ပေး သည်။ သည့် နောက် ညောင်ရွက် ၂ဆင့် ပေး သည်၊ သည် နောက် ညောင်
ရွက် ၃ဆင့် ပေး သည်၊ ထီး ကိုအိမ်တွင်မ ဆောင်မကျင်း ရ၊ ကျောင်း ဘုရား သွား
လျှင်လည်း မ ဆောင်ရ၊ တနှစ်တကြိမ်သဘင် တော်တက်တွင်သာ ဆောင်ရသည်၊ အ
ဝေး မြို့ရွာကသံကြီး တမ်ကြီး ရောက်၍တက်သက်လျှင်မူကား ဆောင်ရသည်၊ မာန်
အောင်ရတနာဘုရား ဒါယကာမင်း လက်ထက်ဝန်ကြီး မဟာသတိုး သီဟသူရကိုပန်း
ဆိုး ထီး အထွတ် ရွှေအချက် ရွှေအရိုး ရွှေကြဲဆစ် ပေး သည်၊ လောကမာန် အောင်ဘု
ရား ဒါယကာမင်း လက်ထက်ဝန်ကြီး စည်သူ ကျော်ထင်၊ ဝန်ကြီး သတိုး မင်း ကြီး တို့
ကိုပန်း ဆိုး ထီး အရိုး ကြဲဆစ်အလယ်ချက် ရွှေ ညောင်ရွက်၃ ပေး သည်၊ လောကသရ
ဘူဘုရား ဒါယကာမင်း တရား လက်ထက်ဝန်ကြီး စည်သူ ကျော်ထင်၊ ဝန်ကြီး သတိုး
မင်း ကြီး တို့ကို နေမျိုး ဇေယ နော်ရထာနည်း ပန်း ဆိုး ထီး ပေး သည်၊ ရှမ်း
ပြည်သိန္နီမြို့၊ သီပေါမြို့၊ ညောင်ရွှေမြို့၊ မိုး မိတ်မြို့၊ မိုး နဲမြို့၊ မိုး ကောင်း မြို့၊
မိုး ညှင်း မြို့၊ သည်ခုနစ်မြို့စော်ဘွား တို့နှင့်ယွန်း ပြည်ကျိုင်း ချိုင်စော်ဘွား တို့
မှာထီး ဝါအရိုး နီအချက် ရွှေ၂စင်း ပေး သည်၊ ရှမ်း ပြည်မိုး ညှင်း မြို့မှာ စော်
ဘွား ကိုထီး ဝါ အရိုး နီအချက် ရွှေ၁စင်း ပေး သည်၊ ခေမာရဋ္ဌတိုင်း ဂုံပြည်
ကျိုင်း တုံမြို့ ဇောတိနဂရတိုင်း ကျိုင်း ရုမ်း မြို့မှာ ရွှေး အစည်ဆင်း သက်၍နန်း
အိမ်ဦး တွင်ရာဇပလ္လင်တည်သည်၊ ထီး ဖြူ၄စင်း ဆောက်ကျင်း သည်၊ ယမား သံ
လျက်ကျင်း သည်၊ မင်း သား မင်း မြေး မှူး တော်မတ် တော်တို့ကိုအ ဆောင်ဓါး
ပေး သည်ကား အိမ်ရှေ့မင်း မှာဓါး အ ဆောင် ရွှေအိမ်မည်း သရီအိတ်သွတ် ပေး
၍ ဆောင်ရသည်၊ အမည်ရတို့သား မြေး ၂ယောက်တို့ကိုဓါး လိုက်ခံသည်၊ ဓါး ရွေး
မရွေး ငယ်နောက်ပိတ်သံပရာခွံ ရွှေလက်ကိုင်လွတ်အိမ်ဖြူ၁၂ကို ရွှေတိုက် တော်က
ပေး အပ်၍အိမ် ရှေ့မင်း မှာဓါး နှင့်လိုက်ရသည်၊ ညီတော်သား တော် ဝေါရသည်
သူတို့မှာဓါး မိုး ကြိုး ဆင့်အိမ်ဖြူသရီအိတ်သွတ် ဆောင်သည်၊ ဓါး လိုက်၁၂ ယောက်လည်း
နည်း တူ ပေး သည်၊ ဓါး လိုက်ရသည် ဝေါပလာရသည့်သူတို့မှာဓါး မိုး ကြိုး ၁ဆင့်အိမ်
ဖြူကတ္တီပါနီသွတ်၍ ဆောင်ရသည်၊ မိဖုရား တို့တွင်မြင်သည့်သား ကိုယ်လုပ်တွင်မြင်
သည့်သား တို့ကိုဓါး ပေး လျှင်ဓါး မိုး ကြိုး ဆင့်အိမ်ဖြူသတ္တလပ်အိတ်သွတ်၍ ဆောင်ရ
သည်၊ ဝန်ကြီး အတွင်း ဝန်တို့ကိုဓါး ရွေး မရွေး ငယ်သမ္ဗရာခွံပတ္တမြား စီအိမ်

မည်း ၊ သရိမွှမ်း သံပတ်ရတန့်ပတ္တမြား စီပေး၍ ဆောင်ရသည်၊ သည်နောက်ဓါး မည်း သရိမွှမ်း သံပတ်ရတန့်အရင်း အဖျား သတ္တဒါန်ငံ့ပတ္တမြား အပြည့်စီပေး၍ ဆောင်ရသည်၊ သည်နောက်ဓါး ပန်း ကတော့ခံ ရွှေမှုဒရက်သီး ရွှေပတ္တမြား စီပေးသည်၊ ရွှေဝန်ကြီး တို့တွင်ဗညား ကျမ်း တော၊ နန္ဒ ယော်ထာ၊ သီရိ ဇေယျ ကျော်ထင်၊ သီရိ ဇေယျ နော်ရထာ၊ နေမျိုး နော်ရထာ၊ မဟာသတိုး သီဟသူရ၊ နေမျိုး ဇေယျ နော်ရထာတို့ကိုသည်ဓါး နည်း တူတွင် သွေး ချောင်း ခံငံ့ ရွှေကွပ်၍ ပတ္တမြား အပြည့်စီဓါး ကို ဆောင်ရသည်၊ အတွင်း တော်မြဲအမှူး အမတ်တို့ကိုဓါး ပေး လျှင် ရွှေဓါး ဆောက်ပြည့်အိမ်ပြည့်သင်း ချော ပေးသည်၊ ရွှေဓါး ကျောက်အိမ်ပါ ပေးသည်၊ သည်ကူပိန်ရ၍အတွင်း ဘဝေါ နေရာစနည်း နေရာသို့ ရောက်လျှင် ရွှေဓါး ဆောက်ပြည့်အိမ်ပြည့်အမြောက် ပေး၍ ဆောင်ရသည်၊ သည်နောက်ဒူး နေရာသို့ ရောက်လျှင်ကွမ်း ခွက်အဝန်း ရလျှင်ဓါး ခွေး မခွေး ငယ် သမ္ဘရာခွံ့ပတ္တမြား စီအိမ်ကတ္တီပါနီစိမ်း ကွတ်သံပတ်၅တန့် ကျောက်စီ ပေး၍ ဆောင်သည်၊ သည်နောက် တော် နေရာသို့ ရောက်လျှင်ဓါး အိမ်မည်း ၊ သရိမွှမ်း ၊ သံပတ်၅တန့် ပေးသည်၊ သည်နောက်ဓါး မည်း သရိမွှမ်း သံပတ်ရဟန့်ဆင့်၍ ပေးသည်၊ အတွင်း တော်မြဲဓါး ရသသူတို့ကိုမြို့ဝန်ခန့်လျှင် ပေး ရင်း ဓါး ကို ရွှေတိုက် တော်သို့သွင်း၍ဓါး မိုး ကြိုး ဆင့်အိမ်ဖြူအ ပြောက်လုပ်၍ ဆောင်သည်၊ အတွင်း တော်မြဲတို့တွင်ဓါး ရရင်း ရှိသသူတို့ကိုဝင်း မှူး ခန့်လျှင်ဝင်း မှူး ကိုအပ်၍ ဆောင်သည့် ပေး ရင်း ဓါး ကိုတိုက် တော်သို့သွင်း ရသည်၊ ဝင်း မှူး ဓါး မှာ ရွှေဝင်း မှူး ဓါး ရွှေဆောက်ပြည့် ခွေး မခွေး ငယ် နောက်ပိတ်သံမ္ဘရာခွန်ပတ္တမြား စီအိမ်သံပတ်၅တန့်ပတ္တမြား စီမှန်ကူအ ပြောက်ထုအနား ပတ္တမြား စီလကျော ဝင်း မှူး ဓါး နည်း တူတွင်အိမ်နီနန်း ပြောက်ထုအနား ပတ်လည်ပတ္တမြား စီလက်ဝဲဝင်း မှူး ဓါး နည်း တူတွင်အိမ်ဖုံး နန်း အ ပြောက်ထုအနား ပတ်လည်ပတ္တမြား စီအ နောက်ဝင်း မှူး ဓါး နည်း တူတွင်အိမ်စက်ဝန်း အ ပြောက်ထုအနား ပတ်လည်ပတ္တမြား စီ ပေး၍ ဆောင်ရာသည်၊ အတွင်း တော်မြဲတို့တွင်ဓါး ရသသူတို့ကိုဝန် ထောက်ခန့်သည်ဖြစ်စေအ နောက်ဝန်ခန့်သည်ဖြစ် စေ ပေး ရင်း ဓါး ကို ရွှေတိုက် တော်သို့သွင်း ရသည်၊ ဓါး မ ဆောင်ရ၊ လွှတ် တော်ရုံး တော်မြဲမှစ၍အိပ်လှည့်မရှိမမြဲမစွဲရအမှူး အမတ်

တို့တွင် ဝန်ကြီးမြင်း ဝန်မြို့ဝန်တို့သိ ပေးသည့်ဓါး ကို ဆောင်ရသည်၊ ဆောင်မြဲဓါး ကို ဆောင်ရသည်၊ သည့်ပြင်အမှုထမ်း ပွဲလမ်း ရသည့်သူတို့မှာ ဓါး အဆောင်လက်ကိုင်လွတ်အိမ် ရွှေငါး မတ်ခံတွင်ကိုသွား လာလျှင် ဆောင်ရသည်၊ ၄၀ တော်သား ခန့်လျှင်ဓါး ရွေး မရွေး ငယ် နောက်ပိတ် ရွှေအိမ်ကတ္တီပါနီမွမ်း သံပတ် ၃ တန့်ကွပ်ကို ရွှေတိုက် တော်ကအပ်၍ ဆောင်ရသည်၊ ၅၀ တော်သား ခန့်လျှင်ဓါး နည်းတူတွင်သံပတ် ၃ တန့်ကွပ်ကို ရွှေတိုက် တော်ကအပ်၍ ဆောင်ရသည်၊ ၄၀ တော်သား ၅၀ တော်သား တို့မှာ ပြဿဒ် တော်တွင်မြဲ ရသည်၊ ဝန်ကြီး တို့မှစ၍ အတွင်း တော်မြဲတို့အမှူး ကြီး အမတ်ကြီး တို့သား ကိုစား တော်ကွမ်း ရေကိုင်ခန့်လျှင်အမည်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ရွှေဓါး ဆောက်ပြည့်အိမ်ပြည့်အ ပြောက်ထုတိုက် တော်က အပ်၍ ဆောင်သည်၊ မာရဘင်သင်း မှူး ခန့်လျှင်သင်း မှူး တို့စွဲ ဆောင်မြဲ ရွှေဓါး ဆောက်ပြည့်အိမ်ပြည့်သင် ချောကိုတိုက်က ဆောင်ရသည်၊ မြေနန်း တော် ရှေ့သူရဲကြီး သင်း စုကိုအမှူး သည်လျှင် ရွှေဓါး ဆောက်ပြည့်အိမ်ပြည့်အ ပြောက်ထု ဓါး ကိုတိုက် တော်က ပေး အပ်၍ပြဿဒ် တော်တွင်မြဲ စွဲရသည့်သူရဲကြီး သား တို့ထံ မှာ မမြဲရ၊ သည်ပြင် မြေနန်း တော် ရှေ့သင်း မှူး မှစ၍မြင်း သင်း စုသား တို့ကိုအမှူး ကြီး ခန့်လျှင်ဓါး မပေး ၊ ဓါး မိုး ကြိုး ဆင့်အိမ်ဖြူအ လျှောက်လုပ်၍ အိပ်လှည့်အိပ် ဖန်ဝင်ထွက်လျှင်ဓါး ကိုစွဲ၍ မြဲစွဲ ရသည်၊ မာရဘင်စုတွင် ခေါင်း အဝန်း ထောင်ကခန့်ထား လျှင်ဓါး အဆောင်လက်ကိုင်လွတ် ငွေအိမ် ငွေပြည့်သင် ချောအရင်း အဖျား ရွှေငါး ပတ်ခံတွင် ပေး သည်၊ အစုလည်း ပေး သည်၊ ဓါး အဆောက်လက်ကိုင်လွတ် ငွေ ချော ပေး သည်၊ အစုလည်း ဓါး နှင့်သတ္တလပ်ကိုတိုက် တော်က ပေး အပ်သည်၊ သည့်ပြင် ခေါင်း အဝန်း သွေး သောက်ကြီး များ မှာ ဓါး မိုး ကြိုး ဆင့်အိမ်ဖြူတိုက် တော်က ပေး အပ်သည်၊ ကျပ်ကွမ်း ခွက် ပေး သည်ကား အိမ် ရှေ့မင်း မှာကွမ်း ခွက်ပုံနန်း ဇာပေါက်ပတ်ပတ်လည်ပတ္တမြား စီအနား ကျောက်ပတ္တမြား ၃ ရစ်စီကြုတ်ခွက်လက်ဘက်အိုး တကောင်း ပိတ်အထွက်ပတ္တမြား အပြည့်စီကို ဆောင်သည်၊ ညီ တော်သား တော်ဝေါရသည်သူတို့မှာလည်း ကွမ်း ခွက်ပုံနန်း ဇာ ပေါက် ကျောက်ပတ္တမြား ၃ ရစ်စီ ဝေါပလာရသည်သူတို့မှာကွမ်း ခွက် ဂ ထောင့်အနား ပတ္တမြား ၃ ရစ်စီကို ဆောင်သည်၊ မိဖုရား တို့တွင်မြင်သည့်မင်း သား ကိုယ်လုပ် တော်တွင်မြင်သည့်မင်း သား တို့

မှာ ရွှေကြုပ်မြင့်မိုရ်လဘက်အိုး ကိုစ၍ ပေး သည်၊ ကျိုင်း ရိုး နှံ့အရိုး အယပ်ကို ဟင်း သပဒါး သုတ်ကို ဆောင်သည်၊ ဝါဝင်ဝါကျွတ်ကံ တော့တက်ရလျှင်ထမ်း စင်ဟင်း သပဒါး သုတ်ကိုကျိုင်း ကြီး အုပ်၍ စီး သည်၊ သည် နောက်ကွမ်း ခွက်ဂ ထောင့်လဘက် အိုး ကျိုင်း ကြီး ငယ် ရေခွက် ပေး ၍ ဆောင်သည်၊ သည် နောက်တကောင်း ပိတ် ပေး သည်၊ သည် နောက်ဓါး မိုး ကြိုး ဆင့်အိမ်ဖြူသက္ကလပ်အိပ်သွတ် ပေး ၍ ရွှေ့ ဆောင်ရ သည်၊ သည် နောက်ကြုပ်ခွက်အထွတ်ပတ္တမြား စီ ပေး သည်၊ သည် နောက်မြင်း ကကိုင်း ညောင်ရွက်ဇပွင့်နင်း နှင်း သိပ်အိမ် မြောင် ရွှေဇဝါက တောင်အနား သံငှ ရွှေပိန်း အလံအလယ်တိုး ဂုပ်ပန်း ခက်ကိုက်ချူသေး သွတ် ရွှေ ရေး ၊ သည် နောက် သက္ကလပ်တင်ရန်း ညောင်ရွက်၃ဆင့်၊ သည် နောက်တကောင်း ပိတ်လဘက်အိုး အ ထွတ်ပတ္တမြား စီ ပေး ၍ ဆောင်သည်၊ ရွှေ ထွေး အင် ပေး သည်၊ သည် နောက်ကတ္တီ ပါတင်ရန်း မြင်း ကြိုး ကတ္တီပါတင်ရန်း ရွှေကြယ်တတ် ပေး သည်၊ စီး နှီး ရ ပေး သည်၊ သည် နောက်ကွမ်း ခွက်အနား ပတ္တမြား တရစ်စီ၂ရစ်စီ၃ရစ်စီ ပေး သည်၊ မှူး တော်မတ် တော်တို့မှာအတွင်း ဘဝေါစနည်း နေရာသို့ ရောက်လျှင် ရွှေကြုပ်လဘက် အိုး ပေး ၍ ဆောင်သည်၊ ကျိုင်း ရိုး နှံ့အဖြူကို ဆောင်သည်၊ သ စွေး အနီမသုတ်၊ ဝါ ဝင်ဝါထွက်ကံ တော့လျှင်ထမ်း စင်စီး အား ရှိလျှင်ထမ်း စင်အနီသုတ်ကိုကျိုင်း ရိုး နှံ့ ကိုအုပ်၍ စီး သည်၊ သည် နောက် ဒူး နေရာသို့ ရောက်လျှင်ကျိုင်း ကြီး ကျိုင်း ငယ်ဆင် ချက်ချိတ်တိုက်အနှီး ဂံခံကို ပေး ၍ကျိုင်း ရိုး နှံ့တွင်တတ်၍ ဆောင်သည်၊ သည် နောက် ကွမ်း ခွက်လဘက်အိုး ကိုအဝန်း ပေး ၍ ဆောင်သည်၊ သည် နောက်ကျိုင်း ၂ခံ၊ တော် နေရာသို့ ရောက်လျှင်ကျိုင်း ၅ခံ ပေး သည်၊ တကောင်း ပိတ် ပေး သည်၊ ထမ်း စင် လက်ခတ် ပေး သည်၊ မြင်း က ရွှေဇဝါက တောင် ရွှေ ရေး အောင်း တင်ရန်း ငွေ ထွေး အင် ပေး သည်၊ သည် နောက်သံလျှင်း တလည်း ၅ဝန်း ထီး နီ ညောင်ရွက်၁ဆင့် သံလျှင်း တလည်း ရဝန်း ထီး နီ ညောင်ရွက်၂ဆင့် နောက်၃ဆင့် ပေး သည်၊ သက္ကလပ် တင်ရန်း ပေး သည်၊ စည်ဖြူ ပေး သည်၊ သည် နောက် တော် နေရာဦး သို့ ရောက် လျှင်ကျိုင်း ကြီး ငယ်ဆင်စွယ်ချက်ပြည့် ပေး သည်၊ ဆင် ပေါင်း ဝန်း နက်အချက် ရွှေ ပေး ၍ စီး နင်း ရသည်၊ ရှမ်း ပြည်ယွန်း ပြည် စော်ဘွား တို့မှာကွမ်း ခွက်အဝန်း ပေး သည်၊ နောက်ဂ ထောင့်ကွမ်း ခွက်ကို ပေး သည်၊ သည် နောက်တဆယ့်နှစ်ရာ

သီကွမ်း ခွက်ကို ပေး သည်၊ သည် နောက် ကျောက်ပတ္တမြား စီကို ပေး သည်၊ သုံး ဆယ် စား လဲချား စား တို့မှာ ၍ မြို့စုစား တို့မှာ ရွှေကြုပ်လဘက်အိုး အဝန်း စ၍ ပေး သည်၊ သည် နောက်ကွမ်း ခွက်အဝန်း ပေး သည်၊ အိန္ဒိဂီရိဘုမ္မဂီရိသည် ၂ မြို့ကိုအ ဆောင် ပေး လျှင် ငွေကျုပ် ငွေလဘက်အိုး စ၍ ပေး သည်၊ သ ည် နောက်မိုး ကြိုး ကျုပ်မိုး ကြိုး လဘက်အိုး စ၍ ပေး သည်၊ သည် နောက် ရွှေကျုပ်လဘက်အိုး ပေး ၍ ဆောင်ရသည်၊ သဒ္ဒေး တို့ကိုအ ဆောင် ပေး သည်ကား ငွေကွမ်း အစ်မိုး ကြိုး ကျုပ် ခွက်မိုး ကြိုး ကရား ပေး ၍ ငွေကွမ်း အစ်ကိုပိုး ကွန်ချာအိတ်နှင့်သွတ်၍ ဆောင် သည်၊ သည် နောက်မိုး ကြိုး ကွမ်း အစ်ကျုပ်ခွက် ရွှေမိုး ကြိုး ကရား အထွတ် ရွှေကို ပေး ၍ ဆောင်ရသည်၊ သည် နောက် ရွှေကွမ်း အစ်ကြုပ်ခွက် ရွှေကရား ပေး ၍ ဆောင် ရသည်၊ လှော်ကား လှေမှတ် ပေး သည်ကား အိမ်ရှေ့မင်း မှာ လှော်ကား ဦး ပဲ့ ရွှေစက်ကွင်း အပြည့် ရေး လုလင်ထိုင် ပဲ့ဘိ· တရင် နှင့်ပုံထိုင် ရွှေ ဩ်ဆစ်ခင်တရင် အမိုး ခိုနန်း အလယ်စက်ကွင်း ရွှေ ရေး အမွှမ်း ချင်ပိတ် ရွှေပိန်း အခွက် ရွှေ ၁ စု အနီ ၁ စု အောင်း ဖြူဦး ၃ ပွင့်ပဲ့ ၂ ပွင့် ငွေကြိုး ငွေက တောအလံနီ လှော်တက်နီ ငွေ နှဲ ငွေခရာတင်သည်၊ လှော်ကား နီ ၂ စင်း ၊ သည် ၂ စင်း ကို ပေး ၍ စီး ရသည်၊ ညီတော်သား တော်တို့တွင် ဝေါရသသူတို့ကို လှော်ကား ဦး ပဲ့တဖက် ရွှေ ရေး လှေ မှတ်စက်ဝန်း ပန်း တပွင့် ရွှေငှက်ပျံ ၇ ခု ရွှေ ရေး ပရိတ်ချီဆင့်ဦး ပဲ့လုလင်ထိုင် ခင်တရင်အမွှမ်း ချင်ပိတ်နီအမိုး နီတက်ဖြူ အောင်း ဖြူဦး ၃ ပွင့်ပဲ့ ၂ ပွင့် ရွှေကြိုး ငွေက တောအလံနီ ပေး ၍ စီး နင်း ရသည်၊ ဝေါပလာရသသူတို့မှာ နည်း တူတွင် ငှက် ၄ ခုစီ ပေး ၍ စီး နင်း ရသည်၊ သည့်ပြင်မိဖုရား တွင်မြင်သည့်မင်း သား ကိုယ်လုပ်တွင်မြင်သည့်မင်း သား တို့မည်သသူ လှေမှတ်နည်း လုပ်ရမည်ပုံ ပေး ၍လုပ် ဆောင်စီး နင်း ရသည်၊ မှူး တော်မတ် တော်တို့မှာ တော် နေဘူး သည့်သူတို့ လှေ မှတ်ပုံရှိသည့်အတိုင်း ပရိတ်ချည် ၁ ဆင့်စ၍ ပေး သည်၊ သည် နောက် ၂ ဆင့်တိုး ၍ ပေး သည်၊ သည် နောက် ၃ ဆင့်တိုး ၍ ပေး သည်၊ ဒူး နေရာလည်း မည်သသူ လှေမှတ်နည်း ပုံ ပေး ၍လုပ် ဆောင်ရသည်၊ စီး နင်း ရသည်၊ လှော်ကား လှေမှတ်မှာ ဒူး နေ ရာသို့ရောက်မှ လှော်ကား ဦး တဖက် ရွှေ ရေး အမှတ်ပန်း ပွင့်ခင်တယင်မိုး ဖြူ အခွက်နီ အောင်း နီ ၃ ပွင့်သစ်ပွတ်က တောချိတ်နီတိုက်ဆွဲကြိုး ပိုး နီ လှော်ကား တက်

ဖြူကို ပေး ၍ စီး နင်း ရသည်၊ တော်နေရာသို့ ရောက်မှ လှော်ကား ပရိတ်ချည် ခင်တယင်အမွှမ်း ချင်ပိတ်နီအမိုး နီ လှေမှတ်တို့ကို ရွှေ ပေး သည်၊ ဝင်း မှူး တို့ လှေမှတ်မှာ ရွှေ ဝင်း မှူး ကိုမှန်ကူမှတ်အလံနီ၊ လကျာ် ဝင်း မှူး ကိုခိုနန်း မှတ်အလံဝါ၊ လက်ဝဲ ဝင်း မှူး ကိုပုံနန်း မှတ်အလံပြာ၊ အနောက် ဝင်း မှူး ကိုစက်ဝန်း အလံနက်၊ ဒူး နေရာသို့ ရောက်မှ ပေး သည်၊ တော်နေရာသို့ ရောက်လျှင် လှေမှတ်တွင်ပရိတ်ချည်နှင့်ခင်တယင်အမွှမ်း ချင်ပိတ်နီကိုတိုး ၍ ပေး သည်၊ မြို့ဝန် လှေမှတ်မှာ ဒူး နေရာသို့ ရောက်လျှင် ဒေါင်း ရုပ်မှတ်နှင့်အလံနီကို ပေး သည်၊ တော်နေရာသို့ ရောက်လျှင်ပရိတ်ချည်နှင့်ခင်တယင်အမွှမ်း ချင်ပိတ်အမိုး နီကိုဆင့်၍ ပေး သည်၊ မှူး တော်မတ်တော်တို့တွင် ဒူး နေရာသို့ ရောက်မှ လှော်ကား လှေမှတ်၍ စီး နင်း ရသည်၊ လောကသရဘူဘုရား ဒါယကာ မင်း တရား လက်ထက်စား ရေကွမ်း တော်ကိုင်နန္ဒသူ၊ အတွင်း ဝန်နန္ဒဘယတို့သည် နေရာစနည်း နေကပင် လှော်ကား လှေမှတ် ပေး ၍ စီး နင်း ရသည်၊ လောကသရဘူဘုရား ဒါယကာ မင်း တရား လက်ထက်တွင်စနည်း နေအတွင်း ဘဝေါ်နေ နေရာသို့ ရောက်လျှင် လှော်ကား လှေမှတ် ပေး သည်၊ အဝေး မြို့စော်ဘွား တို့တွင် လှေမှတ် ပေး သည်ကား ဗန်း မော်စော်ဘွား ညောင်ရွှေ စော်ဘွား တို့ကို လှေစက္ကဝက်ရုပ် ခေါင်း အမြီး အတောင် ရွှေတစုအနီ တစုကို ပေး ၍ စီး နင်း ရသည်၊ မင်း သား မြင်း မှူး မှူး တော်မတ်တော်တို့အစဉ် စီနင်း မြကျိုး ကကား ၊ မိဖုရား တွင်မြင်သည့်မင်း သား ကိုယ်လုပ် တော်တို့တွင် မြင်သည့်မင်း သား တို့မှာမြင်း က ညောင်ရွက်ဇချပ်ကကိုင်း က တောင်ဆွဲရက် ဘောက်သမ္ပရာခွန်နင်း နှင်း သိပ်၊ အိမ် မြောင်ဆက်၊ နား ကာ၊ ရင်ပတ်ကွင်း ငွေဇဝါက တောင်ပြင်ဟင်း သပဒါး သုတ်အတွင်း အနီသုတ်မြင်း ကြိုး သက္ကလပ်မွှမ်း သင်ချောစီး နှီး သက္ကဒါန်သက္ကလပ်မွှမ်း အောင်း တင်ရန်း ဘောက်တက်နှင့်စီး နင်း ရသည်၊ မြင်း မှူး နေရာ နေတို့မှာမြင်း က ညောင်ရချပ်က တောင်ဆွဲရက် ဘောက်သမ္ပရာခွန်နင်း နှင်း သိပ်အိမ် မြောင်ဆက်ပါး ကာ ငွေဇဝါက တောင်ပြင်ဟင်း သပဒါး သုတ်အတွင်း အနီသုတ်မြင်း ကြိုး သက္ကလပ်မွှမ်း စီး နီသက္ကဒါန်သက္ကလပ်မွှမ်း အောင်း တင်ရန်း နောက် အောက်တက်နှင့်စီး သည်၊ တော်နေရာတို့မှာမြင်း မှူး တို့နည်း ကကိုစီး သည်၊ နေရာ လေး သွယ် နေတို့မှာနည်း တူတွင် ညောင်ရွက်၅

ချပ်စီး သည်၊ နှီး ခေါက်နေ နှီး ခေါက်မနေ၊ အမည်ရ၊ မြင်း ခေါင်း ၊ အမှူး
အကြီး ၊ စာရေး ၊ စာချီတို့မှာမြင်း က ညောင်ရွက် ၅ ချပ်ကကိုင်း က တောင်ဆွဲ
ရက် ဘောက်သမ္ဗရာခွန်နင်း နှင်း သိပ်အိမ် မြောင်ဆက်ပါး ကာ ငွေဇ ဝါက တောင်
ပြင်အနီသုတ်အတွင်း အနက်သုတ်မြင်း ကြိုး သက္ကလပ်အစိန်း အနီတန့်စီး နှီး ဘက်ဝန်း
သက္ကလပ်မွှမ်း အောင်း တင်ရန်း နောက်တက်မထည့်ရ၊ မြင်း တော်သည်တို့မှာ
မြင်း ကအနက်သုတ် ညောင်ရွက် ၃ ချပ်ကကိုင်း က တောင်ဆွဲရက် ဘောက်သမ္ဗရာခွန်
နင်း နှင်း သိပ်အိမ် မြောင်ဆက်ပါး ကာ ငွေဇ ဝါက တောင်အနက်သုတ်မြင်း ကြိုး
ဍမ်း ရှက်ကြိုး စီး နှီး ပန်း နီဝါထည့်မွှမ်း တင်ရန်း အစုံရက်ကိုစီး သည်၊ မြင်း
ကြိုး ကား ငွေဇ ဝါပေး ၍စီး နင်း ရသည်ကား အိမ်ရှေ့မင်း မှာမြင်း က
ညောင်ရွက် ၉ ချပ်ကကို ရွှေပစ္စန်ခွန်မွှမ်း ၍အပြောက်ထုသည်၊ တမြုံဟင်း သပဒါး
သုတ်သည်၊ က တောင်ဆွဲရက် ဘောက်သမ္ဗရာခွန်အုပ်ဆက်ပါး ကာကို ရွှေပစ္စန်ခွံကွပ်
သည်၊ နင်း နှင်း သိပ်အိမ် မြောင်ရင်ပတ်ကွင်း ဆက်ကို ရွှေဇ ဝါထည့်သည်၊ က တောင်
မည်း သရီမွှမ်း ၍အနား ကို ရွှေရက်ပြား ကွတ်သည်၊ မြင်း ကြိုး မည်း သရီမွှမ်း
၍ ရွှေချည်တတ်သည်၊ တင်ရန်း ညောင်ရွက် ၃ ဆင့်နှင့်မည်း သရီမွှမ်း သည်၊ အောင်း
ပပွါး ကိုပိုး စုံထည့်၍ ပေး သည်ကိုစီး နင်း ရသည်၊ ညီ တော်သား တော်တို့တွင် ဝေါ
ရသည်သူတို့မှာသည်နည်း တူတွင် ရွှေပစ္စန်ခွံမမွှမ်း ရွှေဇ ဝါသာဖြစ်သည် ပေး ၍စီး
နင်း ရသည်၊ မိဖုရား တို့တွင်မြင်း သည့်မင်း သား ကိုယ်လုပ် တော်တို့တွင်မြင်သည့်
မင်း သား တို့ကိုမြင်း က ညောင်ရွက် ၉ ချပ်ကကိုင်း က တောင်ဆွဲရက် ဘောက်သမ္ဗရာ
ခွံနင်း နှင်း သိပ်အိမ် မြောင်ရင်ပတ်ကွင်း ဆက်ပါး ကာ ရွှေဇ ဝါက တောင်အနား
ဍံ ရွှေပိန်း အလယ်ကိုတိုး ရုပ်ပန်း ခက်ကိုက်ချုံး သေး သွတ်တမြုံလွှတ်စီး နှီး သက္ကဒါန်
မြင်း ကြိုး သက္ကလပ် အောင်းတင်ရန်း နောက် တောင်တက်နှင့် ပေး ၍စီး သည်၊ သည်
နောက်သက္ကလပ်တင်ရန်း ညောင်ရွက် ၃ ဆင့် ပေး ၍စီး သည်၊ သည် နောက်မြင်း
ကြိုး သက္ကလပ်တွင် ရွှေကြယ်တပ်၍စီး သည်၊ သည် နောက်မြင်း ကြိုး တင်ရန်း ကတ္တီပါ
မွှမ်း ပေး ၍စီး သည်၊ မူး တော်မတ် တော်တို့မှာ ဒူး နေရာသို့ ရောက်၍ကွမ်း
ခွက် ပေး ပြီး မှမြင်း ကကိုင်း ညောင်ရွက်က တောင်ဆွဲရက် ဘောက်သမ္ဗရာခွံနင်း
နှင်း သိပ်အိမ် မြောင်ရင်ပတ်ကွင်း ဆက်ပါး ကာ ရွှေဇ ဝါက တောင်အနား ဍံ ရွှေ

(3 November 1755)

ပိန်း အလယ်စာမရီရုပ်ပန်း ခက်ကိုက်ချူး သေး သွတ်တမြုလွတ်စီး နှီး သက္ကဒါန် သက္ကလပ်မွှမ်း မြင်း ကြိုး သက္ကလပ်မွှမ်း အောင်း တင်ရန်း နောက်တက် ပေး၍ စီး သည်၊ သည်နောက် တော် နေရာသို့ ရောက်လျှင်သက္ကလပ်တင်ရန်း ပိုး ပန်း ပွါး ပေး၍စီး သည်၊ ရတနာပူရအင်း ဝမြို့တွင်အစဉ်သုံး ဆောင်ရိုး ကား မိဖုရား တွင်မြင်သည့်မင်း သား တို့မှာငယ်ရွယ်၍အတွင်း တော်မှာ နေစဉ်မြင်း က ရွှေပ စွန်ခွံမွှမ်း ကျောက်စီပယင်း စီဖြစ်စေမြင်း ကြိုး ရွှေကြယ်တပ်ပယင်း တတ်ဖြစ် စေကွမ်း ခွက်မွှမ်း တတ်ပယင်း တတ် ကျောက်စီဖြစ်စေ ရွှေရက် ငွေရက်ပုဆိုး ဖြစ် စေ ပေး လျှင်အတွင်း တော်မှာ နေစဉ် ဆောင်ရွက်ဝတ်ဆင်ရသည်၊ အရွယ်သို့ ရော် ၍ပြင်အိမ်တွင် နေ၍မင်း သား နေရာသို့ ရောက်လျှင်အတွင်း မှာ နေစဉ် ပေး သည့်အ ဆောင်အရွက်များ ကိုမ ဆောင်မဆင်ရ၊ မိဖုရား တွင်မြင်သည့်မင်း သား ကိုယ်လုပ် တော်တွင်မြင်သည့်မင်း သား တို့ နေရာသို့ ရောက်လျှင်အစဉ် ဆောင်ရွက် သုံး ဆောင်မြဲကား မင်း သား နေရာသို့ ရောက်၍သွား ခွင့်ရှိ၍သွား လာ သည်ဖြစ် စေ ဝါဝင် ဝါကျွတ်သဘင် တော်တက်ဖြစ် စေမြင်း စီး လျှင်မြင်း က ညောင် ရွက်ဇချပ်ကကိုင်း က တောင်ဆွဲရက် ဘောက်သမ္ဗရာခွံနင်း နှင်း သိပ်အိမ် မြောင် ရင်ပတ်ကွင်း ဆက်ပါး ကာ ငွေဇာ ဝါက တောင်ကတွင်း အနီပြင်ဟင်း သပဒါး သုတ် မြင်း ကြိုး သက္ကလပ်မွှမ်း သင် ချော စီး နှီး သက္ကဒါန်သက္ကလပ်မွှမ်း အောင်း တင် ရန်း နောက်တက် အောင်း လုံး ကိုဆွဲ၍ စီး သည်၊ ကွမ်း ထုတ် ရေတ ကောင်း ဖက် က တော့အုပ်ကို ဆောင်သည်၊ ဆေး တန် ဖျား ရွှေခြုံဆွဲ ချင်စွပ်ကို ဆောင်သည်၊ နေ ရာသင်ဖြူး အနား မွှမ်း ဆောင်သည်၊ အမည်ရလျှင်ခမောက်တင်ကိုဟင်း သပဒါး သုတ်ခမောက်တင် နေရာအုပ် ဆောင် သည်၊ ဆေး တန် အရင်း ခွေး မိုး ကြိုး ရွှေပရိတ်ချည်စွပ်ကို ဆောင်သည်၊ ကျိုင်း ဆောင်အား ရှိလျှင်ကျိုင်း ရိုး နွဲ့အရိုး အ ယပ်ဟင်း သပဒါး သုတ်ကို ဆောင်၍ ရွှေလုလင်စည်ယပ်နှင့်စည်၍ကျိုင်း နောက်တွင် မြင်း ဦး စီး သည်၊ သည်နောက်ကွမ်း ထပ် ရေတ ကောင်း နေ ရောင်အုပ်ခမောက် တင် ဆေး တန် ဆေး ကျုပ် ဆောင်၍သွား သည်၊ ဝါဝင် ဝါကျွတ်သဘင် တော်ထက်တွင်ထမ်း စင်စီး အား ရှိလျှင်ထမ်း စင်ဟင်း သပဒါး သုတ်ကိုကျိုင်း ရိုး နွဲ့အရိုး အယပ်ဟင်း သပဒါး သုတ်ကို နောက်ကအုပ်၍ ကော် ဇော ၄ ထောင့်မှီအုံး ကိုထမ်း စင်တွင်ခင်း

၍ စီး သည်၊ အိမ် ဆောက်လျှင်နဖူးလှည့်အမွှမ်း ချင်ပိတ်သင် ချောတုရင်ပျား တတ်
သည်၊ အိမ်ခြံကိုမြင်း ကြမ်း ကာ၍ မာရဘင်ကန့်သည်၊ ခြံတံခါး ရွက်၂ဘက်နှင့်ရက်
ဘောက်၃တန့်လျှိုသည်၊ ရွှေကျပ်မြင်မိုဂ်လဘက်အိုး ရလျှင်လဘက်အိုး ရေတကောင်း
ကတော့အုတ်ကိုမြင်း နောက်က ဆောင်သည်၊ ကွမ်း ခွက်ရှစ် ထောင့်ရလျှင်လည်း
ကွမ်း ခွက်လဘက်အိုး ရေတကောင်း အနောက်က ဆောင်သည်၊ ဓါး အိပ်သွတ်ရလျှင်
မြင်း စီး သည်ဖြစ်စေ ခြေလျင်သွား သည်ဖြစ်စေအိပ်စွပ်ကို ရှေ့က ဆောင်သည်၊
ရွှေချည်ပါခြေနင်း စီး သည်၊ လှေစီး လျှင် လှေ လှော်ကား ဟင်း သပဒါး သုတ်စ
ကြောအနီသုတ်ကိုစီး သည်၊ လှော်ကား လှေမှတ်ရလျှင်လက်သင်သန်ပန်စီးအား ရှိ
ရာစီး သည်၊ ဝတ်လုံကတ္တီပါဝတ်သည်၊ ကျောင်း ဘုရား သွား လျှင်ပန်း နှစ်ပုဆိုး
သုဂန်ပုဆိုး နှင့်ဝတ်လုံ ရွှေရက်ပြား သခေါင်လည်ကိုဝတ်ဆင်သည်၊ ဝါဝင်ဝါကျွတ်သ
ဘင်တော်တက်ကိုမှူကား မဝတ်မဆင်ရ၊ပေး မှ ဝတ်ဆင်ရသည်၊သဒ္ဒါစေတနာရှိ၍
ကျောင်း ဆောက်၍လှူလျှင်လယ် ပေါ်၂ထပ်ဖြစ်စေ ဇေတဝန်၃ထပ်ဖြစ်စေ ဆောက်
၍ မုတ်ထုတ်သည်၊ အမွှမ်း ချင်ပိတ်တုရင်ကို ရွှေပြည့်ထည့်သည်၊အတွင်း အဂိုပ် နေခုံဘိနပ်
အောက်ပန်း လှဆင်ကပ်ပတ်လည်ခုံ အောက်ပန်း လှထည့်၍အုတ် လှေကား သုံး ဆူထည့်
သည်၊ အတွင်း အဂိုပ်နေနှင့်မာရဘင်ကို ရွှေချယ်၍ထည့်သည်၊ တိုင်ကို ရွှေ ရေး တ
ဘက်စဉ်၍ ရွှေပြည့်ထည့်သည်၊ အဂိုပ် နေပြင်ပတ်လည်တွင်ကမ္ဘတ်ကြီး ကမ္ဘတ်ငယ်ပိတင်
အိမ်တံခါး ကြည်း ခွေး များ ကို ရွှေချယ်၍ထည့်သည်၊ ဥကင်သမထည့်ရ၊ မှန်ကင်း မ
စိုက်ရ၊ အမိန့် တော်ရှိမှစိုက်ရထည့်ရသည်၊ မင်း သား တို့ဘာသာအိမ်ယာ ထောင်
လျှင်လက်ဆုံစား မယား မဖြစ်ရ၊ မယား စာရင်း မပေး ရ၊ အမွေမခံရ၊ စုံ
ဘက်တော်မူမှမယား စာရင်း ပေး ရသည်၊ အမွေခံရသည်၊ မြင်း မျိုး နေရာ
နေသို့ ရောက်သသူအမည်ရ၍ မင်း သား နေရာသို့ ရောက်သသူတို့အစဉ် ဆောင်ရွက်
မြဲကား မင်း သား တို့အသိမ်း တွင်မြင်သသူတို့ကိုဆင် ပေး ကမ်း ၍ စီး တော်ဝင်း
တော်ရွေး ဆင် တော် ရေ ပေး ရာမှာစီး နင်း ၍ညနံ့နက် ရေ ပေး ရသည်၊
ဆင်စီး မြင်း စီး ကျွမ်း ကျင်လျှင်မြင်း မျိုး နေရာမှာချ၍ခစား ရသည်၊ နောက်
ခက်လုံမြင်း ၊ လက်ရွေး ငယ်မြင်း ၊ မြင်း သည်မြင်း ၊ စောပအိုမြင်း ၊ ပင်စည်
မြင်း ၊ ဘောင်ကား မြင်း ၊ ကတူး မြင်း ၊ တနင်သာရီမြင်း ၊ တနင်း ပြည်မြင်း ၊

(3 November 1755)

ရဟိုင်းမြင်း ၊ မြေနဲမြင်း ၊ သရက်အင်းမြင်း ၊ ပယ်ကူကြီးမြင်း ၊ ပြင်စည်မြင်း ၊ လံဘူမြင်း ၊ သင်းကောင်းမြင်း ၊ တပယင်းကွဲမြင်း ၊ သည်မြင်းစုများကိုတစု တဃောက်စီမြင်းမှုး ခန့်၍မြင်း မြေတွင်မြင်းမှုး တို့ကိုစား မြေလုပ်ခွန်တို့ကို မြင်းမှုးတို့ကသိမ်းခံရသည်၊ မြင်းမှုးခန့်လျှင်မြင်းကညောင်ရွက်ရချပ်ကကိုင်း ကတောင်ဆွဲရက် ဘောက်သမ္ဗရာခွံနင်း နှင်း သိပ်အိမ် မြောင်ဆက်ပါး ကာရင် ဘတ်ကွင်း ငွေဇာဝါက တောင်အတွင်း အနီသုတ်ပြင်ဟင်း သပဒါး သုတ်မြင်းကြိုး သက္ကလပ်မွှမ်း သင်ချောစီး နှီး သက္ကဒါန်သက္ကလပ်မွှမ်း အောင်းတင်ရန်း နောက်တက်နှင့်စီးသည်၊ ဝါဝင်ဝါကွတ်သဘင် တော်တက်ဖြစ်စေကျောင်း ဘုရားသွားလိသည်ဖြစ်စေကွမ်းထုတ်ရေတကောင်း ကတော့အုပ် နောက်က ဆောင်သည်၊ လှေစီးလျှင်လည်း လှေအနီသုတ်ကိုမျှော့ဝန်းဟင်းသပဒါးသုတ်စကြောနက်တင်၍ စီးသည်၊ သွားလာလျှင် နေရာသင်ဖြူးအနားမွှမ်း ဆောင်သည်၊ အမည်ရလျှင်ခမောက် ဟင်းသပဒါးသုတ်ခမောက် နေရောင်အုပ် နောက်က ဆောင်းသည်၊ အိမ်ဆင် ဝင်တိုက်ဗုံစွန်ဘက်ကန့်အိမ်ခြံကိုပါး ခြမ်း အဖျား ချွန်ရက် ဘောက်လှိုကြက် ခြေကန့်ကာသည်၊ ဆေးတန်ဖျား ငွေချိုဆွဲခြင်စွတ် ဆောင်သည်၊ မြင်းမှုး နေရာနေမြင်းမှုးတို့တွင်အမည်ရလျှင်မြင်းမှုး နေရာကနှုတ်၍မြင်းမှုးတို့လက်တွင်း တွင်မင်းသား နေရာချ၍ ခစားရသည်၊ မင်းသားတို့အစဉ် ဆောင်ရွက်မြဲကား မြင်းကညောင်ရွက်ရချပ်ကကိုင်း ကတောင်ဆွဲရက် ဘောက်သမ္ဗရာခွံနင်း နှင်း သိပ်အိမ် မြောင်ရင်ဘတ်ကွင်း ဆက်ပါး ကာ ငွေဇာဝါက တောင်ဟင်းသပဒါးသုတ်အတွင်း အနီသုတ်မြင်းကြိုး သက္ကလပ်သင်ချောစီး နှီး သက္ကဒါန်သက္ကလပ်မွှမ်း အောင်းတင်ရန်း နောက်တက်နှင့်စီးနင်းရသည်၊ မြင်းစီး၍သွားလျှင် ရွှေလုလင်တစည် ယပ်နှင့်ကျိုင်းဂိုး နှံ့အဂိုး အတန်အယပ်ဟင်းသပဒါးသုတ်ကို ဆောင်သည်၊ သည်နောက်စမြင်းသည် နောက်ကွမ်းထုတ်ရေတကောင်း ခမောက်တင်ဟင်းသပဒါးသုတ်ခမောက် နေရောင်အုပ် ဆေးတန် ဖျားရွှေ ချင်စွတ်ကို ဆောင်သည်၊ ရွှေချိုပါခြေနင်းကိုစီးသည်၊ ဝါဝင်ဝါကွတ်သဘင် တော်တက်ကိုထမ်းစင်စီး အားရှိလျှင်ဟင်းသပဒါးသုတ်ကို ကော်စော မှီအုံး တင်၍ကျိုင်းကြီးဂိုး နှံ့အဂိုး အတန်အယပ်ကိုဟင်းသပဒါးသုတ် နောက်ကအုပ်စွတ်သည်၊ ကွမ်းခွက်ဂထောင့်လဘက်အိုး

ရလျှင်ကွမ်း ခွက်လဘက်အိုး ကို နောက်က ဆောင်သည်၊ လှေစီး လျှင် လှေ လောင်း ကို
ဟင်းသပဒါး သုတ်၍ စကြောအနီသုတ်အမွှမ်း ချင်ပိတ်ဟင်းသပဒါး သုတ်ကိုတင်၍ စီး
ရသည်၊ လှော်ကား လှေမှတ်ရလျှင်လက်သင်သမ္ဗာန်စီး အား ရှိရာစီး သည်၊ ဓါး
သတ္တလပ်အိတ်သွတ်ရလျှင်ဓါး ကို ရွှေ ဆောင်သည်၊ အိမ်လံပုလည်နှင့်မြင်း ကြမ်း ရက်
ကပ်ကာသည်၊ မှူး တော်မတ် တော်တို့အစဉ်သုံး ဆောင်ရိုး ကား အမည်ရလျှင်ခ
မောက်တင်ကို ချိတ်နီတိုက်၍အစိမ်း အဝါတန့်သည်ကို ဆောင်သည်၊ အိမ်ခြံကိုကပ်စိတ်
ကာသည်၊ ကွမ်း ထုပ် ရေတကောင်း ပဝါနီဖုံး ၍ နောက်က ဆောင်သည်၊ ဆေး
တန် ရွှေဗူး တကျပ်ခန့် ဆောင်သည်၊ လှေစီး လျှင်သဘွေး အနက်သုတ် လှေကိုစီး
အား ရှိလျှင်စီး သည်၊ မြင်း က ညောင်ရွက်၅ချပ်ကကိုင်း က တောင်ဆွဲရက် ဘောက်
သမ္ဗာရာခွံနင်း နှင်း သိပ်အိမ် မြောင်ဆက်ပါး ကာရင်ပတ်ကွင်း ငွေဇာဝါက တောင်
ပြင်အနီသုတ်အတွင်း အနက်သုတ်မြင်း ကြိုး သတ္တလပ်အနား ချည်ဖြူ ပျောက်ထိုး အစိမ်း
အဝါတန့်စီး နှီး ဘက်ဝန်း သတ္တလပ်မွှမ်း အောင်းတင်ရန်း စီး နင်း သည်၊ ကျိုင်း
ဆောင်အား ရှိလျှင် ရွှေလုလင် ၂ စင်၊ သည် နောက်ကျိုင်း ရိုး နှံ့အဖြူကို ဆောင်သည်၊
သည် နောက်ကွမ်း ထုတ် ရေတကောင်း ပဝါဖုံး သည်၊ နောက်ခမောက် ဆောင်း
၍မြင်း စီး သည်၊ သည် နောက်ခမောက်တင် ဆေး ကြုပ် ဆောင်သည်၊ သဒ္ဒါစေတ
နာစိတ်ရှိ၍ ကျောင်း ဆောက်လျှင်တဝယ်၂ထပ်ဖြစ်စေ၊ ဇေတဝန်၃ထပ်ဖြစ်စေ
ဆင်ကပ်၃မျက်နှာ လှေခါး ၃ဆူနှင့် ဆောက်လုပ်စေ၍ ကျောင်း ဦး ကရိုပ်နေကို
ရွှေ ပျောက် ပျောက်ထည့်၍ စိန်ဖူး ရွှေပိန်း ထည့်ကိုတပ်၍ ကောင်း မှုပြုသည်၊ ပြင်
ဘဝေါ်အတွင်း ဘဝေါ်စနည်း သည် နေရာ၃သွယ်သို့ ရောက်လျှင်မြင်း ကြိုး မြင်း က
နည်း တုတွင်စီး နှီး သတ္တဒါန်ဦး သတ္တလပ်မွှမ်း မြင်း ကြိုး သတ္တလပ်မွှမ်း အနား ချည်
ပေါက် ပေါက်ထိုး အောင်းရက်ပွား နောက်တက်ထည့်၍ စီး သည်၊ ဥါဝင်ဝါကွတ်သဘင်
တော်ထက်တွင်ထမ်း စင်စီး အား ရှိလျှင်ထမ်း စင်ကိုအနီသုတ်၍ကျိုင်း ရိုး နှံ့အဖြူကို
နောက်ကအုပ်၍ စီး သည်၊ ဝတ်လုံဇာပယင်း ဝတ်သည်၊ သတ္တလပ်မွှမ်း ခြေနင်း စီး
သည်၊ အိမ်ဆင်ဝင်တိုက်နှ ရောင်ပုစ္ဆု၂ဘက်ကန့်အကာပျည် ထောင်ကမွတ်ကြီး ကမွတ်
ငယ်သတ်သည်၊ အိမ်ခြံကိုဝါး စိပ်အဖျား ချွန်ရက် ဘောက်ရှိ၍ကြက် ခြေကန့်၍ ရက်သည်၊
ကပ်ကိုကာသည်၊ ဆေး တန်ဖွား ရွှေချူချင် ဇွပ်ကို ဆောင်သည်၊ လှေစီး လျှင် လှေ

လှော်ကား အနက်သုတ် မျှော့ဝန်း အနီသုတ်စ ကြောအနက်၊ အမွှမ်း ချင်ပိတ်အနီ
သုတ်ကိုတင်၍ စီးသည်၊ ရွှေကြုတ်လဘက်အိုး ရလျှင်သွား ခွင့်ရှိ၍မြင်း နှင့်သွား လျှင်
မြင်း ရွှေကလုလင် ၂ စည်စည်၍ကျိုင်း ဂိုး နှံ့ကို ဆောင်သည်၊ သည်နောက် ရွှေကျုပ်
လဘက်အိုး ရေတကောင်း ပဝါဖုံး ၍သွား သည်၊ သည်နောက်စမြင်း၊ သည်နောက်
ခမောက် ဆေး တန်အ ရွှေအရံတို့သွား သည်၊ ခြေလျင်သွား လျှင်ခမောက် ဆောင်း
၍သွား သည်၊ သည်နောက်က ရွှေကျုပ်လဘက်အိုး ရေတကောင်း ခမောက်တင်အ
ရွှေအရံတို့လိုက်သည်၊ ကျုပ်လဘက်အိုး ကျိုင်း မဆောင်မြင်း စီး ၍သွား သည်ဖြစ်စေ
ခြေကျင်သွား သည်ဖြစ်စေကွမ်း အုပ်လဘက်အိုး ကိုပဝါဖြူအမြိတ် ၂ ဘက်နှင့်ထုပ်၍ ရေ
တကောင်း ပဝါနီအုပ် နောက်က ဆောင်သည်၊ ခေါင်း ထုပ် ပေါင်း ၍သွား လျှင်ပု
ဆိုး စက်အနား ပါကိုဝတ်သည်၊ နေရာ ၃ သွယ် နေတို့သဒ္ဓါစေတနာရှိ၍ ကျောင်း ဆော်
လျှင် ကျောင်း ကိုဆင်ကပ်လှည့်၍ လှေခါး ၂ ဆူထည့်သည်၊ စိန့်ဖူး ကို ရွှေဘိန်း ထည့်၍
စိုက်သည်၊ ကျောင်း ဦး အရိပ် နေကို ရွှေ ၁ စုအနီ ၁ စုထည့်၍ ကောင်း မှုပြုသည်၊
ဒူး နေရာသို့ ရောက်လျှင်မိုင်း လုံကိုဝတ်သည်၊ အိမ် ရှေ့နည်း တူတွင်နဘူး လည်
ဆောက်၍ နေသည်၊ ဆင်ကပ်လျှင်အိမ် ရှေ့ကဆင်ကုတ် ဆောက်သည်၊ ကွမ်း ခွက်ရလျှင်
ကွမ်း ခွက်ကိုပဝါနီဖုံး ၍ ဆောင်သည်၊ တကောင်း ပိတ်ရလျှင် ဆောင်သည်၊ သွား
ခွင့်ရှိ၍သွား လျှင်ကွမ်း ခွက်လဘက်အိုး တကောင်း ဖုံး မဆောင်မယူရ၊ မြင်း စီး
သည်ဖြစ်စေ ခြေကျင်သွား သည်ဖြစ်စေကွမ်း လဘက်ကိုပဝါဖြူအမြိတ် ၂ ဘက်နှင့်ထုပ်၍
ရေတကောင်း ကိုပဝါမဖုံး ဖက်က ဘော့ကြီး အုပ်၍ ဆောင်သည်၊ လှော်ကား လှေ
မှတ်ရလျှင်လက်သင်သံ**ပန်း** စီး အား ရှိရာစီး သည်၊ လှေလောင်း ကိုဟင်း သပဒါး
သုတ်စကြောအနီသုတ်အမွှမ်း ချင်ပိတ်ဟင်း သပဒါး သုတ်ကိုတင်၍ စီး သည်၊ အဘအမိ
အမသား တို့အရာအထူး မရှိလွန်လျှင် ပျည်အဖုံး ကမွတ် ရွှေထည့်၍ ဝါး ခုံချင်ပုနှင့်
သင်္ဂြိုဟ်သည်၊ သဒ္ဓါစေတနာရှိ၍ ကျောင်း ဆောက်လျှင်ဆင်ကပ်ပတ်လည်ပြင်ခုံဘိနပ်
ထည့်သည်၊ အုတ် လှေခါး ၂ ဆူ ကျောင်း ဦး အရိပ် နေ ရွှေ ၁ စုအနီ ၁ စုတိုင် ရွှေဘိန်း
ထည့်သည်၊ စိန်ဘူး ရွှေဘိန်း ထည့်၍ ကောင်း မှုပြုသည်၊ တော် နေရာသို့ ရောက်
လျှင်မြင်း ကြိုး မြင်း ကနည်း တူတွင် ညောင်ရွက်ရချပ်မြင်း ကြိုး သက္ကလပ်မွှမ်း သင်
ချောကိုစီး သည်၊ ခမောက်တင်ဟင်း သပဒါး သုတ်ကို ဆောင်သည်၊ ဆေး တန်ဖျား

ရွှေချုဆွဲချင်စွပ်ကို ဆောင်သည်၊ ပယင်း မိုး ကြိုး ကွပ် ရွှေပဂိုတ်ချည် ဆောင်သည်၊
ရွှေချိပါခြေနင်း ကိုစီး သည်၊ ကျောင်း ဘုရား သွား လာလျှင်ပန်း နှစ်ပုဆိုး
သုဂန်ပုဆိုး ၊ ဖဲစပ်ပုဆိုး ဝတ်ဆင်သည်၊ ဝါဝင်ဝါကျွတ်သဘင် တော်တက် နောက် တော်
လိုက်လွှတ် တော်ဂိုုး တော်မှာ မှုကား မဝတ်မဆင်ရ၊ စက်အနား ပါပုဆိုး ကိုသာ
ဝတ်သည်၊ မည်သသူကိုသဘင် တော်တက် နောက် တော်လိုက်ကိုမည်သည့်ပုဆိုး ကိုဝတ် စေ
အမိန့် တော်ရှိမှ ဝတ်ရသည်၊ စလွယ်ရလျှင် ဝတ်လုံကတီပါဝတ်ရသည်၊ အဂ္ဂမဟာ သေ
နာပတိဝန်ကြီး ခန့်လျှင်မှီအုံး ရွှေဖဂုံသတ္တလပ်မွှမ်း ကို ဆောင်ရသည်၊ အိမ်လံဘူ
လည်း အမွှမ်း တုရင်ပျား သင် ချောတတ်သည်၊ အိမ်ခြံမြင်း ကြမ်း ကပ်ကာသည်၊
ခြံတံခါး ဠက် ၂ ဘက်ရက် ဘောက် ၃ တံ့လျှိုသည်၊ တော် နေရာ နေတို့ ကျောင်း ဆောက်
လျှင်စမုတ်ထုတ်၍အမွှမ်း ချင်ပိတ်တုရင် ခေါင်သံကြက် မောက် ရွှေ ၂ စုအနီ ၁ စုထည့်
သည်၊ စိန်ဖူး တတ်သည်၊ အတွင်း အရိပ် နေစုံ ဘောက်ပန်း လှပြင်ဆင်ကပ်လည် ခုံ
ပေါင်ပန်း လှထည့်၍အုတ် လှေခါး ၃ ဆူထည့်သည်၊ အတွင်း အရိပ် နေမာရဘင်ကို ရွှေ
၂ စုအနီ ၁ စုတိုင်ကိုတဘက်စဉ်၍ ရွှေဘိန်း ထည့်သည်၊ တော် နေရာတို့အဘအမိအစ်ကို
ညီမယား တို့ သေလွန်လျှင် ပျည်အဖုံး ကမွတ်ကို ရွှေထည့်၍ ခုံချင်ပုနှင့်သဂြိုဟ်သည်၊ တော်
နေရာဒူး နေရာစနည်း နေရာအတွင်း ဘဝေါ်နေရာပြင်ဘဝေါ်နေရာ ၅
သွယ်တွင် နေရာ ၂ သွယ်ကိုမြင်း ဦး ရွှေပန်း ပန်စုမှစ၍အစုစုသား တို့ကိုပြုစု တော်
မူ၍ နေရာ ၅ သွယ်သို့ ရောက်သည့်အမတ်တို့မှာ သားရှိလျှင်သား တို့သည်အစုရင်း တွင်
မထမ်း ရ၊ နေရာ နေမည်သူ့သားမည်သူစာရင်း မှတ်ပြီး လျှင်လူပျိုစုမှာခြား ၍
ထမ်း ရသည်၊ လူပျိုစုတို့သည် သွေး သောက်စုတို့နည်း အမှုကိုထမ်း ရသည်၊ လူပျိုများ
လျှင် သွေး သောက်စုသွဲ့၍အမှုကိုထမ်း ရသည်၊ မှူး တော်မတ် တော်မယား သည်အ
နောက်အတွင်း တော်တွင် နေရာ မတက်ရ သေး သသူတို့ ဆောင်ဠက်စီး နင်း ဂိုုး
ကား အမည်ရမယား တို့သွား လာလျှင်လက်ကိုင်ကျိုင်း ကြီး ကို လူမိန်း မကာ၍လိုက်
ရသည်၊ ကွမ်း လဘက်ပဝါနီထုပ် ရေတ ကောင်း ဖက်က တော့အုပ် ဆေး တံ ရွှေဖျား
နှံငုံခံ့ ဆောင်သည်၊ သတ္တလပ်စွပ် ခြေနင်း စီး သည်၊ အတွင်း ဘဝေါ်ပြင်ဘဝေါ်စ
နည်း နေရာ ၃ သွယ် နေအမတ်တို့မယား မှာသွား လာလျှင်သံလျင်း တွင် ၄ မျက်နှာ
တင်း တိမ်ကာ၍သံလျင်း ဠက်ကိုပုဆိုး စက်အနား ပါလွှမ်း ၍ စီး သည်၊ လက်ကိုင်ကျိုင်း

ဆောင်သည်၊ ကွမ်း ကလပ်ကြီး ဇာထိုး နီပါး ထည်အိတ်သွတ်၍ ပဝါနီအုပ်သည်၊ ရေ
တကောင်း ပဝါနီအုပ်သည်၊ ဆေး တံ ရွှေပျား အိတ်ချုပ်ဆွဲချင်စွပ် ဆောင်သည်၊ သ
တ္တလပ် ခြေနင်း ဆောင်သည်၊ သေလွန်လျှင်ပျည်ကိုအဖြူမွှမ်း၍ ဝါး ခုံချင်ပုနှင့်
သဂြိုဟ်သည်၊ ဒူး နေရာတို့မယား ဖြစ်လျှင်သည်နည်း တူတွင် သေလွန်လျှင်ပျည်အ
ဖြူမွှမ်း၍အဖုံး ကမွတ်ကို ရွှေထည့်၍ ဝါး ခုံပုနှင့်သဂြိုဟ်သည်၊ တော် နေရာတို့မ
ယား ဖြစ်လျှင်သည်နည်း တူတွင် ဆောင်ရွက်သည်၊ သွား လာလျှင်သံလျင်း စီး၍
ရှေ့လုလင် ၂ စည်စဉ်၍သွား သည်၊ နေရာ ၅ သွယ်တွင် နေရာ ပေါင်း ၁၂၀ နေ
သူတို့တွင်မြင်း စု၊ ရွှေပန်း ပန်စုမှစ၍အစုစုသား တို့ကိုပြုစု တော်မူသည်၊ နေ
ရာ ၅ သွယ်သို့ ရောက်လျှင်သား မြေး ရှိလျှင်သား တို့သည်အဘအစုရင်း မှာ မထမ်း
ရ၊ နေရာ နေအမတ်မည်သူသား မည်သူဟူ၍ စာရင်း မှတ်သား ပြီး လျှင်လူပျိုစါ
ရင်း ခြား ၍ထား သည်၊ လူပျိုစုတို့သည် သွေး သောက်စုတို့နည်း အမှု တော်ကိုထမ်း
ရသည်၊ နေရာ နေအမတ်တို့သား လူပျိုစုများ လျှင် သွေး သောက်စုဘွဲ့၍အမှု တော်
ကိုထမ်း ရွက်ရသည်၊ နေရာ ၅ နေအမတ်တို့သည်သဘင် တော်သည်မတို့ကိုလက်ဆုံစား
မယား ဖြစ်စေ၊ အသိမ်း ဖြစ်စေ မွေး မြင်သည့်သား ကိုမူကား လူပျိုစုမှာ စာ
ရင်း မသွင်း ရ၊ သဘင် တော်သည်မသား အမိစုမှာထမ်း ရသည်၊ ရာဇမုဏိစူ 1638
လာဘုရား ဒါယကာမင်း တရား လက်ထက်သက္ကရာဇ် ၁၀၀၀ ပြည့်တွင်အမည်ရ ကျေး
စား ရွာစား သား မြေး လူပျိုစုတို့ကို သွေး သောက်စု ၂ စုဘွဲ့၍ ၁ စုကိုဓမ္မသီရိကို
သွေး သောက်ကြီး ခန့်သည်၊ ၁ စုကိုဥဒိန် ဇေယျကို သွေး သောက်ကြီး ခံ၍ ခန့်သည်၊ 1648
ငါး ထပ်ဒါယကာမင်း တရား လက်ထက်သက္ကရာဇ် ၁၀၁၀ တွင်မှူး သား မတ်သား
လူပျိုစုတို့ကို သွေး သောက်စု ၂ စုဘွဲ့၍ ၁ စုကို ဇေယျဘယ ကျော်ကို သွေး သောက်ကြီး ၊ ၁
စုကိုစုတ္တ တေး ကို သွေး သောက်ကြီး ခန့်၍ ဖွဲ့သည်၊ ရမည်း သင်း မင်း တရား လက် 1686
ထက်သက္ကရာဇ် ၁၀၄၈ ခုတွင် နောက် တော်ပါအထိန်း အယတို့သား မြေး အမည်ရ
ကြေး စား ရွာစား တို့သား မြေး တို့ကို သွေး သောက်စု ၂ စုဘွဲ့၍ ၁ စုကို ဇေယျ
ကျော်ထင်ကို သွေး သောက်ကြီး ၊ ၁ စုကိုဥဒိန္န ကျော်ထင်ကို သွေး သောက်ကြီး ခန့် 1691
၍ဘွဲ့သည်၊ သက္ကရာဇ် ၁၀၅၃ ခုတွင်အမည်ရတို့သား မြေး တို့ကို သွေး သောက်စု ၁
စုဘွဲ့၍ ဇေယျ ကျော်ထင်ကို သွေး သောက်ကြီး ခန့်၍ဘွဲ့သည်၊ လောကမာန် အောင်

ဘုရား ဒါယကာမင်း တရား လက်ထက်အမည်ရ ကြေး စား ရွာစား တို့ကို သွေး
သောက်စု ၂ စုဘွဲ့၍ ၁ စုကို ရာဇဂုန္ဒကို သွေး သောက်ကြီး ၊ ၁ စုကို ရာဇဘယကို သွေး 1729
သောက်ကြီး ၊ သက္ကရာဇ် ၁၀၉၁ ခုတွင် ခန့်ဘွဲ့သည်၊ လောကသရဘူ ဘုရား ဒါယကာ 1734
မင်း တရား လက်ထက်သက္ကရာဇ် ၁၀၉၆ ခုတွင်အမည်ရသား မြေး လူပျိုစုတို့ကို
သွေး သောက်စု ၂ စုဘွဲ့၍ ၁ စုကို နန္ဒမိတ်ကို သွေး သောက်ကြီး ၁ စုကို လက်ဝဲနန္ဒသူကို
သွေး သောက်ကြီး ခန့်၍ဘွဲ့သည်၊ သွေး သောက်စုဘွဲ့ရာမှာ သွေး သောက်စုဘွဲ့သသူ
တို့ကို သစ္စာ တော် ပေး ပြီး မှလျှင် သွေး သောက်ကြီး ခန့်မည့်သူတို့နှင့်လွှတ် တော်သို့
ခေါ်၍ ဝန်ကြီး တို့ ရှေ့တွင်စဉ်၍ နေ စေပြီး မှ ဝန်ကြီး တို့က မည်သူလူ ပေါင်း မည်
မျှကို သွေး သောက်စု ၁ စုဘွဲ့ တော်မူသည်၊ မည်သူကို သွေး သောက်ကြီး ခန့် တော်မူ
သည်၊ ဝန်ကြီး တို့ကပြန်ဆိုသည်၊ သွေး သောက်ကြီး ခန့်သသူကိုသစ္စာ တော်မ ပေး အ
မိန့် တော်စာချွန်မအပ်။

(3 November 1755)

(သက္ကရာဇ် ၁၁၇ ခုသတင်း ကျွတ်လပြည့် ကျော် ၁၄ ရက် နေ့)

( မေမြို့ ဘုန်းကြွယ် ပေမူ )

4 November I755

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သာသနာဒါယကာ တော်လက်နက်စကြာ သခင်ဆင်ဖြူဆင်နီများ ရှင်အသျှင်ဘဝရှင်အလောင်း မင်းတရားကြီး ဘုရား န(ှ)ပါဟုကို ရွှေနန်း တော်အတွင်း စမုတ်တော်၊ ဒဝယ်ဆောင်တော်၊ လျှောင်း တော်ဦး ဆောင်တော်၊ လေသာဆောင်တော်၊ ဗောင်း တော်ဆောင်တော်၊ ဩဘိုက်တော်၊ မြေနန်း တော်၊ ပြဿဒ်တော်၊ ရွှေလှော်တော်မှစ၍အစစ်အကြော ရာဇဝတ်နှင့်စပ်ဆိုင်သမျှအပေါင်း အထုတ်အဝတ်အစား အဆောင်အငှက်အစီး အနင်း အနေအထိုင် ရွှေနန်း တော်မြို့တွင်း တွင်လုပ်ဆောင်သည်တို့မှာတံဆိပ်လက်ရာအလေး တောင်း တင်း မှစ၍ စင်ကြောရမည်အချုပ်အကြီး အကိုင်ကြီး ခန့် တော်မူသည်၊ ခန့်တော်မူကြောင်း လည်း ကျေး ဇူး သစ္စာတော်ကို စောင့်သိရိုသေစွာအမှုတော်ကိုရိုး ရိုး မတ်မတ်ထမ်း ငှက်စစ် ကြောစီရင်မည် ကျေး ရင်း ကျွန်ရင်း ဖြစ်၍ခန့်တော်မူသည်၊ တံဆိပ်လက်ယာအလေး တောင်း တင်း မှာ ရွှေနန်း တော်မြို့တွင်း ကထွက်လျှင်မြို့ဝန်ရုံး မှတင်၍ ချင့်ထွက်ချိန်လီပြီး မှ ရောင်း ဝယ်စေ။

4 November I755

သက္ကရာဇ်၁၁၁၇ ခုတန်ဆောင်း မုန်း လဆန်း ၁ ရက် ၃ နေ့။

( လောင်း ၈ု မှတ် ၆၊ ဓါ ၂၃၀ )

(4 November I755)

ဘုရား ကျွန်တော်သက်ရှည်နော်ရထာ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ ဘုရား ဗျာဒိတ်တော်မြတ်ကိုဦး ထိပ်ရွက်ရသည့်အတိုင်း ဘယသေနမှာအမှုသည်တို့နှင့်ဘုရား ကျွန်တော်စာရေး တို့ကို စေ၍စာကိုပေး မြဲပေး ပါသည်ကိုဘယသေနသည်ဘုရား ကျွန်တော်စာရေး ကိုလည်း ပြင်း ပြစွာဆိုသည်၊ ဘုရား ကျွန်တော်ကိုလည်း မျိုး ကြီး မတ်ကြီး မဟုတ်ဆိုသည်ဘယသေနကဲ့သို့ဖြစ်ခဲ့လျှင်ဘုရား ကျွန်တော်က စာရေး လုပ်စေပါဝံ့မည်မဟုတ်ပါပြီဘုရား ဗျာဒိတ်တော်ဖြစ်၍ဘုရား ကျွန်တော် အမှုသည်နှင့်တကွ စေပါရသည်ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ရွက်ပါရမှ ယခုလည်း သင့် နောင်လည်း မြင့်၍ ဗျာဒိတ်တော်တည်ပါရမည့်အကြောင်း ကိုရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ။

ဘုရား ကျွန်တော်ဘယသေန ရွှေစက်တော်စုံကိုဦး ထိပ်ရွက်ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ သက်ရှည်နော်ရထာစာချွန်တော်တွင်အမိန့်တော် အရေး အသား အသတ်အလတ်အဖုအဆစ်ကိုအကြည့်အရှုခန့်တော်မူ၍ကြည့်ရှုလျှင်ဘုရား ကျွန်တော်ကိုယ်အမှုကဲ့သို့စာရေး တွင် ရေး လိုက်သည်စာသွင်တံဆိပ်ခတ်ရမည်တံဆိပ်ပါတံဆိပ်ပါဘိ၊ သက်ရှည်နော်ရထာကအဝ၍တံဆိပ်ခတ်ရသကဲ့သို့ပိုင်ပိုင်စာပါ၍စာရေး ကိုလည်း လူမိုက်လူငိုင်း ဘုရား ကျွန်တော်ဆိုသည်၊ သက်ရှည်နော်ရထာကိုလည်း ဝါရေး တွင်နှင့်မင်း ကို ပြောလေ၊ အရူး စာအပေါ့စာကို ရေး ၍တံဆိပ်ခတ် မခံလှာနှင့်မင်း မာဘံဆိပ်မဟုတ်မျိုး ကြီး မတ်ကြီး မဟုတ်သကဲ့သို့စာကိုအတည်မရ ပေး ခဲ့သည်သာဆိုပါသည်၊ သက်ရှည်နော်ရထာကိုမျိုး ကြီး မတ်ကြီး မဟုတ်မဆိုပါ ဆိုသည်သွင်သက်ရှည်နော်ရထာထ၍ ရွှေတော်တွင်လက်သီး ဥကြောင်း ကိုသက်ရာ တွင်ဗျာဒိတ်တော်နှင့်ထက်ရှူး ( နှင့်ထက် ) ရိုင်း မိုက်စော်ကား သူမရှိ နှင့် အပြစ်ကိုဘယသေနသို့ကတော့ပေ ။ ဘယသေနလည်း နန်း တော်ထက်တွင်ပင်သက်ရှည်နော်ရထာကံတော့ကိုခံရမည်အမိန့်တော်ရှိ၍လက်ယာဒူး ရှစ်နေရာနေ ဘယသေနကိုတော်နေရာနေ သက်ရှည်နော်ရထာကံတော့ရသည်၊ ဘယသေန စိတ်ဖြေတော့ဗျာဒိတ်တော်ရှိ၍အတွင်း တော်သို့ဝင်တော်မူသည် ။

(သက္ကရာဇ် ၁၁၁၇ ခုတန်ဆောင်မုန်း လဆန်း ၁ ရက်နေ့)

( လောင်း စု၊ မှတ်ရ၊ စါ၂၃၃ )

အမိန့်တော်ရှိသည်ဗန်မော်စော်ဘွား မိုး မိတ်စော်ဘွါး သား ခန်လောင် ခန်း လိုင်အမျိုး အမတ်စာရေး စာချီစမာတို့နှင့်အမှုတော်ကိုစွန့်၍ထမ်း ရွက်ပါမည်သနား တော်ခံပါလိရောက် ကြောင်း နှင့်သနား တော်မြတ်ကိုခံ၍ ငါရွှေနား တော်ကြား တော်မူရသည်သနား တော်ကိုအတ္တဟိတပရဟိတ အရှင်အစိုး အပွါး ကိုထောက်၍သနား တော်ခံသင့်သည်ပင်ဖြစ်သည်၊ ငါနှလုံး တော်ထား သည်မှာမူကား မိုး မိတ်စော်ဘွား ခံငကြီး ငဲသား ငကိုသောင်း ကျန်း သည်မဟုတ်အမျိုး အမတ်နှင့်တကွပင်အရှင်မမှတ်ကျင့်သည်ဖြစ်၍ မိုး မိတ်တမြို့ငါနိုင်ငံ တော်တွင်း တွင်ပျက်လေသည်ဟူ၍ ငါစီး ပွါး တော်လျော့မည်မဟုတ်မှတ်တော်မူသည်၊ ခန်း လေါင် ခန်း လိုင်ငဲတို့ဘေး ဘိုး ဘတို့ဒိဋ္ဌာနုဂတိခရိုင်မြို့ပြ ကျေး ရွာကိုမပစ်မစွန့်နိုင် ပြေး စရာမြေလည်း ဇမ္ဗူဒိတ်ကျွန်း တွင်မရှိသည်ကိုသတိရ၍ ရှေး မူပစ်၍ နောက်ကောင်း အောင်ကျင့်ပါမည်သနား တော်မြတ်ကိုခံပါမည် ရောက်သည်မှာမြို့ရွာခရိုင်ကိုအား ကြီး ၍စည်း စိမ်မပျက်အသက်မသေနေရာမနိမ့်အမှုတော်ကိုထမ်း ပါမည်ဆိုသည့်အတိုင်း အမျိုး အမတ်ထမုံ ပေါမိုင်း ရိုင်း ပျကြော်လန့်တိမ်း ယိမ်း ရှောင်နေသမျှအသည်အလိတို့ကို ခေါ်သိန်း ရုံးစု၍လက်နက်မျိုး ရိက္ခာအစုံနှင့်ငါရွှေစက်တော်ချီတော်မူရာလိုက်လိစေသို့မှထမ်း ရည်ရွက်ရည်ကိုထောက်၍သူကောင်း ပြုတော်မူရမည်ဖြစ်၍ ငါကိုယ်တော်သည်ဝရဇိန်တုန်း ကဲ့သို့ဖြစ်တော်မူသည်ကိုသတိပညာအမြင်မရှိအသိနည်း သသူတို့ကဖဲ့လျှင်ပဲ့တန်၏ထင်၍ပြုရောင်ကြသည်စို့နှင့်နှက်လည်း စို့သာကြေမည်၊ ကျော်နှင့်နှက်လည်း ကျော်သာကြေမည်ဝရဇိန်တုန်း မှာအလျှံအရောင်ပြောင်တော့မည်သာမပဲ့ရာသည်ကိုမထောက်လူမိုက်လူရိုင်း ဆင်ကန်း တောတိုး အကျိုး အပြစ်ကိုမသိ၍ပျက်စီး ခြင်း သို့ရောက် ကြောင်း ကိုအမိန့်တော်ရှိသည်။

15 January 1756

သက္ကရာဇ်၁၁၁၇ခုပြာသိုလဆန်း ၁၄ရက်နေ့ဗန်မော်စော်ဘွား ကိုပြန်သည်

( လောင်း မိန့်၊ မှတ်၅၊ စါ၁၉ )

အမိန့်တော်ရှိသည်မဟာသေနာပတိမင်း လှမင်း ခေါင်၊ မင်း ကျော်စည်သူ၊
ဇေယနန္ဒ၊ ဗလနန္ဒစည်သူ၊ ဗလကာမဏိ၊ မင်း ကျော်တဆောင်တို့နှင့်ဗိုလ်မှူး
တပ်မှူး အမည်ရသွေး သောက်ကြီး အမိန့်တော် ရေး အကွပ်အကြပ်သူရဲသူခက်ကျွန်
တော်မျိုး အပေါင်း တို့နှင့်ဇမ္ဗူဒိတ်မြေတွင်ငါအသျှင်ဘဝရှင်အလောင်း မင်း တ
ရား ကြီး ဘုရား သည်ဘုရား သခင် ရွှေဗျာဒိတ် တော်အတိတ်အနာဂတ်တို့ကိုမြင်
သောရသေ့ပညာရှိတို့ ဟောထား သည့်အတိုင်း ဖြစ် တော်မူသည်ငါကိုယ် တော်မှာ
ကိုငါ၏ဘုန်း လက်ရုန်း အစွမ်း အရည်ပညာသာမဟုတ်သကြား မင်း သာသနာ တော်
၅၀၀၀ကို စောင့်မပါမည်ဘုရား ရှင်ကိုဝံခံသည့်အတိုင်း သကြား စ သော လောကပါ
လဘုမ္မရုက္ခအာကာသစ သောနတ်အပေါင်း တို့ ကောင်း ချီး ညာ၍ထင်ရှား စွါသိသ
နာ တော်ပြုမင်း ကိုမသည်အထင်အရှား ဖြစ်သည်ကိုတို့တစုအမှုထမ်း ကျွန် တော်မျိုး
အပေါင်း တို့လည်း အရှင် စေအပ် သောသူတို့သည်ပမာလုံး လုံး ခြသေ့ထုံး ကိုအရှုံး အ
စီး မှတ်သည့်နည်း ဖြင့်၊ ပမည်ယူယူ၊ နိုင်ရှည်မူ သော်၊ ဤသူရပ်ခွင်၊ အကြင်အကြင်၊
အဖြစ်တွင်၌၊ မြင်း ဆင်ကျွဲနွား ၊ ကျေး ငှက်အား လည်း ၊ အလား မ တော၊ ကြိုက်တုံ
တော်လည်း ၊ မလျော်မလျှံ၊ ဝံကြီး ခံ၍၊ သည်း ခံချိချိ၊ လုလ္လ ရှိသား ၊ သူသိသူထင်၊
ပွဲညာတင်၍၊ ချစ်ခင်ရှိသေ၊ မွေး ပေ သောကျိုး ၊ အား ကျိုး အနိရ၊ သူမမှု အောင်
မှုထမ်း ဆောင်သည်၊ ကိုယ် ရှောင်လွတ် ဆေး မသုန် ဖြေး တည့်၊ လိုရေး လည် ရေဝံ၊
ပြီး ထုတ် ချောက်လျှင်၊ အောင် စောင့်သည်း တောင်၊ မညောင်း မကျင်၊ သစ်ပင်
အဖျား ၊ ငုတ်ဖွား သဲထိ၊ ပြုမိကနား ၊ ရှောင်ရှား မညှာ၊ လိုရာဖြစ် စေ၊ အ
ရေအရိုး ၊ နုတ်နုတ်ကျိုး ၍၊ ဦး ချိုး ခြောက်ထပ်၊ သွေး သား ကပ်လည်၊ ပျပ်စပ်
ထိုင်ရာ၊ သေကာသမြို့၊ မတွန့်တိုလျှင်ဟူ၍ ရှေး ပညာရှိသူ ဟောင်း တို့ဘုရား သခင်
အလောင်း တော်လူ၊ ဆင်၊ မြင်း ၊ ကျွဲနွား ၊ ကျေး ငှက်အဆက်ဆက်ကသူ မွေး သော
ကျေး ဇူး ရှိလျှင်သူ ကျေး ဇူး ကိုဖွန့်၍ဆပ်ဘူး ကြောင်း ထုံး ဟောင်း ကိုမှတ်ရမည်၊
ဟံသာဝတီအရေး မှာအစိမ်း မဟုတ်မီး အုံး အကျက်ဖြစ်သည်ကိုစား ချင်း ရူး မူး
လောဘတရား အား ကြောင့်မောဟတရား မြွေး ရှက်ဖုံး လွှမ်း ၍မီး ရက်ရာ
တွင်လက်ကို လောင်ပြန် လေသည်ဆိုသကဲ့သို့ရှိမည်ကိုလည်း အောက် မေ့တော်မူသည်၊သည်
တရေဖြင့်လုပ်ကြစရာအရေး ကြီး မရှိပြီ၊ နှစ်လနေ့ရက်အခါအချိန်ကျွမ်း သည်မဟုတ်

18 January 1756

နှစ်လည်း အများ လည်အများ ရှိသေသည် ငါကိုယ်တော် ရောက်တော်မူမှ ငါဗျာဒိတ်တော်မြွက်ကိုဆင် ရွက်၍လုပ်ကြံရမည့်အကြောင်း ကိုအမိန့်တော်ရှိသည်။

18 January 1756

သက္ကရာဇ် ၁၁၁၇ ခုပြာသိုလ်လပြည့်ကျော် ၂ ရက် နေ့ရန်ကုန်မြို့ရှိဗိုလ်များတို့ကိုပြန်သည်.

( လောင်း မိန့်၊ မှတ် ၆၊ စါ ၂၁-၂ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော တိုင်းကြီး အပေါင်း တို့၌ အပြည်ပြည်
ထောင်သော ထီး ဆောင်း မင်း စော်ဘွား မြို့စား အပေါင်း တို့ကိုအစိုး ရ
တော်မူသော အရိမန္တ မာလက်နက်စကြာဆင်ဖြူများ သခင်အလျှင်ဘဝရှင်အလောင်း
မင်း တရား ကြီး ဘုရား သား တော်မဟာဥပရာဇာ၊ မဟာသီရိသုဓမ္မရာဇာ၊
သခင်သတိုး မင်း လှကျော်ညီ တော်နောင် တော်၃ ပါး အမိန့် တော်ရှိသည် ရာမည
သား ဒေါဗညား ဆင်း ရဲသား ကျွန် တော်မျိုး သတ္တဝါအပေါင်း တို့ပကိုး မင်း ကျေး
ဇူး သစ္စာလည်း ကျွန် တော်မျိုး တို့တွင်ရှိသည်၊ အဝမင်း ကျေး ဇူး သစ္စာလည်း ရှိသည်၊
အဝမင်း သစ္စာကိုမစောင့် ကျေး ဇူး မသိအား ရှိအား များ ပြုကျင့်လျှင်ပကိုး မင်း
သစ္စာကိုခံကြရလေသည်ဖြစ်၍ ပကိုး မင်း အမှုကိုလည်း ဆင်း ရဲသား တို့ထမ်း ရွက်ကြရ
သည်၊ ပကိုး ကိုမင်း ပြုသူဘုန်း လက်ရုံး အရည်နှင့်ငါတို့အရှင်ဘုန်း လက်ရုံး အရည်
ကိုလည်း ရာမညသား ဒေါဗညား ကျွန် တော်မျိုး တို့သိမြင်ကောင်း ပြီ၊ အတ္တသမံ ပေ
မံ နတ္ထိပါဠိ တော်နှင့်အညီကိုယ်ကိုသာ ချစ်အပ် ကြောင်း ကို ဟော တော်မူသည်၊ ဒေါဗ
ညား ဆင်း ရဲသား တို့ကိုသာ စေ၍အဘက်မဟုတ်ပြုကြသည်အရာကိုကွပ်ညှပ် တော်မူလျှင်
ဘုန်း တော်မြတ်ကြောင့်ပစ်ခပ်သမျှလက်နက်သည်ကျွန် တော်မျိုး သူရဲသူခက်တို့၌ ဘေး
မရှိမထိမပါး ဆေး တအိုး ကျွမ်း ခန့်နှင့်ပင်သံလျင်မြို့ကိုအလို တော်ပြည့်မည်၊ ဇမ္ဗူဒီပါ
ကျွန်း ၌လူ၏အဖြစ်ကိုရခဲသည်အသည်စည်း စိမ်ကို ထောက် တော်မူ၍တလိုင်း ကျွန် တော်
မျိုး တို့ကိုသနား တော်မူ၍တနှစ်ကသည်တနှစ်ငံ့လင့် တော်မူသည်ကိုပညာမရှိလျှင်စ
ကား မတတ်၊ မလိမ္မာလျှင်ခွင့်မသိဆင်ကန်း တောတိုး အကျိုး အပြစ်ကိုမမျှော်အမျက်
တော်ဝင်လျှင်တလိုင်း တို့ရာမညတိုင်း အရပ်ကတကျွန်း တနိုင်ငံသမုဒ္ဒရာပင်လယ်ကို
ကူး ၍ ပြေး သွား နိုင်မည်မဟုတ်သည်ကိုသတိမရ၊ အဝမြို့သက်မင်း ဆက်ကုန်ဆုံး ၍သတ္တ
ဝါတို့ကံနှင့်လျော်စွာပျက်စီး ရသည်ကိုအား ရသင့် တော့သည်၊ ဘုန်း ကြမ္မာကောင်
သည်အကြောင်း ပြက်ပြက်ထင်လျက်ကိုမမှတ်ကောင်း ပြီစစ်ပွဲသဘင်ဟူသမျှသည်လက်ရုံး
ကောင်ကား ပညာရှိကာနှင့်ဖြစ်သည်မဟုတ်သီလဒါနဘုန်း အမှီဖြစ်၍နတ်ရေသကြား
ရေစောင်မရာသာ အောင်ခြင်း ရှုံး ခြင်း ဖြစ်သည်၊ ဖြစ်ခန့်နိုင်ခန့်မဖြစ်ခန့်
မနိုင်ခန့်ကိုလည်း ဆယ်ကြိမ်ဆယ်ခါသာ စစ်ပဲဆိုင်သည်မဟုတ်အကြိမ်များ စွာဆိုင်သမျှမ
တည်မတန့်မရပ်မခံနိုင်ပျက်သည်ကိုလည်း အထင်အရှား ဖြစ်လျက်မီး တောက်ကိုရွေ

I8 January I756

တောင်ငွေ တောင်ထင်မှတ်လျက်စမွှာယ်အုံ့ဝင် သောပိုး ဖလံကဲ့သို့ရှိကြသည်ကိုသတိမရ တိုင်း နိုင်ငံ တော်တွင်ကျွန်တော်မျိုး ချည်း ဖြစ်၍အရှည်ကို ထောက်၍ ငါတို့အမိန့်တော် ရှိသည်၊ ထင်မှတ် ကောင်း ရာမရှိပြီး သည်ကိုပကိုး မင်း မာ ပေါက် ဘော်သား ချင်း လေး ငါး ဆယ်ခန့်သာဖြစ်သည်၊ ဆင်း ရဲသား ကျွန်တော်မျိုး မျှား ကိုး ကွယ်ရာမရှိ လျှင်ကိုး ကွယ်ရာ ရရာအရှင်ရှိရာသာစည်း စိမ်မပျက်အသက်မသေ နေရာမနိမ့် ဆင်း ရဲသား တို့သာနား တော်ကိုခံမှသင့်မည်ဖြစ်၍ ငါတို့အမိန့်တော်ရှိသည်။

I8 January I756

သက္ကရာဇ် ၁၁၁၇ ခုပြာသိုလပြည့်ကျော် ၂ ရက် နေ့သား တော်ညီနောင် ၃ ပါး ကရာမညသား တို့ကို ပေး သည်

( လောင်း မိန့်၊ မှတ်ရ၊ စါ၂၅-၆ )

သကြားမင်း၏ရောက်သည်ကား အိုလူအပေါင်းတို့ သက္ကော ဒေဝရာဇာ ငါသကြားမင်းသည် ရာမညတိုင်း တလိုင်းပြည်၌ သတ္တ[illegible] ရကပ် ရောက်၍ သတ္တဝါအပေါင်းတို့သော ကြေပျက်စီး နစ်မွန်းလတံ့သော အကြောင်းကို မြင်တော်မူ၍ ရာမညတလိုင်းတို့ကို သနားသဖြင့် အမိန့်တော်ရှိသည်၊ သင်တို့ပြည်ရွာတွင် ငါသကြားမင်း သူငဲတို့ကို သွန်သင်၍ တိတ်စကားဖြစ်သည်ကား ခွေးသီးကုန်လျှင် ဂုဏ်သီး နှင့် ချော့အပျိုဝါတွင်းကို မပြင်း နှင့်တော့ဆိုစေသည်၊ တိတ်ကိုမယူကံကြမ္မာ မှောက်၍ဖြစ်ကြသည်၊ အညာကမင်းသည် သာမည မတ္တထီး ဆောင်နန်း နေမဟုတ် ကောသမ္ဘီပြည် ဂန္ဓာရုံကျောင်းတော်၌ အာနန္ဒာကို သက်သေမူ၍ သာသနာတော်ကို ပြုစုချီး မြှောက်လတံ့သော သာသနာဒါယကာဟူသော အမည်ကိုခံလတံ့သော သာသနာလည်း ရောင်ဝါတိုး၍ တံခိုး နေ့နှယ်လင်း လတံ့တလိုင်း ဝန်ထမ်း ရှမ်း ကား စေကျွန်ဖြစ်လတံ့ တရုပ် ဂျိုး ဒယား ကုလား မကျန်ထိုမင်း ကျွန်လျှင် ခံလတံ့ ဗျာဒိတ်တော်ရ ဖြစ်သည်၊ ရာမညသုံး ရပ်သားကိုမဆိုနှင့် ဦး ဇမ္ဗူဒီပါ တကျွန်းလုံး ပင်ရုံ၍ တိုက်သော်လည်း အလောင်း အလျာဖြစ်သည် ရန်ဘက်သူတို့သာ ကျေပျက်ခြင်း သို့ ရောက်မည်ကို မြင်၍ ကာလအရှည်က တိတ်စကားကို ယူပါစေငါ ပြုသည်၊ ဇမ္ဗူဒီပံလက္ခိတံ နိမိတ်ဖြင့်မှတ်အပ်သော ကျွန်း လေးကျွန်းတွင် အထူးဖြစ်သော ၃ ကျွန်း တို့သည် ကျွန်းဦး၌ ရောက်သော သစ်ပင်ကိုစွဲ၍ သညာမခေါ် မဝေါ် တောင်ကျွန်း၌သာ သပြေပင်ကိုစွဲ၍ ဇမ္ဗူနိမိတ်ဖြင့်မှတ်အင်အပ်သော ကျွန်း ဆိုသည်ကို သတိမရသော ကြောင့် အတတ်သိသာ အောင်စာရေး၍ သမုဒ္ဒရာဂင်္ဂါစောင့်သော မဏိမေခလာ နတ်သမီး ကိုစေ၍ ပို့လှာစေသည်၊ ခွေး သီး ကုန်လျှင် ဂုန်သီး နှင့် ချော့ဟူရာ၌ကား ပဲကိုး သည် ၂လ်ာနံ ခွေး ပင်ပင်ဖြစ်သည်၊ အသီး အခက်နှင့် တူသော ကျေး ရွာခရိုင်အချေအလက် ပျက်စီး၍ကုန်သည်ကိုဆိုသည်၊ ဂုန်သီး နှင့် ချော့ဟူသည်ကား ၂နံကိုပကိုး မင်း တွင်အသွေး အရည်ဖြစ်သော သမီး သည်အသီး မည်း၏၊ သမီး ကိုပေး၍ စည်း စိမ်မပျက်အသက်မသေ နေရာမနိမ့်စေရမည်ကို မဝါမဝင့်မညင်း နှင့်တော့ဆိုသည်၊ သက္ကော ဒေဝရာဇာ ငါသကြားမင်းသည် သတ္တဝါအပေါင်းတို့သည် ဥပါဒ်ကြီး စွာဖြစ်မည်ကို မြင်သောကြောင့် ဆိုသည်ကို ယုံမှား မရှိကုန်လင့်၊ ပကိုး ဟံသာဝတီသည်လည်းမင်း တရား ရွှေထီး လက်ထက် နိမိတ်ကြီး စွာ တလိုင်း တို့လုပ်ကြ၍ သေပြတ်သည်၊ ဥဂ္ဂောင်း ကိုသတိရပါစေ၊ ငါသကြားမင်း စီရင်၍ ဥဂ္ဂောင်း

မျက်နှာမျက်စိတလျှပ်လျှပ်သီသာမြင်သာ အောင်မျက် တောင်ခတ်၍ မျက်လုံး လှည့်စေ
ချိစေသည်ကိုလည်း အထက်ကာလကပါပြ တော်မူသည်ကိုရာမညတိုင်း တွင်ပညာရှိ သော
သူတို့ကတလိုင်း တို့ထီး နန်း မစိုက်မဆောက်ရမြန်မာဦး စွန်း ဖြစ်မည်ဖတ်သည်။
တလိုင်း သေဘေး ရောက်လို၍ ရတနာပူရအဝမြို့လည်း သာသနာ တော်ကုန်၍ မင်း
ဆက်စေ့သည်မြို့သုံး မည်မင်း လောင်း ပေါက်မည်ပြည်ရွာအသစ်ဖြစ်မည်အကြောင်း
ရှိ၍တဒင်္ဂဖြစ်နှင့်ရသည်ကိုစည်း စိမ်အမြဲထင်မှတ်ကြ လေလျှင်သတ္တဝါအပေါင်း နစ်မွန်း
၍ သေကြလေ တော့မည်အလောင်း အလျှာမှံသည်မမှံသည်ကိုလည်း ရာမညသား တို့သိ
ကောင်း လေပြီး သည်၁၀ကြိမ်၉ကြိမ်သာစစ်ဆိုင်သည်မဟုတ်အကြိမ်များ စွာစစ်
ဆိုင်သမျှပင်နစ်မွန်း ဆုံး ရှုံး ခြင်း သို့ရောက်သည်ကိုသိလျှက်သင်း တို့မထောက်မ
ကြောက်သတ္တဝါအပေါင်း တို့ဆုံး ရှုံး ဘိမည်ကိုသနား သော ကြောင့်ငါဆိုသည်။ ငါဆို
သည့်စကား ကိုမယုံမကြည် သောသူအပေါင်း တို့သည်ကား ဓါး မိုး လှံမိုး ရွာ၍လင်
ကိုမယား မတွေ့၊ မယား ကိုလင်မတွေ့ပျက်စီး ခြင်း သို့ရောက်မည်ပညာရှိတို့နှင့်
ပေါင်း ၍အကြောင်း သင့်ရာကသာသနာဒါယကာ တော်အလောင်း မင်း တရား
ကိုမပျပ်မဝပ်မကျိုး မနွံလျှင်သင်တို့ရာမညတိုင်း ၌တော တောင်ကြီး ရာ ပြေး ပုန်း
ရှောင်လွှဲနေနိုင်သူတို့သာ ရက်သဲ့ကြား တွင်ငါး တင်သကဲ့သို့ရှင်မည်ဥပါဒ်ကြီး စွာဖြစ်
မည်ကိုမြင်၍ ငါရေး သား ၍ ပို့လာစေ သော ငါ့အမိန့် တော်ကို ဖျောက်ဖျက်ထိမ်ကွယ်
၍ပြည်သူပြည်သား သတ္တဝါအပေါင်း တို့ကိုမရေး မကူး စေပြုကျင့်လျှင် လောက၌လည်း
ဘေး ရှစ်ပါး ဒါဏ်၁၀ပါး ရောက် လေစေလာ သောအခါလည်း အဝီစိငရဲ၌ခံရ
မည်မချွတ်၊ ငါ့အမိန့် တော်ကိုတ ယောက်ကိုတ ယောက်တမြို့ကသည်တမြို့တ ရွာကသည်တ
ရွာပြန့်နှံ့ကြား မြင်အောင်ပြ သောသူတို့သည်ကား ဘုန်း ကြီး သက်ရှည်စည်း စိမ်တည်
၍ သေ သောအခါလည်း နတ်ရွာထုတ် ချောက်အမှန်ရောက်ပစေ ငါဆို သောစကား ကို
မယုံလျှင်တံခူး လကုန်ကဆုန်လဆန်း ကိုကြည့်နှင့်လေ၊ ထို ဘေး ဘယာမှလွတ်လို သောသူတို့
သည်ကား တော တောင် ချောက်ကမ်း ဝေး ရာ၁၄ရက်စရိတ်ရိက္ခာထုတ်နှင့်ပုန်း
အောင်း ၍သရဏာဂုဏ်သုံး ပါး ပဋ္ဌာသီ၅ါး အဋ္ဌသီ၈ပါး ဘတရား ကိုမမှား အနေ
အမြဲလှစေ၊ မှတ်လေတော့၊ ငါစကား ကိုမနာမယူလျှင်သင်တို့ရာမညတိုင်း ၌သတ္တဝါ
ရကပ် ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်ကပ်၃ပါး စုံရောက်၍ပျက်စီး သေကြလတံ့။

ဝမ်း ကျရင်နာ သွေး သံအံ၍ သေလတံ့၊ ပကိုး ဟံသာဝတီ၌အနိုက်အတံ့မှုမင်း ဖြစ်သည်လည်း သာသနာ တော်ခွဲပုံတွင်အဝ၃ဝဝကသည်ဥဿာပဲကူး ဂဝမင်း ၇ဆက်ကိုဆိုသည်ကုန်ပြီး ၊ အိုလူများ အပေါင်း တို့မှတ်ကုန် လော့၊ အညာကလာ သောမင်းသည်ကား သာသနာ တော်ကိုပြုစု တော်မူ သောမင်း ဖြစ်၍ ငါ့ကိုလည်း ဘုရား သခင်ပရိနိဗ္ဗာန်ယူ တော်မူခါ၌သာသနာ တော်မြတ်ကို စောင်မရမည်အမိန့် တော်ရှိ၍ကုန် ဘောင်ပြည်မင်း ကိုငါစောင်မရသည်၊ ဆင်ဖြူလည်း ငါး စီး ငါပေး ပြီး အရိန္ဒမာလှံလည်း ငါအပ်ပြီး ၊ သင်တို့စစ်ထိုး ၍ဖြစ်မည်မဟုတ်၊ ယုတ် သောအကြံကို မကြံကုန်လင့် လော့ယုတ် သောအကြံကိုကြံလျှင်သင်တို့ဥ ကွောင်း ၇စိတ်ကွဲလတံ့၊ အလှူဒါနသီလကမ္မဋ္ဌာန်း ဘာဝနာကိုအား ထုတ်ကြကုန် လော့၊ အိုလူများ အပေါင်း တို့။

9 April I756

သက္ကရာဇ်၁၁၁ရခုတံခူး လဆန်း ၁၀ရက် နေ့သကြား မင်း စာရောက်သည်။

( လောင်း မိန့်၊ မှတ်၈၊ စာ၂၈-၃၀ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော တိုင်း ကြီး အပေါင်း တို့၌အပြည်ပြည်
ထောင်သောမင်း ထီး ဆောင်း စော်ဘွား မြို့စား အပေါင်း တို့ကိုအစိုး ရ
တော်မူသောအရိန္ဒမာစကြာ ရွှေလှံပိုင်နှင့်တကွ ရတနာဆင်ဖြူများ သခင်အသျှင်
ဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား သား တော်မဟာဥပရာဇာမ
ဟာသီရိသုဓမ္မရာဇာ၊ သခင်သတိုး မင်း လှကျော်ညီတော်နောင်တော်သုံး ပါး
အမိန့်တော်ရှိသည်၊ ရာမညအဝင်ဟံသာဝတီမင်း အမတ်ဒေါဗညား ကျွန်တော်
မျိုး အပေါင်း တို့သကြား မင်း သာသနာတော်မြတ်ကိုပြုစုချီး မြှောက်စိမ့်မည်ကို
ရည်၍အပ်တော်မူသည်၊ အရိန္ဒမာစကြာ ရွှေလှံရကြောင်း ကိုမကြား လောဆင်
နီ၂ဆင်ကျား ၃ရသည်ကိုမကြား လောဘုန်း ကြမ္မာရှင်ဖြစ်တော်မူ၍အပြည်ပြည်
ထောင်သောထီး ဆောင်း စော်ဘွား မြို့စား အပေါင်း တို့ပျပ်ဝပ်ကျိုး နွံကျွန်
တော်ခံ၍စိတ်၏ ချမ်း သာခြင်းကိုယ်၏ချမ်း သာခြင်း ရကြသည်ကိုမကြား လေါ
ဟံသာဝတီမင်း ဘုန်း ကြမ္မာကောင်း လျှင်လည်း ပြည်သူပြည်သား တို့စိတ်၏ချမ်း သါ
ခြင်း ကိုယ်၏ချမ်း သာခြင်း ၂ါး ကိုပြည်ထောင်ချင်း မင်း တပါး မနှောင့်မရှက်
နိုင်ဖြစ်မည်ဘုန်း လက်ရုံး အရည်အသွား ကိုဒေါဗညား ဆင်း ရဲသား ကျွန်တော်
မျိုး အပေါင်း တို့အရေး ပြက်ပြက်သိသာလေပြီး သည်ဟံသာဝတီမင်း ဘုန်း ကြမ္မာ
ကောင်း ၍သတ္တဝါအပေါင်း တို့ကိုအုပ်သိမ်း ပြုစုနိုင်လျှင်လည်း ဆင်း ရဲသား တို့မှာ
ဟံသာဝတီမင်း ကျွန်ဖြစ်ရသည်၊ ငါတို့အရှင်အလောင်း မင်း တရား ကြီး ဘုရား
ဘုန်း ကြမ္မာရှင်ဖြစ်တော်မူ၍သိမ်း ပိုက်ပြုစုတော်မူလျှင်လည်း ငါတို့အရှင်အလေါင်း
မင်း တရား ကြီး ဘုရား ကျွန်တော်မျိုး ချည်း ပင်ဖြစ်ခဲ့သည်၊ ဘုရား ဆုကိုပန်
တော်မူသည့်အရှင်ဖြစ်၍ ဒေါဗညား ဆင်း ရဲသား ကျွန်တော်မျိုး အပေါင်း တို့အ
ရေး အရာအမာအလျှော့ကို မျှော်တင်စောင့်ငံ့နေတော်မူသည်၊ တနှစ်ကျော်
ပြီး အညံ့ခံလည်း ယူမည်ပင်အညံ့မခံအတင်ခံလည်း ယူမည်ပင်သတ္တဝါအပေါင်း တို့စည်း
စိမ်ကိုထောက်၍ဆိုင်း ငံ့တော်မူသည်၊ သံလျင်မြို့ကိုမဆိုလင့်ဦး ဇမ္ဗူဒီပါသောင်မြေ
ပြင်တွင်ပြည်ထောင်ဂုံ·ဇာင်မင်း အပေါင်း တို့ကိုပင်သတင်း မကြား မယူလိုမှုံ ရွှေ
လက်တော်ကလွတ်ရမည်သံလျှင်မြို့ကိုအလံလုပ် ဆောင်၍ ကျောက်ကြီး အောက်ငါးဆုံနေမည်
ကြံကြသလော၊ အထက်ကိုသံပြား သံမှိုနှင့်အတောင်၁၀၀ဆင့် လေဦး နဂါး ဖြစ်၍ မြေ

ကိုပင်ညှိုး ဝင်သော်လည်း အဝန်း ယူဇနာ ၄၅၀ ရှိသော ဂဠုန်မင်း အား နှင့် တူသောအစွမ်း အရည်နှင့်ဖြစ်တော်မူသည်ရအောင်ယူမည်၊ ဂဠုန်ကိုပုံ့လွှား နဂါး ကိုတီနိုင်ရှည်၍အဘက်မဟုတ်သည်ကဲ့သို့ရာမညသား ဒေါဗညား ကျွန်တော်မျိုး အပေါင်း တို့ခံရပ်နိုင်မည်( မ )ဟုတ်၊ ဇမ္ဗူဒီပါကျွန်း ၌လူ၏အဖြစ်ကိုရခဲသည် သေဆုံး လေလျှင်အ ကျိုး မရောက်လူဖြစ်ကျိုး မရှိရှိလေတော့မည်၊ ဝတ္တုကျမ်း ဂန်ရာဇဝင်ပုံပြင်အနာ ဂတဝင်စသောအစည်စကား တို့၌စကြာသခင်ဖြစ်သောစကြာမင်း တို့ကိုပန်း တိန် ပန်း ဝဲတို့ထုခပ်၍ဖြစ်သောဓါး လှံ သေနတ်လက်နက်တို့ကိုစွဲ၍စစ်ပြိုင်လျှင်အောင်မြင် ဘူး သောထုံး စံရှိမှသာဥဿာဟအား ထုတ်ခြင်း ကိုပြုသင့်သည်၊ စိတ်နှလုံး မချဘုန်း ကြွမ္မာကိုယိုး လိုသည်ဖြစ်လျှင်ဟံသာဝတီမင်း ထွက်လှာစေ၊ မင်း ကိုမင်း ချင်း သား ကိုသား ချင်းညီကိုညီ ချင်းအမတ်ကိုအမတ်ချင်းသူရဲသူရဲချက်ကိုသူရဲသူရဲချက်ချင်းတလိုင်းကျွန် တော် မျိုး တို့ကကြိုက်သည်အရေး ကိုဒါတို့ကလိုက်မည်၊ သံလျှင်ပတ်လည်လယ်ပြင်လည်း ကောင်း ၏ဘုန်ကြွမ္မာယိုး လိုလျှင်လာစေဦး တော့၊ လိမ်မာလျှင်စကား တတ်သည်ပညာရှိ လျှင်ခွင့်သိသည် ရှေး သူဟောင်း တို့ဆိုရိုး ရှိကြောင်း ကိုငါတို့အမိန့်တော်ရှိသည်။

9 April I756

သက္ကရာဇ် ၁၁၁၈ ခုတန်ခူး လဆန်း ၁၀ ရက်နေ့မလွှန်နေရင်း တလိုင်း ကဝင်သူငတွန်း အောင်နှင့်ကုလား ရွယ်ကိန်တို့ထွင်မြန်မာစာဘာစောင် တလိုင်း စာတစောင်ကုလား စာတစောင်စာသုံး စောင်နှင့်စေသည်။

( လောင်း မိန့်၊ မှတ် ၉၊ စါ ၁၃၂ - ၃ )

25 April I75

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော သာသနာ့ဒါယကာ တော်အရိန္ဒမာ လက်နက်စကြာသခင်ဆင်ဖြူဆင်ကျား ဆင်နီများ သခင်ဖြစ် တော်မူ သော ၅လုံး သော တောင်ထွတ်သည်နဝဒတ်သို့ညွှတ်လျှက်ခစား သကဲ့သို့သတ္တရဖန် တောင်စည် ကြီး ငါးအ ပေါင်း တို့သည်မြင်မိုရ်တောင်ကိုသာခယမ်း သည့်နှင့်အထူးအဝန်း ယူဇ နာ၄၅၀ရှိ သော ဂဠုန်မင်း၏အား သား တကာတို့ကိုအစိုရ သော ကေသရာ ဇါချင့် သေ့မင်း ၏ရဲရင့်ခြင်း ယမမင်း ၏သဘောကဲ့သို့ရာဇဓမ္မာဝပါး မင်း ကျင့်တရား အပေါင်း တို့နှင့်ပြည့်စုံ တော်မူ သော ထီး ဆောင်း မင်း တကာတို့ ခယမ်း ရာဖြစ် သော အယုဇ္ဈပူရမည် သော ရွှေပြည်ကြီး ကိုအစိုး ရ တော်မူ သော အသျှင်ဘဝရှင်အ လောင်း မင်း တရား ကြီး ဘုရား ရွှေနောက်လက်ဝဲလကျာ ဝန်း ကျင် တော်၌ ခစ်သိမ်း သော ကြယ်အ ပေါင်း တို့သည်လပြည့်ဝကိုခယမ်း သော ဟူသကဲ့သို့ပြည်သူသတ္တဝါအ ပေါင်း တို့ကိုသာယာခြင်း ၌ထမင်း ကဲ့သို့စည်း လဲ တွေ့လည် ကောက်ကျစ် သော တဖက်သား ရန်သူပြည် ထောင်မင်း တို့၏ထိပ်ထက် ခြေစုံ ရပ်လျှက် ဘုန်း လက်ရုံး တော်အရိပ်ဖြင့်နှိပ်နင်း တော်မူ လေ့ရှိ သော မကြည် သော ရန်သူတို့ ဝယ်အထူး အား ထုတ် တော်မမူပဲလျှက် တော တောင်သမုဒ္ဒရာ ချောက်ကမ်း ကျောက် စစ်အိုး ချမ်း စသည်တို့၌မရည်ချမ်း မမှတ်ပဲလျှက်အနှံ့အစပ်ပူ လောင် သောသူရိယ နေမင်း နှင့်အတူပြည်သူအ ပေါင်း တို့၏အစီး အပွါး ကို ဆောင် တော်မူ သော အသျှင် ဘဝရှင်မင်း တရား ကြီး ဘုရား သား တော်မဟာဥပရာဇာ၊ မဟာသီရိသုဓ မ္မရာဇာဘုရား က ပကိုး မြို့အနေအရပ်ကိုကြည့် ချေကျွန် တော်မျိုး ၁၀၀၀ခန့်၍ စေ တော်မူ သော ကြောင့်လုပ် ရေကြီ ရေအ နေအရပ်ကိုငါတို့ကြည့်ရှုမည်လာ ကြောင်း ကိုမှာ ခဲ့သည်၊ ဟံရတိ ယောသဗ္ဗမန်၊ သာမုသမ္မာဓမ္မနတ္တိ၊ ဝနေဘဝတီတိသုညံတိက ပွံ သော စောရမဟာ။

25 April I756

သက္ကရာဇ်၁၁၁၈ ခုတန်ခူး လပြည့်ကျော် ၁ ရက်နေ့ပကိုး အနောက် ဘက်ရောက်ကြည်း ကြောင်း ထိုး မန်တိုင်တံခါး နှင့်ဆီတည်မြစ်နား တွင်ဆွဲထား ခဲ့ သည်

( လောင်း မိန့်၊ မှတ် ၁၀၊ စါ၃၅)

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှသောသုနာပရန္တတမ္ဗဒီပ၊ ကမ္ဘောဇ၊ စ
သောတိုင်းကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့ကိုအစိုး ရတော်မူသောပ
တ္တမြား ရွှေငွေကြေး သံပယင်း စသောရတနာတွင်း များ သခင်ဆင်ဖြူဆင်နီ
ဆင်ဘျား အရိန္ဒမာစကြာ ရွှေလှံရနေမင်း ၏အဆက်အနွယ်ဖြစ်တော်မူသော
ဆောင်ဆောင်သော ရွှေနန်း ပြဿဒ်သခင်ရတနာပူရအင်းဝပြည်ကြီး နှင့်တ
ကွအယုဇ္ဈပူရမည်သောရတနာသိင်္ဃကုန်း ဘောင်ရွှေပြည်ကြီး ကိုအစိုး ရတော်မူ
သောဘဝရှင်အလောင်း မင်း တရား ကြီး ကြာအပ်သောအင်ကရိတ်မြို့ပဂုံပညီ
ငါဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ကပင်မြန်မာမင်း အင်္ဂ
ရိတ်မင်း အဆက်ဆက် ဘောက်ကား ရောင်း ဝယ်သွား လာရောက်ပေါက်ကြ၍
မင်း သုံး မင်း ဆောင်ထည်မျိုး အုပ်မျိုး ဆန္ဒရှိရာဆောင်ယူကြရကုန်သည်၊ သ
ဌေး သူကြွယ်ကုန်သည်တဲကာတို့မှာလည်း အသာအယာမြတ်စွန်ကြ၍ စီး ပွါး ချမ်း သာ
များ မြတ်ကြကုန်သည်တလပ်တကြား တွင်ကိန်း ခန်း အလျောက်တလိုင်း တို့နှောင့်
ရှက်၍မရောက်မပေါက်ကြရှိသည်ကို တောင့်တလျက်နေသည်နှင့်ငါနိုင်ငံ တော်စွန်
ဖြစ်သောမော်ခင်ဟိုင်း ကြီး သို့မည်း စလိပရုပ်တို့ကို စေ၍ နေထိုင်လာရာတွင်
မှအင်ကရိတ်မြို့မဘုရင်က စေ၍ နေထိုင် ရောက်လှာကြောင်း နေရပ်နေရာအ
လိုရှိပါကြောင်း ကိုရှိနိုး သံတော်ဦး တင်သော ကြောင့်မြို့၏အဂါရပါး တွင်ပြည်
ထောင်ခြင်း မင်း ဟူသောရာဇမဟာမိတ်အဂါတပါး သည်ဖြစ်ခဲ့သောအရာ
ဖြစ်သည်နှင့်ဂုမ်ပညီသခင်အကြည်တော်အင်္ဂရိတ်မြို့မဘုရင်နှင့်အရှည်ချစ်ကြည်စွာ
မဟာမိတ်ဖြစ်ကြရမည်ကိုတကြောင်း မြို့မဂုမ်ပညီတို့ကိုအရှည်ချစ်ကြည်သနား တော်
မူရမည်ကိုတကြောင်း ထောက်၍ပုသိန်မြို့တွင် မြေကိုတိုင်း တာမှတ်သား ချပေး စေ
သည်၊ အင်္ဂရိတ်မြို့မဘုရင်နှင့်စပ်ဆိုင်သည့်မင်း ဘဏ္ဍာသင်္ဘောမှန်သမျှကိုလည်း အကောက်
အစား လွတ်စေ၍ ရှေး ထုံး ရှိရာလက်ဆောင်လက်နက်ကိုသာဆက်စေ၊ ကုန်သည်တဲ
ကား တို့ကိုမူကား အရိုး အစည်ရှိသည့်အတိုင်း ပုသိန်မြို့ဝန်စစ်ကဲနား ခံစာရေး
တို့က ကောက်၍ဆက်စေ၊ ပုသိန်မြို့ဝန်တို့နှင့်မည်း စလိပရုပ်တို့မျက်နှာညီတံဆိပ်စာ
ချွန်တော်ပေး အပ်တော်မူသည်၊ မင်း ဧကရာဇ်တို့ဝယ်ပြည်ထောင်ချင်း မင်း
ရာဇမဟာမိတ်ရှိမှ ၂ ဦး သား ဆန္ဒရှိရာပြည့်စုံကြသည်ဖြစ်သည်၊ ငါသား တော်

အစဉ် မြေး တော်အဆက်မြစ် တော်အဆွ နှင့်ဂုမ်ပညီသခင်အင်္ဂရိတ်မြို့မဘုရင်ကိုယ်သား မြေး မြစ်မြို့မကုံပညီတို့တိုင်အစည်ရှည်စွာချစ်ကြည်ကြရမည်အကြောင်း ကို

8 May 1756

သက္ကရာဇ် ၁၁၁၈ ခုကဆုန်လဆန်း ၁၀ ရက် ၀ နေ့ဘွင်ရာဇာသံစာ နှင့်ကြွား အဝ် သော အင်္ဂရိတ်မြို့မကုံပညီ၊ အင်္ဂရိတ်မြို့မဘုရင်။

( လောင်း မိန့်၊ မှတ် ၁၁၊ စာ၃၈ - ၉ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သူနာပရန်တမ္ဗဒီပကမ္ဘောဇ စ
သောတိုင်းကြီး ပြည်ကြီး အပေါင်းတို့၌ထီး ဆောင်း မင်း တကာတို့ကိုအစိုး ရ
တော်မူသော ပတ္တမြား ရွှေငွေ ကြေး သံပယင်း ရတနာတွင်း များ သခင်ဆင်
ဖြူဆင်နီဆင်ကျား အရိန္ဒမာစကြာ ရွှေလှံရအဆောင် ဆောင်သော ရွှေနန်း ရွှေ
ပြဿဒ်သခင်ဖြစ်တော်မူသော ရတနာပူရအင်း ဝပြည်ကြီး နှင့်တကွအယုဇ္ဈပူရမည်
သော ရတနာသိင်္ဃကုန်း ဘောင် ရွှေပြည်ကြီး ကိုအစိုး ရတော်မူသော ဘဝရှင်အ
လောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသော ဇိနပ္ပတ္တံဆိပ်စား ဂရု
နာဒိုငါဘေး လောင်း တော်ဘိုး လောင်း တော်လက်ထက်ကပင်မင်း အဆက်ဆက်
ဘောက်ကား ရောင်း ဝယ်ရှက်တင်ရောက် ပေါက်ကြ၍ ပင်သငွေး သူကြွယ်ကုန်သည်
တို့အရောင်း အဝယ်သာယာမြိတ်စွန်း ကြ၍ဆန္ဒရှိရာပြည့်စုံကြကုန်သည်၊ တလပ်တ
ကြား တွင်ကိန်း ခန်း အလျောက်တလိုင်း သူပုန်တို့နှောင့်ရှက်၍ မရောက်မပေါက်
ကြရှိသည်ကို တောင့်တလျက်နေသည်နှင့် နိုင်ငံတော်စွန်ဖြစ်သော မော်ခင်ဟိုင်း ကြီး
သို့အကြည်တော်အင်္ဂလိတ်မြို့မဘုရင်က စေ၍ မည်း စရီပရုဝ်ကို ရောက် ပေါက် နေထိုင်
လှာကြောင်း ပုသိန်မြို့တွင် နေရပ် နေရာအလိုရှိပါကြောင်း ကိုရှိခိုး သံတော်ဦး တင်
သော ကြောင့်မြို့၏အင်္ဂါရပါး တွင်ပြည် ထောင်ချင်း မင်း ဟူသော အင်္ဂါတပါး သည်
ဖြစ်ခဲ့ သောအရာဖြစ်သည်နှင့်အကြည်တော်အင်္ဂလိတ်မြို့မဘုရင်နှင့်အရှည်ချစ်ကြည်
ရမည်ကိုတကြောင်း ဇိနပ္ပတ္တံဆိပ်ဗား ဂရုဏာဒိုတို့ကိုအရှည်သနား တော်မူရမည်
ကိုတကြောင်း ထောက်၍ ပုသိန်မြို့ မြေကိုတိုင်း တာမှတ်သား ၍ ချပေး စေသည်၊ အ
ကြည်တော်အင်္ဂလိတ်မြို့မဘုရင်နှင့်စပ်ဆိုင်သည်ဘဏ္ဍာသဘော်ာမှံသမျှကိုအကောက်အစါး
လွတ်စေ၍ ရှေး အစည်ရှိသည့်အတိုင်း လက်ဆောင်လက်နက်ကိုသာဆက်စေ၊ ကုန်သည်
ဘဲကား တို့မှာမူကား အစည်ထုံး စံရှိသည့်အတိုင်း ပုသိန်မြို့ဝန်စစ်ကဲနား ခံစာ
ရေး တို့က ကောက်ဆက် စေမည်စလီပရုပ်တို့ကိုတံဆိပ်စာချွန်တော်ပေး အပ်တော်
မူသည်၊ မင်း ဧကရာဇ်တို့ဝယ်ပြည် ထောင်ချင်း ရာဇမဟာမိတ်ဖြစ်မှနှစ်ဦး ဆ
န္ဒရှိရာပြည့်စုံကြကုန်သည်၊ ငသား တော်အစည် မြေး တော်အဆက်မြစ်တော်အဆွန့်
အကြည်တော်အင်္ဂလိတ်မြို့မဘုရင်ကိုယ်သား မြေး မြစ်ဇိနပ္ပတ်တံဆိပ်စား ဂရုဏာဒို
တို့တိုင်အစည်ရှည်စွာ ချစ်ခင်ဆက်ဆံကြရမည်အကြောင်း ကိုရာဇသံစာနှင့်

သက္ကရာဇ် ၁၁၁၈ ခုကဆုန်လဆန်း ၁၀ ရက် နေ့ဇံဒါယပ် ဒေါက်တို့တွင်အမိန့်တော်ရှိ သောဇိနပွတ်တံဆိပ်စာ။ ဂရုဏာဒိုတို့

( လောင်း မိန့်၊ မှတ် ၁၂၊ စါ ၄၀-၁ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော သုနာပရန်တမ္ဗဒီပက မွောစ   စ
သောတိုင်း ကြီး ပြည်ကြီး အပေါင်း တို့၌ထီး ဆောင်း မင်း တကာတို့ကိုအစိုး ရ
တော်မူ သော ပတ္တမြား ရွှေ ငွေ ကြေး သံ ပယင်း ရတနာတွင်း များ သခင်ဆင်
ဖြူဆင်နီဆင်ကျား အရိန္ဒမာစကြာ ရွှေလှံရအဆောင် ဆောင် သော ရွှေနန်း ပြ
ဿဒ်သခင်ဖြစ် တော်မူ သော ရတနာပူရအဝပြည်ကြီး နှင့်တကွအယုဇ္ဈပူရမည် သော
ရတနာသိင်္ဃကုန်း ဘောင်ပြည်ကြီး ကိုအစိုး ရ တော်မူ သော အသျှင်ဘဝရှင်အလောင်း
မင်း တရား ကြီး ဘုရား အမိန့် တော် ရှိသည်၊ ဟိုင်း ကြီး ဆိပ်ကုန်သည်အကြီး ဂရူဏ်
ဒိုဇံဟိုအစ်သကွယ်၊ ငါဘေး လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်ကပင်မြန်
မာမင်း အင်္ဂရိတ်မင်း အဆက်ဆက် ဘောက်ကား ရောင်း ဝယ်ကုန်စယ်သာယာမြတ်
စွန်း ကြလျက်ဆန္ဒ ရှိရာပြည့်စုံကြကုံသည်၊ တလပ်တကြား တွင်တလိုင်း သူပုန်တို့ နှောင့်
ရှက်၍ မရောက်မပေါက်ကြ ရှိသည်နှင့် ငါကိုယ် တော်သား တော်ညီ တော်ဗိုလ်မှူး တပ်
မှူး ဆင်လုံး မြင်း ရင်း လှေတက်အများ နှင့်အကြိမ်ကြိမ်တိုက်လံလုပ်ကြရှင်း လင်း သတ်
ညှစ်၍ ဒဂုန်မြို့ကိုရန်ကုန်မြို့သမိုက် တော်မူ၍ထီး နန်း စိုက် ဆောက်စံမွှယ် တော်မူ ရာ
တွင်ငါ့နိုင်ငံ တော်စွန် မောဓင်ဟိုင်း ကြီး သို့အကြည် တော်အင်္ဂရိတ်မင်း က စေ၍ မည်း
စလီပဂူပ်တို့ ရောက် ပေါက် နေထိုင်လာ ကြောင်း ပုသိန်မြို့တွင် နေရပ် နေရာအလိုရှိ
ပါကြောင်း ကိုရှိခိုး သံ တော်ဦး တင် သော ကြောင့်မြို့၏အင်္ဂါရပါး တွင်ပြည် ထောင်
ချင်း မင်း ဟူ သော ရာဇမဟာ မိတ်အင်္ဂါသည်ဖြစ် ခဲ့သည်ဖြစ်၍ အကြည် တော်အင်္ဂရိတ်
မြို့မဘုရင်နှင့်အရှည် ချစ်ကြ ရမည်ကိုတ ကြောင်း ဂရူဏာ ဒိုဇံဟိုအစ်သကွယ်ကိုအရှည်သ
နား တော်မူလိုသည်တ ကြောင်း ထောက်၍ ပုသိန်မြို့တွင် မြေ နေရပ် နေရာကိုမှတ်
သား တိုင်း တာ၍ ချ ပေး စေသည်၊ အကြည် တော်အင်္ဂရိတ်မြို့ဘုရင်နှင့် စပ်ဆိုင်သည့်
သဘော ဘဏ္ဍာ မှန်သမျှကိုအ ကောက်အစား လွှတ် စေ၍လက် ဆောင်လက်နက်ကိုသာဆက်
စေ၊ ကုန်သည်တို့မှာ သာ အရိုး အစည်ရှိသည်အတိုင်း ပုသိန်မြို့ဝန်စစ်ကဲနား ခံစာ
ရေး တို့က ကောက်၍ဆက် စေ၊ မင်း ဧကရာဇ်တို့ဝယ်ပြည် ထောင်ချင်း မဟာ မိတ်
ရှိကြမှ ၂ ဦး ဆန္ဒ ရှိရာပြည့်စုံကြမြဲဖြစ်သည်၊ ငါတို့နိုင်ငံ တော်တွင်လည်း လုပ် ရေကြီ ရေ
များ မရှိပြီ၊ ဟံသာဝတီတမြို့သာ လုပ် ရေကြီ ရေစဲ စဲဖြစ်၍အ မြောက် သေနတ် ဆေး
ကျည် စေ့အများ အလို တော် ရှိ တော်မူသည်၊ ငါသား တော်အစည် မြေး တော်အဆက်

မြစ်တော်အညွန့်အက်ရိတ်မြို့မဘုရင်သား မြေး မြစ်မှစ၍ဂရူနာဒ္ဒိဇ်ဟို့အစ်သကွယ်
တို့တိုင်အရှည်ချစ်ခင်ဆက်ဆံသနား တော်မူရမည်အကြောင်း ကိုရာဇသံစာနှင့် 8 May I756
သက္ကရာဇ် ၁၁၁၈ ခုကဆုန်လဆန်း ၁၀ ရက် ၀ နေ့ဇံဒါရုဝ်ဒေါ်တို့တွင်
အမိန့်တော်ရှိသည်ဟိုင်ကြီး ဆိပ်ကုန်သည်ကြီး ဂရူနာဒ္ဒိဇ်ဟိုအစ်သကွယ်။
( လောင်း မိန့်၊ မှတ် ၁၃၊ စာ ၄၂ - ၃ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သုနာပရန္တတိုင်း တမ္ဗဒီပတိုင်း က
မ္ဗောဇတိုင်း စသောတိုင်းကြီး အပေါင်း တို့၌မြန်မာပြည်ရှမ်း ပြည်၊ ယွန်း
ပြည်၊ ကသည်း ပြည်၊ ဘလိုင်း ပြည်ရာဇဌာနီပြည်ကြီး ထီး ဆောင်း မင်း အ
ပေါင်း တို့ကိုအစိုး ရတော်မူသော ပဒ္ဒမြား ရွှေငွေကြေး သံပယင်း ရတနာ
တွင်း များ သခင်၊ ဆင်ဖြူဆင်နီဆင်ကျား အရိန္ဒမာစကြာ ရွှေလှံရအာဒိစ္စဝံသ
နေမင်း ၏အဆက်အနွယ်အဆောင်ဆောင်သော ရွှေနန်း ရွှေပြဿဒ်သခင်ဖြစ်
တော်မူသော ရတနာပူရအင်း ဝ ရွှေပြည်ကြီး နှင့်တကွအယုဇ္ဈပူရမည်သော ရတ
နာသိဃ်ကုန်း ဘောင် ရွှေပြည်ကြီး ကိုအစိုး ရတော်မူသော အလောင်း မင်း တ
ရား ကြီး ဘုရား ချစ်ကြည်စွာကြား ရောက်အပ်သော ဇိနပွတ္တံ၊ ဘင်္ဂလား ၊ ၄က်
သဒေဝီ၊ ဒေဝီကတ်စသောမြို့အပေါင်း တို့သည်လပြည့်ဝန်း ကိုနက္ခတ်တာရာအပေါင်း
ခြံရံသကဲ့သို့ ရံလျက်အင်္ဂလိပ်မြို့မကိုအစိုး ရသောအကြည် တော်အင်္ဂလိပ်မြို့ဘုရင် ဘေး
လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်မြန်မာမင်း အင်္ဂလိပ်မင်း အ
ဆက်ဆက် ဖေါက်ကား ရောင်း ဝယ် ရောက် ပေါက်ကြ၍အလိုရှိသမျှကို ဆောင်ယူကြရ
သည်၊ ကိန်း ခန်း အလျောက်တလိုင်း တို့နှောင့်ရှက်ရာတွင်တလတ်တလျား မရောက်
မပေါက်ရှိကြ၍ တောင့်တ၍ နေသည်နှင့်အကြည် တော်နိုင်ငံ တော်စွန်း မော်တင်
ဟိုင်း ကြီး သို့အကြည် တော်အင်္ဂလိပ်မြို့မဘုရင်ကမည်စလီပဂူဝ်တို့ကို စေ၍ ရောက် ပေါက်
လာရာတွင်မှ မေး မြန်း ကြား သိရလျှင်အတိုင်း အထက်အလွန်မင်း ဧကရာဇ်တို့ဝယ
မြို့၏ အင်္ဂါခုနစ်ပါး တွင်သခါဟူ သောပြည် ထောင်ချင်း အင်္ဂါတပါး သည်ဖြစ်ခဲ သော
အရာကို တွေ့ရပေ တော့မည်ဝမ်း မြောက် တော်မူသည်၊ အကြည် တော်အင်္ဂလိပ်မြို့မ
ဘုရင်ကစေသူမည်စလီပဂူဝ်တို့ကပုသိန်မြို့တွင်တိုက်ကြသဘော်သွင်း ထား ဂုန်နေရာ
နေရပ်လိုပါသည်ရှိခိုး သံတော်ဦး တင် သော ကြောင့်အကြည် တော်အင်္ဂလိပ်မြို့မဘုရင်
ကစေ၍ လျှောက်ရသည်ဖြစ်သည်၊ အရှည်ချစ်ကြည်ရမည်ကို ထောက်၍ကြိုက်ရာနေထိုင်
စေ၊ ပုသိန်မြို့တွင်တိုင်း တာမှတ်သား ၍ ပုသိန်မြို့ဝန်တို့ကချပေးစေသည်အကြည် တော်
အင်္ဂလိပ်မြို့မဘုရင်အမှူး အမတ်ပုသိန်မြို့ဝန်တို့မျက်နှာစုံညီဘဲသိပ်စာချွန် တော်ပေး
အပ် တော်မူသည်၊ ပြည်ထောင်ချင်း မင်း တို့ဝယ်မြတ်သောအဆွေခင်ပွန်း ကေါင်း
ကို့ကိုမှီကြရသည်ဖြစ်မှအလိုရှိရာနှစ်ဦး သား ပြည့်စုံကြမည်ဖြစ်သည်၊ သား တော်အ

စဉ် မြေး တော်အဆက်မြစ် တော်အညွန့်အကြည် တော်အင်္ဂလိပ်မြို့ဘုရင်ကိုသား မြေး မြစ်အစဉ့်ရှည်ကြာစွာချစ်ကြရမည့်အကြောင်း ကိုသက္ကရာဇ်တထောင့်တရာတဆယ့်

8 May I756

ရှစ်ခုကဆုန်လဆန်း ဆယ်ရက်စနေနေ့ ရာဇသံရွှေပေစာနှင့် ချစ်ကြည်စွာကြား ရောက်အပ် သောအင်္ဂလိပ်မြို့ကိုအစိုး ရသောအကြည် တော်အင်္ဂလိပ်မြို့ဘုရင်ဟူသော ရာဇသံစာကို ရွှေပေနာရကာအချွန်ငါး ကျပ်အလျား သံတတောင့်လေး သစ်အနံ သံငါး သစ်စာကြောင်း ရေတဆယ်ရင်း ဖျား ပတ္တမြား နှစ်ရစ်စီရသည်၊ စာကို လက်ဝဲသုန္ဒရရေး ရသည်၊ ဇာနပ္ပတ္တဲဆိက်စား တို့ကိုလည်း စက္ကူတွင်မင်စာရေး၍အ နား ပတ်လည်ချိုး ပန်း သံနှစ်သစ်သွတ်ရသည်၊ ရာဇသံရွှေပေကိုဆင်စွယ်ကြုတ်သွတ် ရသည်၊ ဆင်စွယ်ကြုတ်ကို ရွှေဖျင်အိတ်သွတ်သည်၊ ရွှေဖျင်အိတ်ကိုသစ်ပွတ်ချိပ်နှိပ်တိုက် ရွှေ ရေး ကြုတ်သွတ်သည်၊ ရွှေရေး ကြုတ်ကိုဂိဇရပ်အိတ်နီသွတ်၍ဟသံာရုပ်တံဆိပ် တော် ခတ်မှတ်သည်၊ ရာဇသံမြန်မာစာကိုအင်္ဂလိပ်ဘာသာစက္ကူတွင်မင်စာရေး ပြီး လျှင်မြန်မာစာတစောင်အင်္ဂလိပ်စာတစောင်တွင်ချိုင်တံဆိပ်ခပ်၍မြန်မာစာ နှင့်အတူသစ်ပွတ်ချိပ်နှိပ်တိုက်ကျည်ပျံသွတ်ပြီး မှဂိဇရပ်အိတ်နီသွတ်၍ ချိတ်တံဆိပ်ခပ်ပြန် သည်၊ အင်္ဂလိပ်မင်း အင်္ဂလိပ်ဆိပ်စား တို့သို့လည်း မြင်း လေး စီး မိုင်း လုံး ရွှေ ဖျင်လိပ် ပေး တော်မူသည်၊ လာလုဇံတာရတ်နှင့်တရုဏဘုံဇာ၊ အစ်ကသစ်တို့ကိုလည်း မြင်း တစီး စီဆင်စွယ်ခြောက်စီး သနား တော်မူသည်။

( ကုန်း ဖထမ၊ ၁၉၆၈၊ စါ၁၆၀-၉ )

လောကဓါတ်တွင် ကေရာဇ်များ အရှင်သုံး ဆယ်တဘုံဝယ်လူနတ်များ မကိုဋ္ဌသရဘူ I746
ဖြစ်တော်မူသော သဗ္ဗညုဘုရား သခင်ဗုဒ္ဓ ဒိတ်ထား သည်သာသနာတော် ၂၂၉၀ လွန်၍သာသနာအလယ်သို့ ရောက်လျှင်ဘုရား အလောင်း ဆင်ဖြူရှင်ဘုန်း ကြီး ၍ ဟံသာဝတီရာဇဓာနီကိုအစိုး ရ၍ ငါသာသနာကိုချီး မြှောက်ရမည်ရောင်တော် ခြွံပါး နှင့်ပြည့်စုံ တော်မူသောဘုရား ရှင်ဗျာဒိတ်ထား သည်နှင့်အညီ ရှေး အတိတ်ကုသိုလ်ပါရမီရှိ၍ ဟံသာဝတီရာဇဓာနီ၌သာသနာ တော်ကိုပြုစုတည် ထောင် သည်သတ္တဝါအပေါင်း တို့ကို စောင်မပြုစု၍ ကောင်း မှုကုသိုလ် စေတီဓါတ် တော်နှင့်တကွ သာသနာ တော်ကိုပြုစုပါသည်၍ကုသိုလ်မြတ်အား ငါအဆွေ တော်ဝမ်း မြောက်ဝမ်း သါ သာမုဒနု မောဒနာ ခေါ်ပါ၊ အဆွေ တော်လည်း ရှေး ဘုရား ပစ္စေကဗုဒ္ဓါတို့၌ ဘဝအဆက်ဆက်အတိုင်း မသိအောင် ကောင်း မှုကုသိုလ်ပြုကဲ့ဘူး သည်ဖြစ်သည်၊ ငါတို့ ၂ ဦး သာသနာ တော်ကိုချီး မြှောက်၍သတ္တဝါအပေါင်း တို့ကိုကယ်မစလျက်နိဗ္ဗာန် သို့ရောက် အောင်ကျင့်ကြရမည်၊ ကောဏ္ဍသန်၊ ဂေါဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိ မိတ္တေယျဘုရား ငါး ဆူတို့လည်း ဇာတိ တော်တခြား တခြား ဖြစ်လျှက်သစ္စာဂတိပြု၍ ကောင်း မှုကိုတချက်တည်း ပြုဘူး သောကြောင့်တကမ္ဘာတည်း တွင်ဘုရား ငါး ဆူ အထင်အရှား ဖြစ် တော်မူသည်၊ အဆွေ တော်လည်း ရှေး ဘုရား ပစ္စေကဗုဒ္ဓါတို့ အား လျှာဒါန်း စည် ဝေဏေယျသတ္တဝါအပေါင်း တို့ကိုကယ်ဆယ်၍ နိဗ္ဗာန်သို့ပို့ ဆောင် ရမည်အကြောင်း ကိုပါရမီဖြည့်သည်နှင့်အညီ ဝေဏေယျသတ္တဝါအပေါင်း တို့ကိုကယ်ဆယ် မစ တော်မူရမည်၊ ယခုသတ္တဝါအပေါင်း တို့သည် ဝေရီဖြစ်၍အသက်ဆုံး ရှုံး ခြင်း နှင့် ငရဲဝိပါက်အစည်ဆက်၍ ပါကြလေ တော့မည်ဘုရား ဆုကို တောင်း ၍ ပါရမီဖြည့်သည်နှင့် အညီဝိပါက်ကင်း လွတ်သည့်အကြောင်း ကိုငါတို့မင်း ၂ ဦး သည်အရိမိတ္တေယျဘုရား ရှင် ၌လူနတ်ပြဟ္မာတို့အချီး အမွှမ်း ကိုခံရအောင်နှလုံး ထား ၍သဟာယဖြစ်ကြမည့်အ ကြောင်း ကိုငါအဆွေ တော်ဆရာ တော်ရင်း ကိုလာပါစေသည်၊ ရောက်လျှင်ဆရာ တော်ရင်း ကဲ့သို့ ရွှေနှလုံး တော်ထား တော်မူပါ။

သက္ကရာဇ် ၁၁၁၈ ခုနယုန်လပြည့်ကျော် ၁ ရက်နေ့အဝ တောင်ဘီလူး
ဆရာ တော်ရှင်ဂုဏမဉ္ဇူ ငှင်ကြက်သွံ့ခင်ဆရာ တော်ရှင်ပါသံ့သတို့တွင်ပါလာသည့်စာ။ I3 June I756

( လောင်း မိန့်၊ မှတ် ၁၅၊ စာ ၅၆ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အရိန္ဒမာစကြာဆင်ဖြူရတနာ ရတနာ
ပေါင်း များ သခင်အယုဒ္ဓျပူရမည်သော ရတနာသိင်္ဃကုန်း ဘောင်ရွှေပြည်ကြီး ကို
အစိုး ရတော်မူသော အကြည်တော်အလောင်း မင်း တရား ကြီး ဘုရား ကြွား အပ်
သော ဟံသာဝတီမြို့ကိုအစိုး ရသော အကြည်တော်၊ သိကြား မင်း တည်သော ဆင်ပုံ
ရှင်မြို့ဒဂုံသညာ ကိုရန်ကုန်မြို့သမိုက်တော်မူ၍ ရွှေထီး ရွှေနန်း စိုက်ဆောက်စမ္ပါယ်
တော်မူသည်၊ ၁ နှစ်ကျော် ၂ နှစ်ကာလရှည်လျား ၍မျှအကြည်တော်စကား တခွန်း
တပါဒမကြား ရ၊ အိပ်ပျော်သောသူသည်မှင်ကျက်၍ နိုး လသော်အိပ်မုံမပြေ ယောင်
ယမ်း စမ်း သပ်သည်နှင့်အတူယခုမှကြား ရသည်ကိုထောက်လျှင်နား ငြီး ပါး ငြီး လူ
ကြီး လူအိုမဟုတ်သကဲ့သို့မာန်မာနခက်ထန်သည်ပင်ထင်မှတ်တော်မူသည်၊ အကြည်တော်
ပကိုး မင်း နှင့်ငါနှင့်သည်ဘုန်း ကြမ္မာရှင်ချည်း ဖြစ်ကြတော့သည်၊ အကြည်တော်က
ရောက်သည့်စာတွင်သင့်တင့်သည်ပင်၊ ပြည်၏အင်္ဂါရပါး တွင်သာမျှမစွာသခါကော
သော ဒုတ္တရဋ္ဌဇီဝိတံဖလံရဇ္ဇင်္ဂါနိဋ္ဌီကာပါဋ္ဌိရှိသည်ရပါး အင်္ဂါတွင်သခါဟူသောပြည်
ထောင်ချင်း ရာဇမဟာမိတ်သဟာယသည်ပြည့်စုံခဲ့သည်ကိုသုခဒုက္ခချစ်ကြည်ပြော
ဆိုကြရမည့်အရာသည်ကမ္ဘာကြေသော်လည်း ဥဒါန်း မော်ကွန်း မကြေပြည်သူသတ္တ
ဝါအပေါင်း တို့လည်း ၂ ပြည်၁ ပြည်ရွှေ ၂ ပြား ကိုတပြား တည်း ရေဝယ်သား သော်
အခြား မထင်သကဲ့သို့မေတ္တာဂရုဏာသဟာယဖြစ်ကြလျှင်ဆိုဖွယ်မရှိပြီသတ္တဝါအပေါင်း
တို့၏အစီး အပွါး စကား ကိုဆိုခြင်း သည်သူတော်ကောင်း တို့၏သဘောလက္ခဏာကိုသိ
ရတော့သည်၊ သေစိမ့်ကြံစည်ရန်သူသည်လည်း ချစ်ကြည်ခင်ပွန်း ဖြစ်လောကဟိတ
တွင်ပညာရှိတို့ဆိုသည်၊ ချစ်ကြည်သောစကား နှင့်အညီရတနာသုံး ပါး တွင်တပါး
အဝင်ဖြစ်သော တောင်ဘီလူး ဆရာတော်ကိုမေတ္တာနှင့် စေရောက်၍ကိုး ကွယ်
ရသည်လည်း ရတနာတပါး ကိုမျှတပေး ဝေသည်ဖြစ်ပေတော့သည်၊ ထီး နန်း က
နက်စိုက်ဆောက်စိုး အုပ်သောမင်း တို့မည်သည်လည်း မင်း တို့၏တဆဲ့ ၂ ပါး သော
ဥပါယ်မာယာမှစ၍ ရာဇမဟာမိတ်သဟာယ၏မြဲမြံမည်အကြောင်း ကိုအကြွင်း
မရှိအကျွမ်း ဝင်သည်နှင့်အညီရှိကြလျှင်သင့်သည်အရာဖြစ်၍ ဝမ်း မြောက်တော်မူ
ကြောင်း ကိုကြား အပ်သည်။

16 June 1756

သက္ကရာဇ် ၁၁၁၈ ခုနယုန်လပြည့်ကျော် ၄ ရက် နေ့လာရင်း တလိုင်း ဘုန်းကြီး ၂ သာမဏေ ၅ လူ ၁၀ တို့ကိုပြန်စေသည်
(လောင်း မိန့်၊ မှတ် ၁၆၊ စာ ၅၈ - ၉)

အစိန္တေယဘုံလူအထွတ်သဗ္ဗညုဘုရား ရှင်ဗျာဒိတ် တော်ကိုခံ၍ဟံသာဝတီရာဇဓာနီရာမည ဒေသကိုအစိုး ရသော ပါရမီရှင်မင်း တရားကြီး ချစ်ကြည်စွာအကြောင်း ကိုကြား ပါသည်၊ ရတနာသိင်္ဃကုန်း ဘောင်ရွှေပြည်ကြီး ကိုအစိုး ရတော်မူသော ညီတော်အလောင်း မင်း တရားကြီး ငါဆရာ တော် ၂ ပါး ပြန်ရောက်၍ညီတော် ကရာဇသံတွင်အကြောင်း အရာကိုကြား လျှင်အလွန်ဝမ်း မြောက်ဝမ်း သာရှိပါသည်၊ ငါ့ညီ တော် စာတွင်ပါသည့်သာမျှမ စွာသခါကော သော ဒုက္ခရဋ္ဌဇီဝိတဖလံ ရဋ္ဌဂါနီဆိုသည်ကား ဟော တော်မူသော ဓမ္မ ဒေသနာတရား တော်ဖြစ်သည်၊ ညီတော်ကကြား ရောက်သည့်စါကို ထောက်နာ သော်မဟာမိတ်ဝပါး တွင်တပါး သော မိတ်ဖြစ်ကြပြီ၊ မိတ်တပါး ဖြစ်၍ ငါနှင့် ငါ့ညီ တော်အချစ်လှဲပြန်ခဲ့လျှင်တို့ ၂ ဦး ကြောင့်အမတ်စစ်သူကြီး ရဲမက်ဗိုလ်ပါထိပါး ကြ၍ ဥပစ္ဆေဒကကံနှင့် သေကြေပျက်စီး ခြင်း သို့ ရောက်မည်ကိုလည်း ပစ္စုပ္ပါန် နောင်အနာဂတ် ငရဲဝိပါက်တို့ ၂ ဦး ဆက်ကြတော့မည်၊ ငရဲဝိပါက်လွတ်မည့်အကြောင်း ကိုငါနှင့်ငါ့ညီ တော် ဖြေတင် ဖျောက်ဖျက်၍ ရှေ့သို့တကြိမ်ကသည် ၂ ကြိမ် ၂ ကြိမ်ကသည်သုံး ကြိမ် ရာဇမဟာမိတ်ဖြစ် ရလျှင်ယခုပစ္စုပ္ပါန်တွင် ရွှေထီး ရွှေနန်း ကိုအစိုး ရ၍ ဇမ္ဗူဒိပ်တကျွန်း လုံး ကြား ရလျှင် ထိတ်လန့် ကြောက်ရွံ့ခြင်း ရှိကြမည်၊ သို့ဖြစ်ပါလျှင်ဟံသာဝတီနှင့် ရတနာသိင်္ဃ ရွှေမြို့တော် ၂ မြို့သည်သုဒဿနအယုဇ္ဈပူရနတ်ပြည်ကဲ့သို့ပွင့်လင်း စည်ပင်ခြင်း နှင့်သာသနာ တော်ကိုဆန် သောလကဲ့သို့ ငါနှင့် ငါ့ညီ တော်ပြုစုချီး မြှောက်ကြပါရမည်၊ အနာဂတ်တွင်လည်း လောကတ္တစရိယံ ညာတတ္တစရိယံ ဗုဒ္ဓတ္တစရိယံ ဘာဝသုံး ပါး ပြည့်၍ ငါနှင့် ငါ့ညီ တော်ဘုရား သဗ္ဗညုတဉာဏ်ကိုပြည့် အောင်ယခုပစ္စုပ္ပါန်တွင် ပေါက် ဘော်ရင်း ကဲ့သို့ ရတနာသုံး ပါး တို့ကိုကိုး ကွယ်၍ကြည်ညိုစွာဆရာဘုန်း ကြီး တို့ကိုကြွလှာပါစေ သည်အကြောင်း ကိုချစ်ကြည်စွာကြား ပါသည်။

28 June I756

သက္ကရာဇ် ၁၁၁၈ ခုဝါဆိုလဆန်း ၂ ရက် နေ့ဟံသာဝတီကဘုန်း ကြီး သီလပညာဝိမလာစာရတို့တွင်ပါသည့်စာ။

( လောင်း မိန့်၊ မှတ် ၁၇၊ စာ ၆၀ )

28 June 1756

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သုနာပရန်တမ္ဗဒီပက မွောစတိုင်းကြီး အပေါင်း တို့၌ထီး ဆောင်း မင်း တကာတို့ကိုအစိုး ရတော်မူသောအကြည်တော်ပြည်၏အင်္ဂါရပါး တွင်သခါဟူသောပြည် ထောင်ခြင်း အင်္ဂါသည်ဖြစ်ခဲ့သော အရာဖြစ်၍အကြည်တော်က စေသည့်ဆရာတို့တွင်အမိန့် တော်ပြန်လိုက်သည်၊ စစ်မက်ပြုကြသည့်အရာမှာလည်း လူသား လူရည်ကိုစား သောက်လို၍ပြုကြသည်မဟုတ်၊ ရန်ပြုလှာ၍သာပြုသည်၊ ဘဝအဆက်ဆက်ပင်ရန်ဆိုသည်ကိုအလိုတော်မရှိ၊ မင်း မတ်ကျိကျမြို့ပြကျွန်း မြေခင်း ပစ္စင်ရင်တား တိုင်ကား ဗိုလ်ပါသည်အရာများ သည်ပြည့်စုံမြဲပင်ဖြစ်တော့သည်၊ သခါဟူသောအင်္ဂါသည်မင်း တို့ဝယ်ပြည့်စုံခဲ့သည်ဖြစ်၍ဘုရားစသောပညာရှိသူတော်ကောင်း တို့ချီး မွမ်း ကြကုန်သည်၊ သည်အင်္ဂါကိုအကြည်တော်ကသဟာယဖြစ်ချင်ပေါင်း ဖက်လိုသည်မှန်လျှင်ပေါင်း ဖက်ကြရမည့်စကား ကိုအစို့စို့အရပ်ရပ်များ ပင်ဆိုသော်လည်း များ တိုင်း အကျိုး ရောက်သည့်အရာမရောက်သည့်အရာရှိသည်၊ ဒွတ္တိသာကာယသတိပဋ္ဌာန်စသောအရာများ တွင်အကျယ်အဝန်း စွမ်း ဆောင်နိုင်သူတို့ကိုစွမ်း ဆောင်လေ့ကျက်စေဟောတော်မူသည်၊ အနိစ္စသုတ္တဝစ္စဥ္စ ဒုက္ခနိယပိဋကအနတ္တာဘိဓမ္မတ္တာယသဗ္ဗဗုဒ္ဓေဟိဘာသိတာဟူ၍လည်း အကျဉ်း ချုပ်ကိုင်၍ ဟောတော်မူသည်၊ လောကတွင်လည်း ပြည်ထောင်ချင်း မင်း တို့၏သဟာယဖြစ်ချင်း ကိုဘူရိဒါတ်ဇာတ်ကိုနှလုံး သွင်း သဖြင့်သဟာယ၏မြဲမြန်မည့်အကြောင်း ကိုချစ်ကြည်စွာကြား အပ်သည်။

28 June 1756

သက္ကရာဇ် ၁၁၁၈ ခုဝါဆိုလဆန်း ၂ ရက်နေ့လာရင်း ဘုန်း ကြီး တို့ကို ပင်စာနှင့်ပြန်စေသည်

( လောင်း မိန့်၊ မှတ် ၁၀၊ စါ ၆၂ )

(26 July 1756)

ဘုရား ကျွန်တော်နန္ဒဗာဟု ရွှေစက်တော်စုံကိုဦး ထိပ်ရွက်၍ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ အရပ်ရပ်ပေး သမျှစာချွန်တော်ကိုမှတ်သား၍လစဉ်ရှိခိုး သံတော်ဦး တင်ရမည် ဘုရား ဗျာဒိတ်တော်မြတ်ကိုဦး ထိပ်ရွက်ရသည့်အတိုင်း သက္ကရာဇ်၁၁၁၈ ခု ဝါဆိုလဆန်း တရက် နေ့ကသည်ကုံတိုင်စာရေး တော်လက်ဝဲ (27 June 1756) သုန္ဒရက၁၅၀၊ ရွှေတောင်စည်သူက၁၅၀၊ ဝေလုရာဇာက၇၅၀၊ ဗလစည်သူက၆၀၊ လက်ယာဝေလုက၅၅၀၊ အစုစုစါချွန်တော်ပေါင်း၃၀၃၀အနက်အမိန့်တော် တကြောင်း ရေး စာချွန်တော်၇၅အစီရင်မြို့သူကြီး ကောင်း စောင့်ကင်း နေအ ခန့်အထား စာချွန်၁၀၀၊ ၂စုစာချွန်တော်၁၇၅စာချွန်တော်လျှင်တံဆိပ် တော်ခတ်၊ ရွှေတပဲကိုတွက်လျှင်၉ရပါသည့်အကြောင်း ကို ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ။

(26 July 1756)

(သက္ကရာဇ်၁၁၁၈ခု ဝါဆိုလပြည့်ကျော်၁၅ရက်နေ့)

( လောင်း စု၊ မှတ်၉၊ စါ၂၃၈ )

(26 July 1756)

သမြင်တိုး မြို့နေငကောက်သား ငကလေး သည်မြို့သူကြီး ရိုး ရာသား မြေး မဟုတ်၊ ငကလေး သည်သံလျင်မြို့ဘက်လူ ၃၀ ထွင်ပါဝင်၍အမှု တော်ကိုထမ်း သည်၊ မြို့သူကြီး ရိုး ရာအဆက်မဟုတ် သော်လည်း သမြင်တိုး မြို့ကိုမြို့သူကြီး အရာနှင့်စီရင်စေ၊ စာရေး တော်ဝေလုရာဇာက ပေး အပ်သည့်စာချွန်တွင်တံဆိပ် တော်ပါသည်ဖြစ်၍စစ်လျှင်မင်း မှုမင်း ခင်း စေပါသည် တံဆိပ်ထန်း ရွက်ကျန် သောကြောင့်ငကလေး ကိုမြို့သူကြီး ခန့်တော်မူသည့်စာကို ရေး လိုက် ပေသည် ဝေလုရာဇာထွက်ဆိုပါသည့်အကြောင်း ကိုရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ လျှောက်ရာတွင် ဝေလုရာဇာမှာလက် ဆောင်ရသည်ကိုမစစ် လောထပ်၍ ဗျာဒိတ် တော်ရှိ၍မြို့သူကြီး ငကလေး ကိုစစ်လျှင်ကျွန် တော်က ငွေတို့၃၅၀ ပေး ရပါသည့်ပုဆိုး ဆေး ရေး ၅ ရွက်နီ ၅ သကြား တံဆိပ် ပေး ရပါသည် စစ်ဆေး ချက် ရပါသည်ရှိခိုး သံတော်ဦး တင်ရာ ထွင်တိမ်း ၍ နေ တော်မူသည်။

(26 July 1756)

(သက္ကရာဇ် ၁၁၁၈ ခု ဝါဆိုလပြည့်ကျော် ၁၅ ရက် နေ့)

( လောင်း စု၊ မှတ် ၁၀၊ စါ ၂၄၀ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရှမ်း ပြည်ယွန်း ပြည်မြန်မာပြည်ရာမည
တိုင်း မှစ၍သရေခေတ္တရာ ပေါက္ကံရာမ ကေတုမတီ တောင်ငူ မဏ္ဍရာမြင်စိုင်း ပင်း
ယပင်လယ်စစ်ကိုင်း အဝမှစ၍ထီး နန်း စိုက်ရာရာဇဌာနီပြည်ကြီး တိုင်း ကြီး ထီး
ဆောင်း စော်ဘွား မြို့စား အပေါင်း တို့နှင့်တကွအယုဇ္ဈပူရမည် သောရတနာ
သိင်္ဃကုန်း ဘောင် ရွှေပြည်ကြီး ကိုအစိုး ရတော်မူသောအရိန္ဒမာစကြာ ရွှေလှံရ
တနာဆင်ဖြူများ သခင်အကြည် တော်အလောင်း မင်း တရား ကြီး ကြွား အဝိ
သောဟံသာဝတီမြို့ကိုအစိုး ရသောအကြည် တော်၊ ဘုရား ရှင် ဟော တော်မူ သော
ပိဋကတ် တော်တွင် စိန္တိတပိဝိနဿတိအစိန္တိတံပိဘဝိဿတိဟူ သောဂါထာကို လောကန္ဓဖြစ်
ခြင်း ပျက်ခြင်း လောကဓံတရား ၈ ပါး ကိုနှလုံး သွင်း ၍ ငါလုပ်ရည်ကြံရည်ပညာသီ
လသမ္မာဓိစ သောမင်း ကျင့်တရား အပေါင်း နှင့်အကြည် တော်ဘုန်း လက်ရုံး အ
ရည်ပညာအင်အား မြို့၏အစာ ၄ ပါး များ နှင့်ကိုယ်နှုတ်နှလုံး အတိုင်း အရှည်ကို
ထောက်ထား ၍ ပညာနှင့်လုပ် ရေး ကြံ ရေး ကိုလုပ်ကြံမှသတ္တဝါအ ပေါင်း တို့၏အ
သက်စည်း စိမ်ကိုယ်သား သမီး တို့၏အသက်စီး စိမ်ဆိုရမည်၊ အတ္တနောမတိအယူကို
ယူ၍ ငါမင်း ကိုကား မာနကိုမသတ်လျှင် ဥပါဒ်ကြီး ရွာဖြစ်မည်၊ အကြည် တော်ကဆ
ရာဘုန်း ကြီး တို့ကိုစေရာတွင် ရာဇသံပြန်လိုက်သည့်စကား ရပ်များ ကိုနှလုံး မ
သွင်း သတိမရ၍ဆိုရာဆိုသင့်သည်ကိုမဆိုမပြန် နေသည်ဖြစ်မည်၊ စကား မဆက်မ
ရောက်မ ပေါက်သည်ကို ထောက် သော် ငါလည်ငါဟူ၍ မာန်စိတ်နှင့် နေသည်သာဖြစ်
မည်ဟူ၍ယူရသည်၊ ငါဘုန်း တော်ကိုခန့်ညား ကြောက်ရွံ့၍ စေပါသော်လည်း မူး
မတ် ကျေး ကျွန်တို့မ ပေါက်မ ရောက် နိုင်သည်ဖြစ်မည်ကိုမသိသော၍လည်း ဆိပ်တိုက်ပွဲ
တွင်ဘမ်း မိသည် င အောင်ငဲကိုရာဇသံစာနှင့် စေလွှတ်လိုက်သည်၊ လှေလည်း ၅၀
ကျော် ၆၀ ခန့်အစူးအစမ်း လွှတ်လိုက်သည်၊ မယုံလျှင်အကြည် တော်ပကိုး မင်း တွင်ရှိ
သမျှ လှေ ၁၀၀၀၊ ၁၀၀၀၀ ပင်ရှိ သော်လည်း ငါကအစူး အစမ်း လွှတ်သည့် လှေ ၆၀
သား တို့ကိုတိုက်လံ စေ တော့၊ ငါ လှေ ၆၀ ကိုပကိုး မင်း ကတိုက်လံ၍ ရလျှင်လည်း ပကိုး
မင်း နေရာနှင့်ပကိုး မင်း နေ တော့၊ ငါလည်း ငါ့နေနှင့် နေ တော်မူမည်၊
တိုက်လံ၍ မရလျှင်လည်း ပညာရှိ၏ ရှုံး ခြင်း ကိုနှလုံး ထား ၍ထိုက် လျော်သည့်အရာ
နှင့်လာ ရောက်လျှင်စည်း စိမ်မပျက်အသက်မသေ နေရာမနိမ့်ချမ်း သာရမည့်အ

28 September I756

ကြောင်းကိုချစ်ကြည်စွာ မေတ္တာနှင့်ကြား ရောက်သည်၊ ရွှေနန်းသခင်တွင်
သေချာ မေတ္တာနှင့် ငါခြယ်လှယ်သွယ် ရောင်ညီထွင်၍ထိကိုထိ မှတ်ပိုက် ပေလိုက်၏ထိုက်
နန်းစည်ယဲရှည်သည် စိတ်ယည် ပျောင်း အိလျှုပါသီ။

28 September I756

သက္ကရာဇ် ၁၁၁၈ ခုသတင်းကျွတ်လဆန်း ၅ ရက် နေ့င အောင်တွင်
ရုပ်ထီး ၁ နှင့် ပေး လိုက်သည်

( လောင်း မိန့်၊ မှတ် ၁၉၊ စါ၆၇ – ၈ )

ပဋိသန္ဓေစုတိ စိတ်တို့၏အကြာဝယ်ဖြစ်ကြတတ်စွာသော ရောဂါအစရှိအနိဋ္ဌဖလရုပ် အပေါင်း တို့သည်ကြာဘက် ပေါ်ထွင်တင်သော နှင်း ရည်ကဲ့သို့ လျောကျ ပြေ ပျောက် သည်ဖြစ်၍သက် တော်ရာ ကျော်မြင့်ရှည်တည်သည်ပဉ် လုံး ဘုန်း ကြက်သရေတက်သစ် သော နေလုလင်ဆန်း သစ် သောလကဲ့သို့သီရိယသသမ္ပတ္တိတို့သည်ကိုယ် တော်မြတ်၌အမြဲ တည်သည်ဖြစ်၍သာသနာ တော်အစီး အပွါး ကိုအဇာတသတ်မင်း ကာလသောကမင်း သီရိဓမ္မာသောကမင်းတို့ ကဲ့သို့ပြုစု ရွက် ဆောင် တော်မူလျှက် ဒါနသီလစ သော သူ တော် ကောင်း တို့၏တရား သည်ကိုယ်၌အမြဲတည် တော်မူသည်ဖြစ် သောဟုမှန်ဆရာ တော်၊

မြန်မာဆရာ တော်၊ယွန်း ဆရာ တော်၊ဂါမဝါသီအရညဝါသီဂိုဏ်း ပုဂ္ဂိုလ်သံဃာ အပေါင်း တို့သည်တနေ့မချား ဩဒိဿ မေတ္တာဖြင့်ရဟန်း တို့၏တရား နှင့်အညီ မေတ္တာရည်မှတ်ပို့အပ် သောအညာတိုင်း ကြီး ပြည်ကြီး များ အပေါင်း ကိုအစိုး ရ တော်မူ သောသာသနာ့ဒါယကာ တော်မဟာဓမ္မရာဇာမင်း မြတ်နှင့်ယခုဟံသာ ဝတီပြည်ကြီး ကိုအစိုး ရတော်မူ သောသာသနာ့ဒါယကာမဟာဓမ္မရာဇာမင်း မြတ် ၂ပါး တို့သည်သာဝကဆုပစ္စေကဗုဒ္ဓါဆု၊ သမ္မာသမ္ဗုဒ္ဓဆုဟူ၍ဆုသုံး ပါး တို့တွင်ထူး မြတ် လွန်ကဲ သောသမ္မာသမ္ဗုဒ္ဓဆုကို တောင်း တော်မူသည့်ကိုယ် တော်မြတ်ဖြစ်ကြပါသည်ကို ဝေနေယျသတ္တဝါတို့၏ ချမ်း သာကိုရွက် ဆောင် တော်မူကြပါမှ ဝေနေယျသတ္တဝါအ ပေါင်း တို့သည်မင်း မြတ်၂ပါး ကိုမှီ၍ ချမ်း သာပါမည်၊ဝေနေယျချမ်း သာပါလျှင် လည်း သမ္မာသမ္ဗုဒ္ဓဆုကိုပန် တော်မူသည်နှင့်အညီပြည့် တော်မူကြမည့်အကြောင်း ရှိ ပါသည်၊ ကုသိုလ်တရား သာလျှင်ပကတူပအကြောင်း ရင်း ခံ၍ထူး မြတ် သောရွှေ ဘုံ ရွှေနန်း သခင် ရေနှင့် မြေကိုအစိုး ရ တော်မူ သောမင်း မြတ်အဖြစ်ကိုရကြပါ သည်၊ နောက် နောက် သောဘဝတိုင်း လည်း ဤကဲ့သို့ဖြစ်ခြင်း ၏အကြောင်း ကုသိုလ် တရား ၌ မေ့လျော့ရာကျခဲ့လျှင်ပမာဒတရား ၏အကျိုး စီး ပွါး နည်း စေတတ် သောအဖြစ်ကိုလည်း အဟံဘိက္ခဝေအညံ ဧကဓမ္မံ ဝိသမနုဿမိ ယောဧဝံပမာ တောအ နတ္ထာယသံဝတ္တ၊ ယထယိဒံဘိက္ခဝေ ပမာဒေါဘိက္ခဝေ ပမာ တောအနတ္တာယသံဝတ္တတီအစ ရှိသည်ဖြင့် ဟော တော်မူ သောတရား တော်ကိုရွှေနှလုံး တော်မြတ်သွင်း တော် မူသဖြင့်ငင်း၊ အပမာဒေါအမတံပမာဒေါမစ္စုနောပဒံအပ္ပမတ္တာနမီယန္တိ ယေပမတ္တာယထာမတာဟူ၍ ဟော တော်မူအပ် သောဒေသနာ တော်မြတ်ကိုငင်း၊

အကောမေနဇ်နာကောဓ်အာသာမုံသာမုနာဇ်နေ၊ဇ်နေကဒရိယံဒါ်နေနဇ်နေ၊ သစွနဥ လိကဝါဒိန်ဟူ၍ ဟော တော်မူသော တရား တော်ကိုငှင်း၊ သံဝရမင်း မြတ်ဖြစ် တော်မူသောအခါရန်ကို အောင်မြင်သောထုံး ကိုငှင်း၊ မဟာသီလဝစမ္မရာဇ်မင်း မြတ်ဖြစ် တော်မူသောအခါသီလတန်ခိုး ဖြင့်ရန်ကို အောင်မြင်သောထုံး ဇံကိုငှင်း၊ ဒီဃာဝုမင်း မြတ်ဖြစ် တော်မူသောကာလဌ် ချစ်မေတ္တာကိုရှည်စေ၍ ရန်စကိုတို စေသဖြင့်ရန်ကို အောင်မြင်သောထုံး ဇံကိုငှင်း၊ ဟံသာဝတီပြည်ကြီး ကိုအစိုးရသောဘုရင်ရာဇာဓိရာဇ်သည်သမ္ဘာသမ္မုဒ္ဓဆုကိုပန် တော်မူသည်နှင့်အညီ လောဘနိုင်ငံ ဒေါသနိုင်ငံ မောဟနိုင်ငံသို့မလိုက်မူ၍ အကြည်အသာမိတ်သဟါအဖြစ်ဖြင့် စုန်သွား ဘူး လေသည့်ထုံး ဇံကိုငှင်း ရှေ့နှလုံး တော်မြတ်ဆင်ခြင် တော်မူ၍အကြည်အသာရာဇာမဟာမိတ်သဟာယအား ဖြင့်မင်း မြတ်၂ပါး ဖြစ်ကြမှ ဝေနေယျသတ္တဝါအပေါင်း တို့သည်ကာယသုခ စိတ္တသုခ ၂ပါး သောချမ်း သာကိုရကြပါမည်၊ သာသနာ တော်တွင်း ဒွိပဗ္ဗပွနံသံသရာအကျိုး စီး ပွါး ၂ပါး ကိုသိမြင် သောဘုရား တပည့်သား သင်္ဃာ တော်တစုတို့၏ပြုဝါဒ မေတ္တာကိုခံကြပါ၍ ညီနှင့်အစ်ကိုကဲ့သို့ ဌ်ကြပါလျှင် နောင်လာလတ္တံ့သောဘုရား တို့ဌ်ကြိုကြိုက် သောကာလ၌သူမြတ် ၂ယောက်တို့သည်သူ တော် ကောင်း တို့၏ စကား ကိုနာခံ၍ ရန်စကိုဖြတ်၍ ချစ်စကိုရှည် စေ သော်မင်းနှစ် ယောက် ပေါင်ကဲ့သို့ ပင်ဘုရါးဖြစ်လတံ့ဟူ၍ ဗျာဒိတ် တော်တည်းဟူ သော်မဥ္စူသကပန်းကိုညီ နောင် နှစ်ပါး ဘုရား ဆုကို တောင်း တော်မူသည်နှင့်အညီပန်ဆင်ပါစေခြင် သော ကြောင့် မွန်ဆရာ တော်မြန်မာဆရာ တော်ယွန်း ဆရာ တော်သင်္ဃာ တော်အပေါင်း တို့၏ မေတ္တာစာဖြင့်သာသနာ့ဒါယကာမင်း မြတ်၂ပါး ကိုမေတ္တာရပ်ခံပါသည်။

I9 October I756

သက္ကရာဇ် ၁၁၁၈ ခုသတင်း ကျွတ်လပြည့် ကျော်၁၁ရက် နေ့ဟံသာဝတီ ကပန်း ဈေး တပ်သို့ဘုန်း ကြီး ပညာဒီပမြန်မာဘုန်း ကြီး သီရိသဒ္ဓမ္မငှင်း ဇံမ လာစာရငှင်း စန္ဒသိရိငှင်း ဝရပညာသာမ ကော့တို့တွင်ပါသည့်စာ။

( လောင်း မိန့်၊ မှတ်၂၀၊ စါရ၁-၂၊ ကုန်း ၊ ပထမ၁၉၆၇၊ စါ၂၀၂-၄ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောသုနာပရန်တမ္ဗဒီပကမ္ဘောစရာ
မညစသော ဇမ္ဗူဒိတ် မြေပြင်၌ထီး ဆောင်း စော်ဘွား တို့ကိုအစိုး ပိုင် တော်မူ
သောအရိန္ဒမာစကြာ ရွှေလှံရတနာဆင်ဖြူများ သခင်အာဒိစ္စဝံသနေမင်း ၏
အဆက်အနွယ်ဖြစ် တော်မူ သောအယုဇ္ဈပူရမည် သောရတနာသိင်္ဃကုန်း ဘောင်ရွှေ
ပြည်ကြီး ကိုအစိုး ရ တော်မူ သောသာသနဒါယကာ တော်အလောင်း မင်း တရား
ကြီး ဘုရား ၅၂၀ ပါး သော မေတ္တာနှင့်ကြွား အပ် သောရှမ်း ယွန်း မြန်မာတ
လိုင်း ဒဝယ်စ သောဆရာ တော်များ တို့၊ပန်း တို့၏ရနံ့ ကျေး ဇူး သည် လေ ကြေအ
ရပ်၌သော မွှေး ပျံ့သည်၊လောက၌မင်း တို့ဝယ်စီး နင်း သုံး ဆောင်ခြင်း ယဉ်သံ
လျှင်မင်း ခမ်း မင်း နား မင်း မြောက်တံဆာစသည်တို့ကိုမြင် သောလူတို့မျက်စေ့
၌သာ ကျေး ဇူး သတင်း ဖြစ်သည်၊ အရပ်၄မျက်နှာ ရှစ်မျက်နှာ ၁၀မျက်နှာသို့ ကျေး
ဇူး သတင်း မကျော်မစော ဘုရား သဗ္ဗညု ဟော တော်မူ သောပိဋကတ်ကျမ်း ဂန်
ဓမ္မခန္ဓာစသည်တို့၌ပညတ် ဟော တော်မူသည်အတိုင်း ဘုရား အလောင်း သူတော်
ကောင်း တို့ကျင့် ကြောင်း ကျင့်ရာဖြစ် သောကျင့်ဝတ်တရား တို့၌ကျင့် ဆောင် သော
ကိုယ်နှုတ်နှလုံး မင်း ကျင့်တရား ဆယ်ပါး ရပါး စသည်တို့ကိုသာအရပ်ရှစ်မျက်နှာပျံ့
လွင့်ကျော် စောချင်း ကိုဘုရား စ သောသူတော် ကောင်း တို့၌ လျှောက်ပတ်၍လူ
နတ်ပြဟ္မာသတ္တဝါအ ပေါင်း တို့ ကျော် စောထင်ရှား ခြင်း ဖြစ်သည်ဘုရား အလောင်း
သူတော် ကောင်း တို့လည်း ဒေါသကို ရှေ့ မေတ္တာကို နောက် မေတ္တာကို ရှေ့ ဒေါသကို
နောက်ကာလ ဒေသအရပ်အခါအချိန်အလား အလာအမှုအ ကြောင်း မှာသာအရင်း
ပဋ္ဌာနဖြစ်သည်၊ ဆရာ တော်တို့ လောကစိတ်ဖြစ်၍တုန်လှုပ်သင့် တော့သည်၊ မည်
သည်ကိုမျှ ကြောင့်ကြစိုး ရိမ်ခြင်း မရှိကုန်နှင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့မှာ
ငါသာသနာ တော်ပြုဘုန်း ကြမ္ဘာရှင်မင်း ဖြစ် တော်မူသည်၊ ထုံး ဟောင်း စံ
ဟောင်း သိမှီသူတို့ကို မေး မြန်း ၍မြန်မာဦးစွန်း ထွန်း ရာ ကေတုမဒီ တောင်
ငူရာမညဟံသာဝတီသရေခေတ္တရာပြည်အရိမဒ္ဒနာပုဂံရတနာပူရအဝမှစ၍
ပြည်အဆက်ဆ[illegible]မင်းအဆက်ဆက်တွင်ထုံး ဟောင်း အများ ရှိ တော့သည်၊ အရိမဒ္ဒနာ
ပေါက္ကာရာမ၌လည်း ကျောင်းဖြူမင်း အရိန္ဒမာလှံစကြာစသည်တို့ကိုသကြား သ၍
ပေါက္ကာရာမပြည်ကိုသိမ်း သည့်ကာလပြည်သူပြည်သား သတ္တဝါအ ပေါင်း တို့ဝယ်မင်း

မဖြစ်မီရန်စစ်ကမင်း လောင်း ပေါက် ရောက် တော့မည်အညီအညွတ်ရဟန်း ရှင်လူဆိုကြကုန်သည်ကာလ နေ့ရက် ရောက်၍ မင်း လောင်း လာစည်ပြည်သူတို့မင်း နှင့်ထိုက် လျောက် သော ခရီး ကိုသုတ်သင်၍ ရေအိုး စင်ပန်း ပေါက် ပေါက်လက်စွဲကာမင်း လောင်း ကိုပူဇော်မည်ငံ့လျက် နေကုန်သည်ကာလပြည်သူပြည်သား တို့ဥပါဒ်မရှိကာယသုခစိတ္တသုခ ၂ ပါး ကိုရကြဘူး သည့်ထုံး လည်း အထင်အရှား ဖြစ်သည်များ နှင့်ဟံသာဝတီမင်း နှင့်အကြိမ်ကြိမ်စစ်ဆိုင်သည်ကိုသာဟံသာဝတီသား တို့သာ သိသည်၊ ရှမ်း ပြည်ယွန်း ပြည်နှင့်စစ်ဆိုင်သည်ကိုလည်း ရှမ်း ပြည်ယွန်း ပြည်၌သာသိသည်၊ ပြည်ထောင်ရာဇင်း မင်း အပေါင်း တို့ပင်ပျပ်ဝပ်ကျိုး နွံ၍ ရှမ်း ပြည်ယွန်း ပြည်ကသည်း ကချင်ကုလား ချင်း စသောလူမျိုး အပေါင်း တို့ပင်အထိုက်အလိုက်ဘုန်း ကြမ္မာကိုသိမြင်ကြလျှင်ကျိုး နွံကြ၍ကာယသုခစိတ္တသုခကိုရကြကုန်သည်လည်း အများ ပင်မျက် မှောက်ထုံး စံငါ့ဝယ်ရှိသည်၊မကျိုး မနွံသည်ဟူ၍ နေရမည်မဟုတ် ကြောင်း ကိုလည်း ပကိုး မင်း ပြုသသူမှစ၍အများ အသိပင်ဖြစ်သည်ကိုလည်း အထူး အမိန့်တော်မရှိသင့် ကြောင်း ကို မေတ္တာနှင့်ကြား ရောက်သည်။

I9 October I756

သက္ကရာဇ် ၁၁၁၈ ခုသတင်း ကျွတ်လပြည့်ကျော် ၁၁ ရက် နေ့ပကိုး က ရော်သည့်ဘုန်း ကြီး ပညာဒီပနှင့်မြန်မာရဟန်း ၅ သာမဏေ ၃ ရှမ်း ဘုန်း ကြီး ၂ ရှမ်း သာမဏေ ၂ တို့ထွင် ပေး လိုက်သည်

( လောင်း မိန့်၊ မှတ် ၂၁၊ စာ ၂၀၄-၅၊ ကုန်း ၊ ပထမ၊ ၁၉၆၈၊ စာ ၂၀၄-၅ )

ခြောက်ပါး သော ရောင်ခြည် တော်တို့ဖြင့်ထွန်း လင်း သော ဥာဘို သောလူတို့၏
အရှင်ဖြစ် တော်မူ သော သဗ္ဗညုဘုရား သခင်သည်ဇာတိသံသာရဘဝသံသာရသဗ္ဗ
ညုဘုရား ဖြစ် ကြောင်း ပါရမီတို့ကိုဖြည့် တော်မူခြင်း နှလုံး သည်း ပွတ်မျက်လုံး အ
သက်အင်္ဂါမြတ် သောအနဂ္ဃရတနာပဉ္စသည်း လေး ပါး တို့ကိုစွန့်လှူ၍ဘုရား ရှင်ရဟ
န္တာမြတ်တို့သပိတ် တော်တို့ကို လောင်း ရဘူး သော ရှေး ဘဝကမြတ် သော စိတ်နှလုံး
ရှိသဖြင့်သူ၏စည်း စိမ်တို့၌တပ်မက် မော သော သဘောအလိုမရှိသည်ဖြစ်၍သဗ္ဗညု
တညာဏ်ကိုရ တော်မူလျှင်သတ္တဝါအ ပေါင်း တို့အား ကယ်ဆယ် တော်မူ၍ နိဗ္ဗာန် ရွှေ
ပြည်ကြီး သို့ပို့တင် တော်မူသည်လည်း အလှူကောင်း မှုဘုရား ရှင်သပိတ် တော်ကို
လောင်း ကြရ သော စေတနာအား ဖြင့်ဘုရား ဗျာဒိတ် တော်ကိုကျွန်ုပ်တို့ညီ နောင်
ခံကြရ၍တသာသနာတည်း ၌တရား သဖြင့်သတ္တဝါတို့ကို စောင်မသည့်ဗျာဒိတ် တော်
အတိုင်း သီရိဟံသာဝတီရာဇဓာနီသကြား မင်း သမုတ် သောအင်္ဂါ ၄ ပါး နှင့်ပြည့်စုံ
သော ရွှေပြည်ကြီး ၌ထီး နန်း ကနက်စိုက်လျက်အကြည် တော်ရာဇာဘိသေကကိုခံသည်၊
မင်း ကျင့်တရား ၁၀ ပါး ၌တည်၍ကြီး သူသမ္ဘာတို့၌သီလသတင်း စောင့်လျက် ကောင်း
မှုကုသိုလ်တရား တို့သည်အခါခပ်သိမ်း မမေ့မ လျော့ရန်သူတို့၌ ဒေါသကြီး ခြင်း မရှိ
သဗ္ဗညုတညာဏ်ကို ပြည့်စုံ အောင်ဖြည့်သည်၊ အကြည် တော်ကျွန်ုပ်ညီမှာလည်း ဘုရား
ရှင်သပိတ် တော်ကို လောင်း ၍ ဗျာဒိတ် တော်ကိုခံရလျက်ဘုန်း တံခိုး ကြီး ၍ ရတနာ
သိင်္ဃကုန်း ဘောင်ပြည်ကြီး ၌ထီး နန်း ကနက်စိုက်၍သတ္တဝါအ ပေါင်း တို့ကို စောင်မ
လျက်သာသနာ တော်ကို စောင့် ဆောင်သည်၊ သဗ္ဗညုတဆုကို တောင်း သည် ကောင်း
သော အယူကိုယူသည်ရန်သူ၌ ဒေါသကြီး ခြင်း မရှိရန်တုန့်မမူ ကြောင်း များ ကိုညီ
တော်ကစာ ပေး လိုက်၍ကြား ရလျှင် အောက် မေ့ဆွတ်လွတ်ခြင်းရှိသည် ရှေး ကံကုသိုလ်
မရောက် သေး ၍အပြုအမူခဲခက်ရ လေသည်များ ကိုမ အောက် မေ့ပါနှင့် ရှေ့အနာ
ဂတ်အကျိုး စီး ပွါးများ ၍သဗ္ဗညုတဘုရား ဆုကိုပြည့်မည်အ ကြောင်း ကျွန်ုပ်ညီအကြည်
တော်နှလုံး သွင်း ၍ မင်္ဂလာစကား ကိုကြား ရသည်၊ နောက်ဂတ်ဆိုသည်အတိုင်း မ ဘောက်
မပြန်မြဲမြံစွာယုတ္တိရှိပါသည်ဖြစ်လျှင်ကျွန်ုပ် နှင့်ကျွန်ုပ်ညီအကြည် တော်ဂတ်သစ္စာမြဲ စေ
လျက်ကဗ္ဗီ လဝတ်ပြည် ကောလိယပြည်ကဲ့သို့မိတ်ဖြစ်၍ကျွန်ုပ်ညီအကြည် တော်နှလုံး ရှိသည့်
အတိုင်း ဖြစ်ရမည်၊ သီရိဟံသာဝတီပြည်ကြီး နှင့်ရတနာသိင်္ဃကုန်း ဘောင်ရွှေပြည်

ကြီး သည် ရွှေလမ်း ဖြစ်၍တာဝတိံသာ နတ်ပြည်ကဲ့သို့ စည်ပင်သာယာမည့်အကြောင်း သည်အနာဂတ်၌ဆုံးဘွယ်မရှိပြီ။ အကြည်တော်သည်လည်း အရှည်ကိုမြင်သူဖြစ်၍ ကျွန်ုပ် သက်ကြီး ရွယ်ရင့်ကိုအဘကဲ့ပြု၍ သေနင်္ဂအား ဖြင့်ချီလာရာမှ သူရဲသူခက်ရဲမက်စစ် သည်ဗိုလ်ပါသတ္တဝါအပေါင်း တုန်လှုပ်ခြင်း ရှိကြ၍ စိတ်၏ချမ်း သာကိုမရကြဖြစ်သည့် အရာသည်ဝပ်ပါက်သာဆက်ကြ တော့မည်သည်အကြောင်း ကိုပယ် ဖျောက်၍ဘုရား ရှင် ဆံတော်မြတ် ရှစ်ဆူထွန်း ပသောအရပ်၌ မိတ်သဟာယဖြစ် ရလျှင်ဆို ဖွယ်ရာမရှိပြီ။ အကြည်တော်မှာလည်း အမျိုး အမတ်ပညာရှိအရှည်ကိုမြင် မျှော်သသူတ ယောက်မျှမ လာစေ။ လူဖြစ်ဆန်း သုန်ပန်ရသသူတို့တွင်သာ စာ ပေး လိုက်ခဲ့သည်။ ယခုမည်သို့ အကြည်တော်နှလုံး ကအလိုရှိ ကြောင်း ကိုဧကဝုတ်ယုတ္တိသိသာ အောင်ပညား ရာဇာ စတုဒေဝန်။ ဒေါဂုန္နဒေဝအံမ်တို့ကို စေလိုက်သည်အကြည်တော်သို့ ရောက်လျှင်စကား မျိုး အလုံး စုံကိုအရှည်သိမြင်သူညာဏ်ပညာရှိတို့ကိုလာစေလျှင်အခင်း ကိစ္စမျိုး သည် ပြီး ပြေ၍ကျွန်ုပ်နှင့်ကျွန်ုပ်ညီအကြည်တော်မဂ် ဖိုလ်နိဗ္ဗာန်အကျိုး ကိုခံစား ရတော့ မည်။

25 October I756

သက္ကရာဇ် ၁၁၁၈ ခုတန် ဆောင်မုန်း လဆန်း ၃ ရက် နေ့အဝက ရွှေ ပို့စေသည်ငဦး ဗညား ရာဇာ၊ စတုဒေဝန်း ခံသူ၊ တလိုင် ဒေါဂုန္နဒေဝအံန် ရဟန်း ပညာဒီပဝံမလာစာရတို့နှင့်ပန်း ဈေး တပ်တော်သို့ရောက်သည့်စာ စက္ကူတွင်မင် ရေး ကံပတ် ရွှေ ငွေကြုတ် ရွှေဖြင့်အိပ်သွတ်။

( လောင်း မိန့်၊ မှတ် ၂၂၊ စါ ၁၃-၄ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောသာသနာ့ဒါယကာ တော်လက်နက်စကြာ ရတနာဆင်ဖြူမျှား သခင်အကြည် တော်အလောင်း မင်း တရား ကြီး ချစ်ကြည်စွာ မေတ္တာနှင့်ကြား အပ် သောပကိုး မင်း ယခုရှိ တော်မူလှာသည် မှာရန်ပြုမည်မလဲ သာသနာ တော်မြတ်အစီး အပွါး ပြည်သူလူတကာတို့အစီး အပွါး တရား မတည် သော သူတို့အား တရား သဖြင့်ဖြစ်ခြင်း သံသရာအစီး အပွါး ကို ထောက်၍တိုင်း ခရိုင်နိုင် ငံလှည့်လည် တော်မူသည်၊ ပကိုး မင်း ပြည်ရွာသို့ ရောက်မှဘုရား ဆုကိုပန် သောသူ တို့၏ စိတ်နှလုံး သည် ခဏ်ထန် သောသဘောနှင့် ရန်ပြုနှင့်၍ တွေ့မြင်ရသည်ဖြစ် တော့ သည်အတိုင်း တိုင်း အပြည်ပြည်တီး ဆောင်း နန်း နေစေတော်ဘွား မြို့စား အပေါင်း တို့အလျှောက်အပတ်မင်း ဧကရာဇ်နှင့်ထိုက်တန် သောစကား ကိုဆို၍ကျိုး နွံလျှင်အထူး မရှိတရား ၌တည် အောင်ဆုံး မပဲ့ပြင်၍ကာယသုခ စိတ္တသုခ ၂ ပါး ကိုဖြစ် စေသည်စ ကား သစ္စာသာလျှင် လောကဓမ္မကို ဆောင်ရွက်မြဲထုံး သက် သေအများ ဘုရား စ သောသူ တော် ကောင်း တို့ ဟော တော်မူသည်ထုံး ဟောင်းပုံဖြင့်ရာဇဝင်စ သော အစည်အကား တို့ကိုလည်း မင်း တို့ဝယ် လေ့လာကျွမ်း ကျင်မြဲဖြစ်သည်၊ တိုင်း ကြီး ပြည် ကြီး တို့ကိုစိုး အုပ် သောသူတို့မည်သည်သတ္တဝါတို့အသက်စည်း စိမ်ကိုသာ ချစ် ရမည်ကိုအသက် စည်း စိမ်ကိုစိုး ရိမ် ရမည်မဟုတ် ကြောင်း ကိုချစ်ကြည်စွာ မေတ္တာနှင့်ကြား ရောက် သည်။

25 October I756

သက္ကရာဇ် ၁၁၁၈ ခုတန်ဆောင်မုန်း လဆန်း ၃ ရက် ၂ နေ့

( လောင်း မိန့်၊ မှတ် ၂၃၊ စါ ၁၅ )

ဟံသာဝတီမြို့အနောက်ကျိုက်ကိုး ဘုရား မှာဌာပနာ၍ဘုရား ရှင်ဆံတော်ရှိ ကြောင်း ကိုတလိုင်း တို့မှာ ပြောဆိုကြသည့်စကား အတိုင်း မှန်ရာသည်၊ ဆံတော် ကိုတူး၍ ရွှေမြို့တော်သို့ ဆောင်ယူပြီး လျှင်သင့်ရာကြံ ဆောင်ရသော်သင့်မည်ထင် သည့်အကြောင်း ကို ဇေယျကျော်စွာဆရာ တော်မှာ လျှောက်ထား ရမည်။

9 December 1756

သက္ကရာဇ် ၁၁၁၈ ခု နတော်လပြည့်ကျော် ၃ ရက် နေ့ရန်ကုန်နန်း တော်တွင်အမိန့်တော်ရှိသည်။

( လောင်း မိန့်၊ မှတ် ၂၇၊ စာ၉၉ )

ရာမညတိုင်း ဟံသာဝတီပြည်ကြီး ကိုစိုးအုပ်တော်မူသောမင်းတရားကြီး ချစ်ကြည်စွာကြား ရောက်အပ်သောတိုင်းကြီး ပြည်ကြီး အပေါင်း နှင့်ရတနာသိင်္ဃကုန်း ဘောင်ပြည်ကြီး ကိုစိုးအုပ်တော်မူသောအကြည်တော်မင်းတရားကြီး ရွှေစကားတော်ချီတော်မူလာကြောင်း ကိုကြား ရသည်မှစ၍ယခုတိုင်ရောက်တော်မူလျှင်ဆီး ကြို၍တိုက်မည်အကြံရှိ၍မြို့ပြကျုံး မြောင်း မှစ၍ပြည်ကြီး၏အင်္ဂါအလုံး စုံကိုညည်နေ့ရှုံ၍နေပါသည် ရှေး ပုပ္ပကမ္မအကြောင်း တော်အား ဖြင့်ဘုန်း တော်တန်ခိုး တော်အကြံအစည်တော်တို့သည်တနေ့တပါး တိုး ပွါး ၍ကြီး မြတ်တော်မူလှသောကြောင့် အကြည်တော်ကိုအကြံအစည်ကျုံး စား ပါသမျှမဖြစ်နိုင်ရှိခဲ့ရသည်သဗ္ဗညုဆုကိုတောင်း တော်မူသည်နှင့်အညီသည်း ခံတော်မူခြင်း ပါရမီကိုဖြည့်စေခြင်ပါသည်၊ အထက်က ရာဇသံစာတွင်ပါသည့်အတိုင်း ဘုရိဒတ်ဇာတ်တော်မှာရာဇမဟာမိတ်ဖြစ်သကဲ့သို့ရာဇမဟာမိတ်ဖြစ်၍ ရာမညတိုင်း တွင်မျှအခင်း ရှိလျှင်လည်း ဘုန်း တော်ကိုမှီ၍သာသနာတော်အစီး အပွါး ကိုဆောင်ရွက်ရပါမည်အကြောင်း နှင့်ပြည်သူလူတကာသတ္တဝါတို့ချမ်း သာပါမည့်အကြောင်း ကိုရှစ်ထောင့်ဘုန်း တော်ကြီး နှင့်မင်းရာဇာတို့ကိုလာပါစေသည်အကြောင်း ကိုအတိုင်း ထက်အလွန်ချစ်ကြည်စွာကြား ရောပါသည်။

I3 December I756

သက္ကရာဇ်၁၁၁၈ ခုနတ်တော်လပြည့်ကျော်၇ရက်နေ့ပကိုး ကရှစ်ထောင့်ကျောင်း ဘုန်း ကြီး နှင့်ရဟန်း ၆ပါး မင်း ရာဇာဟောင်း နှင့်လူ၂၄၊ မင်္ဂလာတပ်တော်အောင်မြေစံတော်မူရာရောက်သည်ပရပိုက်စာအိတ်ရွှေဖြင့်ငင်း အိတ်ကိုအိတ်ဖြူသွတ်၍ဟံသာတံဆိပ်နှင့်ပါသည်။

( လောင်း မိန့်၊ မှတ်၂၄၊ စာ၈၈၊ ကုန်း ၊ ပထမ၊ ၁၉၆၈၊ စာ၂၂၁-၂တွင် သက္ကရာဇ်၁၁၁၈ခုနတ်တော်လပြည့်ကျော်၁၄ရက်ဟုပါသည် )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သာသနာ့ဒါယကာ တော်ဖြစ်တော်မူ သောအဂ္ဂမဟာစကြာ ရတနာဆင်ဖြူများ သခင်ပြည်အဆောင် ဆောင် သော ရွှေ နန်း ပြဿဒ်သခင်တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း စေ့ဘွား မြှို့ စား များ သခင်အာဒိစ္စဝံသ နေမင်း ၏အဆက်အနွယ်ဖြစ် တော်မူ သောအ လေါင်း မင်း တရား ကြီး ချစ်ကြည်စွာကြား ရောက်အပ် သောပကိုး မင်း ၊ နံဗ္ဗာနကူး ဆိပ်ဖြစ် သောဇမ္ဗူဒီပါကျွန်း ၌လူအဖြစ်ကိုရခဲ ကြောင်း ကို မြေကအပ်တစင်း စိုက်၍ အထက်ဘဝဂ်ကအပ်တစင်း ချ သော်အပ်သွား ခြင်း ဆိုင်မိရာ၏လူအဖြစ်ကိုအလွန်ရ ခဲသည်သုံး လူအထွတ်ဘုရား သခင် ဟော တော်မူသည်တရား တော်ကို ထောက်၍ပြည် မြို့ကပင်တဝများ တွင်အကြံမကြံမိစာသွဲ့ထား ပြုသည်၊ သတ္တဝါအ ပေါင်း အသက်စည်း စိမ်ကို ထောက်၍ယခုလည်း တနေ့မပြတ်ပင် အောက်မေ့တော်မူသည်၊ ပကိုး မင်း လည်း သည်စည်း စိမ်နှင့်ကမ္ဘာပတ်လုံး တည်မည်မဟုတ်၊ ငါလည်း ၄င်း နည်း ပင် ဖြစ်တတ်ပျက်တတ် သောသဘောတရား သည်အသက်စည်း စိမ်၌ သောသတ္တဝါကိုမဆို နှင့်ဦး မြင်မိုရ်စကြာဝဠာမှ သော်လည်း အပိုင်း အခြား ကာလ ရောက်လျှင်ပျက် စီး ရသည်ပကိုး မင်း လည်း သတ္တဝါအ ပေါင်း တို့မှီခိုရာသတ္တဝါအ ပေါင်း တို့၏ စီး ပွါး ကို ဆောင်သည်ပင်ပြုသည်၊ ငါလည်း ပြည်သူသတ္တဝါသာသနာ တော်အစီး အပွါး ကို ဆေါင ရွက် တော်မူသည်၊ ငါကိုစီး ပွါး ဖြစ် စေဟူ၍အစွဲအယူမ၌ နံဗ္ဗာနသာလျှင်အမြဲတည် သည်ကို ထောက၍ အောက် မေ့လျက်ပင် နေ တော်မူသည်၊ တ ယောက်ဖြည်း ညှင်း သာ ယာလို သော်လည်း တ ယောက် ခက်ထက်တခြား အမှုအခင်း ကဲ့သို့မဟုတ်သာသနာ တော် စီး ပွါး မှုဖြစ်သည်၊ ဘုရိဒတ်ဇာတ်ကိုနှလုံး သွင်း သင့်သည်ရာဇသံစာတွင်ပါသည့်အ တိုင်း သဘောမှန်လျှင်သင့် တော့သည်၊ မှန်မြဲမဟုတ်ကလည်း ယုံရခဲမြဲဖြစ်သည်၊ တ ရား စောင့် သောမင်း တို့၏အလုပ်အာသံသည်ကား ဝရဇိန်မိုး ကြိုး စက်ကဲ့သို့တ ချက်ပြင် ၂ ချက်ထပ်၍ဆိုမြဲမဟုတ် ကြောင်း ကိုချစ်ကြည်စွာ မေတ္တာနှင့်ကြား ရောက် သည်။

I9 December I756

သက္ကရာဇ် ၁၁၁၈ ခုနတ် တော်လပြည့် ကျော် ၁၃ ရက် နေ့ပကိုး သို့မင်း ; ရာဇာဂုရှစ် ထောင့် ကျောင်း ဘုန်း ကြီး တို့တွင်ပြန် ပေး သည့်ရာဇသံအမိန့် တော် စါပ ရပိုက် ရေး စက္ကူရစ်ကိုအိတ်နီသွတ်၍တံဆိပ်မခပ် ပေး သည်၊ သဇင်ပန်း ကိုလည်း

ပေး တော်မူ၍လာသူသံတို့ကိုသွား စေသည်။
( လှောင်း မိန့်၊ မှတ် ၂၅၊ စာ ၉၀ )

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အပြည်ပြည့်မြို့မြို့အတိုင်းတိုင်းသခင်ဖြစ်တော်မူသော သာသနာ့ဒါယကာတော် ရေမြေသခင်ဘဝရှင်အလောင်းမင်းတရားကြီး ဘုရား ဆရာတော်အမိန့်တော်ရှိသည် စော်ဘွား မြို့စား အစီရင်ဝန်ချုပ်ပြန်ရက်တို့၊ အရှေ့တလျှည် တောင်စည်မျက်မည်အရှေ့တလွှား ထွားထွား ညက်မည် မနေ့အပ်ကုန်မြန်မာပြည်သို့ရှည်လေကုန်ဟူ၍ ပညာရှိတို့ဆိုဘူး သည်သိုက်နမိတ်အလိုကို သတိရှိသည့်အတိုင်း အကြောင်းကို မြော်ထောက်၍ကိုယ်နှင့်တကွလူတကာတို့စီးပွါးချမ်းသာဖြစ်စိမ့်မည်ကိုရည်၍ ရွှေပြည်ရွှေမြို့တော်အဂ္ဂမဟာသေနာပတိထံသို့၎ ခိုးသံတော်ဦးတင်စာနှင့်စေခန့်အသနား တော်ခံလျှောက်လှာစေသည်မှာသင့်လှသည်ပင်၊ တယောက်လိမ္မာလျှင်တရွာချမ်းသာ၏ တယောက်ကောင်းလျှင်တသောင်းကြွယ်၏ ရှေးသူဟောင်းတို့ဆိုဘူး သောထုံးစံနှင့်အညီဖြစ်တော့သည်၊ ကျေးဇူးသစ္စါတော်ကိုခံ၍ကြမ္မာတို့နှင့်မကင်း မကွာသာသနာပြုဘက် ယော၊ဆော၊လောင်ရှည်၊ ထီးလင်း၊ကနီ၊ မင်ကင်း၊ ကလေး၊ အော်ပလက်၊ သောင်သွပ်၊ ဝန်းသို၊ မိုးညှင်း၊ မိုးကောင်း၊ မိုးမိတ်၊ သိန်းနီ၊ သီပေါ၊ လဲချား၊ ယောက်စောက်၊ ညောင်ရွှေ၊ တောင်တွင်း၊ ပင်း၊ နတ်မောက်၊ စကု၊ စလင်း၊ ဖေါင်လင်း၊ လယ်ကိုင်း၊ ပြည်၊ သာယာဝတီ၊ ဒဂုန်၊ ဒလ၊ ပုသိန်၊ မြောင်းမြ၊ မုတ္တမ ၃၂ မြို့မှစ၍အရပ်ရပ်တိုင်းကြီး ခရိုင်တို့လည်း ကျေးဇူးသစ္စာတော်ကိုခံ၍ လက်နက်တော်နိုင်ငံတော်ချည်းဖြစ်ကြလေပြီးသည်၊ အဆက်ဆက်သောမင်းတို့လက်ထက်ပင်ကျေးဇူးသစ္စာတော်ကိုမခံ တောင်ပုန်း မြောက်တိမ်း နေသည့်ကချင်၊ ကရင်၊ လဝ၊ ခတီ၊ အင်ကြွယ်စသောလူမျိုးအပေါင်းတို့သည်လည်း ကျေးဇူးသစ္စာတော်ကိုခံ၍ရှိကြလေပြီးသည်၊ မရှိုက်ခင်ကဒိုလင့်သည်၊ မရောက်ခင်ကကြိုလင့်သည် ဆိုသောအရာလည်း မင်းခစားခြင်း၌လိမ္မာကုန်သောကျွန်တော်မျိုးတို့ဓမ္မတါထုံးပင်ဖြစ်တော့သည်၊ ဘဝရှင်မင်းတရားကြီးမှာပြည်ထောင်ပြုမင်းသာမဟုတ်ပြည်ထောင်ပြုသာသနာပြုမင်း ကေရာဇ်ဖြစ်တော်မူ၍ ခိုင်မာသောသူတို့ကိုတွေ့တော်မူလျှင်ဘီလူး၊နူးညံ့သောသူတို့ကိုတွေ့လျှင်သကြား၊ ပြည်ထဲရေးမှာသံချောင်း၊ ဓမ္မကံရေးမှာဘယောင်း ဆိုသကဲ့သို့အမှုမှုကိုနုနုရင့်ရင့်မဆိုခန့်ရန်တော်မူလေ့ရှိချေသည်၊ အရာကောင်း သော်တချက်၊ အနေကောင်း သော်

တသက်ဆိုရိုး ရှိသည့်အတိုင်း မြို့ဝန်အကြီးအစည်မှာသူခပ်သိမ်း ကိုစိတ်မပူကိုယ်မပန်း ငြိမ်း ချမ်း မည်အကြောင်း ဖြစ်တော့သည်။ သို့အရာတွင် မှုကား သူ့ကိုမနိုင်းကိုယ် တန်တိုင်း၍ဆိုသကဲ့သို့သည် လောက်သတိ ရှိသည်ကိုယ်ဖြစ် လေပြီး သည်၊ ရွှေပြည် ရွှေမြို့ တော်သို့စုံရာ စေခန့်၍ မင်း ဧကရာဇ်ကိုယ် တော်တလိုင်းပြည်မှာသိမ်း ယူ တော် မူရာကိုယ်တိုင်ကိုယ် ရောက်ပြုသင့်မည်ထင်သည်၊ ဆရာ တော်မှာ မူကား ရဟန်း တရား နှင့်ဖြစ်၍လူဘာသာ လောကစိတ်ဖြစ်လျှင်တား လည်း မတား သာတား လည်း မတား သင့်ဆိုသည့်စကား အတိုင်း သူ တော်သ ဘောသက်ကြသည်မှန်လျှင် မူကား ဟုတ်ပါလျက်လွဲရ လေသည်ပြုပီလျက်မရ လေသည်ဟုအမှုမှုကို နောင်တရှိန်ရမည်၊ မစိုး ရိမ်နှင့်ဆရာ တော်ရှိ လေပြီး သည်။

(19 December 1756)

(သက္ကရာဇ် ၁၁၁၈ ခုနှစ် တော်လပြည့်ကျော် ၁၃ ရက်နေ့)

( လောင်း မိန့်၊ မှတ် ၂၆၊ စာ ၉၅ – ၆ )

ဆရာတော် မေတ္တာစာဆက်သည်တရား မင်းမြတ်၊ သဗ္ဗညုဘုရား ပရိနိဗ္ဗာန်
ယူတော်မူလျှင်ကပ္ပိလဝတ်ရာဇဂြိုဟ်သာဝတ္ထိကုသိနာရုံစသော ရှစ်ပြည်ထောင်မှာ
သာသရီရဓါတ်တော်ကိုတစိတ်ရှစ်စိခွဲဝေ၍ကိုး ကွယ်ကြသည်၊ အခြား ပြည်ထောင်
မင်း တို့မှာ ဝေစုရစုမဟုတ်ချေ၊ ငါ၏ မွေတော်ဓါတ်တော်တို့သည်အလေး အမြတ်
ပြု၍ကိုး ကွယ်ရာသာသနာတော်ကိုချီးမြှောက်နိုင်သည်အစိုး ရသည်မင်း ဘုန်း ရှိ
ရာတည်မည်ဘုရား ရှင်အမိန့်တော်ရှိသည်လည်း တကြောင်း၊ အနာဂတေ ပစ္စန္တ
ရဒေသဗုဒ္ဓသာသနံ ဌဿတိ၊ ရှင်မောဂ္ဂလိပုတ္တဆရာမိန့်တော်မူသည်တကြောင်း
ကိုထောက်၍ဘုရား မှရှိတော်မူသည်နောက်ထီး ဆောင်း မင်း ပြည်ထောင်မင်း
တို့သည်တပြည်ထောင်ပျက်၍တပြည်ထောင်တည်သည်ဘုန်း ရှင်မင်း တို့သည်ဓိဋ္ဌကတ်
တော် မွေတော်ဓါတ်တော်တို့ကိုအကျိုး ပွါး ရာပင့်၍ကိုး ကွယ်ကြသောကြောင့်ဘု
ရား ရှင်မွေတော်ဓါတ်တော်ဇမ္ဗူဒိတ်ကျွန်း ပြည့်မျှတည်သည်ဖြစ်ပါတော့သည်ရှစ်
စရွတ်သောဓါတ်တော်တို့ကိုခွဲဝေပြီး လျှင်ရသျှလက်တွင်အင်တန်သာကိုး ကွယ်ငုံထား
ခဲ့၍ ရှင်မဟာကဿပတံခိုး ဖြင့်ရှစ်စရွတ်လုံး ကိုဆောင်ယူပြီး မှအဇာတသတ်အား
အပ်ပေ၏၊ အဇာတသတ်မင်း လည်း အတောင်အစောက်ရှစ်ဆယ်ရှိသောတိုက်၌
သေချာလုံခြုံစွာကျောက်စေတီတည်၍ဘုရား ရှင်ဗျာဒိတ်တော်အတိုင်း ဓမ္မာ
သောကမင်း ဆောင်ယူ၍သည်ဥစ္စာရပ်များ နှင့်စေတီပထိုး ပြုပစေ ကမ္ပည်း
မှတ်စာနှင့်ထား ခဲ့၏၊ ဘုရား သခင်ပရိနိဗ္ဗာန်ဝင်တော်မူ၍(၂၁၈)နှစ်တိုင်
သောအခါပါတလိပုဒ်ပြည်၌ဓမ္မာသောကသာသနာပြုကေရာဇ်ဖြစ်၍သာသနာ
၌ကြည်ညိုသောကြောင့်ရှင်မောဂ္ဂလိပုတ္တဆရာစကား ကိုကြား ရလျှင်ဘုရား ရှင်
ဟောတော်မူသောဓမ္မခန္ဓာရှစ်သောင်း လေး ထောင်ကိုရည်၍ ရေတွင်း ရေ
ကန်ရှစ်သောင်း လေး ထောင်စီပြု၍လှူတော်မူ၏၊ ဘုရား ရှင်မွေတော်ဓါတ်
တော်ကိုဆောင်ယူလို၍အပြည်ပြည်အရွာရွာ၌စေတီပုထိုး တို့ကိုဖျက်၍ရှာ၏၊ မရ
သည်ကိုအစား ပြု၍ထား ခဲ့၏၊ ရာဇဂြိုဟ်ပြည်သို့ရောက်၍အဇာတသတ်ကမ္ပည်းမှတ်
စာနှင့်ထား ခဲ့သည့် စေတီကိုတွေ့ရာတွင်ရှစ်စရွတ်သောဓါတ်တော်တို့ကိုရ၍
၈၄၀၀၀ စေတီတည်၍ဇမ္ဗူဒိတ်ပြည့်မျှအသီး အသီး ကိုး ကွယ်ရာတွင်အရပ်ရပ်နှံ့
သည်ဖြစ်ပါတော့သည်၊ သည်အရာမှာလည်း ဓမ္မာသောကမင်း ဘုန်း ကြီး၍စေ

တီပုထိုး တို့၌ မွေတော်ကိုလိုက်၍ ရှာထုံး ဖြစ်ပါတော့သည်။ ပုဂံပြည့်တွင် နော်ရထာ
မင်း စောလက်ထက်သာသနာ တော် ရောက်၍ဆရာ ရှင်အရဟံနှင့်ပြုစုရာတွင်
မင်းကြီး နိုင်ငံတွင်ပရိယတ္တိသာသနာ ပိဋကတ်စာ ပေမရှိ ချေသေး ။ ရှင်ဗုဒ္ဓ
ဃောသာတို့သီဟိုဠ်ကျွန်း ကိုကူး ယူသည့်ပိဋကတ်တဖုံသထုံပြည်မှာ ရှိ လေသည်။ သထုံမနူ
ဟာမင်း မှထုတ်ပါစေ ရှင်အရဟံဆို၍ နော်ရထာမင်း သည်ဘုရား ရှင်အမိန့် တော်
သာသနာ တော် ရေး ဖြစ်သည်ကိုရည်၍သင့်တင့် လျောက်ပတ် အောင်သံတို့ကို စေ၍သထုံ
ပြည်မှာ ပိဋကတ် တော်ကိုထုတ် စေ၍သထုံမနူဟာမင်း လည်း နိုင်နိုး ၍ပြုသည်အစရှိ
သျှင်အစဉ်ဖြစ်မည်ပုထုဇ္ဇာန်နှလုံး ဖြစ်၍ယူမိ လေ သော ကြောင့်စာကိုမထုတ်ဇဗ္ဗူဒီ
ပါကျွန်း တွင်မြတ် သောရတနာကိုမည်သသူအား စာ ပေထုတ်ရဦး မည်နည်း ဆို၍
စာထုတ်သည့်သံတို့ပြန်လာ၍ နော်ရထာမင်း စောလည်း သာသနာ ရေး ဓမ္မကံဖြစ်
၍စာထုတ်ပါငါအကြည်အသာဆို၍ မှ မထုတ်လိုက် သော်ပိဋကတ်ကိုမဆိုလင့်သင့်မြို့သင့်ကိုယ်
နှင့်တကွပိဋကတ် တော်ကိုရ အောင်ယူမည်စစ်အင်္ဂါ၄ပါး ခန့်ထား ၍သထုံမြို့ကိုတိုက်ရ
လျှင်မြို့နှင့်တကွ မနူဟာကိုရ၍ ပိဋကတ် တော် စေတီပုထိုး များ စွာ ရှိသည်ဓါတ် တော်
မွေ တော်ရုပ်ထု တော်သင်း ကျပ် တော်များ ကို ဆောင်ခဲ့၍ ပုဂံပြည်မှာကိုး ကွယ်ရ
သည်ဖြစ်ပါတော့သည်။ သည်အရာ မှာလည်း ရှေး ဘုန်း တန်း ကြီး သည်မင်း တို့ဓါတ်
တော်ပိဋကတ် တော်တို့ကိုအကျိုး ရှိရာစစ်အင်္ဂါ ၄ ပါး နှင့်ပင့် ဆောင်ယူဘူး သည့်
ထုံး ဖြစ်ပါတော့သည်။ သီဟိုဠ်ဓမ္မ စေတီမင်း လက်ထက်ဘုန်း-အာဏာ ညည့်၍သီဟိုဠ်တွင် ကျေး
ကျွန်တို့ကိုမနိုင်အသီး အသီး ထောင်ထား ၍မင်း မူကြ သော ကြောင့်သမီး နှင့်စွယ်
တော်ပွား ကိုဟံသာ ဝတီဆင်ဖြူရှင်ကိုဆက်၍ စစ်ကူ တောင်း လာ သော ကြောင့်ဟံ
သာ ဝတီသို့စွယ် တော် ရောက်၍ကိုး ကွယ်ရသည်ဖြစ်ပါတော့သည်။ သည်အရာ မှာလည်း
မတိုက်မ တောင်း ဘဲနှင့်ဘုန်း ကြီး ရာသို့မှီခိုလို၍ ပို့လာ သော ကြောင့်ကိုး ကွယ်ရ
သည်ဖြစ်ပါတော့သည်။ ပုဂံနရပတိဘုန်း ကြီး ရာတွင်တလုတ်ဦး တည်ဘွား ပြည်သို့ချီ
၍ ရောက်လျှင်တရုတ်ဦး တည်ဘွား နရပတိဘုန်း ကိုဘက်ပြိုင်၍စစ်မပြုဝံ့ သော
ကြောင့် စွယ်တော် ပွား ကို ဆက်ပေး ၍ ပုဂံ မှာ ကိုး ကွယ်ရ လေသည်။
သည် အရာ မှာလည်း ဘုန်း အား မတူ လူနှင့် စစ် မပြိုင် ဝံ့ သော
ကြောင့် စွယ်တော် ပွား ကို ဆက်ပေး ၍ကိုး ကွယ် ရသည့်ထုံး ဖြစ်ပါ

တော့သည်၊ တရားမင်းမြတ်မှာတိုင်း နိုင်ငံတော်ပြုစုကာပင်ပြည်သူလူရဟန်း
တို့လောကဝတ်ဓမ္မဝတ်အကျင့်အသုံးထုံးစည်အမူအရာဘောက်ပြန်သိမ် ဖျင်းသည်
ကိုသာငြိမ်ဝပ်အောင်ဆုံးမနှိမ်နင်း၍ ရှေးမင်းတို့ကဲ့သို့ပြည်ထောင်ပြုမည်သာ
ကြံတော်မူသည်မဟုတ်ချေ၊ ကိုယ်အသက်စည်းစိမ်ကိုစွန့်စား၍ပြည်ထောင်ရေး
နှင့်တကွသာသနာတော်ကိုရိုးကျအောင်ပြုစုစိရင်တော်မူမည်သာသနာစောင့်
နတ်တို့ကိုတိုင်တည်၍မိဋ္ဌာန်နှင့်တကွရာဇပလ္လင်ဥဂင်ဘွင့်တော်မူရင်းဖြစ်ချေသည်၊
ရှေးမင်းတို့ပြု၏ဆိုသော်လည်း မင်းစည်းစိမ်လက်သို့ရောက်၍ငြိမ်မှသာအင်
တန်ပြုစုကြချေသည်၊ ရာဇဒါဏ်နှင့်နိုင်အောင်မပြုရှေးမင်းထုံးကဲ့သို့ပြည်ထဲငြိမ်
မှသာသနာရေးပြုသင့်ပါသည်အရိပ်အမြွက်လျှောက်ကြ၍လျှင်လည်း ကိုယ့်အသက်စည်း
စိမ်ကိုမည်သူအစိုးရသည်မဟုတ်ကံပေးသမျှသာအချိန်ရောက်လျှင်သခေါ်ရမျိုးဖြစ်၍
ဘုရားမှမလွတ်နိုင်ဘောက်ပြန်ရသည်ပြည်ရွာငြိမ်စည်းရုံးမိမှသာသနာရေး
ကိုပြုစုသင့်သည်ဆိုသည့်စကားကိုငါကြိုက်တော်မမူပြည်ထဲရေးကိုနေလိုနေရမည်သာ
သနာတော်ကိုပြုလိုသောကြောင့်ပင်ငါမင်းမူသည်ကိုကားသာသနာရေးပြည်ထဲ
ရေးတချက်တည်းပြုတော်မူမည်အမိန့်တော်ရှိ၍မြို့တော်ပတ်လည်အထပ်ထပ်သုရန်
သူဝန်း နေစည်ငခုနှစ်ကစ၍ပင်သာသနာတော်အရေးကိုပြုစုတော်မူရသည် I752
ဖြစ်ပါတော့သည်၊ ဆရာတော်လည်းတကာရဲကဆရာရဲရချေ၏နှလုံးရှိ၏ဘုန်း
တော်ဟောင်းကိုအမှီပြု၍ရဲရသည်ဖြစ်ပါတော့သည်၊ ဇမ္ဗူဒီပါတွင်တောင်ကိုနိုး
သည့်အမျိုးကသည်မြစ်ကိုနိုးသည့်အမျိုးတလိုင်းသည် ၂ ရပ်ကိုအလိုတော်ပြည့်လျှင်မြစ်မ
ကုန်ပြီမြစ်သေသာကျန်သည်ဖြစ်ပါတော့သည်ဟံသာဝတီမှာပြိုပျက်သည့်စေတီတွင်မွေ
တော်ဆံတော်ဓါတ်တော်အများရှိသည်ကိုယူ၍ကိုးကွယ်ရလျှင်သင့်မသင့်အမေး တော်
ရှိသည်မှာဓမ္မာသောကထုံးကိုထောက်လျှင်လည်းဘုန်းတော်အားကိုသူမတန်လျှင်
လူချင်းဘက်၍စစ်မပြုဝံ့ချေသောကြောင့်ဆက်ရသည်ပင်ယူတော်မူရမည်၊ ရှေး
ရှေးကာလမင်းစိုးရာဇာအသီးအသီးဖြစ်ကြသမျှထုံးစည်တော်မှာတချက်ခုတ်
လျှင်တရာပြတ်သည်ဆိုသကဲ့သို့တချက်တည်းဝင်ပါသောကြောင့်ဓါတ်တော်မွေတော်ကို
ဆောင်ခြင်းသည်လောကကြောင်းနှင့်လည်းအမှန်၊ ဓမ္မကံကြောင်းနှင့်လည်းမ
လွတ်ရာဇဝတ်ထုံးဟောင်းနှင့်လည်းအညီဖြစ်ပါကြောင်းကိုဆရာတော်မေတ္တာစါ

I9 December (I756)

ဆက်သည်။

I9 December (I756)

(သက္ကရာဇ် ၁၁၁၈ ခု)နတ် တော်လပြည့် ကျော် ၁၃ ရက် နေ့ဆက်သည့်

မေတ္တာစာ။

( လောင်း မိန့်၊ မှတ် ၂၈၊ စာ.၁၀၁-၃ )

(19 January 1757)

1732
သက္ကရာဇ် ၁၀၉၄ ခုသား တော်တရုပ်မင်းကို ဝေါပလာ ရွှေချက် ၂ စင်း နှင့်နန္ဒ စည်သူ သွေး သော့က်လုလင်စုတစု သေနတ်စုတစု ကောင်ဟန်စုတစုနှင့်လူအကြီး နှစ် ယောက်နှင့်ခန့်၍ ပေး တော်မူသည်၊ သား တော်သရက်မင်းကိုလည်း ဝေါပလာ ကျိုင်း ရွှေချက် ၂ စင်း ဇေယျ ယော်တာလုလင်စုတစု သေနတ်စုတစု ကောင်ဟန်စုတစု နှင့်လူအကြီး နှစ်ယောက်နှင့်ခန့်၍ ပေး တော်မူသည်၊ တရုပ်မင်း သရက်မင်း တို့ကို ဝင်း တော်ပြင်တွင်အိမ် ဆောက်၍ နေရသည်၊ လွှတ် တော်တွင်သင်ဖြူး ခင်း ၍တရုပ် မင်းကိုလက်တွင်း ကသရက်မင်း ကိုလက်ပြင်ကချ၍ ဝါဝင်ဝါကျွတ်ကို နေရာသို့တက်၍ကံ တော့ရသည်၊ အိမ် ရှေ့မင်းကိုလည်း ဝါဝင်ဝါကျွတ်ကံ တော့ရသည်၊ ကိုယ်လုပ် တော်ကုလား က တော်တွင်သား တော် ရွှေပြည်ရွာကို အောက်မြို့သစ်ကို ပေး ၍ဇင်း မယ်ချိုတွင်ထမ်း ရသည်ပြန် ရောက်လျှင်မင်း ရဲ နန္ဒသူအမည်ကိုမှည့် တော်မူသည်၊ ကိုယ်လုပ် တော်လုလင် သိက တော်တွင်မြင်သည့်သား တော်ကိုအ ရှေ့ဘက်တိုက် မတ္တရာကို ပေး သည်၊ ကိုယ်လုပ် တော် ချောင်း နက်က တော်တွင်မြင်သည့်သား တော်ကိုပူတက်မြို့ကို ပေး တော်မူသည်၊ ကိုယ်လုပ် တော်ဆီသည်ရွာက တော်တွင်မြင်သည့်သား တော်ကိုမုတ္တမမြို့အဝင်လိုင်း ပွဲမြို့ ကို ပေး တော်မူသည်၊ ကိုယ်လုပ် တော်လှိုင်း တက်က တော်တွင်မြင်သည့်သား တော်ကိုမုတ္တ မမြို့အဝင်တရပင်မြို့ကို ပေး တော်မူသည်၊ ၄ င်း သား တော်ကိုမုတ္တမမြို့အဝင် ပေါင်မြို့ ကို ပေး တော်မူသည်၊ တနင်္ဂနွေမင်း လောကမာရ် အောင်ဘုရား ဒါယကာမင်း တ

(3) November 1733

ရား သည်သက္ကရာဇ် ၁၀၉၅ ခုနတ် တော် (လဆန်း ၉ ရက် နေ့) ခန္ဓာ ပြောင်း ၍အိမ် ရှေ့မင်း ရွှေနန်း တက်၍ ဥကင်သဖွင့်သည်တွင်သီရိပဝရသုဓမ္မရာဇာဓိပတိနာမံတံ ဆိပ်ကိုခံ တော်မူသည်၊ ခမည်း တော်ဘုရား တည်တော်မူသည့်စေတီ တော်ကိုလည်း အပြီး တိုင်ဆက်လုပ်၍ ရွှေထီး တင်လှူတော်မူသည်၊ လောကသရဘူနါမံကမ္ပည်း ထား တော်မူသည်၊ လောကသရဘူဘုရား ဒါယကာသီရိပဝရသုဓမ္မရာဇာဓိပတိအမည် တော်ရှိ သော့ဟံသာ

(3 November) 1733

ဝတီ ရောက်မင်း တရား လက်ထက်သက္ကရာဇ် ၁၀၉၅ ခု (နတ် တော်လဆန်း ၉ ရက် နေ့) ရွှေနန်း တော်တက်ဥကင်သဖွင့်တွင်ညီ တော်ရင်း တရုပ်မင်း ကိုမင်း ရဲ ကျော်စွာအ မည်မဲ ထွေး တော်စန္ဒာ ဒေဝီတွင်မြင်သည့်ညီ တော်သရက်မင်း ကိုမင်း ရဲသီဟရာဇာအ မည်ကိုမှည့် တော်မူသည်၊ အထိန်း တော်ဓါသင်ဆရာဂုရာဇာနန္ဒ ရွှေဖြူး ကိုနန္ဒမိတ် ကျော် ထင်အမည်နှင့်ပင်း မြို့ကို ပေး ၍အထိန်း တော်ရနောင်မြို့သစ်က တော်သီရိဝမလာနှင့်

စုံဘက် တော်မူသည်၊ မှူး ကြီး မတ်ကြီး တို့အ ဆောင်အရွက်ကိုလည်း ပေး ၍နန္ဒမိတ် ကျော်
ထင်ကိုနန္ဒသိင်္ဃ သွေး သောက်ကိုဖြည့်သွင်း တော်မူသည်၊ ညောင်ရမ်း မြို့ကိုလည်း ပေး
တော်မူသည်၊ နန္ဒမိတ် ကျော်ထင်သား အကြီး ကိုလှိုင်း တက်မြို့၊ သား အငယ်ကိုမြ တောင် 1738
မြို့ကို ပေး ၍မင်း သား ကြီး တို့ နေရာတွင်ချထား ၍ခစား ရသည်၊ သက္ကရာဇ် ၁၁၀၀
ပြည့်တွင်ညီ တော်မင်း ရဲ ကျော်စွာကို ဝေါ်အမိုး ရွှေ ရေး ခိုနန်း အလယ်စက်ကွင်း ရွှေ
၂စုအနီတစုအမွှမ်း ချင်ပိတ် ထောင့်သနန်း ကြက် မောက်ပန်း ရွှေပိန်း ဝေါ်ခွက် ရွှေ
ပိန်း တိုင် ရွှေကြုံဆစ်ကျိုင်း ရွှေချက် ၂စင်း ကွမ်း ခွက်ပုံနန်း အနား ပတ္တမြား စီကြုတ်
ခွက်အထွတ်ပတ္တမြား စီလက်ဘက်အုံး တ ကောင်း ပိတ်အထွတ်ပတ္တမြား စီ ရွှေ ထွေး အင်
စည်နီဗလုံး စည်ပုတ် ၁၊ ပုံသာ ၁၊ လင်း ကွင်း ၁၊ ငွေနှဲ ၄၊ ငွေတံရှည် ၃ ပေး တော်
မူသည်၊ ပြင်ဝန် ၂၊ အတွင်း ဝန် ၁၊ အနောက်ဝန် ၁၊ ဝင်း မှူး ၁၊ စာ ရေး ကြီး ၃၊
နား ခံ ၂၊ သံဆင့် ၂၊ သံခံ ၄၊ ဆင်သည် ၁၂၊ မြင်း လိုက် ၁၂ ခန့်၍ ပေး တော်မူသည်၊ နန္ဒ
မိတ် ကျော်ထင်ကိုလည်း မင်း ရဲ ကျော်စွာ ဝေါ်အ ဆောင်နည်း တူ ပေး တော်မူ၍အိမ်
ရှေ့အိမ်တွင် နေရသည်၊ လက်ဝဲနန္ဒမိတ်၊ ဥဒိန်ဗလသူရ ယော်တာတို့ကို ဝန်၊ သိင်္ဃနန္ဒသူ
ကိုအတွင်း ဝန်၊ ဂဇနန္ဒကိုဝင်း မှူး ၊ ရာဇခေတ္တတုရင်ဓမ္မတို့ကိုအနောက်ဝန်၊ ထွန်း
ဖြူ၊ ငဖြူ၊ သာဇံတို့ကိုစာ ရေး ကြီး ၊ င ပေါင်း ၊ ငဖြူတို့ကိုနား ခံ၊ သံခံ ၄၊ သံဆင့် ၂၊
မြင်း လိုက် ၁၂၊ ဝေါ်မှူး ၂၊ ရွှေ တော် ပြေး မှူး ၁ ခန့်၍ ပေး တော်မူသည်၊ မင်း ရဲ
ကျော်စွာကိုလက်ဝဲက၊ နန္ဒမိတ် ကျော်ထင်ကိုလက်ျာက နေရာပြိုင်၍နန်း တော်တွင် 1738 နေ
ရာချထား သည်၊ သက္ကရာဇ် ၁၁၀၀ ပြည့်ဥကင်သဖွင့်တွင် ဝေါ်စီး ၍ နေရာသို့တက်ရ
သည်၊ မင်း ရဲ ကျော်စွာကိုသတိုး ဓမ္မရာဇာအမည်၊ နန္ဒမိတ် ကျော်ထင်ကိုဘုရင့် နောင်
အမည်ကိုမှည့် တော်မူသည်၊ ညီ တော်သရက်မင်း မင်း ရဲသီဟရာဇ်ကိုလည်း သတိုး ဓမ္မရာ
ဇာအမည်ကိုမှည့်သည်၊ ဖိုး တော်မာရ် အောင်ရတနာဘုရား ဒါယကာသား တော်
မင်း ရဲ အောင်နိုင်ကိုမင်း ရဲမင်း လှ ရွှေ တောင်အမည်ကို ပေး သည်၊ နောက်ဘုန်း
တော်ကြီး အမည်နှင့်စည်ပုတ္တရာမြို့ကို ပေး သည်၊ မင်း ရဲ ကျော်စွာ ဝေါ်ဆင်နှင့်အဆောင်
အရွက်ကိုလည်း ပေး တော်မူ၍မင်း ပြိုင်ဟူ သောအမည်ကိုမှည့် တော်မူသည်၊ မင်း ပြိုင်
ညီဥကာကိုယင်း ခဲမြို့နှင့်မင်း ရဲ ကျော် ခေါင်အမည်ကိုမှည့်၍ကသည်း (သို့) ချီ (ရာ) 1740 တွင်
ဗိုလ်မှူး ခန့်၍ထမ်း ရွက်ရသည်၊ သက္ကရာဇ် ၁၁၀၂ ခုတွင်ဟံသာဝတီမြို့ဝန်ကတပယင်း ကွဲ

မြင်း မှူး လပ့်စား သာ အောင်ခြား နား ရာတွင် မင်း ရဲ ကျော် ခေါင်ကို ဗိုလ်မှူး
ခန့်၍ ထမ်း ရွက်ရသည်။ နောက်မင်း ရဲ ကျော် ခေါင်ကို ကေတုမတီမည်သော တောင်
ငူမြို့ကို ပေး၍ တောင်ငူဘုရင်မှည့် တော်မူသည်။ ရှေး တောင်ငူမင်း ဝေါဆင်အ
ဆောင်အရွက်ကို ပေး တော်မူ၍ နှမ တော်အ ရွှေနန်း မိဘုရား နှင့်စုံဘက် တော်မူ
သည်။ ဆင် ၁၀ စီး ၊ မြင်း ၁၀ စီး ၊ အ မြောက် သေနတ်၊ ဆေး ကျည် စေ့၊ ရွှေ ငွေ၊
အုပ်မျိုး ထည်မျိုး များ ကိုလက်ဖွဲ့ တော်မူသည်။ လမိုင်း ငယ်တို့ကို လှေသင်း စု ၂ စုဖွဲ့၍ တ
စုကိုသူရဲ ပလွှား ပဥ္စက်အစုမှည့် တော်မူသည်။ လှော်ကား ရွှေ ရေး တစင်း၊ လှော် ကါး
နီတစင်း ပေး တော်မူသည်။ မင်း ရဲမြင်း က ရွှေဖြူး ကိုလည်း စာသင်ဆရာ ပေး
1746
တော်မူသည်။ သက္ကရာဇ် ၁၁၀၈ ခုတွင်ဘုရင့် နောင်ကို စစ်ကိုင်း မြို့ကို ပေး တော်မူ၍
ရွှေနန်း အ ဆောင် ဆောင် ဆောက်လုပ်ပြီး လျှင် ရှေး မင်း ကေရာဇ်တို့မင်း ခမ်း
မင်း နား အ ဆောင်အရွက်နှင့်တကွ ပေး တော်မူ၍ စစ်ကိုင်း မြို့ကို ပြောင်း၍ မင်း
ပြုရသည်။ စစ်ကိုင်း ဘုရင်ခံသည်။ နန်း မ ဆောင်မိဘုရား သား တော်ကိုစလင်း မြို့၊
တောင်နန်း မိဘုရား သား တော်ကိုစကုမြို့၊ တောင် ဆောင်မိဘုရား သား တော်
ကို ရွှေ တောင်မြို့၊ မြောက် ဆောင်မိဘုရား ယား တော်ကိုတန် တောင်ရွာကို ပေး
တော်မူသည်။ ကိုယ်လုပ် တော်တွင်မြင်သည့်သား တော်ကိုမကွေးရာရွာ၊ ၎င်း ညီကို ရေနံ့
သာရွာကို ပေး တော်မူသည်။ ရွှေ တောင်မင်း ၊ ကန် တောင်မင်း တို့ကို ဖေါင်း ထုပ်
နား တွင်း မင်္ဂလာ ဆောင်ရာတွင် ရွှေ တောင်မင်း ကို ဝေါပလာကျိုင်း ရွှေချက် ၂
စင်း နှင့် နော်ရထာ မင်း စောအမည်ကို မှည့် တော်မူသည်။ ကန် တောင်မင်း ကို ဝေါ
ပလာကျိုင်း ရွှေချက် ၂ စင်း နှင့်သတိုး မင်း စောအမည်ကို မှည့် တော်မူသည်။ ခမည်း
တော်ဘုရား ကိုယ်လုပ် တော်သား မကွေးရာစား ကိုမင်း ရဲ ဒေဝ ကျော်အမည်၊ ပေါင်
မြို့စား ကိုမင်း ရဲရာဇ ကျော်အမည်၊ တရုပင်မြို့စား ကိုမင်း ရဲနန္ဒ ကျော်အမည်၊ လှိုင်း
ပွဲစား ကိုမင်း ရဲမင်း လှအမည်၊ ကသာမြို့စား ကိုမင်း ရဲမင်း လှ ကျော်အမည်ကို မှည့်
(11) March 1752
တော်မူသည်။ သက္ကရာဇ် ၁၁၁၃ ခုတန်ခူး လ ( ဆန်း ၈ ရက် နေ့ ) တွင်ဟံသာဝတီတလိုင်း
တို့အင်း ဝမြို့ကိုရ၍ လောကသရဘူဘုရား ဒါယကာမင်း တရား နှင့်မိဘုရား သား တော်
သမီး တော်တစု ဆွေ တော်မျိုး တော်တို့နှင့်ညီ တော်သတိုး ဓမ္မရာဇာသား သမီး တစု
သား တော်စလင်း မင်း သား ၊ စကုမင်း သား ၊ စစ်ကိုင်း မင်း သား သမီး တစု

(19 January 1757)

နှင့်မှူးကြီး မတ်ကြီး တို့ကိုတလိုင်း တို့သိမ်း ယူ၍ဟံသာဝတီသို့ ဆောင်ယူလေသည်၊ စစ်ကိုင်း ဘုရင်ဟံသာဝတီတွင်လွန်သည်၊ လောကသရဘူဘုရား ဒါယကာမင်း တရား နှင့်ညီသတိုး ဓမ္မရာဇာသား တော်စလင်း မင်း မင်း ပြိုင်တို့ကိုဟံသာဝတီတလိုင်း မင်း က (သက္ကရာဇ် ၁၁၁၇ ခုသတင်း ကျွတ်လပြည့်ကျော် ၁၄ ရက် နေ့ (3 November 1755)) ရေမှာ ဖျောက် လေသည်၊ ဝန်ကြီး သတိုး မင်း ကြီး ကို လောကသရဘူဘုရား ဒါယကာဟံသာဝတီ ရောက်မင်း တရား လက်ထက်အရှေ့ဘက်တိုက် မြောင်း ခေါင်း ရွာကို ပေး ၍ နန္ဒ ဇေယအမည်ကိုမှည့်သည်၊ အစုရင်း ကန္နတ်၍ ရာဇာဘယ ဆွေး သောက်စာရင်း တွင်သွင်း သည်၊ ရွှေကျပ်လက်ဘက်အိုး ပေး သည်၊ သီရိ ကျော်ထင်အမည်ကိုမှည့်သည်၊ သတိုး မင်း ကြီး အမည်ကိုမှည့်သည်၊ ဝန်ကြီး ခန့်သည်၊ ဓါး အိမ်မည်း သရီမွှမ်း ပေး သည်၊ တွင်း သင်း မင်း ကြီး အဆောင်နည်း ဆောင် စေအမိန့် တော်ရှိ၍တွင်း သင်း မင်း ကြီး ဇေယ နော်ရထာအ ဆောင်ကဲ့သို့ ဆောင်ရသည်၊ ဝန်ကြီး သတိုး မင်း ငယ်ကို လောကသရဘူဘုရား ဒါယကာဟံသာဝတီ ရောက်မင်း လက်ထက်အိမ်ရှေ့စား တော်ကဲ ဟောင်း အိမ်ရှေ့စံစဉ်ဆပ်သွားရွာကို ပေး သည်၊ ဆင် ခြေတိုက်သ ပေါက်ရွာကို ပေး သည်၊ တုရင်ဗလအမည် နောက်တုရင် ကျော်ထင်အမည်ကိုမှည့်သည်၊ အ နောက်ဘက်တိုက်တရွာကို ပေး သည်၊ ဝန် ထောက်ခန့်၍ ရွှေကျပ်လက်ဘက်အိုး ကျိုင်း ငုံခံ ပေး သည်၊ ကွမ်း ခွက်လက်ဘက်အိုး ဝန်း ပေး သည်၊ မင်း လှ ရွှေ တောင်အမည်ကိုမှည့်သည်၊ တ ကောင်း ဗိုတ် ပေး သည်၊ သတိုး မင်း ငယ်အမည်ကိုမှည့်သည်၊ ဝန်ကြီး ခန့်သည်၊ တွင်း သင်း မင်း ကြီး နေမျိုး ဇေယ နော်ရထာ ဆောင်ရွက်သည့်နည်း ဆောင်ရွက် စေအမိန့် တော်ရှိ၍ ဆောင်ရွက်ရသည်၊ ဝန်ကြီး သီရိ ဇေယ ကျော်စွာကို လောကသရဘူဘုရား ဒါယကာမင်း လက်ထက်အိမ်ရှေ့ပါအဆောင်မြတပယင်း ကျေး ရေဖြူရွာကိုအိမ်ရှေ့စံစဉ် ပေး သည်၊ နန္ဒသူရအမည်ကို ပေး သည်၊ သက္ကရာဇ် ၁၀၉၆ (1734) တွင်အစုရင်း ကန္နတ်၍ ရာဇာဗလ ဆွေး သောက်မှာဖြည့်သွင်း တော်မူသည်၊ ရွှေကျပ်လက်ဘက်အိုး ပေး သည်၊ မင်း တင်မင်း လှအမည်ကိုမှည့်သည်၊ ဆိလင်း ရွာကို ပေး သည်၊ ကွမ်း ခွက်လက်ဘက်အိုး အဝန်း ပေး သည်၊ ဝန်ကြီး ခန့်သည်၊ ဓါး အိမ်မည်း သရီမွှမ်း သံပတ်ရတန့်ပတ္တမြား စီ ပေး သည်၊ မြောက်ဘက်တိုက်ငရနဲမြို့ကို ပေး သည်၊ မင်း ရဲမင်း လှ ပေါ်ထင်အမည်မှည့်သည်၊ နတ်ရှင်ကြီး အမည်ဓမ္မ သေနာပတိအမည်ကိုမှည့်သည်၊ သီရိ ဇေယ ကျော်စွာအမည်ကိုမှည့်သည်၊ ကနီမြို့ကို ပေး သည်၊ တွင်း

သင်း မင်းကြီး နေမျိုး ဇေယနော်ရထာ ဆောင်ရွက်သည့်နည်း ဆောင်ရွက်ရမည် 1752
အမိန့်တော်ရှိ၍ ဆောင်ရွက်ရသည်၊ သက္ကရာဇ် ၁၁၁၃ ခုတွင်ဟံသာဝတီတလိုင်းတို့ (19) January 1757
အင်း ဝမြို့ကိုဝန်း ရံရာတွင်ဟံသာဝတီသို့ပါလေသည်၊ သက္ကရာဇ် ၁၁၁၈ ခုပြာသိုလ
(ပြည့်ကျော် ၁၅ ရက်နေ့)တွင် ရွှေဘဝါး တော်အောက် ရောက်သည်၊ ဝန်ကြီး ဝိဒေ
ဟရာဇာကိုမာရ် အောင်ဘုရား ဒါယကာမင်း တရား လက်ထက်စား တော်ကွမ်း
ရေကိုင်ခန့်၍ တောင်တွင်း ကျေး ပွင့်လှရွာကို ပေး သည်၊ ရွှေဓါး ဆောက်ပြည့်အိမ်
အပြောက်ထု ပေး သည်၊ လောကမာရ် အောင်ဘုရား ဒါယကာမင်း တရား လက်ထက်
စစ်လျှင် ထောင်ကိုအမှူး ခန့်၍ ရာဇကျော်အမည်ကိုမှည့်သည်၊ ရွှေကျပ်လက်ဘက်အိုး ကျိုင်း
ငုံခံ ပေး သည်၊ နန္ဒဇေယ ကျော်ထင်အမည်ကိုမှည့်၍ ရွှေတိုက်ဝန်ခန့်သည်၊ နန္ဒကျော်သူ
အမည်ကိုမှည့်၍အတွင်း ဝန်ခန့်သည်၊ ကွမ်း ခွက်လက်ဘက်အိုး အဝန်း တကောင်း ပိတ်
ထွေး အင်ထမ်း စင်လက်ခတ်ထီး နီ ညောင်ရွက် ၂ ဆင့်တပ်ဓါး (အိမ်) မည်း သရီမွှမ်း
ပေး သည်၊ တရုပ်မြော်မြို့ကို ပေး သည်၊ မြို့လပ်ငန်ခန့်သည်၊ လောကသရဘူဘုရား ဒါ
ယကာဟံသာဝတီ ရောက်မင်း လက်ထက်စည်သူ ကျော်ထင်အမည်ကိုမှည့်သည်၊ တွင်း သင်း
မှူး ခန့်သည်၊ ဝန်ကြီး ခန့်သည်၊ တွင်းသင်းမင်းကြီးနေမျိုးဇေယ နော်ရထာ ဆောင်သည့်
နည်း အဆောင်ကို ဆောင်ရွက် စေအမိန့်တော်ရှိ၍ ဆောင်ရွက်ရသည်၊ မင်း ရဲမင်း
လှ ကျော်ထင်အမည်မင်းကြီး မင်းလှအမည်ကိုမှည့်သည်၊ ပဒေသရာဇ်အမည်ကိုမှည့်သည်၊
ပဒေသရာဇာအမည်ကိုမှည့်သည်၊ ဝေါပလာကျိုင်း ရွှေချက် ၂ စင်း ပေး ၍ ဝါဝင်ဝါ 1752
ကွတ်ကို ဝေါပလာစီး ၍ကံ တော့တက်ရသည်၊ သက္ကရာဇ် ၁၁၁၃ ခုဟံသာဝတီတလိုင်း မင်း
တို့အင်း ဝမြို့ကိုရ၍ဟံသာဝတီကို ဆောင်ရာလမ်း ခရီး အကြား တွင်ဆုံး လေသည်၊ ဝန်ကြီး
နေမျိုး ရွှေတောင်ကို လောကမာရ် အောင်ဘုရား ဒါယကာမင်း တရား လက်ထက်
သွေး သောက်ကြီး ခန့်သည်၊ လောကသရဘူဘုရား ဒါယကာမင်း လက်ထက်မြင်း ခေါင်း
ခန့်၍ ပခန်း ကြီး ကျေး ညောင်တွင်း ရွာကို ပေး သည်၊ နန္ဒမိတ်အမည်ကိုမှည့်သည်၊ ရွှေ
ဓါး ဆောင်ပြည့်အိမ်ပြည့်သင်း ချော ပေး သည်၊ ရွှေကျပ်လက်ဘက်အိုး ပေး သည်၊ ကျော်
ထင်နန္ဒမိတ်အမည်ကိုမှည့်၍အတွင်း ဝန်ခန့်သည်၊ ကွမ်း ခွက်လက်ဘက်အိုး အဝန်း ပေး
သည်၊ ဝန်ကြီး ခန့်သည်၊ တကောင်း ပိတ် ငွေ ထွေး အင်ထမ်း စင်လက်ခတ်ဓါး မည်း သ
ရီမွှမ်း ပေး သည်၊ ကွန်တော်မျိုး ကို ပေး သည်၊ နေမျိုး ရွှေတောင်အမည်ကိုမှည့်သည်၊

(19 January 1757)

နောက်မင်း ရဲမင်း ရွှေတောင်အမည်ကိုမှည့်သည်၊ နေမျိုး ဇေယနော်ရထာအဆောင်နည်း တူဆောင် စေအမိန့်တော်ရှိ၍ ဆောင်ရွက်ရသည်၊ ဝန်ကြီး သီရိဥဇနာကိုမောရ်အောင်ရတနာဘုရား ဒါယကာမင်း တရား လက်ထက်အစုရေး ခန့်၍အဘစာရေးကြီး တွင် ထောက်မရေး သား ရသည်၊ လောကမောရ်အောင်ဘုရား ဒါယကာမင်း တရား လက်ထက်မြို့လပ်အခွန် စာရေး ခန့်သည်၊ လွှတ်တော်စာရေးကြီး ခန့်သည်၊ တောင်တွင်း ကြီး ကျေး အင်ဂုံရွာကို ပေး သည်၊ လောကသရဘူဘုရား ဒါယကာဟံသာဝတီ ရောက်မင်း တရား လက်ထက်ဘုရင်ရာဇာအမည်ကိုမှည့်သည်၊ ရွှေကျပ်လက်ဘက်အိုး ပေး သည်၊ အိမ်ရှေ့ပါဘဏ္ဍာဝန်ခန့်သည်၊ ဝန် ထောက်ခန့်သည်၊ လွှတ်စေလုလင်လေး သွေး သောက်ကိုဝန်ခန့်သည်၊ ပြော့စ မြောင် နေရာချုံး တော်ဝန်ခန့်သည်၊ လကျာ်နန္ဒသူအမည်ကိုမှည့်သည်၊ ကွမ်း ခွက်လက်ဘက်အိုး အဝန်း ပေးသည်၊ ကျိုင်း ၄ခံ ပေး သည်၊ သီရိ ဇေယသင်္ခယာအမည်ကိုမှည့်သည်၊ ဝန် စောင်ခန့်သည်၊ တကောင်း ပိတ် ထွေး အင်မြင်း က ရွှေဇာဝါက တောင်ရွှေ ရေး ပေး သည်၊ ဓါး အိမ် (မည်း )သရီမွှမ်း သံပတ်ရတနာ့ပတ္တမြား စီ ပေး သည်၊ ကွမ်း လိပ်သုံး မြွှာ ပေးသည်၊ သက္ကလပ်တင်ရန်း ထမ်း စင်လက်ခတ် ပေး သည်၊ ဝန်ကြီး ခန့်သည်၊ ထီး နီ ညောင်ရွက်တဆင့်စလွယ် ၅သွယ် ပေး သည်၊ ကျိုင်း ၂ခံ ပေး သည်၊ ထီး နီ ညောင်ရွက် ၂ဆင့် ပေးသည်၊ ကွမ်း လိပ်သုံး မြွှာ ပေး သည်၊ မဟာ နေမျိုး သီဟသူရအမည်ကိုမှည့်သည်၊ သွေး သောက်စုမြင်း စုအချုပ်တန်း ဝန်ခန့်သည်၊ ရွှေပေခမောက် ပေး သည်၊ မင်း ရဲသီဟသူအမည် မင်း ရဲမင်း လှ ကျော်ထင်အမည်ကိုမှည့်၍တိုင်တား မြို့ကို ပေး သည်၊ ကွမ်း ခွက်ရှစ် ထောင့်လက်ဘက်အိုး ပယင်း တပ် ပေး သည်၊ ဓါး အိမ်အရင်း အဖျား သက္ကဒါန်မုဒယက်သီးပတ္တမြား စီ ပေး ၍ ဆောင်ရသည်၊ ကွမ်း ခွက်ပယင်း တပ် ပေး သည်၊ သံလျှင်တလဲ ၉ဝန်း ထီး နီ ညောင်ရွက် ၃ဆင့်မြင်း ကြိုး ရွှေကြယ်တပ် ပေး သည်၊ ရှင်ပင့်နောင်အမည် လေါကထွတ် ခေါင်အမည်ရာဇာထွတ်ဖျား အမည်ခမ္ဘာ သောကရာဇာအမည်ကိုမှည့်သည်၊ အဌတုလရာဇာအမည်သီရိအဌ သေနာပတိအမည် နေမျိုး ရာဇာအမည်ကိုမှည့်သည်၊ သီရိဥဇနာအမည်ကိုမှည့်သည်။

(19 January 1757)

(သက္ကရာဇ် ၁၁၁၈ ခုပြာသိုလပြည့်ကျော် ၁၄ ရက် နေ့)

(သူရိယ၊ ဂျန်နဝါရီ ၁၉၂၉၊ စာ၅၃-၅၊ ဖေဖဝါရီ ၁၉၂၉၊ စာ၆၀-၂)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောသာသနာဒါယကာ တော်လက်နက်စကြာ သခင်အသျှင်ဘဝရှင်အလောင်း မင်းတရားကြီး ဘုရားဗျာဒိတ်တော်ရှိသည်၊ ကာလဝိပ္ပတ္တိတိုင်း ခရိုင်ပြည်ရွာပျက်စီး ရွေ့လျော၍သား ကိုအမိမတွေ့ အမိကို သား မတွေ့သူ့ပုန်သူကန်တို့ဘမ်း ဆီး ဆောင်ယူရာပါ၍တလိုင်း တို့ကအဘိုး ကြေး ငွေနှင့်အဆင့်ဆင့် ရောင်း စား သည်ကျွန်လည်း ရှိသည်၊အထက်ပြည်ရွာငြိမ်ဝပ်စဉ် နှစ်ဘို့လဘို့အ စေခံ နေရသည့် ကျွန်မိလာဘလာကျွန်ရိုး ကျွန်ပေါင်အရပ်ရပ်ကျွန် တို့မှာ ငါရွှေစက်တော် အောက်သခင်သူပုန်တို့လက်ကကျွန်ငါရွှေစက်တော် အောက် အလျှင်ဝင် ရောက်၍အမှုတော်ကိုထမ်း ခင်လျှင် တော်လှန်စေ၊ တလိုင်း တို့ရောင်း ချ၍ ဝယ်သည့်ကျွန်မှာ မိဘ မြေ ာက်ပြီး နှင့်ဆင့်ကဲ၍ကျွန်ဖြစ်သည်မဟုတ်၊ရန်သူတို့ဘမ်း ယူ ရောင်း စား သမျှကျွန်တို့ကို စေလိုပါး လိုကျွန်ပြုလိုသည့်စိတ်နှင့်ဝယ်သူတို့မှာ ရှေး နောင်အတူအညီ ရောက်သည်မဆိုသာ တော်လှန်စေ၊ တလိုင်း တို့ပြည်သို့ ရောက်မှ ပြည်ရွာယို့ ယွင်း လျှင် လျော်ပြစ်လျော်ဒဏ်ခဆိပတ် ကြေး ငွေနှင့်ဝယ်သည်ကျွန်ဖြစ် လျှင်ကျွန်နှင့်အရှင်အတူ ရောက်လျှင်အဘိုး ကြေး ငွေကိုပေး မှ တော်လှန်စေ၊ သ ခင်အလျှင်ကျွန်ငါရွှေစက်တော် အောက် ရောက်လျှင်ငင်း နည်း လွတ်စေရမည်။

2 April I757

သက္ကရာဇ်၁၁၁၈ ခုတန်ခူး လဆန်း ၁၄ ရက်နေ့ဇာတုဝတီနန်း တော် တွင်ပေး အပ်တော်မူသည်

( လေဒ္ဒင်း စု၊ မှတ်၁၊-စါ၂၁၉-၂၀)

အမိန့်တော်ရှိသည် ဘယသေနအရပ်ရပ်သို့စာပေးသည်မှာစာကိုမချွန်နှင့်၊ အရှည်တွင်တံဆိပ်ခပ်၍အချုပ်ကြီး အကိုင်ကြီး ကင်း ဝန်တံဆိပ် တော်ဝန်ပြု၍ဘွဲ့ကို ရေး၍လိပ်တပ်ရမည်၊ လွှတ်မှာတံဆိပ်တလုံး ထား၍ညညည့်မှခတ်မှတ်၍ ပေးသည့် တံဆိပ်ကိုဘယသေနကသိမ်း ရမည်၊ ငါအသျှင်ဘဝရှင်အလောင်း မင်း တရားကြီး ဘုရားအကျိုး စီး ပွါး တော်နှင့်စပ်သမျှကို ကျေး ဇူး သစ္စာ တော်နှင့်အညီအဂိုး ထုံး စံရှိသည့်အတိုင်း စစ်ကြောစီရင်။

14 April 1757

သက္ကရာဇ်၁၁၁၉ ခုတန်ခူး လပြည့်ကျော်၁၁ရက်နေ့

( လောင်း စု၊ မှတ်၁၉၊ ၈၊၂၆၅ )

မဟာဒါန် ဇေယျသိဒ္ဓိ၊ ဇေယျရန်အောင်၊ ဒီပဂုဏ ကျော်သူ၊ ကေတုမာလာ၊ စာရေး ငဖြိုး ထွေး တို့ကို စေ၍ ရဟန်း သင်္ဃာတို့မှာ အသုံး အဆောင်ကို တောင်း ယူသူလုလင်တို့ကိုဘယ သေနကစစ်၊ အရပ်ရပ်မြို့ရွာတွင် နေသည့်ရဟန်း သင်္ဃာတို့မှာ အမှုအခင်း ရှိလျှင်မဟာအတုလယသဓမ္မရာဇဂုရုဆရာတော်ကတံဆိပ်စာနှင့်သင်္ဃာ သာမဏေသတင်း သုံး တို့ ခေါ် ချမှလိုက်၍ ဆောင်ရွက်စေ၊ မဟာဒါန်လုလင်တို့ တွင်ဆရာ တော်ကတံဆိပ်စာပါသော်လည်း မခေါ်မချ စေနှင့်၊ စာသင့် အောင် အရပ်ရပ်မြို့ရွာပြည်စိုး ခေါင်း တို့သို့ ပေး ရမည်။

5 September 1757

သက္ကရာဇ်၁၁၁၉ ခု တော်သလင်း လပြည့်ကျော် ၄ ရက်နေ့

( လောင်း စု၊ မှတ် ၂၁၊ စာ၂၆၉ )

I9 October I757

အမိန့်တော်ရှိသည်၊ ဒင်တဲတွင်အိမ်ထိမ်မြှား ပေးစားသည်မှာ ငဆွေတော် မျိုး တော်ဆို၍ ကျောက်အုတ်ဖြစ်သည်ကိုဆို၍ ဒင်တဲရွာနေ ဆွေသား မျိုးသား တို့လိုက် လိဘမ်း ဆီး၍တွန်းထိုး ပယ်ရှားသည်အရာမှာ တွန်းထိုး ပိုင်စေ၊ ဆွေသားမျိုး သား မှန်လျှင်အုတ်ကျောက်ဖြစ်မဟုတ်နေခင် ဆွေသားမျိုးသား ဖြစ်သည်ဟူ၍သတိုး သိင်္ဂသူသား သမီး မှစ၍အရပ်ရပ်အဆွေအမျိုး လူစော်ကား တို့သည်မင်း ညီမင်း သား ကဲ့သို့မင်း ရှိန်ကိုခံ၍ဆင်း ရဲသား ပြည်သူပြည်သား တို့ကိုအလွန်အကြူး ညှည်း ပန်း နှိပ်စက်မင်း ကျင့်စိုး ကျင့်ပြု ကြောင်း ကိုငါ ရွှေနား တော်ကြား ရလျှင် နေမျိုး သီရိဇေယနော်ရထာ၊ မြို့ဝန်ဇေယရန္တသူ၊ မြို့ဝန်လကျ်ာစည်သူ၊ ထောင် မှူး အဝန်း သွေး သောက်ကြီး ငယ်သား တို့၂ခွန်း ရွေ့ရမည်မမှတ်နှင်၍တကယ့်ညီ သား ပင်ဖြစ်သော်လည်း မင်းသား ဖြစ်သည်မင်း မြေး ဖြစ်သည်ဆိုလျှင် နှုတ်သီး ကိုအတွင်း က အောက်လှီး၍ပြစ်၊ ငကျေးဖွား သစ္စာတော်နှစ်ဖါး ရှိသည့်အတိုင်း ငါမှန်း လျှင်မှန်း ချင်း ငါချစ်လျှင်ချစ်ချင်း ၊ ငကျေးဖွား ကြက်သရေတော်ကို ထောက်၍ဆုံး မကွပ်ညှပ်စီရင်။

I9 October I757

သက္ကရာဇ်၁၁၁၉ ခုတန်ဆောင်မုန်း လဆန်း ၄ရက်ဗုဒ္ဓဟူး နေ့

( လောင်း စု၊ မှတ်၂၂၊ ဓါ၂၇၁ )

29 October I757

ကူတို့ဆိပ် ခေါင်း ကွဲထွင်သီ ဂိုကေရပ် ကျော်လယ်ကိုင်းအစွတ်အ ချောက်ကို ဂုဏ္ဏရဲ၊ စက္က ကျော်
ထင်တို့ကိုသနား တော်မူသည်လုပ်စား ၍အမှု တော်ကိုထမ်း ရွက်စေ။

29 October I757

သက္ကရာဇ် ၁၁၁၉ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့စာရေး
တော် ဝေလုရာဇာကတံဆိပ် တော်ခပ်သည်
( လောင်း စု၊ မှတ် ၄၊ စါ၂၂၇ )

(29 October 1757)

သဗ္ဗိသံ ကောလ ဘော ပုဗ္ဗဝါနိ ဒွေ စတုသဗ္ဗိပဗ္ဗနံ သဗ္ဗသဗ္ဗံ မေဝစ ဂိဝရနသဒံ ဘဝေ အာယုမနော ဝီသတိဒိဿဋ္ဌု ကုဏ္ဍကြိ ဃော ဒဿသောနာဝိဋ္ဌာ အဒဿနာ ဝိဏ ဋ္ဌေ ဝဇ္ဇဂ္ဂဟ် (တန်ဆိပ် တော်ဝန်စာ)

( လောင်း စု၊ မှတ် ၅၊ စါ၂၂၉ )

အရပ်ရပ်ကရှိခိုး သံတော်ဦး တင်၍ ပုရပိုက်လွှာတွင်ပါသည့်အမိန့်တော်အတိုင်း ရေးသည့်စာချွန်ကို နေမျိုး သီရိဇေယျနော်ရထာမှာပြစေ၊ နေမျိုး သီရိဇေယျနော်ရထာကပြကြောင်း ကိုမှတ်စာပါမှ ဘယသေနကတံဆိပ်ခတ်ရမည်။

29 October I757

သက္ကရာဇ် ၁၁၁၉ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်နေ့

( လောင်း စု၊ မှတ် ၂၀၊ ၏၂၆ရ )

အမိန့်တော်ရှိသည်၊ စမွယ်နဂိုတမော၀အစဥ်ကင်း တိုင်တို့ကရှိခိုး သံတော်ဦး 1756-1757
တင်ချက်တွင်သက္ကရာဇ်၁၁၁(၈)ခုကစ၍ ၁၁၁၉ ခုတိုင်ကင်း ခွန်တော်ငွေ၄၄၃၀
၀န်စား အခြား ငွေ၅၅၅ဒူတမောကင်း စမွယ်နဂိုကင်း ၂ကင်း အခွန်တော်
၄၉ ဝိဒ္ဒုဘုရား ကျွန်တော်တို့ကမင်း လှကျော်ထင်ကို ပေး အပ်ပါသည်ဆက်သွင်း ရာ
ဘုရား ကျွန်တော်တို့ကိုယ်မပါ၍ဆက်သွင်း သည်မဆက်သွင်း သည်ကိုအတပ်မသိနိုင်ပါ
ဘုရား ကျွန်တော်တို့ကကင်း ခွန်တော်ဆို၍ မင်း လှကျော်ထင်မှာ ပေး အပ်ပါသည်၊
ဆက်သည့်စာဆက် သောခါမြင်သူ ချိန်သူစာရင်း မှတ်သူဆက်သည် ငွေကိုထိမ်း သိမ်း သူ
တို့နှင့်မင်း လှကျော်ထင်စာရေး ကင်း ၀န်ဘယ သေနက်စစ်မှုတ်တွက်ညီ၏ မညီသည်
ကိုစစ်ချက်ကိုရှိခိုး သံတော်ဦး တင်ရမည်။ 20 November 1757

သက္ကရာဇ် ၁၁၁၉ ခုနတ်တော်လဆန်း ဆယ်ရက်နေ့

( လောင်း စု၊ မှတ်၂၃၊ စာ၂၇၃ )

ဘယ သေနပတ်မှန်တော်တည့်ငြား ကြား သိသမျှကို ရှိခိုး သံတော်ဦး တင်မည် ရည်၍ တံဆိပ်ကိုအပ်တော်မူသည်။အရှုပ်အကိုင်ခန့်တော်မူသည်။မည်သည့်သက္ကရာဇ်မဆိုတလ လျှင်လဆန်း နှစ်ရက်နေ့ကိုပု ရပိုက်လွှာသွင်း ရှိခိုး သံတော်ဦး တင်ရသည်။လွှတ်မှ စ၍ ရှေ့နောက်ရုံး ဝင်း ရုံး နန်း တော်ပတ်လည်အမည်ရများ မတ်တို့အိမ်ဝန်အိမ် မင်း ညီမင်း သား တို့အိမ်တွင်ခုံသူမတ်ထား ၍ စီရင်သမျှပြီး ပြတ်သောတရား မှု စကား မှုကိုလည်း ခုံစာရေး ရှေ့နေအမှုသည်တို့ကို ခေါ်၍ စစ်ကြောရမည်ခုံပန်း ရှေ့နေစာရေး ပန်း ရောက်လက်ဆောင်ခုံတို့ကို ပေး သည့်လက်ဆောင် ရှေ့နေ ခြေကြွ ပေး ရသည့် ငွေလက်ဆောင်တင်ရသည့်ပဏ္ဏာရေး စား မှတ်စား ကြေး ငွေပဏ္ဏာများ သည်လဆန်း တရ က်နေ့ကသည်လကုန်တိုင်ဆင်း ရဲသား တို့တွင်ကို ကြောင်း ကိုသိသာရအောင်ရေး သား ၍ ရွှေနား တော်ကြား ရှိခိုး သံတော် ဦး တင်ရမည်။ကွမ်း ဘိုး စီရင်စား များ မှာလည်း ပေး ရသည်များ ကိုမှတ်ချက် နှင့်ရှိခိုး သံတော်ဦး တင်ရမည်အမိန့်တော်ရှိသည်။

29 November I757

သက္ကရာဇ် ၁၁၁၉ ခုနတ်တော်လပြည့်ကျော် ၄ ရက်နေ့

(လောင်း စု၊ မှတ်၁ရ၊ စါ၂၆၀)

28 December I757

လွှတ်ကစာချွန်တော်များကိုစာရေးခန့်သသူတို့မရေး အဝဝစာချွန်တော်များကိုရေးပေးကြောင်းကိုရွှေနားတော်ကြားတော်မူသည်၊ ခန့်တော်မူသည့်စာရေးလက်ဝဲနော်ရထာ၊ လက်ယာနော်ရထာ၊ ရွှေတောင်နော်ရထာ၊ လက်ဝဲရွှေတောင်၊ လက်ယာရွှေတောင်တို့ကိုသာရေးစေ၊ သည့်ပြင်အဝဝရေးလျှင်လက်ကိုဖြတ်၊ စာချွန်တော်ကိုလည်းအိမ်ရာမှာမရေးမပေးစေနှင့်၊ ရွှေနန်းတော်လွှတ်တွင်သာရေးပေးစေ၊ ဘယသေနကိုပြန်ရမည်။

28 December I757

သက္ကရာဇ် ၁၁၁၉ ခုပြာသိုလပြည့်ကျော် ၄ ရက်နေ့.

( လောင်းစု၊ မှတ် ၂၆၊ စါ ၂၀၀ )

ရွှေနန်း တော်လွှတ်ထွင်စာချွန်တော်ကို ဒေဝနော်ရထာ၊ ဇေယနော်ရထာ၊ ကျော်ထင်နော်ရထာတို့ကို စာပေး ပေပေး များ ကိုစာ ချွန်တော်ရေး ပေး စေ၊ စာချွန်တော်ရေး ခန့်တော်မူသည့်ဘယသေနကိုပြန် ရမည်။

29 December I757

သက္ကရာဇ်၁၁၁၉ ခုပြာသိုလပြည့်ကျော်၅ ရက်နေ့

( လောင်း စု၊ မှတ်၂၇၊ စါ၂၀၂ )

မှူး မတ်တို့မှာ ဝတ်လုံအင်း ကျီကို ရွှေ ငွေ ဖဲ ဂုံအနား ကွပ်၍ မဝတ်မဆင်စေနှင့်၊အထူး သနား တော်မူမှ ဝတ်ဆင်စေ၊ ဘယ သေနမြို့ဝန်တို့ကိုဆိုရမည်။

29 December I757

သက္ကရာဇ် ၁၁၁၉ ခုပြာသိုလပြည့်ကျော် ၅ ရက်နေ့

( လောင်း စု၊ မှတ် ၂၅၊ စါ ၂၇၈ )

တမောဝကင်း တော်စမွယ်နဂိုကင်း တော်မှစ၍မြန်မာ ရှမ်း တလိုင်း လှေသွား ကုန်သည်တို့မှာ ဆယ်နိုင်တနိုင် ကောက်ခံသည့်အရပ်သည်ဆင်း ရဲသား ကုန်သည်တို့ကုန်သွား နိုင်မည်မဟုတ်ထုံး စံပင်ဖြစ် သော်လည်း ဆယ်နိုင် တနိုင်မကောက်စေနှင့်၊ လှေတွင်ကုန်တရာပါလျှင် ကောက်ခံရမည်မှာ ကုန်သည် တို့အင်အား ကိုထောက်ချင့်ဆင်ခြင်၍ သုံး စုစု၍တစု လျှော့ညံ့၍ လှေသွား ကုန်ဝယ် တို့မှာ လေး စုတွင်တစု လျှော့ညံ့၍ ကောက်ခံစေ၊ တရုပ်ကုန်သည်တို့မှာ ကင်း စောင့် ကင်း နေတို့က စာချွန် ပေး မြဲပေး စေ၊ ငွေခံဆန်တပြည် ဖျင်ပနာ မတင်စေ နှင့်၊ ရွှေဘဝါး တော် အောက် ရောက်လျှင် ရောက်ကြောင်း ကိုကင်း ဝန်မှာ အ စီရင်ခံစေ၊ ကင်း ဝန် ရှေ့ကင်း စါရေးတို့အ တော် တော် များ တို ကြိုက် စေ၊ တော်၍ ရသည့်ဘဏ္ဍာတော်များကို စါရင်းကျယ် စါရင်းချုပ် နှင့်ကင်းဝန်က စါရေးသွင်းမြဲသွင်းစေ။

4 January I758

သက္ကရာဇ် ၁၁၁၉ ခုပြာသိုလပြည့်ကျော် ၁ ရက်နေ့

( လောင်း စု၊ မှတ် ၂၄၊ စါ ၂၇၅ )

I3 January I758

ရတနာသိင်္ဃကုန်း ဘောင်နန်း တော်တွင်း တကြောင်း ရေး စာချွန်အမိန့်တော် ပြန်ဘတ်၍အပ်သည်၊ ကုန်း ရွာကင်း စောင့်ငစံတို့မှာ ၅ အိမ်ထောင်သား ကိုကင်း တွင်စီး ပွါး တော်ဘဏ္ဍာ တော်များ ကိုအကြည့်အရှုနေစေ၊ ပြည်မြို့ကမင်း မှုမင်း ခင်း မြို့မှုရွာဝန်မခန့်မထား စေနှင့်ကင်း တွင်နေ၍ငစံအိုနှင့်စီး ပွါး တော် ကိုကြည့်ရှုနေစေ။

I3 January I758

သက္ကရာဇ် ၁၁၁၉ ခုတပို့တွဲလဆန်း ၅ ရက်နေ့

( လောင်း စု၊ မှတ် ၁၂၊ စာ ၂၄၅ )

မှတ်ဆိုး ခြံအကွက်တွင် ဒေဝဗလကျော်ဆော် နက်အိမ်ခြော ၆၉ ရှိသည့်မှာလူကြီး ငပုံ
ကိုအရပ်အကွက်တွင်အကြီး လူ ဆော် စေအို့မီးဆော်ခန့်တော်မူသည်၊ ကြီး စိုး ဆော်
ဘန်မြဲအုပ် ဆော်နက်အရပ်တွင် မည်သည့်အစုအမှုထမ်း မဆိုတစည်း တရုံး တည်း ရှိ
အောင်ကြပ်ကြပ်တည်း တည်း နှိုး ဆော်၍ မင်း မှုမင်း ခင်း အုတ်သယ်သစ်တိုက်
ကျောက်တိုက်အမှုအသေး အဖွဲ့ဘုရား တည် ကျောင်း ဆောက်မသာမှုသာမှုအလုံး စုံ
မျိုး ကိုညီညွတ်စွာခန့်ထား ဆော်ဘန်ထမ်း ရွက်ရမည် ရွှေ ငွေ သေနတ်မှစ၍ အမှု
တော်ထမ်း အမည်ရလူ ပျို့တော်မျှား မှာမင်း မှု မင်း ခင်း ရှိသည်မအား မ
လပ် ကြောင်း ခေါင်း လူကြီး တို့ကို ပြောလျှင်လွှတ် စေ၊ မြို့ရွာတွင်ကိုယ်မှုမရှိအမှု
တော် ကောင်း ရာထမ်း ရွက်ရှိသည်အနိုက်ကိုအိမ်ထွင်သား မြေး ကျေး ကျွန်ရှိ
လျှင် သေခင်း ရှင်ခင်း အုတ်သယ် မြေသယ်တို့ကိုလိုက်လံထမ်း စေ၊ ကြေး ငွေမှာ
ခေါင်း တို့ကအမှုထမ်း ရည်အင်အား ကို ထောက်၍လွှတ်သင့်လျှင်လွှတ်စေ၊ ကျေး ကျွန်
သိး မြေးမရှိလျှင်အမှုအသေး အဖွဲ့ကိုလုပ် စေ၊ အရပ်တွင်ခိုး သေး မီး ပွါး မှာလည်း
မပေါ်မထရအောင်ညည့်နေ့နှိုး ဆော်၍တအိမ်ကိုချွန် သော ဝါး ၁၀ တန်သည် ၅
စင်း တန်သည်စိုက်ထောင်ရှိစေ၊ အိမ်မိုး မှာလည်း အိုး ရေပြည့်ထား ရှိစေ၊
ထမင်း ချက်ပြုတ်သည်မှာလည်း ကျင်း ဉ်ပြည့်တူး ၍ ချက်ချိန်ကိုသာ ချက် စေ၊ နံနက်
လေး ချက်တီး ကျော် ၃ မောင်း ချက်ပြုတ်၍ မီး သေငြိမ်း စေ၊ ည ၃ ချက်တီး ကျော်
၂ မောင်း တွင်မြို့ဝန်တို့မောင်း ခပ်လျှင်ထမင်း ချက် စေ၊ ၄င်း ၃ ချက်တီး ကျော်
ရ မောင်း ကိုမီး သေငြိမ်း စေ၊ ချက်ပြုတ်ချိန်မောင်း ခပ်သည့်အချိန်တွင်ကလွတ်
သည့်အချိန်တွင်တအိမ်မှုမီး ပွါး မိုး ပေါက်မပွင့်မရှိစေနှင့်၊ မီး ကျင်း တွင်မီး ဆော်
ကိုအမှိုက်ကြက်မွေး နှင့်ထိုး စမ်း သတ် စေ၊ သေငြိမ်း သည်ကာလဖြစ်လျက်မသေမ
ငြိမ်း စမ်း သပ်သည့်အမှိုက်ကြက်မွေး ကိုစွဲကပ်လောင်လျှင်မီး ရှိသည့်အိမ်ရှင်ကိုခေါ်
၍မြို့ဝန်ရုံး မှာပို့အပ်ရမည်၊ လမ်း ခရီး ကိုလည်း ဆေး အိုး ဆေး တန်သောက်၍
မသွား မလာစေနှင့်၊ သွား လာလျှင် ဆေး အိုး ဆေး တန်ကိုလုယူသိမ်း ထား ရမည်၊
မီး ဆော်ကိုတနေ့ငါး ကြိမ်လှည့်ပတ်စစ် ကြော စေ၊ ညည့်မှုညည့်ခင်း မှာလည်း အမှု
အခင်း မရှိသည်ကိုညည့်တချက်တီး ကျော်လျှင်မသွား မလာစေနှင့်၊ မြစ်တား ရမည်၊
အမှုအခင်း ရှိ၍သွား လျှင်မီး အိမ်နှင့်သွား လာကြစေ၊ လူဆော်ကိုမပြတ်လှည့်ပတ်

စစ်ကြောစေ၊ သူခိုးတို့အိမ်ယာကိုကျဘောက်ယူတက်ခိုးသည်ကိုသိ၍ဟစ်ကြော်လျှင် ကြွားသမျှဝန်းရံဘမ်းဆီးစေ၊ ကြွား ထောက်သိထောက်သိသင့်လျှက်မလာမရောက် မညီမညာနေလျှင်နေသသူကို ၅ ချက်အရိုက်ခံစေ၊ အရိုက်မခံဝံ့လျှင်ကြေး ၅ ဝယုတ်စေ၊ အရပ်မင်းမှုမင်းခင်းအုတ်သယ်မြေသယ်အုတ်တိုက်ကျောက်တိုက်အမှုအသေးအဖွဲ့ဘုရားတည်ကျောင်းဆောက်မသာမှုသာမှုရှိလျှင်ရှိသူတို့က ခေါင်းအကြီးတို့မှာတိုင်၍နှိုးဆော်သည်ကိုမလာမရောက်မညီမညွတ်ပြုကျင့်လျှင်မလာမရောက်သူကို ၅ ချက်အရိုက်ခံစေ၊ မခံဝံ့လျှင်ကြေး ၅ သကျပ်စေ၊ ကိုယ်မအားမလပ်၍တိုင်ဆိုလျှင်ကျေးကျွန်လိုက်စေ၊ ကျေးကျွန်မရှိလျှင်လွတ်စေ၊ အရပ်တွင်လူကြီးလူဆော်တို့မင်းမှုမင်းခင်းမသာမှုသာမှုရှိ၍နှိုးဆော်သည်ကိုမတိုင်မဆိုမလာမရောက်မည်သည့်အစုအမှုထမ်းဖြစ်သည်အတင်းအမာဆိုလျှင်ခေါင်းလူဆော်သွေးသောက်ကြီးငယ်သားတစုညညီညွတ်ညွတ်ဝန်းရံညီညာဆုံးမရမည်၊ အရပ်အတွက်တွင်နေလျှက်သေဘော်ရှင်ဘက်မရသူငယ်ချင်းအစုသို့မဝင်နေသူကိုပေါက်ဘော်သားချင်းဖြစ်သော်လည်းသူငယ်ချင်းစုကတွက်၍သာမှုမသာမှုကိုမလိုက်မကူစေနှင့်အမိန့်တော်မှတ်စာပေးအပ်သည့်အတိုင်းအရပ်တွင်းတွင်ခေါင်းလူဆော်မီးဆော်သွေးသောက်ငယ်သားတစုကွမ်းလဘက်နှင့်ပြန်ဘက်ချုပ်ဆိုရမည်အမိန့်တော်။

(I3 January I758)

(သက္ကရာဇ် ၁၁၁၉ ခုတပို့တွဲလဆန်း ၅ ရက်နေ့)

( လေခင်းစု၊ မှတ် ၁၃၊ စာ ၂၄၇-၈ )

24 January 1758

တောင်ဘက်လယ်တွင်း အဝင်ရာဇသေဋ္ဌေး ပိုင်သည်။

24 January 1758

သက္ကရာဇ် ၁၁၁၉ ခုတပို့တွဲလပြည့်ကျော် ၁ ရက်နေ့

( လောင်း စု ၊ မှတ် ၂၀ ၊ စါ ၂၀၄ )

4 February I758

I9 January I758
သက္ကရာဇ် ၁၁၁၉ ခုတပို့တွဲလဆန်း ၁၁ ရက် ၅ နေ့ ကောင်း မှုတော်စေတီ တည်
မည် ရွှေဆိုင်း အများ ခတ်စေရမည့်သိန္ဓိဗာဟုကို ခေါ် တော်မူ၍ ရွှေဒိကိုအဆိုင်း
မည်မျှရမည်အမေး တော်ရှိလျှင် ၆ ဆိုင်း ရပါသည် လျှောက်သည်၊ ၆ ဆိုင်း ပြင်မရ
နိုင်ပြီ လောထပ်၍အမေး တော်ရှိသည်ကိုမရနိုင်ပါ လျှောက်သည်၊ မိကျိုင်း ကို ခေါ်
တော်မူ၍ မေး လျှင် ရွှေဒိကို ၈ ဆိုင်း ရပါသည် လျှောက်၍ သိန္ဓိဗာဟုက ရွှေခတ်လု၊ မိ
ကျိုင်း က ရွှေခတ်လုတို့ကို ရွှေဒိစီအပ် တော်မူ၍ နန်း တော်တွင် ၁၄ ရက် နေ့ကစ၍ 22 January I758 25 January I758
ခတ်စေသည်၊ လပြည့်ကျော် ၂ ရက် နေ့ ၈ ဆိုင်း စီ ရပါသည်၊ ရွှေစလည်း နဲကျန်သည်၊
သိန္ဓိဗာဟုကိုများ စွာအပြစ် တော်တင်သည်၊ ဘဏ္ဍာ တော်ကို လျော့ အောင်ပြုသည်၊
ကျွန်း ဆိုး ဖြစ်သည်၊ ဘဏ္ဍာ တော် ရွှေတဆိုင်း ကို ၁၀ ပေး လျော်နိုင်မည်မဟုတ်၊ မ
ပေး လျော် စေနှင့် တော့၊ မိကျိုင်း ကိုသိန္ဓိဗာဟုမတွင် စေ၊ သိန္ဓိဗာဟုမက ရွှေ
ရဆိုင်း နှင့်အပြား ၅၀ဆက်လက်သွင်း ။

4 February I758
သက္ကရာဇ် ၁၁၁၉ ခုတပို့တွဲလပြည့်ကျော် ၁၂ ရက် နေ့

( လောင်း စု၊ မှတ် ၁၁၊ စာ၂၄၂ )

ဘယ်သေနတ်ကိုငါကအရပ်ရပ်ကိုအစစ်အကြောအချုပ်အကိုင်ခန့်တော်မူ၍စစ်ကြော ရသည်၊ မင်းခေါင်နော်ရထာသည်သစ်ဘောင်မီး သို့အမှုအကြောင်း နင်ဘဲ ဆိုသည်မှာမဆိုနှင့်၊ မျိုးကြီး ချင်း ပင်ဖြစ်သည်၊ ဆိုင်ရာစီရင်စုမှာငါခန့်တော် မူသည့်အတိုင်း ဆိုင်ရာစီရင်ကြရသည်ဖြစ်သည်၊ ကျီး ကိုဘုတ်ရိုသေ၊ ဘုတ်ကိုကျီး ရိုသေ မှလည်း ငါအရှင်ဘဝရှင်မင်းတရားကြီး ဘုရား ကျေးဇူး ကြက်သရေတော်ရှိ မည်၊ ငါ့အမိန့်တော်အတိုင်း လည်း တည်မည်၊ ဘယ်သေနမှာစစ်ကြောရသည်သာ၊ ဘယ်သေနကိုယ်မှုကိုယ်စီး ပွါး မဟုတ်၊ စီး ပွါး တော်ဖြစ်သည်၊ မနာသာ သောစ ကား ကိုမဆိုကြနှင့်၊ ငါ့ကျွန်ဘယ်သေနကဲ့သို့နှစ်ယောက်သုံး ယောက်ငါ့တွင်ရှိလျှင်ငါ့ စီး ပွါး တော်များ ဖြစ်ရာရှိရာသည်၊ ဘယ်သေနကိုအထူး သသူတို့ကငါ့စီး ပွါး တော် ကိုလျော့နည်း အောင်ပြုပါငွေ၁၀၀ပေး သော်လည်း လျော့နည်း အောင်ပြုမည် ကျွန်မဟုတ်၊ ငါ့ရာဇဝတ်တော်ကိုကြောက်ရွံ့ခန့်ညား လှသသူဖြစ်သည်၊ ငါ့ကျွန်တော် ဘယ်သေနကိုငါသာစေပါး ခန့်ထား နိုင်သည်၊ မဟုတ်မမှန်သောအမှုကိုလျှောက် ထား ဆောင်ရွက်စီရင်မည်မဟုတ်၊ ငါ့အမှုတော်ကိုသာရိုရိုသေသေဆောင်ရွက် သည်၊ ရိုး ရိုး မတ်မတ်ဖြောင့်သား မှန်ကန်သောသဘောလက္ခဏာရှိသောကျွန် ဖြစ်၍ ငါယုံကြည်တော်မူရမည်ဖြစ်၍ကင်း အရပ်ကိုအပ်တော်မူရသည်၊ ဘောင်စီး ဘောင်နင်းတို့ကိုအစဉ်အရိုး ရှိသည့်အတိုင်း ကိုသာဆိုစေရမည်အရာသာဖြစ်သည်၊ အ မှုဏမ်း ကြီး လျှင်ကြီး လျှောက်ငယ်လျှင်ငယ်လျှောက်ထောက်၍ဘယ်သေနကလွှတ်လျှင် လွှတ်ရမည်။

7 February I758

သက္ကရာဇ် ၁၁၁၉ ခုတပေါင်း လဆန်း ၁ရက်နေ့

( လောင်း စု၊ မှတ် ၁၄၊ စါ၂၅၂ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော သာ သနာ့ဒါယကာ တော်လက်နက်စကြာ
သခင်ဆင်ဖြူဆင်နီများ ရှင်အသျှင်ဘဝရှင်ဿ လောင်း မင်း တရား ကြီး ဘုရား
အုပ်ရှစ် ကျေး တောင်လိမ်လုတွင် မဟာအတုလယသဓမ္မရာဇာဂုရုဆရာ တော်
က ဆောက်သည့် ကျောင်း ကိုမှတ် လေး မျက်နှာ လှေကား ၅ဆူ မှန်ကင်း ၂ဆူတံခါး
ရွက်ရှင်လွတ် ကျောင်း တွင်တည်ထား ရိုး ဥဂင်နှင့် ရွှေတတ်နိုင်သမျှထည့်လုပ် စေ။

II February 1758

သက္ကရာဇ် ၁၁၁၉ ခုတ ပေါင်း လဆန်း ၅ ရက် နေ့

( လောင်း စု၊ မှတ်၂၊ စါ၂၂၃)

ဘယသေနကဂ္ဂိနိုး သံတော်ဦး တင်ရာမှာမြို့နေပြည်သား တိုင်း ခရိုင်နိုင်ငံ နေသတ္တဝါတို့သည်ဆင်း ရဲ လေသည်ကိုကြား သိသည့်အတိုင်း လျှောက်သည် ပင်ဖြစ်သည်၊ ဆင်း ရဲသား ကျွန်တော်မျိုး တို့ကိုစိတ်ချနှလုံး ကြသ ဘောဖြူစင်ကြ၍အရှင်ကိုစိတ် စေတနာနှင့် မေတ္တာ ရောက်ကြမှလည်း သာသနာ ရေး ပြည်ထဲ ရေး သက်သာမည်၊ တရား မှုစကား မှုကြေး မှုငွေ မှုအငြင်း အခုံအထုတ်အ တောင်း အ လျှောက်အထား ရောက်၍ စစ်ကြောစီရင်ရလျှင် ဂတိ လေး ပါး နှင့်အညီအမှုး အမတ်ခုံသူ မတ်တို့မတိမ်း မညွတ် တော်တည့် ဖြောင့်မတ်စွာ စီရင်ရမည်၊ ဆင်း ရဲသား ကျွန်တော်မျိုး နှင့်အမှုး အမတ်သူ ဌေး သူကြွယ်တို့ ကြေး ငွေ ချေး ရာ စပ်ရှက်သည်ဟူ၍ ရာဇဝင် မစပ်မဆိုင်သည့်အမှုမှား ကိုအ နှောင်အဖွဲ့ထိတ်ကြိုး ခြေချင်း မချည်မခတ် စေနှင့်၊ မနှောင်မဖွဲ့စေနှင့်၊ ငါ့ရွှေမြို့တော်အတွင်း ပြင်စ၍အရပ်ရပ် စော်ဘွား မြို့စား အရပ်ရပ်သူကြီး အမှုဆောင်စီရင်ရသူတို့ကို စေ့နှံ့ အောင်အမိန့်တော်အမှာ တော် စာရှည်တွင်တံဆိပ်ခတ်၍တံဆိပ်မင်း ဝန်စာလိပ်တတ်၍ ဟောရမည်။

20 March I758

သက္ကရာဇ် ၁၁၁၉ ခုတန်ခူး လဆန်း ၁၂ ရက်နေ့

( လောင်း စု၊ မှတ် ၁၅၊ စါ ၂၅၅ )

I6 May I758

ပြည်မြို့မင်း တုံး မြို့၊ ရန်ကုန်မြို့၊ တောင်ငူမြို့၊ မိုး မိတ်မြို့၊ ရေကင်း မြို့၊ စကူမြို့၊ သိန္နီမြို့၊ မိုး နဲမြို့၊ သာယာဝတီမြို့မှစ၍အရပ်ရပ်မြို့ဝန်စစ်ကဲနား ခံခန့်တော်မူ သမျှမြို့ရွာများ တွင်နား ခံတို့သည်ရာဇဝတ်တော်ကိုကျွမ်း ကျင်သိမြင်သူလည်း ရှိသည်၊ မကျွမ်း ကျင်မသိမမြင်သူလည်း ရှိလေသည်၊ ရာဇဝတ်တော်ကိုကျွမ်း ကျင်သသူလည်း ပွါး၍တတ်မှတ်အောင်၊ မကျွမ်း မကျင်မသိမမြင်သူကိုလည်း ကျွမ်း ကျင်သိမြင်အောင်နား ခံတို့မှတ်သား ရန်ကိုငွေနား ခံတော်ကြီး ဓမ္မမင်း ဂဲကရေး မှတ်စီရင်၍စာ ပေးအပ်စေ၊ ဓမ္မမင်း ဂဲကိုအရပ်ရပ်နား ခံတို့ကိုအချုပ်အစီရင်ခန့်တော်မူသည်။

I6 May I758

(သက္ကရာဇ်) ၁၁၂၀ပြည့်နယုန်လဆန်း ၁၀ရက်နေ့

(လောင်း စု၊ မှတ်ဂ၊ စါ၂၃၆)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောသာသနာဒါယကာ တော်လက်နက်စကြာ
သခင်ဆင်ဖြူဆင်နီများ ရှင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား ၊ ဘယ သေန
ကိုထား ဆင်အိမ်ခါင်စွယ် ဆောက် ခွေး မ ခွေး ငယ် နောက်ပိတ် ရွှေတဘက်ရတန့်
ဆင်စွယ်ရပ်အရိုး ဆင်စွယ်အငွယ်ထု ပြောက်ဇာ ဘောက်အနား ရွှေကွပ်သနား
တော်မူသည်ကိုလုပ်၍ ဆောင်။

I6 May I758

သက္ကရာဇ် ၁၁၂၀ ပြည့်နယုန်လဆန်း ၁၀ ရက် ၃ နေ့

( လောင်း စု ၊ မှတ် ၃ ၊ စါ ၂၂၅ )

I6 May I758

ရတနာရွှေဘောင်တော်ခတ်ကုန္တဝေရကျော်ငယ်သား ငထွန်း ဝ၊ ငရှမ်း ဖြူ တို့ကဘုရား ကျွန်တော်တို့ရတနာရွှေဘောင်တော်ခတ်လှေ ၅ ရတို့ကိုဆိပ်တည်ပွဲကင်း ကူး တို့အပေါ်ဝန်အလုံး စုံကိုလွှတ်ငြိမ်း စေ၊ သက္ကရာဇ် ၁၁၁၉ ခု တော်သလင်း လ 9 September I758
ပြည့်ကျော် ၁၂ ရက်ဘုရား ဖျာဒိတ်တော်မြတ်ကိုဦး ထိပ်ရွက်ရပါသည့်အတိုင်း ချွန်း တောင်ရပ်တွင်ကျွန်း သစ် ၃ ဆုပ် ၄ ဆုပ် ၅ ဆုပ် ၆ ဆုပ်သစ် ပေါင်း ၇၈၅ ဝယ်၍ ချပါ သည်ကိုကင်း တော်ဝန်ကသစ်အလုံး ၁၀ ဘောင် ကြေး ၁၀ ကင်း စောင့်စား ငွေ ဒိံ၂လ ကောင်း သည်ချ ခေါ်၍ ချဝတ် ၂၀ ပေး ရ၍အပူအပြင်း တောင်း၍ ရှိရခဲ့ သည်ဘုရား ဖျာဒိတ်တော်မြတ်ကိုဦး ထိပ်ရွက်ရပါသည့်အကြောင်း ကိုအသနား တော် ခံရှိခိုး သံတော်ဦး တင်ပါသည်ဘုရား ၊ ကုန္တာဝေရကျော်ငယ်သား ငထွန်း ဝက ရှိခိုး သံတော်ဦး တင်ရာမှာအစဉ် ကောက်စား ရိုး ရှိသည့်အတိုင်း ကင်း ဝန်မှာ ဆို၍ဆက်သွင်း စေ။

I6 May I758

သက္ကရာဇ် ၁၁၂၀ ပြည့်နယုန်လဆန်း ၁၀ ရက်အင်္ဂါနေ့

( လောင်း စု၊ မှတ် ၁၈၊ စာ ၂၆၂ )

I9 August I758

ရောက် စောက်ကျည်မိုင်း နှင့်လှ ချစ်တို့ကျွန်စကား ကိုလွှတ်တွင်အမတ်တို့နှစ်ဘက်အဆိုနှင့်စီရင်ချက်ကိုရှိခိုး သံတော်ဦး တင်၍ နှစ်ဘက်စကား ကိုဓမ္မသတ်စာ ဟောင်း နှင့် ထောက် သော်တ ယောက်ကမိလာဘလာအစဉ်ဆင်း သက်သည့်ကျွန်ဆိုသည်၊ တယောက်ကနှစ်သက္ကရာဇ်အရှည်အလုပ်ဘဏ္ဍာမပေး မအပ်ကျွန်မဆို စေရဆိုသည်ကို ထောက်လျှင်အစဉ်ကျွန်မှန်၍ကျွန်မဟုတ်သာ မျက်နှာလွဲကာလနှင့်ကျွန်အရာကလွတ်ကောင်း သည်ဆိုသည်၊မှန်မည်မမှန်မည်ကိုစစ်၊ လွှတ်တွင်မင်း မတ်တို့ ကောက်ယူစီရင်သည့်အရာသည်ဓမ္မသတ်ကျမ်း ဂန်ထုံး စံစာ ဟောင်း ကိုမကြည့်၊အဖွား နောမတီ အယူနှင့်သဘင် ရေး ပွဲဖြတ်သကဲ့သို့လက်လီလက်ဆအတိုင်း အရှည်မသိသုံး ဖြတ်သည့်အရာသည်မသင့်၊ တရား အဆုံး အဖြတ်သည်မ တော်မတည့်မဟုတ်မမှန်ဂတိ လေး ပါး သို့ ညွှတ်၍ စီရင်ခြင်း သည်စီရင်သူကိုယ်နှိုက်သာအပြစ်မဟုတ်၊ ထိုပြည်ထိုတိုင်း နိုင်ငံထိုမြို့ထိုပြည်ထိုခရိုင် ကျေး ရွာတိုင်း နိုင်ငံ ရေး ခြား ရာသည်အစဉ်ကမ္ဘာစကား ဆိုသည်၊ နောင်၌ကဲ့သို့မကျင့်နှင့်၊ ဓမ္မသတ်အ စောင် စောင်ဖြတ်ထုံး ပုံစံသက်သေသ ဘောလက္ခဏာညီညွတ်၍ဟုတ်မှန် အောင်တလတန်သည်တလခွဲတန်သည် ခုနစ်ရက်တန်သည်ဆင်ခြင် ဆွေး နွေး ၍ စီရင်ရမည်။

I9 August I758

သက္ကရာဇ် ၁၁၂၀ ပြည့် ဝါခေါင်လဆန်း ၁၅ ရက်နေ့၊

( လောင်း စု၊ မှတ် ၁၆၊ စာ ၂၅၈ )

19 January I759

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှ သော သာသနာ့ဒါယကာ တော်ဖြစ်တော်မူ သော အရိန္ဒမာ စကြာ ရွှေလှံဆင်ဖြူဆင်နီဆင်ကျား များ သခင် ရွှေနန်း ရွှေပြဿဒ်သခင်ဇမ္ဗူဒိတ်ကျွန်း မြေပြင်၌ထီး ဆောင်း စော်ဘွား များသခင်အသျှင်ဘဝရှင် အလောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ မဏိပူရမြို့တိုင်း ခရိုင်ကိုအစည်ဆင်း သက်၍ စိုး လုပ်သူကသည်း စော်ဘွား ကျွန်တော်မျိုး တို့သက္ကရာဇ် ၁၁၂၀ ခုပြာသိုလဆန်း ၁၄ ရက် နေ့မဏိပူရပြည်တိုင်း မြို့နန်း မြေ ရေသိမ်း တော်မူ၍ ငါ့ ရွှေလက် တော်သို့ ရောက် ကြောင်း နန်း စည် မော်ကွန်း ကျောက်စာ ရေး I2 January I759 သား ၍ထား တော်မူခဲ့သည့် နောက်အဆက်ဆက်စိုး အုပ်ကြီး ပွါး လိုသသူတို့၃ နှစ်လျှင်သမီး နှမ၊ တနှစ်လျှင် ရွှေချိန်၁၀၊ မြင်း ၁၀၀လင်း လေ၅၀၀ဆိပ်လူး စည်း သွား တပ် သော မှျား ၅၀၀၀၊ သစ်စေး ချိန်၁၀၀၀ဆက်၊ တိုင်း ရေး ပြည်ရေး ပြည်မှုထွက်လျှင် စော်ဘွား တိုမှုး မတ်နှင့်မြင်း စီး ၁၀၀၀၊ လင်လေး ကိုင်လူ၁၀၀၀၊ ၂စုလူ၂၀၀၀နှင့်ငါ ရွှေစက် တော်ချီ တော်မူရာ နောက် တော်လိုက်ရမည်၊ ကျေး ဇူး သစ္စာ တော်ကို စောင့်၍အမှု တော်ကိုထမ်း ကုန်နိုင်လျှင် စော်ဘွားကြီး ရမည်၊ ကျေး ဇူး သစ္စာ တော်ကိုမ စောင့်အမှု တော်ကိုမထမ်း မဆောင်ဝံ့၊ စည်းလည်းစည်း စား သွေဖီ၍ကျင့် လေ သော်သာသနာ၅၀၀၀ကို စောင့် သော နတ်သကြား မင်း၊စတုလောကပါလနတ်သား ၄ပါး၊ဘုမ္မစိုး၊အာကာသစိုး၊တောစောင့်နတ်၊ပြည် စောင့်နတ်၊နန်း စောင့်နတ်၊ငါ၏ကိုယ် တော်မြတ်ကို စောင့် သော နတ်၊ငါ၏ဥကင်သရတနာထီး ချက် တော်ကို စောင့် သော နတ်၊ဓမ္မ ရဋ္ဌ၊ဝိရူဋ္ဌက၊ဝိရူပက္ခ၊ကုဝေရ၊ပိဿနိုး၊စန္ဒြာ၊ပရမိသွာ၊မဟာပိန္နဲ ခပဲ များ စွာ နတ်တကာလည်း သတ်၍ မနေ သေ လေ စေ၊ကြည်း၌သွား လည်သစ်ကျား ချေ သေ့ဘီလူး သဘက်တစ်တစ် သွေးသား စား လေစေ၊ ရေ၌သွား လည်း မိကျောင်းလဘိုင်မကန်းလိပ်ငါး စား ၍ မ နေ သေ လေ စေ၊ လောင်မီး လက်နက်ပြဖွာစက်၊ ဝရစိန်လက်နက်သကြား စက်၊ မိုး ကြိုး လက်နက် နတ်တို့စက်လည်း ဆက်ဆက်မလွဲထက်ချမ်း ကွဲ အောင်ပစ် လေ စေ၊ သလိပ်သည်း ချေ သွေး လေဆိုး စွာအနာအမျိုး ၉၆ပါး ရောဂါများ လည်း စွဲ လေ စေ၊ နူဖြူနူနီနူသ ဖန်းအစ ရှိ သော မ ကောင်း သော အနာတို့သည်ကိုယ်၌ စွဲ၍လူ ချင်း မတူလူ ဘော်မဝင်ဖြစ် လေ စေ၊ လုပ်သီး

ဆောင်ပွါး စည်း စိမ်များ လည်း ဆုတ် သောကျ သော ရေခဲ့သို့တ နေ့တပါး ရေ
နည်း ငါး ကဲ့သို့ ရှား ပါး ငတ်မွတ် ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္တန္တရကပ်၊
ဝိလုပ္ပန္တရကပ် ၄ ပါး သောကပ်တို့သည်တပြိုင်နက်တည်း ရောက်၍ ရေနွံ မှောက် သော
ဆား လှောကဲ့သို့ ပျက်စီး ချင်း သို့ ရောက် လေစေ၊ ဘေး ရှစ်ပါး ဒါဏ်ဆယ်ပါး တို့သည်
လည်း သွား လေရာ ရာအရိပ် ပါသကဲ့သို့ ရောက်၍ ဖက်သတ်၊ဖက်သချာ၊ ကူနာခရုပိတ်
အနာတို့၌ မကွာတနာ ငရဲမျှချမ်း သာချင်း မရှိ၊ ရှိလေစေ၊ ငါ့ကျေး ဇူး သစ္စာ တော်
ကို စောင့်သိရို သေစွာ ငါ၏အမှု တော်အဘိုး တော်အခွန် တော် ငါ၏ကမ္ပည်း စာအ
စည်ရှိသည့်အတိုင်း မှန်ကန်စွာထမ်း ရွက် ပေလျှင်လည်း အနာအမျိုး ၉၆ ပါး သော
ဆိုခဲ့ပြီး သောအဖြစ်အ ပေါင်း တို့သည်နှင်း မြူမီး ခိုး တိမ်တိုက်အန္တရာယ်မှကင်း
လွတ်လျက်သန့်ရှင်း စင်ကြယ်စွာ ရောင်ခြည် တော်တ ထောင် ဆောင် သော နေမင်း
ဆန်း သစ် သောလတက်သစ် သော ရေကဲ့သို့တ နေ့တပါး တိုး တက်ပွါး များ သည်ကိုစိတ်
၂ ပါး ချမ်း သာခြင်း ကိုရ၍ ဤကိုယ်၏အခြား မဲ့ဘဝ ပြောင်း သောအခါလူမင်း နတ်
မင်း စည်း စိမ် ချမ်း သာကိုရ၍ နိဗ္ဗာန် ရွှေပြည်သို့ ရောက် လေစေ။

I9 January I759

သက္ကရာဇ် ၁၁၂၀ ပြာသိုလပြည့်ကျော် ၆ ရက် နေ့ ကျောက်စာ ရေး ၍
ကသည်း မြို့နန်း ဦး ထွင်စိုက်ခဲ့သည်၊ စိုက်သူသက်ရှည် နော်ရထာ။

( လောင်း စု၊ မှတ် ၂၉၊ စါ၁၀၆–၇ )

မဟါအတုလယသဓမ္မရာဇာဂုရု ( ဆုံထား သာသနာပြု ) ဆရာတော်အမိန့်ရှိသည်အတွင်း ဩ တောမရွာနေရှင်တေဇောဒီပ၊ ရှင်ဥာဏဂန္တိမရှိလျှင်အခြား ကိုဏ်း အုပ်ရှာ တော့မည်မဟုတ်ပြီ၊ ရှင်ဥာဏဂန္တိအုပ်ချုပ်ရင်း ကျေး ရွာနေသံဃာတို့ကိုကြပ်ကြပ် တည်း တည်း ဆုံး မစီရင်အုပ်ချုပ်ကိုဏ်း အုပ်ဆရာပြု၍ဆုံး မရမည်။

ကါလဝိပတ္တိအခိုက်သူ့ကျေး ဇူး ကိုမှီ၍အသက်မွေး ရသည်တကြောင်း ၊ သာသနာတော်စီး ပွား ဖြစ်မည်တကြောင်း ၊ ဤအကြောင်း များ ကိုထောက်ရှု၍အတွင်း ဩသူကြီး နှင့် ကျေး ရွာနေသံဃာတို့ကိုနိုင်နင်း ကြပ်တည်း စွာဆုံး မ၍သာသနာတော် စီး ပွား ဖြစ်အောင်ပြုရမည်၊ တရပ်တကျေး တောင်သွား မြောက်သွား မပြုနှင့်၊ စာပေမပြတ်မလပ်နိုး ဆော်သင်ကြား စေ။

12 April 1759

သက္ကရာဇ်၁၁၂၁ ခုနှောင်းတကူး လပြည့်၅ ရက်နေ့အပ်သည်

( ယော၊ စါ၆၅ )

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသောအရှင်နှမ၁လက်နက်စကြာရတနာဆင် ဖြူများ သခင်တိုင်းကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့၏သခင်ဖြစ်တော်မူသောအ လောင်း မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ စန္ဒာဒေဝီ ကမန်း စက်တော်ရာမှာတည်ထား ဆောက်လုပ်သည့်စရပ်ကိုမှန်ကင်း ၄ဆူစိုက်လှူစေ။

IO September I759

(သက္ကရာဇ်) ၁၁၂၁ခု တော်သလင်း လပြည့်ကျော် ၄ရက်နေ့
( လောင်း မိန့်၊ မှတ်၃၀၊ စါ၁၁၀)

(21 September 1759)

အမိန့်တော်ရှိသည်၊ သီရိသုမမ္မာရာဇာသား တော်ဖြစ်၍တိုင်းကြီး ပြည်ကြီး ကို ငါ့နေပြည်တော်တွင်ငါယုံမှတ်တော်မူသည့်အတိုင်း အမှုကုန်မည်ကိုရည်၍ခန့်ထား တော်မူသည်၊ မင်းတွင်မျိုး မတ်ပြု၍ စေသုံးသသူတို့သည်ရာဇဝတ်မှုဝတ်ရှေလာ ကဝတ်ကိုသိမြင်နိုင်သူလိမ္မာသူမရှိလူဆိုး လူသွမ်း များ သည်တိုင်းကား ခရိုင် အစွန်အနား မြို့ပြ ကျေး ရွာခရိုင်အရပ်ရပ်သို့အသွယ်သွယ်အဝဝစာရေပး မှာ၍ မသွား မခေါ်မချ စေနှင့်၊ ကျေး ဇူး သစ္စာ တော်ကိုစောင့်သိသသူအမျှော်အမြင် ပညာသုတကဝိနှင့်လူကိုတဦး တဝတည်း သာမင်နှုတ်ထွက်၍ ခံမှတ်ရေး သား ၍တဝ တည်း ခေါ်ခင်း ရှိလျှင်ခေါ်သိမ်း စေရမည်၊ ဥဒိန်စည်သူကိုအပ်။

(21 September 1759)

(သက္ကရာဇ် ၁၁၂၁ခု တော်သလင်း လပြည့်ကျော် ၁၅ရက် နေ့)

(လောင်း မိန့်၊ မှတ် ၃၂၊ စာ ၁၁၅)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော သာသနာ့ဒါယကာ တော်ဖြစ်တော်မူ
သောလက်နက်စကြာ ရတနာဆင်ဖြူများ သခင်အသျှင်ဘဝရှင်အလောင်း မင်း
တရားကြီး ဘုရားအမိန့်တော်ရှိသည်၊ သီရိသုဓမ္မရာဇာ ရတနာသုံးပါး ဂုဏ်
တော်မိဘဆရာသမားတို့ကျေးဇူး ခပ်သိမ်း သောရဟန်း ရှင်လူပြည်သူတို့ဆုတောင်း
ပဋ္ဌနာပို့ဆက်သော မေတ္တာကြောင့်ငါကိုယ်တော်မှစ၍ ရှင်မိဘုရားသား တော်
သမီး တော်မျိုး တော်မတ်တော်သူရဲသူခက်လက်နက်ဆင်မြင်း ပကတိချမ်းသာ၍ 18 November 1759
၁၁၂၁ ခုတန်ဆောင်မုန်း လပြည့်ကျော် ၁၄ ရက်နေ့မင်းလှရာဇာကိုဗိုလ်မှူး 28 November 1759
ခန့်၍မြင်း ၁၀၀ သေနတ် ၁၀၀၀ နှင့်ဒဝယ်မြို့သို့ချီစေသည်၊ ၎င်း သကြဖ်နတ်
တော်လဆန်း ၉ ရက်နေ့ပုခန်းကြီးစား စည်သူနော်ရထာ ယောစော်ဘွားကို
သိုဟန်ဘွား အမည်နှင့်သူကောင်းပြုတော်မူ၍မြင်း ၁၁၀ သေနတ် ၄၀၀ ကျော်လှံ 8 December 1759
ကိုင်ပေါင်း ၁၁၁၀ ကျော်နှင့်ချီစေသည်၊ ၎င်း လပြည့်ကျော် ၄ ရက်နေ့သဘော်တော်
ကြီးနှင့်သဘော်ငယ်တိုက်လှေ ၁၀၀ တပင်တိုင်ဥချွန်း ဥဝန်း ရပက္ကတုဍာလက်နက် 7 December 1759
ကိုင်ပေါင်း ၁၇၀၀ ရေကြောင်းချီစေသည်၊ ငါကိုယ်တော်လည်း နတ်တော်လပြည့်
ကျော် ၃ ရက်ကိုအမှူး အမတ်အလုံး အရင်း ဆင်မြင်း သူရဲသူခက်အပေါင်း ခြံရံလျက်
လမင်း၏တင့်တယ်ခြင်း နှင့်အတူရန်ကုန်မြို့ကသဘော်တော်နှင့်ဒဝယ်တနင်္သာရီ
ယိုးဒယား ဒွါရာဝတီမြို့လဗုံဇင်း (မယ်)ကိုသိမ်း ရုံး၍တရားသဖြင့်ဆုံးမနှိမ်
နင်း တော်မူ၍နေပြည်တော်သို့အရှေ့ရှမ်းပြည်ကပတ်၍သက်စံ တော်မူမည်၊ ငါ့
နေပြည်တော်တွင်ငါကိုယ်တော်တိုင်း နိုင်ငံလှည့်လည်စံသွား နှိမ်နင်း သည့်အခိုက်
ငါ့တွင်သား ဩရသ ငါ့အငိုး အရာကိုနောက်ငါကဲ့သို့စိုးအုပ်ပြဋ္ဌာန်း ရမည်သား
ဖြစ်၍ယုံတော်မူသည့်အတိုင်း ငါ့အမှုတော်ကိုဆောင်ရွက်မစစီရင်ရမည်အစောင့်
အနေတိုင်း ရေးပြည်ရေး အမှုကိုပွန်းတီးကျင်လည်အောင်ခန့်ထား တော်မူ
သည့်အတိုင်း မေတ္တာနှင့်သာယာချောင်ဖြောင့်မတ်စွာလုပ်ရေးကြံခြင်း ရှိသမျှ
ကိုစီရင်ရမည်၊ ယခုကာလမိုး လေစဲပွင့်၍နွေလဆန်း တော့မည်ဖြစ်သည်၊မီး ဖွါး
ခိုး သေး တို့ကိုလုံ့လထကြွကြပ်ကြပ်တည်းတည်း နှိုး ဆော်စီရင်ရမည်၊ ကန်တော်
မြောင်း တော်လုပ်ချိန်ကာလလွန်လေပြီး သည်၊ကျုံး တံခါး ပြအိုး များ ကိုသာကျုံး
စားအား ထုတ်စီရင်၊ကျုံး မှာတုပ်သစ်ပျည်ဆင်း ရဲသား တို့အပြီးကူစေ၊ ကျုံး မြေ

မှာတုပ်တော်ကိုတဖြည်းဖြည်း စီရင်ရမည်၊ တံခါးပြအိုး မော်ယွန်း များ မှာ စည်ကူး ငသာထွန်း အောင်သည်ငါရွှေစက်တော် အောက်အရည်အသွား မရှိသူ ကောင်း ဖြစ်လို၍မြဲစွဲ ခစား သည်နှင့်ငါသနား တော်မူ၍လက်ယာ ရွှေ တောင် ဘွဲ့နှင့်ကျုံး တွင်း ကျုံး စား ရေး သူကြီး ကလံအ ဆော်အကြပ်တို့အပြုအကျင့်အလုပ်အ ဘောက်အခွဲ့အထွင်အခွဲအခန့်ကိုသိရစေအဆော်အနှိုး အကြပ်အမထား ခဲ့သည်လူ မှုမဟုတ်သွား တိုမျက်နှာအိုတ ယောခွက်စကား ကိုနာယူ၍ ၄၁၀ ရကိုအလိုရှိ သော ကြောင့်အုတ်ထက် ကျောက်၄၁၀ ရဖြစ်မည်ရည်၍ စီရင် တော်မူသည်ကိုသစ်ပျည်ကို အောက်ကအပြည့်ခင်း၍ ကျောက်ကိုအပေါ်ကစီခင်း သည့်အရာသည် ကျောက်ထက် နှစ်သစ်ပျည်အသက်ရှည်မည်ကဲ့သို့မခြင့်လုပ် ဆောင်သည်ကိုကြား တော်မူသည်၊ လွန် မိသည်ကိုသာလွန်စေ၊နောင်သည်ကဲ့သို့မလုပ်မဆောင်စေနှင့်၊ ငါ့နေပြည်တော် ပတ်လည်မြေလည်း ကျောက်နှင့်အတူမြေနကိုရ်ကောင်း ဖြစ်သည်၊ ကျောက်ခင်း မည် သောခါမြေကိုညီညွတ်အောင်ထုပြီး လျှင်ကြည်ထင်သိပ်ထိုး၍ခင်း စေ၊ အသုံး တော်အလို တော်ရှိသည့်ယန်း လည်း ၁၅၀၀၀ ခန့်သာအရပ်ရပ်ငါ့ရွှေဘုန်း တော် ကြောင့်ရသည့်ယန်း နှင့် နေပြည်တော်ကပါသည့်ယမ်း အစုစုပါသည့်အမြောက် သေနတ် လက်နက်အင်ကို ထောက်၍ယမ်း နည်း သည်ယန်း ၇၀၀၀၊ ၈၀၀၀ ခန့်လျှော့ကောင်း တက် ကောင်း နှင့်လူ ကောင်း လုံခြုံ အောင်ခန့်ထား၍ ရန်ကုန်မြို့ တော်သို့ပို့လှာ စေ၊ ရန်ကုန်မြို့ တော်တွင်ရှိလျှင်အ ထောက်အလှမ်း ပင်လယ်ကြောင်းသင့်၍လိုလျှင် အနီး အစပ်ပတ်လည်မြင်း ကောင်း မြင်း မာမည်သူ့မြင်း မဆိုသိမ်း ကောက်၍ အမှုထမ်း ကိုလည်း စစ်သေစစ်သား စပ်သသူ ကျေး ဇူး သစ္စာ ၁၂ ပါး ကိုစောင့် ရှောက်မြဲမြန်သာသူကို ရွေး ကောက်၍ ၃၀၀၀ တန်သည် ၅၀၀၀ တန်သည် ရသမျှမြင်း တပ်ငါရွှေစက်တော်မြတ်အောက်နောက်ပါထောင်၍ တောင်ငူကြောင်း လာစေ၊ မြို့မှာ သေနတ်လုလင်မခန့်မမာ၍ထား ခဲ့သည်လူ ၄၀၀ ကိုလည်း ခန့်လျှင်မြင်း တပ် နှင့်တချက်တည်း စီရင်၍ခန့်ရန်လိုက်လှာစေရမည်၊ ဥဒိန်အိန္ဒကိုအပ်။

(22 September 1759)

(သက္ကရာဇ် ၁၁၂၁ ခုသတင်း ကျွတ်လဆန်း ၁ ရက်နေ့)

(လောင်း မိန့်၊ မှတ် ၃၃၊ စာ ၁၁၇ – ၁၈)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအရိန္ဒမာလက်နက်စကြာ ရတနာဆင်
ဖြူများ သခင်တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့၏သခင်ဖြစ်တော်
မူသောအလောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ သေနတ်ပစ်
မည် သောခါ ပြောင်း ကိုထိုး တံနှင့်၃ ချက်၄ ချက်ကျပ်ပြီး မှ ပြောင်း ကို မှောက်၍
ခါပြီး လျှင်ကျည် စေ့နှင့်ယမ်း ကိုခြင့်၍ ပြောင်း မှာသွတ်ပြီး လျှင် သေနတ် နှောင့်
ကို မြေတွင်ညီညီကျ အောင် တေ့ကာ တေ့ကာ ၂ ချက်၃ ချက် ဆောင့်ပြီး မှပုဆိုး ကြမ်း
နှင့် ပြောင်း ဝတွင်တလှာ ၂ လှာကျပ်၍ထိုး တံ့ဖျား နှင့်ယမ်း ကိုထိ အောင် ချ၍ထိုး
တံ ခေါင်း နှင့်ပြန်၍ယမ်း ပေါ်တွင်သိပ်သိပ် ချပ်ချပ် နေ အောင် ၂ ချက်၃ ချက် တေ့
ပြီး မှကျည်မသွတ်၍ ပဆိုး ကြမ်း မနည်း မများ ကျည်သို့ထိ အောင်သိပ် ချပြီး မှသံခွက်
ကို ဖွင့်၍ နား တွင်အုံ့စုပြီး လျှင် သေနတ်တံဆာပြီး တော့သည်၊ ပစ်မည့်အမာအရာ
ကို တောင်တိမ်း မြောက်တိမ်း စောင်း ကာငဲ့ကာကြည့်ရှုပြီး မှနှလုံး တပ်မှတ်မိ
လျှင် သေနတ်ကိုတင်း တင်း ကြပ်ကြပ်ကိုင်၍သင့်သည့် နေရာကမှန် ထောက်တန်မှ
ပစ်လွှတ်ရမည်၊ မှန် ထောက်မတန်သည်ကိုခဲယမ်း အကုန်ခံ၍ မပြစ်မလွှတ်စေနှင့်၊
သေနတ်ကိုင်တို့ကို သေချာ အောင်ပြန်ဆိုရမည်။

6 December I759

သက္ကရာဇ် ၁၁၂၁ ခုနတ်တော်လပြည့်ကျော် ၂ ရက် နေ့

( လောင်း မိန့်၊ မှတ်၃၁၊ စာ၁၁၂ )

အမိန့်တော်ရှိသည်၊ ဗညား ဒလကထား သည့်ဆိပ်အစောင့်အနေတို့မှတ္တမသို့ ရွှေ
စက်တော်ဖြန့်ချိတော်မူလျှင် မျိုး ထောက်ရိက္ခာဖြစ်အောင်စပါး တော်ကိုမှတ္တမ
မြို့ရောက်အစည်အချောတို့ကိုသယ်ပို့စုပုံစေသည်၊ ရောက်လျှင်စပါး တော်ကိုကျီကျ
လုံချုံအောင်မုတ္တမမြို့ဟပ်အနေအခင်း တော်သင့်ရာ ဆောက်လုပ်၍စပါး တော်
များ ကိုရအောင်အစောင့်အနေနှင့်သွင်း ထား ရမည်၊ တဲနန်း တော်လည်း
လျောက်ပတ်တင့်တယ်အောင် ဆောက်လုပ်နှင့်ရမည်၊တလပန်တို့လုပ်သည့်စပါး မှာ
လည်း ဂဲ့မက်လက်နက်ကိုင်တို့ကိုစား တန်ယုံသာသိမ်း ယူ၍စား စေ၊ မျိုး ရိက္ခာ
တော်ဖြစ်သင့်လျှင်လည်း မရှိမယွင်း ရအောင်သိမ်း ယူစုပုံရမည်၊ ချောင်း
ပေါက်ရှိသမျှ လှေတက်ကိုသိမ်း ၍ ရွှေစက်တော်ဖြန့်ချိတော်မူလျှင်အကူး အသန်း အ
များ ရအောင် ထေး ဖါပြင်လုပ်၍အသင့်ရှိစေ။

9 December 1759

သက္ကရာဇ် ၁၁၂၁ ခုနှစ် တော်လပြည့်ကျော် ၅ ရက်နေ့ဗညား ဒလ
ကထား သည့်ဆိပ်အစောင့်အနေတို့ကိုပြန့်သည်

( လောင်း မိန့်၊ မှတ်၃၄၊ စါ၁၂၃)

တကာတော် လျှောက်သည်ဆရာတော်၊ အရည်အသွေး ဘုန်း လက်ရုံး အာဏာစက်ကို
မြေတပြင်တည်း နေသည့် ပြည်ထောင်ထီး ဆောင်း ကိုမဆို နှင့်ဦး သမုဒ္ဒရာ
ပင်လယ်အပြင်တွင်ကျွန်း ငယ်အသီးသီး ရှိသည့်အရပ်၌ နေသော ဘော်ကုလား
မင်းတို့မှ ငါတို့ပြည် ရွာလာချိန့်မည်ထိတ်ထက်လက်ကာဖျာပါ သောကနှင့် ရှိကြရသည်၊
ယခုတကာတော် ခြေရင်း တော်တွင်မြဲစွဲထမ်း ရွက်သော ကျွန်တော်မျိုး တို့သည်လည်း
တကာတော် ကျေးဇူး ဘုန်း ရိပ်ကိုမှီ၍ မိဘသား မယား စား သောက်ဝတ်ဆင်
ကျွေး မွေး ကြသည်ကို မထောက် ကျေးဇူး မဲ့ပြုသသူတို့အား နောင်ကျင့်လတံ့သော
သူတို့ကိုလည်း မဝံ့မကျင့်စေရ၊ ကျင့်သောသူတို့ကိုလည်း အပြစ်အလျောက်အိုး ဍွ့ကိုစ
လောင်း ဍွ့နှင့် တော်သင့်ရာပိတ်သကဲ့သို့ မင်း ကေရာဇ်တို့ထွက် သောအာဏာအ
ဟုန်ကိုကိုယ်ရှင်ပင်မဆီနိုင်သည်တကြောင်း အထိန်း ခက်သည်တကြောင်း တောင်း
ပန်သည်ကိုလည်း အလိုမရှိမဟုတ်အလိုရှိလျက်အာမှာလွှတ် သောတံထွေး ကိုကောက်၍
မျိုသကဲ့သို့ဖြစ်၍ မကောက်မသိမ်း နေကြောင်း ကိုလျှောက်သည်ဆရာတော်။
I4 (December I759)
(သက္ကရာဇ် ၁၁၂၁ ခုနတ်တော်လပြည့်ကျော် ၁၀ ရက်နေ့ဆရာတော်ကမေတ္တာ
စာသွင်း သည်တွင် လျှောက်သည့်စာ။

(လောင်း မိန့်၊ မှတ် ၃၅၊ စာ ၁၂၅)

16 December 1759

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောလက်နက်စကြာရတနာဆင်ဖြူများ သခင်အသျှင်ဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ နင်တို့ကိုစိတ်လက်မညှိုး မနွမ်း မစိုး မရိမ်ငဘုန်း တော်ကိုမှီ၍ ချမ်း သာစွာအသက်မွေး ရသည်အလှူပေး ရသည်ကိုမှ ရွှေထီး ရွှေနန်း တွင်မိန်း မပီပီမနေ၊ ငါ့သာသနာ တော်အစီး အပွါး ပြည်သူလူရဟန်း တို့အစီး အပွါး ပြည်မိပြည်ဘဖြစ်၍ ပြည် ရေး တိုင်း ရေး လုပ်ရာကြံရာနင်တို့တစုစိတ်နှလုံး နှောင့်ရှက် အောင် ပြီး တန်ကုန်တန်သည်အမှုယခုတိုင်မပြီး မကုန်ကာလရှည်ကြာရသည်၊နောင်သည်ကဲ့သို့ယောက်ျား မတန်မိန်း မလွန်ငါ ရွှေစက် တော်ဖြန့်ချီ တော်မူရာငါမခေါ်သည် ကိုလျှောက်ထား လျှင်ရာဇဝတ်အပြစ်အလျှောက်အာကိုဟက်မည်။

16 December 1759

(သက္ကရာဇ်) ၁၁၂၁ ခုနတ်တော်လပြည့်ကျော် ၁၂ ရက်နေ့ဘောင် တော်ဆိုက်၍ပြန်။

( လောင်း မိန့်၊ မှတ် ၃၆၊ စါ ၁၂၇ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအရိန္ဒမာလုံစကြာရတနာဆင်ဖြူများ
သခင်တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့၏သခင့်ဖြစ်တော်မူ သော
အလောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ ပွတ်ကြီး ဆည်ကိုး မြို့စား၊
တကျွန်း တနိုင်ငံသဘော်ာပြည်ဂုံပဏီများ နှင့်ငါတို့နိုင်ငံ တော်ရန်ကုန်သံလျင်သံ ဘော်ာ
ဆိပ်သို့မပြတ်သွား လာ ရောင်း ဝယ်ရှက်တင်စေ၍ စီး ပွါး ပြုဘက်ဖြစ်ကြသည်၊ တ
လပ်တကြား ထွင်တလိုင်း ကျွန်ဆိုး တို့သည် ကျေး ဇူး သစ္စာ၂ပါး ကိုမစော်ာင့် ဘောက်
ပြန် သောင်း ကျန်း သီး ခြား ထောင်ထား သည်နှင့်မြန်မာမင်း များ ကိုဖျက်
ဆီး ၍အနိုက်အတန့်မင်း ပြုသည်၊ တလိုင်း တို့ကိုဘုရား သကြား နတ်တို့မ၍ လုပ်ကြွလျှင်
ဟံသာဝတီမှစ၍အပြည်ပြည် ထောင် သောမင်း တို့ကိုအစိုးပိုင် တော်မူ၍တရား သ
ဖြင့်ကျင့် တော်မူသည်၊ကိုး မြို့စား မူသူဘရနေ ာသည်ရာဇဝတ် လောကဝတ်အရှည်
စီး ပွါး ဘုန်း ကြမ္မာ ရှင်ဖြစ်သည်ကိုမ ထောက်တလိုင်း တို့တန်ဆိုး ပနာကိုခံစား၍
မတော်မသင့်အကျင့်မဟုတ် သောအရာကိုယူ၍ ငါ့ကိုတိုက်လံ သော ကြောင့်သင့်အပြစ်
နှင့် လျော်စွာဆုံး ရှုံး ပျက်စီး လေသည်၊မူသူဘရနောကိုပွတ်ကြီး ဆည်ကိုး မြို့စား
တို့ကခန့်ထား ၍တလိုင်း တို့ဘက်ကဝန်း ရံတိုက်လံရမည်မ စေမခန့်ထား သည်ကိုလည်း
ငါရွှေနှလုံး တော်အသိပင်ဖြစ်သည်၊မူသူဘရနောကိုယ်စိတ်အထူး နှင့်ပြုကျင့်သည်အမှု
အလျောက်ဆုံး ရှုံး လေပြီး သည်၊ငါရွှေနှလုံး တော်လည်း ပွတ်ကြီး ဆည်ကိုး မြို့စား တို့
ကိုရှိ တော်မမူ၊ ငါ့ရွှေစက် တော် အောက်အရောင်း အဝယ်နှင့်လိုသည့်အရာအထူး
ကိုအသနား တော်ခံသည်ဖြစ်လည်း အကျိုး စီး ပွါး ကို ထောက်၍အထိုက်အလျောက်အ
သနား တော်ခံစေရမည်ဖြစ်သည်၊ မူသူဘရနောအကျင့်မဟုတ်သည်ကိုပြုကျင့်သည့်
အမှုကြောင့်ငါ့စီး ပွါး တော်လည်း မလစ်မဟင်း အပ်၊ပွတ်ကြီး ဆည်ကိုး မြို့စား တို့
စီး ပွါး လည်း မလစ်မဟင်း သွား လာ ရောင်း ဝယ် စေရမည်။

20 December I759

သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၂ ရက် နေ့ပွတ်ကြီး ဆည်ကိုး မြို့စား
တို့ကို ပေး သည့်မင်စာအန်ာ်ရွှေရေး စာ ကြောင်း ၂၉
( လောင်း မိန့်၊ မှတ် ၃၇၊ စါ၁၂၉ )

23 December I759

အမိန့်တော်ရှိသည် မင်း ရဲအောင်နိုင်စစ်ကဲနား ခံစာရေးကြီးတို့၊ ရှမ်း ပြည်ယွန်းပြည်မြို့နေရွာသား ကျွန်တော်မျိုးတို့သည် ကျိန်းခန်းကာလအလျောက် နိုင်ငံမငြိမ်မဝပ်ရာတွင် ကစည့်ကလျား အခြေမဲ့ တောအုံတောင်ကမ်း တိမ်း ယိမ်း ရှောင်နေ၍ တယောက်ကိုတယောက် မနိုင်နိုင်ရာညှည်း ပမ်း နှိပ်စက်လုယက် ဖျက်ဆီးကြသောကြောင့် မငြိမ်မဝပ်ရှိသည်ကို သိမ်းသွင်း ပြုစုတော်မူ၍ ထုံး စံ အစည်ရှိသည့်အတိုင်း ထမ်း ရွက်စေ၊ သိမ်း အုပ်စီရင်ရမည် ယုံမှတ်တော်မူ၍ ခန့် ထား တော်မူသည့်အတိုင်း ဂတိ၄ပါး ကိုမလိုက် ကြေး ငွေပနာကာယကိုမငဲ့ ဖြောင့် မတ်စွာ စီရင်ခင်း စီရင်ဘွယ်ရှိသမျှကို ကျေး ဇူး သစ္စာ တော်မြတ်ရှိသည့်အတိုင်း မစသိမ်း အုပ်စီရင်ခန့်ထား ရမည်၊ စစ်ရေး စစ်မှုမှာလည်း လွတ်လပ်သည်ဟူ၍ မစီမရင့် ပေါ့ပေါ့ လျော့လျော့ နေသာမည်မဟုတ်၊ အမှုရှိမှ စီရင်သော်လည်း ပြီး ပြေနိုင်မည်အကြောင်း မရှိ၊ တိုင်း ရေး ပြည် ရေး ဆိုသည့်အရာသည် သိခဲ သိခက်သည် အကြောင်း ဖြစ်သည်၊ အလိုရှိလျှင် အရင်ရအောင် ဆင်မြင်း လက်နက် အမြောက် သေ နတ်ဆေး ခဲယမ်း မျှား ကိုစီရင်ခန့်ထား ၍ရှိစေ၊ အမှုရှိလျှင် ရစေ၊ စီရင်သည့် အမှုကိုလည်း အဆောတလျှင် စီရင်ရမည်၊ သည်ကဲ့သို့ ဆင်း ရဲသား ကျွန်တော်မျိုး တို့ မပင်မပန်း စေနှင့်၊ မျိုး ရိက္ခာမှာလည်း လုံလောက်အောင် ကျိကြနှင့်စုပုံထား ရမည်။

23 December I759

(သက္ကရာဇ်) ၁၁၂၁ ခုပြာသိုလဆန်း ၅ ရက်နေ့ မင်း ရဲအောင်နိုင် စစ်ကဲနား ခံတို့ကိုပြန်

(လောင်း မိန့်၊ မှတ် ၃၀၊ စာ ၁၃၃)

I January I760

I January I760

သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၁၄ ရက်နေ့ လောင်ရှည်ဆရာတော်ဇီနာဘိ ရာမကိုဇမ္ဗူဒီပသဒ္ဓမ္မမဟာရာဇဂုရုတံဆိပ်ကိုလျှော်မူသည်။

I January I760

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၁၄ ရက်)နေ့ ဒဂုံရွှေဆံတော် မုတ်၄ မျက်နှာတွင် ဝတ်လဲတော်ကိုထုလုပ်သည် ဘုရား ရုပ်ထု၄ဆူကိုသွတ်သွင်း၍ အရှေ့မျက်နှာ ရေနံ့သာ တောင်မျက်နှာသွတ်နံ့သာအနောက်မျက်နှာဇမ္ဗူသား မြောက်မျက်နှာ ပေါင်နံ့သာကမ္ပည်း တပ်လျှ၍သွတ်သွင်း ကိုး ကွယ်တော်မူသည်။

(လောင်း မိန့်၊ မှတ် ၃၉၊ စါ ၁၃၅)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအရိန္ဒမာလက်နက်စကြာရတနာဆင်ဖြူများ သခင်တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့၏အသျှင်သခင်ဖြစ်တော်မူသောဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ သီရိသုဓမ္မရာဇာ၊ မိုး ကောင်း မိုး ညှင်း ဝန်း သိုစ၍အရပ်ရပ်နောက်တော်ပါအမှုထမ်း ကျွန်တော်မျိုး တို့အတူနေအတူစား မိဘဘိုး ဘွား သား မယား တို့ကို ကြေး ငွေစပါး ချေး ယူ ရှက်တင်သည်အမှုကိုဥစ္စာရှင်တို့က၁၀၀၀ပင်ဖြစ်သော်လည်း မတောင်း စေနှင့်၊ မောင်း ကြေး နင်း ခပ်ရမည်၊ တရား စကား အရှက်အတင်ရှိသည်ဖြစ်လည်း ငါ့ရွှေစက်တော်လည်တော်မူ၍ ရွှေထီး ရွှေနန်း သို့ရောက်တော်မူမှဆိုခင်း ရှိသည့်အမှုအရာတို့ကိုဆိုစေ၊ မြို့ပြ ကျေး ရွာခရိုင်ဆင်း ရဲသား ကျွန်တော်မျိုး ပြည်တိုင်ကား တို့တွင်မကုံမလုံမလောက်၍အချေးအယူ ကြေး မှုငွေမှုများ လည်း ၁၀လတခုလတ်ကျကိုတွက်၍ ၁၀လကလွန်မှတောင်း စေ၊ ၃လ၄လ၅လ၆လ၇လ၈လ၉လရက်လချိုး မှတ်၍မတောင်း စေနှင့်၊ အရပ်ရပ်တောတွင်ရွာလက်မြို့ပြ ကျေး ရွာခရိုင်များ မှာလည်း ထန်းရည်ဂဇော်လျှော်ဇာအရက်နတ်ကစုန်း ရှယ်များ ကိုသူကြီး ကလံမြို့တာကျုံး တာတွင်ရှိကြသည် ခေါ်၍ကြပ်ကြပ်တည်း တည်း အနာအကြင်ခြိမ်း ခြိမ်း မောင်း မောင်း ဆိုမြည်၍ဘုန်း တော်ကြီး လှသောဘုရား အမိန့်တော်ကိုဆန်လှန်၍ ကျေး နေရွာသား တို့တွင်ထန်းရည်အရက်ယစ်မျိုး နတ်ကစုန်း ရှယ်ပြုကျင့်သည်ကျင့်သည်ကြား ရလျှင်သည်မါး နှင့်လည်ကိုတောက်တောက်တိုအောင်ဖြတ်မည်စိတ်မာန်နှင့်တကွမါး ကိုပြု၍အာဏာထား ရမည်။

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၁၄ ရက်နေ့)

( လောင်း မိန့်၊ မှတ် ၄၀၊ စါ ၁၃၇ )

အမိန့်တော်ရှိသည်၊ သီရိသုဓမ္မရာဇာက ဆောက်လုပ်သည့် ကျောင်း ကို လှေကား ၅ စင်း ဆင်ကပ်ပတ်လည်မှုတ် လေး မျက်နှာမှန်ကင်း တပ် ဆောက်လုပ်လျှစေ။

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၁၄ ရက် နေ့)

( လောင်း မိန့်၊ မှတ် ၄၁၊ စါ ၁၃၉ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောသာသနာဒါယကာ တော်အရိန္ဒမာလက်
နက်စကြာရတနာဆင်ဖြူများ သခင်တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာ
တို့၏အသျှင်ဖြစ် တော်မူ သော ရေ မြေသခင်ဘဝရှင်အ လောင်းမင်းတရားကြီးဘုရားအ
မိန့်တော်ရှိသည် ရှင်မိဘုရား၊ ရတနာသုံး ပါး ဂုဏ် တော်မိခင်ဘခင်ဆရာသ
မား ကျေး ဇူး ရှင်မိဘုရား မှ စ၍သား တော်သမီး တော်မှူး တော်မတ်တော်
ပြည်သူလူ ရဟန်း တို့ပြု သောဆု တောင်း ပဌနာ ကြောင့်ငါကိုယ် တော်မှ စ၍သား
တော်မှူး တော်မတ် တော်ဆင် တော်သည်မြင်း တော်သည် ခြေ တော်သည်အမှုထမ်း
သူရဲသူခက်မှ စ၍ ပကတိချမ်း သာကြသည်၊မည်သည်ကိုမျှစိုး ရိမ် ကြောင့်ကြမရှိကြနှင့်၊
ဘုရား သခင်အမိန့် တော်ကိုလည်း သိကြား လည်း သာသနာ တော်ကိုအစောင့်အ
ထိန်း သာပြုစုနိုင်မည်မဟုတ်ဇမ္ဗူဒီပါကျွန်း၌မင်း ကျင့်တရား ၁၀ ပါး နှင့်အကွ
ကိုယ်နှုတ်နှလုံး ကို စောင့်ထိမ်း ၍သာသနာ တော်မြတ်အမြစ်အပင်အကိုင်း အခက်
အပွင့်အသီး ကဲ့သို့စီး ပွါး ဖြစ် ကြောင်း ကိုစိုက်ပျိုး သော မင်း ဧကရာဇ်အား
စောင်မသည်ကိုသကြား သာသနာ တော်အစောင့်ဟူ၍ ပညာရှိအ ပေါင်း တို့ဆို
သည်ဘုရား ရှင်လည်း သကြား လာ၍အမိန့် တော်ရှိသည်မှန်သည်၊ ဗုဒ္ဓဝစနံသစ္စံ
ပါဠိ တော်နှင့်အညီ ငါတို့သခင်သည်ကိုယ်နှုတ်နှလုံး နှင့်အကွမင်း ကျင့်တရား အပေါင်း
နှင့်အညီသာသနာ တော်စီး ပွါး ပြည်သူလူရဟန်း တို့စီး ပွါး ကိုဆောင် သော မင်း
ဧကရာဇ်အရှင်ဖြစ်သည်၊ ဘုရား ရှင်အမိန့် တော်ရသိုက်ဝင်ဖြစ်သည်၊ မင်း တ
ပါး နှင့်မတူမှတ်ရမည်၊ တိမ် တောင်လျှပ်စစ်မိုး လည်ဆင်ကာနှင့်ခြိမ်း မောင်း
လျှက်ရွာ သော မိုး တွင်း ဟူ၍တူး သောတွင်း၌နေ သောကြွက်၊ ဝင်း ဝါ၍မှည့် သော
သရက်သီး ၊ ပိတ်ဆို့လျှက်အနှက်ပြည့် သော အိုး ၊ အရုံသစ်ပင်ငယ်နှင့်အကွအနှစ်ပြည့်
သော သစ်ပင်၊မှောင်ကြုတ်လျှက်နက် သော ရေနှင့်အတူအမှုခပ်သိမ်း ပညာသတ္တိအ
ဆင်း အင်္ဂါလက္ခဏာ ငါတို့အရှင်၌မကုံမရှိ၊အ ရေးအရာနှင့် စပ်သမျှကိုလည်း နှလုံး ချ
ရမည်၊ ဓမ္မကံ ကြောင်း ၌လည်း ပါဠိအဋ္ဌကထာဋီကာညီညွတ်၍သ ဘောမိတ်လင်
တော်သင်သမျှလည်း ဧကန်မုချဘုရား ဟောသည်မှန်သည်၊ ဆရာ တော်အဆက်ဆက်
တို့မိန့် တော်မူကုန်သည်၊ လောက ကြောင်း ၌လည်း သိုက်ဓါတ်စနည်း တ ဘောင်ညီ
လျှင်ဇမ္ဗူဒီပါကျွန်း ဦး ၌ဇမ္ဗူသ ပြေ ရောက်သည်အတိုင်း နိမိတ်ဖြင့်မှတ်အပ် သော

ဇမ္ဗူဒီပါကျွန်း တွင်သည်နှင့်အညီသိုက်ဓါတ်နိမိတ်စနည်း တဘောင်အစောင်စောင်
၌လည်း အညီအညွတ်မင်း သား ကိုသကြား အမည်ပေး လိမ့်မည်၊ အသက်၈၀၊ ၁၀၀
နေ၍သာသနာတော်အစီး အပွါး တိုင်း နိုင်ငံအမှုပြုစုခြင်း ၌မင်း အဆက်ဆက်
တို့ထက်ပြုစုမည်၊ကမ္ဗည်း သိုက်ဓါတ်ထွက်သည်အတိုင်း လည်း ပြည်သူတို့အား ရင်ထက်သား
ကဲ့သို့ ၄ ပါး သောဂတိမငြိမ စောင်း ဓမ္မသတ်စာ ဟောင်း ရာဇသတ်စာ ဟောင်း
ရာဇသတ်ပုံပြင်နှင့်မကင်းမလွတ်လုပ်ကြံခန့်ရန်စီရင် တော်မူသည်၊ တောင်နှင့်
ပင်ချိ၍သူတပါး ချစ္စမ်း နိုင်၏ဆို သော်လည်း သာသနာ တော်စီး ပွါး ပြည်သူတို့အ
စီး အပွါး ကိုပြုစု သော ငါတို့အရှင်မင်း ဧကရာဇ်ဖြစ် တော်မူသည်မှတ်ရမည်၊ မင်း
မိမ္မဖြစ်၍ကြင်နာ သော စေတနာစိတ်နှင့်မကင်း သော ကြောင့်သိသာအောင်အ
မိန့် တော်ရှိလိုက်သည်၊ မြေလက်ခုပ် သော်လည်း ချွတ်လွဲမည်မဟုတ်၊ငါတို့အရှင်အမိန့်
တော်သည်မချွတ်မလွဲမှန်၏မှတ်ရမည်၊ သီရိသုဓမ္မရာဇာကိုခေါ်၍ဆင်း ရဲသား
ကျွန်တော်မျိုး ကိုမနှမ်း မနယ်ဆန္ဒာ ဒေါသဘယာ မောဟ လေး ပါး သောဂတိကို
မငဲ့မြဲမြန်တည်ကြည်စွာ မတိမ်း မလွတ်သက်သာ အောင်ခန့်ရန်စီရင်ရမည်၊ကျေး ဆိုး
ကျွန်ဆိုး တို့တဘက်နား ချောက်ထား သော်လည်း မျက်နှာအပြင်မညီသမျှကိုမယုနှင့်၊
မပြတ်မလပ်သတိပေး ရမည်၊ လူပျို့လူလွင်ဖြစ်သည်၊ခိုး သေး မီး ပွါး များ ကိုလည်း
လုံ့လပြုရမည်၊ မပြတ်မလပ် နှိုး ဆော်၊ကျုံး မှာဆင်း ရဲသား တို့ကိုလုပ်အား ဆောင်
အား ကြီး ကျယ်သည်၊ တခုမပြီး သည်ကိုတခုမလုပ်မကိုင်စေနှင့်၊တစတရိုး တည်း မြေ
ကိုသာအလိုပြည့်အောင်တုလုပ်စေ၊ သစ်ပျည်တုတ်တာများ မှာတူသည်ကျမ်း အလိုပြည့်
မှ ၄ စု ၃ စုတန်သည် ၃ စုတစုတန်သည် ကျေး အင်ရွာအင်ကို ထောက်၍လုပ်ရန် ဆောင်
ရန်ကိုလူအာ သေအချာခွဲခန့်သည့်တစုလူနှင့်သစ်ပျည်တုတ်တာကိုတစသတ်လုပ်စေ၊ ကန်
တော်မှာလည်း လုပ်ချိန်ကာလ ရောက်လျှင်တမွန်း တည့်တနေဝင်မျှသာဖြစ်သည်၊
မူး ကိုဆို့ပိတ်ရမည်ဖြစ်သည်၊ လုပ်ချိန်ကာလ ရောက်မှမူး ကိုဆို့ပိတ်စေ၊ ကျုံး ကိုသာ
တစတည်အလို တော်ပြည့်အောင်စီရင်ရမည်၊ သား ကိုခေါ်၍ကြပ်ကြပ်တည်း တည်း
ဆိုရမည်

(1 January 1760)

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလဆန်း ၁၄ ရက်နေ့)

( လောင်း မိန့်၊ မှတ် ၄၂၊ စါ၁၄၁-၂ )

4 January 1760

4 January 1760

၁၁၂၁ ခုပြာသိုလပြည့်ကျော် ၂ ရက် နေ့ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရွှေလှံစကြာရတနာဆင်ဖြူများ ရှင်ဖြစ်တော်မူသောအသျှင်ဘဝရှင်အလောင်း မင်းတရားကြီး ဘုရား၏ အမိန့်တော်ရှိသည်၊ ရွှေတိုက်ဝန်မင်း လှရာဇာပခန်း ကြီး စား စည်သူနော်ရထာယော စော်ဘွား တိမ်ကြွား မင်းကြီး အမည်ရမြင်း တော်သည်အမှုထမ်း သွေး သောက်ကြီး အကြပ်ငယ် သေနတ်လုလင် တော်ကျွန်တော် မျိုး အပေါင်း တို့တဝယ်စား ငယ်သည်ငကျေး ဇူး သစ္စာ တော်ဝမ်း ထွင်ဝရဇိန် ကဲ့သို့ရှိသည်ကိုလူမိုက်လူရိုင်း ဖြစ်၍အမှန်အရာမသိ၊သောင်း ကျန်း ပုန်း စား၍ မင်းတို့ကို ကျေး တော်ရင်း ကျွန်တော်ရင်း ဖြစ်သည်ငါအယူ တော်နှင့်အညီစီရင် ခန့်ရန်လုပ်ကြိုရမည်ခန့်ထား တော်မူသည့်အတိုင်း အရေး တော်ပြီး ကုန် ကြောင်း ကိုသိခ်စက်၊သီဟပျံတင်၊သေနတ်လုလင် တော်တို့ရှိခိုး သံတော်ဦး တင်၍ကြား တော် မူရလျှင်ဝမ်း မြောက်တော်မူသည်၊ မကြောက်သေး သောသူတို့လည်း ကြောက်ညင် အောင်လုပ်ကြိုကွပ်နှိမ်ရမည်၊ ကြောက်ပြီး သောသူတို့ကိုလည်း တိုင်း ရေး ပြည်ရေး စီး ပွါး တော် ရေး ကို ထောက်၍သာယာ ချောင်ချိသိမ်း သွင်း ပြုစုရမည်၊ တနင်္လာ ရီမှာငါသဘော တော်သုံးပင်တိုင်ရန်ကုန်တိမ်း ယိမ်း ရာတွင်ကုလား တို့ဆောင် သွား၍ ရောက်သည်သဘော တော်ကိုအထက်မင်းကြီး နော်ရထာလူနှင့်ဒဝယ်က စေတောင်း သည်ကိုယိုး ဒယား မင်း မှာ လျှောက်ထား ရဦး မည်မပေး သာ တနင်လာရီစား ထိမ်ထား၍ရှိသည်သဘော တော်ကိုဒဝယ်တွင်ဖမ်း ဆီး၍ရသည်၊ ခြေခြင်းဆိုနိုင်မိန့်နိုင်သူကိုစေ၍ လှေလျှင်နှင့်တနင်လာရီကိုစေရမည်မှာ။

( လောင်း မိန့်၊ မှတ် ၄၃၊ စါ ၁၄၆ )

(သစ္စာစကား)

ဘုရားကျွန်တော်တို့သည်ယနေ့မှစ၍အရှင့်စီးပွါးမဲ့ကိုမကျင့်ပါ၊ အသက်စည်းစိမ်ကိုအပ်၍ကျွန်တော်ခံသည်မှန်သည်ဆိုသောသစ္စာစကားကိုဘောက်ပြန်၍အရှင့်အကျိုးစည်းပွါးမဲ့ကိုကျင့်ပချေသော်အရိန္ဒမာစကြာရွှေလှံတော်ဘေးရောက်၍လူနှင့်မတူလူဘော်မဝင်ဆုံးရှုံးပျက်စီးခြင်းသို့ဝ်ရောက်စေသော်ဝ်၊ ကျွန်တော်တို့ဆိုသောသစ္စာသည်မြားတော်ကဲ့သို့ဖြောင့်မတ်စွာကျင့်သည်မှန်ပါလျှင်လုပ်စားဆောင်စားစီးပွါးချမ်းသာရောဂါအနာမျိုး ၉၆ ပါး ဘေး ၈ ပါး ဒဏ် ၁၀ ပါး ကင်းငြိမ်း၍ကာယသုခစိတ္တသုခနှစ်ပါးကိုရသည်ဖြစ်စေသော်ဝ်။ (ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောသာသနာ့ဒါယကာအရိန္ဒမာစကြာရွှေလှံရတနာဆင်ဖြူများသခင်အလောင်းမင်းတရားကြီးဘုရားအမိန့်တော်ရှိသည်)၊ ငါ၏ကျွန်တော်မျိုးတို့ကိုသစ္စာပြုသည့်အတိုင်းငါအပ်တော်မူသည့်မြားတော်ကဲ့သို့ဝ်ဖြောင့်လျှင်စီးပွါးချမ်းသာရောက်၍အန္တရာယ်မရှိပစ္စုပ္ပန်သံသရာနှစ်ပါးချမ်းသာသည်ဖြစ်စေ။

5 January 1760

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလ်ပြည့်ကျော် ၃ ရက် ၀ နေ့ဘုမ္မဂီရိစားကိုကျွန်မျိုးဖြစ်မြားအပ်တော်မူသောအခါအရိန္ဒမာရွှေလှံရွှေတွင်)ပြန်။

(လောင်းမိန့်၊ မှတ် ၄၅၊ စာ ၁၅၄)

အမိန့်တော်ရှိသည်မင်းကြီး နော်ရထာတပ်ကိုတဲနန်း တော်ဆောက်ခန့်တော်မူသည်၊ ခရီး အထောက်အလှန်း တော်သင့်ရာတပ်အချအရပ်အ နေမြက် ရေနီး စပ်ရာအရပ်ကို ထောက်၍သစ်ဝါး သက်ကဲ့ရှား လျှင်ရှား လိုက် ပေါလျှင် ပေါလိုက် လျှောက်ပတ် အောင် ဆောက်လုပ်ရမည်၊တဲနန်း ဟော်အနီး အပါး တွင်မသန့်မစင် မရှိစေနှင့်၊တဲနန်း တော်အ ဆောက်အလုပ်အမှုနှင့်စပ်သမျှကိုမင်းကြီး နော်ရထာတပ်စစ်ကဲနန္ဒစည်သူလှုစုနှင့်တကွမဟာဗိုလ်ကိုတလုံး တဝတည်း စီရင်ရမည်။

7 January I760

(သက္ကရာဇ်၁၁၂၁ ခုပြာသိုလပြည့်ကျော်၅ ရက်နေ့

( လောင်း မိန့်၊ မှတ်၄၆၊ စာ၁၅၆ )

အမိန့်တော်ရှိသည် ဥဒိန်နန္ဒသူ၊ ဗလရဲထွက် ဒေဝသူရတို့တပ်ကို မုတ္တမမြို့ကသည် ဒဝယ် ရောက်လမ်း ပြင်ခန့်တော်မူသည်၊ ခရီးလမ်း တလျှောက် တောအုံ့ခြုံသစ်ပင်မ ရှင်း မလင်း ရှိသည်ကိုဆင်တပ်မြင်း တပ်သွားသာအောင်ခုတ်ထွင်ရှင်း လင်း စေ၊ ရွှံ့ရေချောင်း မြောင်း ရှိသည်ကိုလည်း သစ်သား ကိုဝ်ဝါး ခုတ်ချ၍ ချောင်း လိုက်အစင်း အပြည့်ခင်း ရမည်၊ သစ်သား ပြည့်မှအပေါ်ကိုနင်း ကြမ်း ကပ်ခင်း တန်လျှင်ခင်း ၍ မြေဘို့စေ၊ လုပ်သည်ဆိုရဂုံသာလုပ်၍ဆင် တော်မြင် တော်အ လျှော် အသွား မခံယိုယွင်း လျှင်ရာဇဝတ် တော်ကိုခံရမည်၊ လုပ် ဆောင်ရန်ရှိသမျှကိုဥဒိန် နန္ဒသူကတလုံး တဝတည်း စီရင်ရမည်။

သက္ကရာဇ် ၁၁၂၁ ခုပြာသိုလပြည့်ကျော် ၅ ရက်နေ့ 7 January 1760

( လောင်း မိန့်၊ မှတ် ၄၇၊ စာ ၁၅၈ )

အမိန့်တော်ရှိသည်၊ ရွှေတိုက်ဝန်မင်း လှရာဇာ၊ ပုခန်းကြီး စား စည်သူနော်ရထာ၊ ယောစော်ဘွား နန္ဒယော်တာ၊အာကာဗိုလ်မှူး တို့ဒဝယ်မြို့သည်ကြည်း ကြောင်း ရေကြောင်း အရောက်စုံညီကြလျှင် ရေကြောင်း ကြည်း ကြောင်း ဗိုလ်မှူး တပ်မှူး တို့လည်း တပ်သီး တပ်ခြား ဖြစ်သည်မဆိုသာ၊မင်း လှရာဇာကိုယုံမှတ်တော်မူ၍ ခန့်တော်မူရင်း အတိုင်း တလုံး တဝတည်း ကြည်း ကြောင်း ရေကြောင်း ရှိသမျှကို မင်း လှရာဇာကအုပ်ချုပ်စီရင်ခန့်ထား စေ၊ ရေကြောင်း ကြည်း ကြောင်း ဗိုလ်မှူး တပ်မှူး တို့လည်း မင်း လှရာဇာခန့်ထား သည်ကိုသာတဝတည်း နာခံ၍ အမှုတော်ကိုထမ်း ရွက်ရမည်၊ မြိတ်တနင်္သာရီမှာလည်း တတိုင်း တနိုင်ငံဖြစ်သည်၊ ရွှေစက်တော်ဖြန့်ချီတော်မူမှုတလုံး တဝတည်း ဘိဘိရှပ်ရှပ် ကျေပျက် အောင်ဘမ်း ဆီး သတ်ညှစ်ရမည်၊ မချီမသွား မခန့်မထား နှင့်ဦး၊ မျိုး ရိက္ခာကိုသာထုတ်၍လုံ့လပြုရမည်၊ သိမ်စက်တို့စီး သွား သည့်တလိုင်းတို့လှေမှာစား ရန်စပါး လှေနိုင်သမျှကိုတင်လိုက်ရမည်။

(7 January 1760)

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလပြည့်ကျော် ၅ ရက်နေ့)

(လောင်း မိန့်၊ မှတ် ၄၇၊ စာ ၁၆၀)

အမိန့်တော်ရှိသည်၊ မင်းလှရာဇာ၊ စည်သူနော်ရထာ သိုဟန်ဘွား၊ နန္ဒယောထာ အာကာဗိုလ်မှူး တို့၊ ရွှေစက်တော်ဖြန့်ချီတော်မူရာ ရွှေစက်တော် အောက်ပါ လက်နက်ကိုင်သူရဲသူခက်များသည် ဒဝယ်ရောက်လမ်း ခရီးတွင် မျိုး ရိက္ခာအထောက် အသုံးကိုမပြင်နိုင် သင်္ဘောတော်ပါဆန် ၁၀၀၀ နှင့် ငွေလူလုံ လောက် အောင်ခန့် ထား၍ အလျင်နေ့ညမဆိုင်း ကြိုပို့ဆက်လှာ စေ၊ ခဝ်လူမှာ ဒဝယ်လက်ရလူတဝက်လက် နက်ကိုင်လူတဝက်ခန့်ထား၍ ရေးဝါဂရု ရောက်ဆီး ကြိုဆက်ပို့လှာရမည်။

(7 January I760)

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလပြည့်ကျော် ၅ ရက်နေ့)

( လောင်း မိန့်၊ မှတ် ၄၉၊ စါ ၁၆၂ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော သာသနာ့ဒါယကာ တော်ဖြစ်တော်မူ
သော ရွှေလှံစကြာ ရတနာဆင်ဖြူများ သခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘု
ရား ရွှေစက်တော် စုံမြတ်ကိုအမြဲဦး ထိပ်ထက်ရွက်၍ ပုဏ္ဏနတ် ယောက်ျား ကဲ့သို့ဆင်
တော်သည်မြင် တော်သည်မတရား သောသူတို့အား ဦး လည်ဖြတ် တောက်၍အ
သွေး အသား စား လေ့ရှိသောဘီလူး ရက္ခိုက်နှင့်တူသော ရွှေဒိုင်း ရွှေလွှား
ရွှေကာ ရွှေမီး ပေါက် ငွေမီး ပေါက် ရွှေလေး ရွှေလှံ ရွှေဓါး စွဲကြသော ကျွန်တော်
မျိုး အပေါင်း ကိုချုပ်အုပ်၍ စစ်အင်္ဂါ ၄ ပါး စစ်ဆင် ခြေသည်အပေါင်း နှင့်ပြည့်စုံ
သောအဂ္ဂမဟာ သေနာပတိဖြစ် သောဗိုလ်မင်း များ ကြား ရောက်သည့်တနင်

12 November 1758-7 February 1759

သာရီမြို့အစီရင်တို့၊ ၁၁၂၀ ပြာသိုလဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော
သာသနာ့ဒါယကာဖြစ် တော်မူ သောအရိန္ဒမာ ရွှေလှံစကြာ ရတနာဆင်ဖြူများ
သခင်ဖြစ် တော်မူ သောအသျှင်ဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား သည်
မဏိပူရမည် သောကသည်းတိုင်းခရိုင် နိုင်ငံသို့ ရွှေစက် တော်ဖြန့်၍ ချီသွား၍ စံပါယ်
လှည့်လည် တော်မူသည့်အခိုက် ရန်ကုန်မြို့ဆိပ် တော်တွင်အစောင့်အနေခန့်ထား တော်
မူသည့်အစီရင်ဆော်ကဲနားခံ စာရေး တို့ကျေး ဇူး သစ္စာ တော် ၂ ပါး ကိုမထောက်မ
ချင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုညှင်း ပန်း နှိပ်စက်၍တလိုင်း ကျွန် တော်မျိုး
တို့ရာဇဝတ် လောကဝတ်တို့ကိုမသိမမြင် သောင်း ကျန်း ပြုကျင့်သည်ကာလသဘော
တော်ကိုကုလား တို့ဆောင်ယူသွား ၍ဘဏ္ဍာ တော်အများ နှင့်ဗြိတ်တနင်သာရီသို့
ရောက် ကြောင်း ကိုကြား လျှင်ရန်ကုန်အစီရင်တို့က စေ၍ ဒဝယ်သား တို့နှင့်တနင်
သာရီဗြိတ်အစီရင်တို့မှာအလောင်း မင်း တရား ကြီး သဘော တော်ဖြစ်သည်
ပေး အပ်ရမည် တောင်း သည်ကိုယိုး ဒယား မင်း သဘောကဲ့သို့ယိုး ဒယား မင်း
မှာ လျှောက်ထား ရဦး မည်မပေး မအပ်သာဆို၍သဘော တော် ရွှေစက် တော်
မြတ် အောက်ယခုတိုင်မရောက်၊ယိုး ဒယား မင်း လည်း တိုင်း ခရိုင်ရှင်ထီး ဆောင်း
နန်း နေဖြစ်သည်၊မတရား သောအကျင့်ကိုမကျင့်ရာ၊ပေး မည်ဖြစ်လည်း လူနှင့်
သဘောကိုဒဝယ်မြို့ရောက် နေ့ညအလျှင်လုံ လောက် အောင်ခန့်ထား ၍ ပို့အပ်လှာရ
မည်၊ဒဝယ်စား လည်း ဝမ်း တွင်ဝရဇိန်ခဲ့နှင့်အထု ရှိသောသစ္စာ တော်ကိုမထောံ၊
ပုန်း စား သောင်း ကျန်း ဂိုဏ်း ပြု၍သူပုန်အပြစ်နှင့်အညီကွပ်ညှပ် တော်မူသည်၊

(15 January I760)

ဒဝယ်မြို့ရှိ ကျေး ရွာခရိုင်နေသမျှ ဒဝယ်ကျွန်တော်မျိုးမြန်မာ ကျွန်တော်မျိုးတလိုင်း ကျွန်တော်မျိုးဘို့ ရေဝံသမျှကိုလည်း အင်းဓါရင်းနှင့် အသော သေချာချာ တပြည်နှင့်တပြည် တတိုင်းနှင့်တတိုင်းထီး ဆောင်းနန်း ပြိုင်ဖြစ်ကြသည်၊ ကျွန်မကောင်း၍ တဦး မှာကွပ် နှိမ်နင်း ရသည်ဖြစ်သည်၊ ရောက် ပေါက်သမျှ ကျေး ကျွန်တို့ကိုတဦး လက်မခံ ပေး အပ် ပို့ ရောက်မြဲဖြစ်သည်၊ ပေး အပ်ရမည်၊ မပေး မအပ်ဖြစ်လျှင် ငါတို့မြို့ဆိပ်သို့ ရောက် လေပြီး သည်မပေး မအပ်ပြီဖြစ်လျှင်လည်း သိသာ အောင်မှာလိုက်ရမည့်အကြောင်း ကိုကြား ရောက်လိုက်သည်၊ သေချာ ကောင်း မွန် အောင် ရေး သား ၍ နေ့ခန့် ရက်ခန့် စေရမည့်အကြောင်း ကိုအမိန့် တော်ရှိသည်၊ သိခ်စက်သီဟပုံထင်တို့ကို စေ။ (15 January 1760)

(သက္ကရာဇ် ၁၁၂၁ ခုပြာသိုလပြည့်ကျော် ၁၃ ရက် နေ့)

(လောင်း မိန့်၊ မှတ် ၄၄၊ စာ ၁၄၉–၅၀)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောသုနာပရံတမ္ဗဒီပရာမညတိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း တကာတို့၏အထွတ်အထိတ်အရှင်ဖြစ် တော်မူ သောအရိန္ဒမာ ရွှေလှံစကြာရတနာဆင်နီဆင်ကျား များ သခင် ရွှေတွင်း ငွေပယင်း ကြေး တွင်း ပတ္တမြား ရတနာခုနစ်ပါး သခင်သာသနာ့ဒါယကာ တော်အသျှင် ဘဝရှင်အလောင်း မင်း တရား ကြီး ဘုရား ရွှေစက် တော်မြတ်အစုံကိုအမြဲဦး ထိပ်ထက်ဆင်ရွက်လျက်ရှစ်မျက်နှာမှလာ သောရန်တကာတို့ကို ကေသရာဇာချသော့ မင်း ကဲ့သို့ ရဲရင့်ကြဝ်တင်း သောအစွမ်း သူရသတ္တိနှင့် ချင်း နင်း တိုက် ဘောက်၍ အသွေး အသား ကိုစား တတ် သောနတ်စစ်သည် နှင့်တူ သောသူရဲသူခက်တို့၏ ဥ ခေါင်း တထောင် သောဗိုလ် ခြေတို့အား ကို ဆောင်နိုင် သောအဂ္ဂမဟာ သေနာပတိစစ် သူကြီး ဗိုလ်မင်း များ မှာလိုက်သည်၊ တနင်သာရီမြို့အစီရင် ဒဝယ်စား သည် ကျေး ဇူး သစ္စာ တော်ကိုမစောင့် ကေသရာဇာချသော့မင်း ရှေ့ယုန်သူငယ်မြူး သကဲ့သို့ ပြုကျင့် သော ကြောင့် ဒဝယ်စား ငယ်ကိုကွပ်ညှပ်ရမည်ခန့်ထား တော်မူ၍ ဒဝယ် မြို့တွင် ရွှေသာလာရသည်၊ ဒဝယ်စား အမှူး အမတ် ကျေး စား ရွာစား မြို့သူကြီး မြို့သား ဆင်း ရဲသား ကျွန် တော်မျိုး အပေါင်း တို့သည် ရွှေဘုန်း တော်ရိပ်ကိုမခံ မရပ်နိုင် ကြောက်ရွံ့ခြင်း နှင့် မြေခြား ရေခြား သွား သည်ကြား ၍လိုက်လံသိမ်း သည်ကိုတနင်း သာရီ ကျေး ဆင်ထိုး ရွာ နေရွာသား တို့မစူး မစမ်း မမေး မြန်း လက်နက်ကိရိယာ နှင့်ဆီး ခံ၍တိုက်လံရာတွင်ဆင်ထိုး ရွာ နေငသ ပြောင်ငပြန်ရက် တို့နှင့် မိမ္မကိုဘမ်း ဆီး မိ၍မှာစာနှင့်လွှတ်လိုက်သည်၊ ဒဝယ်စား သား နှင့်ဆင်း ရဲသား ကျွန် တော်မျိုး တို့ကိုတ ယောက်မကျန်ပို့အပ်လှာမှ ရွှေ ၂ ပြား တပြား တည်း မဟာမိတ်ဖြစ်ကြ၍ ချမ်း သာရာရမည်အကြောင်း ကိုမှာလိုက်သည်။

သက္ကရာဇ် ၁၁၂၁ ခုတပို့တွဲလဆန်း ၂ ရက် နေ့ဗိုလ်မှူး နန္ဒယောထာ
I9 January I760
တိုက်ဘ တော ချောင်းဝေါင် ချောင်းတွင် မိသည့်ဗြိတ်မြို့က လှေသား တို့တွင် ပေးလိုက်သည်။

( လောင်း မိန့်၊ မှတ် ၅၀၊ စာ ၁၆၄ )

ဗျာဒိတ်တော်အဒိန့်တော်ရှိသည်မင်းလှရာဇာမဏိစက်သမန္တသူရသူငယ်တော်
သွေး သောက်ကြီး အကြပ် သေနတ်လုလင် တော်ကျွန်တော်မျိုး အမှုထမ်းတို့၊ ငါပြုစု
ချီး မြှောက်မစသည်သူကောင်းပြုတော်မူသည် ကျေး ဇူး သစ္စာ ၂ ပါး ဝမ်း တွင်
ဝရဇိန်အခဲနှင့်အတူ ငါအမိန့်တော်ရှိသည်ကိုထိပ်ထက်သံမှိုနှက်သကဲ့သို့ ငါခန့်ထား သည့်
ယုံတော်မူသည့်အတိုင်း ဗြိတ်သဘောသိပ်ကိုအလိုတော်ပြည့်ကြောင်း နှင့်သိမ်စက်ကို
စေသည်ရှိခိုး သံတော်ဦး တင်ရောက်လျှင် ငါသစ္စာတော်မြတ်ကိုစောင့်သိရိုသေ
စွာ ငါစေခိုင်း တော်မူသည့်အတိုင်း ပြီး ကုန်ကြောင်း နှင့်ရှိခိုး သံတော်ဦး တင်
၍ ငါရွှေစိတ်ရွှေနှလုံး တော်ရွှင်း တော်မူရသည်၊ မှတ်ကြကုန်ချီး မွမ်း တော်မူ
သည်၊ ဗြိတ်ကျွန်း တွင်ရှိသည့်ကျေး ရွာများ ကိုဆန်စပါး မျိုး ရိက္ခာသင်တို့စား စ
ရာကိုမှော်တင်ဆင်ခြင်၍ မြောက်ဘက်တောင်ဘက်ရှိသည့်မျိုး ရိက္ခာကျေး ရွာတ
ပြင်မီး ပွါး မီး တောက်မထိမစည်စေရကျွန်တော်မျိုး အများ ဖြစ်၍ ရိက္ခာတော်
အများ အလိုတော်ရှိကြောင်း ကိုရွှေတိုက်ဝန်သိလေပြီး သည်၊ ကျေး ရင်း ကျွန်ရင်း
ဖြစ်၍ ငါရွှေနှလုံး တော်မပင်မပန်း ရမည်ကိုရည်၍လည်း တကြောင်း၊ ငါ့ဘုန်း
တော်ကိုမှီ၍အရည်အသွား ဂုဏ်ကျေး ဇူး ကိုသူခပ်သိမ်း သိမြင်စေလို၍လည်း တ
ကြောင်း ခန့်ထား တော်မူသည်ဃင်း တို့အရေး အရာသင်း တို့အသာအမာကို
အကြောင်း အလမ်း အလုံး စုံကိုတွေး ခေါ်မှော်တင်၍စီး ပွါး တော်ဘဏ္ဍာတော်
သဘောတော်လှတက်မှစ၍မလစ်မဟင်း စေရအောင်ခန့်ထား စီရင်ရမည်။ (7 February 1760)

(သက္ကရာဇ် ၁၁၂၁ ခုတပို့တွဲလပြည့်ကျော် ၆ ရက် နေ့)

(လောင်း မ်န့်၊ မှတ် ၅၂၊ စာ ၁၆၈)

အမိန့်တော်ရှိသည်၊ နန္ဒယောထာ၊စစ်ကဲမင်း ထင်ပုံ့ချိုသီဟရာဇာ ကျော်၊တပ်မှူး
အမည်ရနား ခံတပ်စါရေး သွေး သေ့ာက်ကြီး အကွပ်အကြပ် လှေစီး ပဲ့နင်း အမှု
တော်ထမ်း ကျွန်တော်မျိုး အပေါင်း တို့၊ရွှေဘုန်း တော်ကိုမှီ၍ ကျေး ဇူး သစ္စာ တော်
၂ ပါး ဝမ်း တွင်ရှိသည့်အတိုင်း ထမ်း ရွက်ကြသည်ဖြစ်သည်၊ လူတို့သဘော ကျေး ဇူး ပ
ညာဆိုသည့်အရာသည်အမှုခပ်သိမ်း ကိုပစ္စုပ္ပါန်ကာလအရှည်အတိုင်း ဥပါဒ် ဘေး ဒါန်
ရန်ပယောဂအမှုကိုကျွမ်း သိမျှော်မြင်လိမ်မာခဲ သောအရာဖြစ်သည်၊ ကျေး ဇူး သ
စ္စာတော် ၂ ပါး နှင့်မတီမ်း မစောင်း အမှုတော်ကိုထမ်း ဆောင်သည်ပင်ဆို
သော်လည်း အတွေး အတောအဆင်အကြင်ကိုသတိလျှော့၍အရေး တော်ရာဇဝတ်
ကြောင့်မတည့်မမတ်မတော်ဖြစ်တတ်သည်ငါ့အရေး တော်(ကို) ငါအတွက်အမြတ်
ရောက်တော်မူသည်မှစ၍ မလစ်မဟင်း တိုင်း ရေး ပြည်ဝန်ကိုအပင်အပန်း ခံ
၍ကြိဆောင်တော်မူသည်အမှုအရပ်ရပ်ကို ထောက်၍ မလစ်မဟင်း စေရ၊ နန္ဒ
ယောထာကိုလူကြီး ဖြစ်၍ ရာဇဝတ်တော်၌ကျွမ်း ကုံမည်နှလုံး ရည်ရှိသည်ဖြစ်၍
အချုပ်အအုပ်အခန့်ထား တော်မူသည်၊ အသီး အသီး နောက်လိုက်နောက်ပါငယ်
သား တို့ကိုငါတို့လုနိုင်ဖြစ်သည် ပေါ့ပေါ့လျော့လျော့ခန့်ထား ၍ဟင်း ခူး ထင်း
ခွေမှစ၍ မထွက်မသွား စေနှင့်၊အကြောင်း အရာထင်မြင်၍ခန့်ထား လိုသော်
နန္ဒယောထာကိုအစီရင်ခံ၍ဘိဘိစီးစီးအနီး ပင်ဖြစ်သော်လည်း ကြံ ရေး အား ထုတ်
ခြင်း ဝီရိယကိုမလျှော့မလွတ်အသက်ကိုအသက်မမှတ်စွန့်၍ နိုင်နိုင်နင်း နင်း အမှု
ခပ်သိမ်း ကိုအနိုင်အဖြိုး ရအောင်ငါ့ကျေး ဇူး သစ္စာ တော် ၂ ပါး ရှိသည့်အတိုင်း
ရာဇဝတ်တော်ရေး ကိုမျှော်ထောက်၍လုပ်ကြံစီရင်ခန့်ရန်၍အရေး အမှုမလစ်
မဟင်း ရအောင်အမှုတော်ကိုညီညွတ်အောင်ထမ်း ရွက်ရမည်။ 20 February I760

သက္ကရာဇ် ၁၁၂၁ ခုတပေါင်လဆန်း ၅ ရက်နေ့နန္ဒယောထာကိုပေး ။

( လောင်း မိန့်၊ မှတ် ၅၃၊ စါ ၁၇၀ )

အမိန့်တော်ရှိသည်၊ ဒွါရာဝတီမင်း၊ သာမျှမစွာသခါကောသော ဒုက္ခဥ္စ ဇီဝိတံ
ဖလံဟူသောပြည်၏အင်္ဂါရပါး ထွင်ပြည်ထောင်ချင်း မင်းတို့၌ပြည့်စုံအပ်သော
အကြောင်းကိုအစိန္တေယျသုံး လူအထွတ်ဘုရားသခင် ဟောတော်မူသောပါဠိတော်
ရှိသည်။ ယခုချီတော်မူ၍ ဒွါရာဝတီတိုင်း စွန်ကျေး စွန်သို့ ရောက်တော်မူသည်လည်း
စစ်မက်အင်ပြုလို၍ မရောက်မလာ၊ သိင်္ဂုတ္တရကုန်း မြတ်၌တည်ထား ပြုစုသောဌာ
ဝရကောင်းမှုတော်ကိုအနုမောဒနာပြုတော်မူမည် မင်းမိဘုရား သား
တော်ညီ တော်မှူး တော်မတ်တော်တို့နှင့်စုန်တော်မူလျှင်ဘဏ္ဍာတော်သင်္ဘော
လှေတက်များကိုဆိပ်ကောက်နား ခံတို့ကိုအမေး တော်ရှိတော်မူလျှင် ၁၁၂၁ ခု I759
မဏိပူရကသည်းတိုင်းသို့ ရွှေစက်တော်ဖြန့်တော်မူသည့်ကာလတလိုင်း ကျွန်တော်
မျိုးတို့ကျေးဇူးသစ္စာတော်မြတ် ၂ ပါးကိုမထောက်သူခိုးထား ပြုပြု၍ညည့်အခါ
ရန်ကုန်မြို့တော်သို့မီး သင့်သည့်အတွင်း တွင်ဘဏ္ဍာတော်ဝါဂွမ်း အမြောက်အများ
နှင့်ကုလားတို့ဆောင်ယူ၍ထွက်သွား ကြောင်း ကုလားတို့နှင့်သင်္ဘောတော်လည်း
တနင်္လာရီဆိပ်ဖြိတ်တွင်ရှိသောအကြောင်းကိုလျှောက်ထား၍ကြား လျှင်ဆိပ်
ကောက်စစ်ကဲနား ခံတို့ကစေ၍တောင်း စေအမိန့်တော်ရှိသည့်အတိုင်း စေ၍
ဖြိတ်ဆိပ်ကောက်အကြီးအကဲတို့ကိုပေး အပ်ရမည်သင်္ဘောတော်ဖြစ်သည်တောင်း
သည်ကိုယိုး ဒယားမင်းမှာလျှောက်ထား ရဦး မည်မပေးသာဆိုလိုက်၍မရ
ပြန်ရောက်သည်နှင့်နိုင်ငံတော်ဒဝယ်မြို့တွင်အထက်ကလိန်အောင်စား ငရှမ်း
ငယ်သည်ကျေးဇူးသစ္စာတော်ကိုမစောင့်ဘောက်ပြန်ပုန်စား သောကြောင့်
ဒဝယ်မြို့သို့ချီတော်မူ၍ ရာဇဝတ်တော်အပြစ်အလျောက်ကွပ်ညှပ်သုံး မတော်မူသည်၊
ဒဝယ်မြို့ကအမိန့်တော်နှင့်စေ၍ဖြိတ်မှာရှိသည်သင်္ဘောတော်ကိုပေး အပ်မည်ဖြစ်
လည်း သိသာအောင်လျှောက်ရမည်ငရှမ်း ငယ်နှင့်အပေါင်း အဘက်ပြုသူဒဝယ်
ကျွန်တော်မျိုးတို့ငါ့ဘုန်း တော်ကိုမခံနိုင်၍ကြည်း ကြောင်း ရေကြောင်း ဒဝယ်
မြို့ဖြိတ်တနင်္သာရီတပြင်တခွင်ဝင်နေရောက်ပေါက်သည်ကျွန်တော်မျိုးတို့ကိုလည်း
တတိုင်းနှင့်တတိုင်းယိုး ဆောင်း နန်း ပြိုင်ဖြစ်ကြသည်၊လက်ခံသိမ်းထား ရိုး မရှိ၊
ပေး အပ်မည်ဖြစ်လည်း အပ်ရမည်၊ မပေး မအပ်ဖြစ်လည်း သိသာအောင်ရှိနိုး
သံတော်ဦး တင်စာစေသူတွင်ဆက်လိုက်ရမည် မိန့်တော်မူသည်၊လူကိုလည်း မဆက်

မအပ်၊ သင်္ဘောကိုလည်း မပေး မအပ်၊ ငါတို့မြို့ဆိပ်သို့ ဝင်ရောက်လေပြီးသည် စေသူ
တွင် စာပြန် ရောက်၍ တရားသဖြင့် သင်္ဘောကို သိမ်းယူမည်သာ ချီတော်မူ၍ ရောက်
သည်ဖြစ်သည်၊ ယခုမြိတ်ဆိပ်တွင်လည်း ဘဏ္ဍာတော်နှင့် သင်္ဘောတော်ကို မတွေ့မရ
လက်ခံသိမ်းထား သူတို့လည်း ကျေးဇူး သစ္စာတော်ကို မစောင့် ဒွါရာဝတီမင်း
နှင့် ငါတို့နှစ်ပြည် ထောင်ကို မညီမညွတ်စိတ်နှလုံး ရှနလေအောင် ဝေဝုတ်ပြက်ပြယ်
ရှောင်နေသည်၊ ဒွါရာဝတီမင်း တို့ ငါတို့သည်ပြည်သူသတ္တဝါတို့၏အစီးအပွါး ပစ္စုပ္ပါန်
သံသရာအကြောင်း အကျိုး နှင့်တကွပြည်ကြီး ဝန်ကိုရွက် ဆောင်ကြသည်ဖြစ်သည်၊ အတိုင်း
ထက်အလွန်မီး မသေ ရေမကြည် ၂ ပြည် ၁ ပြည် ရွှေ ၂ ပြား ၁ ပြား ရေတွင်သား သော
အခြား မထင်သကဲ့သို့ သံသရာဘဝအဆက်ဘုရား ပစ္စေကဗုဒ္ဓါတို့အား ဒါနအလှူကို ပေး
၍ ဖူးမြင်တွေ့ကြရ၍ ပြည်ဘဖြစ်ကြရသည်၊ ဆုတောင်း ဆုယူပါရမီပုညသမ္ဘာရအ
ဆောက်အအုံတူ ရှည်ကြသည်ဖြစ်၍ သတင်း ကျေးဇူး တော်ကို ဒွါရာဝတီမင်း ကြား
သော ကာလသတ္တရာဘန်တို့၌ ရစ်သော သီတာရေကဲ့သို့ ချမ်းကြည်ချင်း နှင့်အကွ ဒွါ
ရာဝတီကဆီး ကြို၍ ခရီး လမ်း တွင် ဒွါရာဝတီသို့မရောက်ခင်ဘုန်း ကြမ္မာတူ ရှည်
ကြသည်မှန်လျှင် တွေ့ကြုံစေသောဟု ၅၂၀ ပါး သော မေတ္တာနှင့် ချမ်းကြည်စွာ ဆု
ဆောင်ဆုယူပြု ကြောင်း ကိုအမိန့်တော်ရှိသည်။

20 February I760

သက္ကရာဇ် ၁၁၂၁ ခုတပေါင်း လဆန်း ၅ ရက် နေ့ယိုး ဒယား သို့
ပေး မည်စီ တော်မူသည်။

( လောင်း မိန့်၊ မှတ် ၅၄၊ စာ ၁၇၂ - ၃ )

20 February 1760

ဒွါရာဝတီ၊ ကုဿရောရာဇာ၊ အခမ္မေန၊ ရာဇဝံသဉ္စ၊ အမစ္စာဒယော စ၊ ဝဇိတ္တွာ ရဇ္ဇံ၊ ကရိတွာ၊ ဇမ္ဗုဒီပတလေ၊ အတုလော သတရာဇာဓိပတိ၊ မဟာသတ္တော၊ အဟံ ဓမ္မရာဇာ၊ ဒမေတုံ အာဂစ္ဆာမိ၊ တွံ မေ ပါဒမူလေ၊ ဒမန်၊ သမ္ပဋိစ္ဆိတုံ အာဂစ္ဆာဟိ၊ အဂမေ (အနာဂစ္ဆန္တေ) တွံ၊ မဟာဝိနာသံ၊ ဂမိဿတိ၊ ဒွါရာဝတီကို၊ ကုဿရော၊ သော၊ ရာဇာ၊ သည်၊ အခမ္မေန၊ မင်းကျင့်တရား နှင့်မညီသဖြင့်၊ ရာဇဝံသဉ္စ၊ မင်း ဆွေမင်း မျိုး တို့ကိုငှင်း ၊ အမစ္စာဒယော စ၊ အမတ်တို့ကိုငှင်း ၊ ဝဒိတွာ၊ သတ်၍၊ ရဇ္ဇံ၊ ကို၊ ကာရိတွာ၊ ကြောင့်၊ ဇမ္ဗုဒီပတလေ၊ ၌၊ အတုလ၊ သော၊ သတရာဇာဓိပတိ၊ မတရား သောမင်း တို့၏အရှင်ဖြစ် တော်မူသော၊ မဟာသတ္တော၊ သည်၊ အဟံ ဓမ္မရာဇာ၊ သည်၊ ခမေ့တုံ၊ ငှာ၊ အာဂစ္ဆာမိ၊ ၏၊ တွံ၊ သည်၊ မေ၊ ငါ၏၊ ပါဒမူလေ၊ သို့၊ ဓမ္မံ၊ ကို၊ သမ္ပဋိစ္ဆိတုံ၊ ဝန်ခံခြင်း ငှာ၊ အာဂစ္ဆာဟိ၊ လာ လော့၊ အာဂမေ (အနာဂစ္ဆန္တေ) န၊ မရောက်မလာသည်ရှိ သော်၊ တွံ၊ သင်သည်၊ မဟာဝိနာသံ၊ သို့၊ ဂမိဿတိ၊ တံ့။

20 February 1760

(သက္ကရာဇ် ၁၁၂၁ ခုတပေါင်း လဆန်း ၅ ရက် နေ့) နန္ဒဝိနှ ကျော်သူကို စေ။
( လောင်း မိန့်၊ မှတ် ၅၅၊ စါ ၁၇၆ )

အမိန့်တော်ရှိသည်။မင်း ခေါင်နော်ရထာ နေမျိုး နော်ရထာတို့နှင့် ရှေ့ချီဗိုလ်မှူးတပ်မှူးတို့၊ချီတော်မူမည့်လမ်းမှာ တောင်ကမ်းကြီးသည်ဖြစ်၍ ငါကိုယ်တော်အမြောက်လက်နက်တော်များနှင့်ရေကြောင်း ရှေ့ချီဗိုလ်မှူး တပ်မှူး တို့မှာ ကြေး ကြောင်း ချီတော်မူရမည်ကဲ့သို့လမ်း ခရီး ကိုသုတ်သင်လုပ် ဆောင်လျှင်ရှည်ကြာမည်၊ ဆင်တော်မြင်းတော်သွား သာရုံသာသုတ်သင်လုပ် ဆောင်၍လွင်အရပ်သို့ပေါက်ရောက်အောင်ချီနှင့်စေ၊ မျိုး ရိက္ခာမှာလည်း ရသာသမျှသိမ်း ရုံး ရမည်၊ ရဲမက်လက်နက်ကိုင်တို့ကိုလည်း ကစည့်ကလျား မချီမသွား စေ့နှင့်အကြီး အကြပ်နှင့်တစည်း တရုံး တည်းအုပ်ချုပ်ချီသွား စေဘုရား ဗျာဒိတ်တော်မြတ်ရှိသည့်အတိုင်း ချီသွား ရမည်။

3 March 1760

(သက္ကရာဇ်၁၁၂၁ ခုတပေါင်း လပြည့်ကျော် ၂ ရက်နေ့တုရင်လှကျော်ကိုပေး ။

( လောင်း မိန့်၊ မှတ် ၅၆၊ စါ၁၇၇ )

အမိန့်တော်ရှိသည်၊ ပုခန်းစား စည်သူနော်ရထာ မင်းကြီး နော်ရထာတို့၊ ရွှေတောင်လက်ယာပေါ် ရွှေတောင်ကျော်စွာထင်နှင့်မြင်း ၁၀၀၀ ကျော် သေနတ် ၁၀၀ ကျော်လိုက်စေသည်ရှိနိုး သံတော်ဦးတင်သည်အရေးကို ထောက်၍ ရေကြောင်း ကနန္တပုံ့ချီနှင့် သေနတ် ၅၀၀ နရာပုံ့ချီနှင့် သေနတ် (၅)၀၀၊ သေနတ်ပေါင်း ၁၀၀၀ လူပို့တော် ရွှေတောင်လက်ယာပေါ်တို့မြင်း တပ်ကိုအမှီအကြပ်ရောက်အောင်အပြင်းတပ်ချီ၍ လိုက်စေ၊ မင်းကြီး နော်ရထာ ပုခန်းစား တို့ကိုယ်နှင့်ကျန်သည်လက်နက်ကိုင်တို့မှာ သတင်း နားခံ၍ လမ်းကိုသုတ်သင်ချီသွား ရမည်၊ အမြင့်တပ်ကသူရပုံ့ချီထင်နှင့်မြင်း မှာ ၁၂၅ လူကောင်းကို ရွေး၍ ဣန္ဒပုံ့ချီတို့နှင့်လိုက်စေရမည်၊ သင်းတို့ကလူသူဘမ်း ဆီး၍ မိလျှင်လည်း အကြောင်းအရာကိုစစ်ကြောချက်နှင့်ညည့်နေ့သံတော်ဦးတင်စေရမည်။ တုဏှပစ္စည်း တွင်ပေး ။ (3 March I760)

(သက္ကရာဇ် ၁၁၂၁ ခုတပေါင်းလပြည့်ကျော် ၂ ရက်နေ့

(လောင်းမိန့်၊ မှတ် ၅၇၊ စါ ၁၇၉)

အမိန့်တော်ရှိသည်၊ ရွှေတောင်လက်ယာပေါ်၊ ရွှေတောင်ကျော်ထင်၊ ရွှေတောင် လက်ဝဲပေါ်တို့၊မင်းတို့ကို ကျေးရင်းကျွန်ရင်း ဂုံမှတ်တော်မူသည်ဖြစ်၍တပ်ဦး ချီ စေသည်၊ မင်းတို့နှင့်ပါသည့်မြင်းတို့ကိုကြပ်ကြပ်တည်းတည်း ညီညွတ်အောင်စီရင် ကွပ်ညှပ်၍မြို့ပြတပ်ကျုံး မြောင်းအဆီးအခံမရှိလျှင်မြင်း လူ ခြေ နေသည်တပ်သား ဖြစ်လျှင်ချွံချွံရက်ရက်နေခက်ခန့်တော်မူသည်ကုန္ဒပုံချိနရာပုံချိနှင့်သေနတ်ပေါင်း ၃၀၀ ရှိပြီအသက်ကိုအသက်မမှတ်အရေး တော်ကိုကျေးဇူးသစ္စာတော် ၂ ပါး ဝမ်း တွင်ရှိသည့်အတိုင်း တယောက်မကျန်ဖမ်းဆီး သတ်ညှစ်ရမည်၊ဆလင်းတွင်မြို့ပြကျုံး မြောင်း ပြုလက်ရမ်း အနိုင်အလုံရပ်ခံသည်ဖြစ်လျှင်ငါ ရွှေစက်တော်မြတ်အောက် လာ၍ရှိခိုး သံတော်ဦးတင်လှာရမည်၊ အမြင့်တပ်ကသူရပုံချိထင်နှင့်မြင်းပါ ၂၅ လည်းကုန္ဒပုံချိတို့နှင့်ချိလှာ စေသည်၊သင်းတို့လူသူဖမ်း၍ရလျှင်အကြောင်း အရာကို စစ်ကြောချက်နှင့် နေ့ညအလျှင်သံတော်ဦးတင်စေရမည်။ တုဏ္ဍပစ္စည်း ထွင်ပေး ။

(3 March I760)

(သက္ကရာဇ် ၁၁၂၁ ခုတပေါင်းလပြည့်ကျော် ၂ ရက်နေ့)

(လောင်း မိန့်၊ မှတ် ၅၈၊ စာ ၁၈၁)

အမိန့်တော်ရှိသည်၊ ရှင်မိဘုရား သီရိသုဓမ္မရာဇာ၊ ရတနာသုံးပါး ဂုဏ်တော် မိခင်ဘခင်ဆရာသမား ကျေးဇူး ရှင်မိဘုရား တို့ပြုသော ဆုတောင်း ပဋ္ဌနာ မေတ္တာဆက်သည်အတိုင်း ငကိုယ်တော်မှစ၍သား တော်မူး တော်မတ်တော်သူရဲ သူခက်ဆင်မြင်းလက်နက်ကိုင် ဗိုလ်ပါပဘတိ ချမ်းသာတော်မူသည်၊ နေပြည်တော်တွင် ခိုး သေး မီး ပွါး ကိုကြပ်ကြပ်တည်း တည်း စီရင်နှိုး ဆော် စေ၊ မြို့ကျုံး ပြတံခါး လုပ် ရန်ဆောင်ရန်ကိုလည်း ဆင်း ရဲသား အမှုထမ်း ကျွန်တော်မျိုး တို့ကိုညီညီညွတ်ညွတ် စီရင်ခန့်ရန်ရမည်၊ သီရိသုဓမ္မရာဇာကိုသူကြီး ကလံအဆော် အကွပ်အကြီး အကဲ တို့ကိုမပြတ်မလပ်စူး စမ်း ကြည့်ရှုစီရင်ခန့်ထား ရမည်၊ တိုင်း ရေး ပြည်ရေး ကျွမ်း ကုံ[illegible]ည်အ စောင့်အနေခန့်ထား တော်မူသည်၊ မထိုင်း မပျင်း မရိသိသိ မြင်မြင်မလစ်မဟင်း မပင်မပန်း ရအောင်အား ထုတ်၍ စီရင်ရမည်၊ နေပြည် တော်တွင်ရှင်မိဘုရား မှစ၍သား ငယ်သမီး ငယ်တိုင်း သူပြည်သား တို့ချမ်း သာ ငြိမ်ဝပ်သည်ကိုသာကြား တော်မူလိုသည်ငါကိုယ်တော်ကိုမည်သည်ကိုမျှမကြောင့်မကျ မစိုး မရိမ်နှင့်သာသနာ တော်မြတ်အစီး အပွါး ပြည်သူတို့အစီး အပွါး ကိုသိုက်မြိတ် နှင့်အညီ ဆောင် တော်မူရသည်ဖြစ်သည်၊ ရတနာသုံး ပါး ဂုဏ်တော်ကိုမှီ၍ ၁၁၂၁ 27 February I760
ခုတပေါင်း လဆန်း ၁၂ ရက်နေ့တနင်း လာ ရိမြို့ကယိုး ဒယား မြို့သို့ ချီ တော်မူသည်၊ ရတနာသုံး ပါး ဂုဏ်တော်ကိုမှီ၍ ဇမ္ဗူဒီပါကျွန်း တွင်ရန်သူအပေါင်း မြင်သမျှကိုသုတ် သင်ရှင်း လင်း နှိမ်နင်း ဆုံး မ၍တရား သဖြင့်သတ္တဝါအပေါင်း တို့ကိုပစ္စုပ္ပန်သံ သရာအကျိုး စီး ပွါး ကိုထောက် တော်မူသည်၊ မည်သည်ကိုမျှမအောင့်မေ့နှင့်၊ ယောက်ျား တံခွန်လူရည်မှန်ကကောင်း ကင်အထွတ်ကြယ်ကိုဆွတ်လည်း မလွှတ်နိုင် ရာဘုန်း ကြမ္မာရှင်ဖြစ် တော်မူသည်ကိုသာစွဲမှတ်ရမည်၊ လုပ်ချိန်ဆောင်ချိန် ဆင်း ရဲသား တို့ရောက်လျှင်ဝက်တိုး ဆည် တော်ကိုဆီး ဆို့၍ နယုန်လတွင်း ကမလုပ် မဆောင်မီ ရေမိုး သွင်း ကျုံး အလို တော်ပြည့်လျှင်လည်း အရပ်ရပ်အမြိုး မြို့ကျွန် တော်မျိုး တို့ကို၄စုစု၍ ၁ စုသာ နေပြည်တော်တွင်ပြတံခါး မြို့လုပ်စေ၊ သုံး စုလူကို မြို့ရွာသို့ပြန်၍လယ်ယာကိုင်း ကျွန်း လုပ် စေ၊ ငါမွေး တော်နေ့တိုင်တိုင်လျှင်လည်း ရွှေနန်း တော်လျှောင်းတော်ဦး တွင်ငါ့သက်တော်စေ့ဆွမ်း လုပ်ကျွေး စေ၊ ရွှေ နန်း တော်စောင့်မြို့ တော်ထီး ချက် တော်စောင့်နတ်မှစ၍မြို့တွင်း မြို့ပ ပါဠိနတ်

စာပေး ပြီး လျှင်ငါကိုယ်တော်ကျွန်း ခန့်သာမာလျက်ပြည်ရေး တိုင်း မှုကုန်၍
ဆင်မြင်း ဗိုလ်ပါမပင်မပန်း အောင်မြင်ပြီး စီး စေကြောင်း ကိုလည်း သင်
ပုတ်ရေချမ်း ဆွမ်း နှင့်မပြတ်မလပ်ရှင်မိဘုရား ကိုယ်မှစ၍ ရွှေနန်း တော်
တွင်မင်း မိဘုရား ငယ်မင်း ကိုယ်လုပ်တော်တစုလည်း ငါကိုယ်စား တော်ာလ
လေး သာတင်း ဥပုသ်သတင်း ဆောက်တည်၍ ငါသို့မေတ္တာပို့ဆက်ရမည်အကြောင်း ကို
အမိန့်တော်ရှိသည်။

6 March I760

သက္ကရာဇ်၁၁၂၁ ခုတပေါင်း လပြည့်ကျော်၅ရက်နေ့ဒေဝရန်သူတွင်ပေး ။
( လောင်း မိန့်၊ မှတ်၅၉၊ စာ၁၀၃-၄ )

(6 March I760)

အမိန့်တော်ရှိသည်၊ သီရိသုဓမ္မရာဇာ၊ ရန်ကုန်မြို့တွင်ငါ့ရွှေဘုန်းတော်ကြောင့်
ရသည့်လက်နက်တော်အများ ရှိသည်ကို ရန်ကုန်တွင်သီရိဖက်လွန်နှင့် ရန်ကုန်မှာလူ
အစုအရုံး နည်းသည် နေပြည်တော်သို့ ရောက်အောင်ကြိုဆောင်နိုင်မည်မဟုတ်၊
နေပြည်တော်က ခန့်ထား၍ လှေတက်အနိုင်အလုံနှင့်တင်ယူစေရမည်၊ ခန့်ထား
သည့်လူတို့ကိုလည်း မြစ်စဉ်တလျှောက်မြို့ရွာဆင်း ရဲသားတို့ကို ရိပ္ပတ်ပင်ပန်း အောင်
ချောပို့ဝန်ထမ်း ပဏာကာယမ ထောက်မထား မယူစေရမည့်အကြောင်းနှင့်
ကြပ်ကြပ်တည်းတည်း အာဏာထား၍ စေယူရမည့်အကြောင်းကို အမိန့်တော်ရှိသည်။
(6 March I760)
(သက္ကရာဇ်၁၁၂၁ ခုတပေါင်းလပြည့်ကျော်၅ရက်နေ့ ဒေဝရန်သူ)တွင်ပေး။
(လောင်းမိန့်၊ မှတ်၆၀၊ စါ၁၁၈၆)

8 March 1760

အမိန့်တော်ရှိသည်၊ မင်းလှနော်ရထာ၊ ရွှေတောင်လက်ယာပေါ်၊ ရွှေတောင်ကျော်စွာထင်၊ ရွှေတောင်လက်ဝဲကျော်၊ တိမ်ကြားမင်းကြီးတို့နှင့်လုပျိုတော်သွေးသောက်ကြီး အမည်ရအမှုထမ်း ကျွန်တော်မျိုးတို့၊ ရှမ်းယိုးဒယား ရန်သူတော် တွေ့လျှင်တညီတညွတ်တည်း ဦးလည်မသုန်ရတနာသုံးပါး ဂုဏ်တော်ဘုန်းတော်ကိုမှီ၍အသက်ကိုအသက်မမှတ်စိတ်နှလုံး ချ၍တိုက်လံဖမ်းဆီး သတ်ညှစ်ရမည်၊ မညီမညွတ်မဆင်မခြင်အမှုခဝ်သိမ်းကိုပင်မပြုအဝ်ညီညီညွတ်ညွတ်သာဆောင်ရွက်လုပ်ကြံရမည်။အရေးကိုမြင်သမျှကိုလည်း နေ့ညမဆိုမပြတ်ရှိခိုးသံတော်ဦးတင်လှာရမည်။

8 March 1760

သက္ကရာဇ် ၁၁၂၁ ခုတပေါင်းလပြည့်ကျော်ရရက်နေ့ ဒိပ္ပယောထာတွင်ပေး ။

( လော်င်း မိန့်၊ မှတ် ၆၁၊ စာ၁၀၀ )

အမိန့်တော်ရှိသည်၊ ရွှေတောင်လက်ယာ ပေါ်၊ ရွှေတောင်ကျော်စွာထင်ဝါလှပျို့
တော်သွေး သောက်ကြီး အမည်ရအမှုထမ်းတို့၊ သင်းတို့မခံဝံ့ပြေး၍ မျိုး ရကွာ
စိုး စည်အဖြည့်အစွက်ရရန်ရှိလျှင်မျိုး ရိကွာသိမ်း ရမည်၊ မပျက်မီ ရောက်သည့်
မြင်း နှင့်အင်တံ့ရုံ စေ၍အရပ်အခံရှိသည်မရှိသည်ကိုကြည့်စေ၊ ဖျပ်ဖီတွင်မြို့ပြကျုံး
မြောင်း အခံအရပ်ရှိကြောင်း ကိုသိရလျှင်မတိုက်မလံနှင့်ဦး၊ ဖျပ်ဖီရွာတွင် ငါကိုယ်
တော်ကိုင်ရဦး မည်၊ သို့မှသင်းတို့ကိုမလွတ်မလပ်ရတဝတည်း စီရင်လုပ်ကြံသတ်ညှစ်
ရမည်၊ အမြောက်ရထား တော်များ လည်း မရောက်သေး၊ စစ်၏အင်္ဂါစစ်ခြေ
စစ်လက်ရုံး စည်း မိမှတိုက်လံရမည်၊ အမိန့်တော်ကိုကျူး လွန်၍ မပြုမကျင့်နှင့်၊ ငါခန့်
ထား တော်မူသည်တွင် ရွှေသွာတိုက်လံလုပ်ကြံရမည်၊ အရေး အရာကို မျှော်တင်း ရ
ဦး မည်၊ ပြင်ရေး အတွင်း ရေး ကုန် အောင်စီရင်ရမည်ဖြစ်၍ မှာထား တော်
မူသည်၊ မင်း ခေါင်နော်ရထာ၊ နေမျိုး နော်ရထာ၊ ရွှေတောင်ကျော်စွာထင်
တို့လည်း တပ်ပေါင်း ရှက်မိလျှင်တဝတည်း အမိန့်တော်ကိုခံရဦး မည်။

(8 March I760)

(သက္ကရာဇ် ၁၁၂၁ ခုတပေါင်း လပြည့်ကျော်ရရက်) ရွှေတောင်ပျံ
ထင်နန္ဒသူရိယကို ပေး ။

( လောင်း မိန့်၊ မှတ် ၆၂၊ စာ ၁၉၀ )

အမိန့်တော်ရှိသည်၊ မင်းကြီး နော်ရထာ၊ ရွှေတောင်လက်ယာ ပေါ၊မင်းလှ
နော်ရထာ၊ ရွှေတောင်ကျော်စွာထင်၊အရပ်ရပ်အမှုတော်ထမ်း တို့အမှုအရေး
ခပ်သိမ်း အလုံး စုံတွင်စစ်မှုစစ်ရေး သည်အသက်စီး စိမ်အရေး ဖြစ်၍အလွန်ခက်
ခဲသောအရေး ဖြစ်သည်၊ ငါကိုယ်တော်လည်း ဝေး သည်မဟုတ်ထပ်ကြပ်ချီတော်မူ
ကြောင်း ကိုအသိဖြစ်လျက်ဆလင်းကအကုန်အကျွတ်ချီရမည်ငါအမိန့်တော်ရှိမှချီရမည်၊
မင်း ခေါင်နော်ရထာ၊နေမျိုး နော်ရထာ၊ရွှေတောင်ကျော်စွာထင်တို့နှင့်
ဒေါထော်၊ရွှေတောင်ငယ်၊ဥဒိန်ဇေယတို့ကစ၍ပင် ခြေ ယောင်လက် ယောင်လိုက်
သည်အရာသည်သင့်သည်မဟုတ်၊ယခုအမိန့်တော်နှင့်လိုက်စေသည်၊မှီရာတွင်စု၍အမိန့်
တော်ကိုခံရမည်၊ မင်း ခေါင်နော်ရထာလည်း ဗိုလ်၊ နေမျိုး နော်ရထာလည်း
ဗိုလ်၊ ရွှေတောင်ကျော်စွာထင်လည်း ဗိုလ်၊ မင်းကြီး နော်ရထာလည်း ဗိုလ်၊
ဒေါထော်လည်း ဗိုလ်၊ ရွှေတောင်ငယ်လည်း ဗိုလ်၊ ဥဒိန်ဇေယလည်း ဗိုလ်၊ အ
ရေး အရာကိုမထောက်၊အရှင်ရှိပေသေး သည်၊မချောက်မထား၊စိတ်စိုး ကိုယ်
ပိုင်ကိုယ်စိုး ရ ငါ့ရွှေလက်တော်နှင့်ရေး သား သည့်အရေး အသား ကို ကိုတို့
ခြေနှင့်ဖျက်သကဲ့သို့ကျင့်သည် လော။

8 March 1760

(သက္ကရာဇ်)၁၁၂၁ ခုတပေါင်း လပြည့်ကျော်၇ရက်နေ့ရေပုပ်သူကြီး
တွင်ပေး ။

( လောင်း မိန့်၊ မှတ် ၆၃၊ စာ၁၄၂ )

အမိန့်တော်ရှိသည်ဗိုလ်မင်းများတို့၊ အမှုခပ်သိမ်းတို့သဘောသည်ကြက်ဥထဲတွင်
ကြက်သူငယ်သည်အဖြူဖြစ်မည်အမည်းဖြစ်မည်အနီဖြစ်မည်မသိသာသကဲ့သို့မပြီး သေး
သောအမှုတို့သဘောတည်ရှိသည်၊ ပြီးသောအမှုတို့သဘောသည်ကား ပေါက်ပြီးသော
ကြက်သူငယ်ကဲ့သို့အဖြူအမည်း ကိုသိရသည်နှင့်အတူဖြစ်သည်ကိုယခုမှာလည်း အချုပ်အကိုင်
အသီးသီးနှင့်တယောက်သွားလျှင်တယောက်သွားမည်၊ တယောက်နေလျှင်တယောက်
နေမည်၊ ငါ့ထက်သူမလွန်ရ၊ ငါ့ကိုသူမသာရအသီးအသီး ထင်ယူကြ၍ဆောင်ရွက်ကြ
သည့်အရေးသဘောသည်လူတယောက်ကိုသေစေချင်အားကြီးသည်လှံ၂၀နှင့်လှမ်း
၍တပူးတည်းထိုးလိုက်သော်ဖြောင့်မတ်အောင်မသွားထိုသူကိုလည်း မထိလွတ်လေ
သကဲ့သို့ဖြစ်ကြမည့်အရေးဖြစ်ကြသည်၊ အကျိုးလို၍အပြစ်ရောက်သည်လည်း ရှိကြသည်၊
မင်းခေါင်နော်ရထာ၊နေမျိုးနော်ရထာ၊မင်းကြီးနော်ရထာ၊ရွှေတောင်
ကျော်စွာထင်တို့လူကြီးတစုတပ်တော်တွင်ရှိသည်သူရဲသူခက်ခြေသည်မြင်းသည်သေ
နတ်မါးလက်နက်စွဲသောသူရဲသူတို့ကိုစေ့စပ်သေချာ ခိုင်လုံအောင်နေစေ၍ရွှေ
တောင်လက်ယာပေါ်နှင့်မြင်းပါရ၅၊ ရွှေတောင်လက်ဝဲကျော်နှင့်မြင်းပါလု
ပါရ၅ရွှေတောင်လက်ယာကျော်နှင့်ရွှေတောင်ကျော်စွာထင်၊သီဟနန္ဒကြပ်မ
ဆော်ကဲ၍အသက်ကိုအသက်မမှတ်စိတ်တူကိုယ်တူလူစုနှင့်အရေး တော်မြင်ရာတိုက်
လံဖမ်းဆီးသတ်ညှစ်ရမည်၊ရွှေတောင်လက်ဝဲကျော်မှာဥဒိန်ပုညာ၊ဥဒိန်ရန္ဒမိတ်
တို့နှင့်ကွပ်ကဲစီရင်၍မြင်း၂၅၀မှာလူပျိုတော်သူငယ်တော်မင်းကြိုက်ရာမြင်းကို
ရွေးကောက်၍ငါးကျေးဇူးသစ္စာတော်၂ပါးရှိသည့်အတိုင်းညီညွတ်၍တိုက်လံဖမ်း
ဆီးသတ်ညှစ်ရမည်၊မင်းလှနော်ရထာနှင့်သေနတ်၃၀၀ကြိုက်ရာရွေးကောက်
၍လူပျိုတော်ရွှေတောင်လက်ယာပေါ်တို့မြင်းစုနှင့်အထောက်အလှမ်းသင့်အောင်
အသက်ကိုအသက်မမှတ်ကြပ်ကြပ်တည်းတည်း စီရင်ခန့်ရန်၍ကွီတွင်တပ်ရှိလည်း တိုက်ရ
မည်၊တပ်မရှိသည်ဖြစ်လည်းကွီသို့ရောက်မှငါ့အမိန့်တော်ကိုတစုတဝတည်း ခံရမည်၊
တိမ်ကြားမင်းကြီးမှာမင်းလှနော်ရထာတွင်သေနတ်၃၀၀ရွေးကောက်သည်
ပြင်ကျန်သည့်လက်နက်တော်စွဲသေနတ်လုလင်တော်၂၀၀၀ကျော်ခန့်ထွင်ကြိုက်ရာသေ
နတ်ကို၃၀၀ရွေးကောက်၍လက်ဝဲကြောင်းမြင်းစုနှင့်အထောက်အလှမ်း ရအောင်
လှမ်းမှီကမ်းမှီငါးကျေးဇူးသစ္စာတော်၂ပါးရှိသည့်အတိုင်းအရေး တော်မြင်သ

မှုကိုတိုက်လှဲဖမ်းဆီး သတ်ညှစ်ရမည်၊ အမည်အရည်တပ်မှတ်၍ ခန့်တော်မူသည်၊ဤ
အရေး တော်မသာ နှောင့်နှောင့်ရှက်ရှက်နိမိတ်မင်္ဂလာမရှိစကားကိုကြား
တော်မူရလျှင် ၂ ခွန်း ချေရမည်မမှတ်နှင့်၊ ကွိဋ္ဌသို့ရောက်မှ ငါ့ရှေ့စက်တော်
စုံကိုဆီးကြို၍ တစုတဝတည်း ဦးခိုက်ရမည်အကြောင်းကိုအမိန့်တော်ရှိသည်။

8 March I760

သက္ကရာဇ် ၁၁၂၁ ခုတပေါင်းလပြည့်ကျော် ၇ ရက်နေ့ ပနံကပေး

( လောင်း မိန့်၊ မှတ် ၆၄၊ စာ ၁၉၄ - ၅ )

အမိန့်တော်ရှိသည်၊ မင်းကြီး နော်ရထာ၊ မင်းခေါင်နော်ရထာ၊ နေမျိုး နော်ရထာ၊ ရွှေတောင်ကျော်စွာထင်၊ ဗိုလ်မှူး တပ်မှူး အမည်ရမြင်း တော်သည် သွေးသောက်ကြီး လူပျို တော်သူငယ် တော်အမှုထမ်း ကျွန်တော်မျိုး အပေါင်း၊ မင်းလှရာဇာနှင့် ရွှေလှံရဲ သေနတ်လုလင် တော်ဘုန်း တော်ဖြစ်ကျွန်တော်မျိုး တို့ကိုအလုံး အကြီး ခန့်ထား တော်မူသည်၊ မြင်း မှာ ရှေး ဦး ရွှေတောင်လကျာ ပေါ်နှင့်ရဲမြင်း သေနတ်ခန့်ထား တော်မူ၍ ရှိပြီကိုတို့တပ်တွင်ပါသည် ခြေသည်သူ ရဲသူ စွမ်း ထမ်းအား ရွက်အား အလိုတူ ရှိလျှင် မင်းလှရာဇာတွင်အင်း စာရင်း ချ၍အပ်၊ အရပ်ရပ်မြင်းသည်တို့မှာ စွမ်း သန် မောက်မာ သမှုကို ရွေး ကောက်စစ်ကြော၍ ကိုတို့ကိုယ်နှင့် မင်းလှရာဇာတပ် နောက်လက်ဝဲလက်ယာဝမ်း လှိုင်သင်း တို့က မြင်း လောက်ရုံမြင်း ဦး စီး၍ အမြောက် သေနတ်မလှမ်း မီရာက နေရမည်၊ တပ်တွင်လည်း စိန်ပြောင်း သေနတ်လက်နက်စုံ နှင့် စစ်ကဲနား ခံတပ်စာရေး တို့နှင့် ခင်း ခင်းကျင်း ကျင်း စီမံ၍ထား၊ တပ်တွင်ထား သည်လူစုတို့ကိုလည်း အရေး တော်ရသည်ဟု၍ ရောပြွမ်း ၍ မလိုက်စေနှင့်၊ သင်း တို့တပ်ပျက်လျှင်ကိုတို့ကိုယ်နှင့်တကွအသီး သီးကွပ်ကြပ်၍အကုန်အစင် နောက်ရေး နောင်မှုမပြုမထွက်ဝံ့ အောင်စီရင်ကွပ်နှိမ်ရမည်၊ အမိန့်တော်အတိုင်း တည် အောင်စီရင်၊ ငါ့အမိန့်တော်အတိုင်း မတည်ရ၊ အရှင်ရေး မဟုတ်သကဲ့သို့သူသွား လူသွား လိုပြုကျင့်ကြ၍အရေး အရာ နှောင့်နှောင့်ရှက်ရှက်ရှိကြောင်း ကိုကြား တော်မူလျှင် ၂ ခွန်း ချေရမည်မမှတ်နှင့်။

II March 1760

သက္ကရာဇ် ၁၁၂၁ ခုတပေါင်းလပြည့်ကျော် ၁၀ ရက်နေ့မင်းလှရာဇာတွင်ပေး ။

( လောင်း မိန့်၊ မှတ် ၆၅၊ ၈၁၀၉၀ )

(II March 1760)

အမိန့်တော်ရှိသည်၊ ရွှေတိုက်ဝန်မင်း ဟုရာဇာ ငရွှေလှံ တော်စွဲ ရဲစု သေနတ်သွေး သောက်ကြီး အကြပ်ဘုန်း တော်ဖြစ်အမည်ရလူပျို တော်မြင်း တော်သည်ဆင် တော်သည်အမြောက်မျိုး၊ သေနတ်လုလင် တော်အင်း စာရင်း ကျနှင့်ခန့်ထား တော်မူသည့်ကျွန်တော်မျိုး အပေါင်း တို့သည်အစွမ်း အရည်မရှိကိုယ် ရေး ကိုယ်ထက်မကငါဘုန်း တော်ကြောင့်ကျေး ဇူး သစ္စာတော် ၂ ပါး ဝမ်း တွင်ရှိသည့်အတိုင်း သင်း တို့ကိုဦး လည်မတုနှိမ်နင်း ဖြတ် တောက်သတ်ညှစ်ဘမ်း ဆီး တိုက်လံလုပ်ကြံထမ်း ရွက်ပါမည်အ သီး သီး အသနား တော်ခံကြသည်ဖြစ်၍မြင်း သေနတ်အများ ထပ်၍ခန့်ထား တော်မူသည်ကို ပေါ့ပေါ့လျော့လျော့အများ အမှုထမ်း အမျိုး အမတ်ကျွန် တော်မျိုး အပေါင်း တို့လည်း ပါသည်ဖြစ်သည်၊ မစွဲမမှတ်သာဥပဒေပေး၍ခန့်ထား တော်မူသည့်အတိုင်း ရာဇဝတ် တော်သည်ငါတို့တွင်သာဖြစ် ချေသည်မှတ်၍ကြပ်ကြပ်စီစီဘိဘိရမ်း ရမ်း မျက်စိတမှိတ်ကွမ်း တညက်ကိုအသက်ကိုစွန့်၍ရန်သူ တော်မြင်လျှင်မဆုတ်မဆိုင်း လျှပ်တပြက်မိုး တထွက်မျှတင်း ရပ်ကြည့်ရှုပြီး လျှင်စစ်ဦး ကသာသည်လက်ဝဲကသာသည်ကြည့်ရှု၍ ဆုံ့ဆုံ့ရက်ရက်ဖျက်ဆီး နှိမ်နင်း ရမည်၊ ဗိုလ်မှူး တပ်မှူး မြင်း သေနတ်ဘတပ်ခင်း ကျင်း သည်မှာရန်သူယိုး ဒယား တို့ကိုမကြွင်း မကျန်အဝိတချောင်း ကိုဦး ပဲ့ထမ်း သကဲ့သို့ ငါတို့ဖွဲ့ချည်နိုင်မည်လည်း မှတ်ရမည်၊ မင်း တို့ကဲ့သို့ပင်လည်း ငါ့ကျေး ဇူး တော်ကိုခံသည်အမှုး အမတ်ကျွန် တော်မျိုး လည်း အမှု တော်ကိုသူမငပင်စိတ်ရှိ၍ရှိသော်လည်း မင်း တို့တစုကိုသာအင်း စာရင်း နှင့်ရှေး ဦး စွာချီရမည်ခန့်ထား တော်မူသည်၊ နောက်ထပ်ဘိသည်မှာဆန်စေ့စပါး စေ့ အများ ဘိတ်ကျသည်ကိုစာဝတီး အများ ကောက်၍စား စေမကျန်ကုန်သကဲ့သို့လည်း မှတ်၍ခန့်ထား တော်မူသည်၊ ပေါ့လျော့၍ ငါအရေး တော်လစ်ဟင်း ရလျှင်ခန့်ထား တော်မူသည်အမှုထမ်း တစုကိုရာဇဝတ် တော်အပြစ်အလျောက်စီရင်ရမည်။

(II March 1760)

(သက္ကရာဇ် ၁၁၂၁ ခုတပေါင်း လပြည့်ကျော် ၁၀ ရက်နေ့) ရွှေတောင်ကျော်ထင်တွင်ပေး ။

( လောင်း မိန့်၊ မှတ် ၆၆၊ စာ ၂၀၁ )

အမိန့်တော်ရှိသည်၊ မင်းကြီး နော်ရထာ၊မင်း ခေါင်နော်ရထာ၊နေမျိုး နော်ရထာ၊ရွှေ တောင် ကျော်ထင်ယူငယ် တော်၊ရွှေလှံဆွဲထုန်း တော်ဖြစ်၊သွေး သောက်ကြီး အမည်ရ၊မြင်း တော်သည်ဆင် တော်သည်၊သေနတ်လုလင် တော်၊သူရဲသူခက်ကျွန်တော်မျိုး အပေါင်း တို့အရေး တော်ရသည်ဟူ၍အသွား အလာအအိပ်အနေ ပေါ့ပေါ့လျော့လျော့အကွဲကွဲအပြား ပြား မသွား မလာစေနှင့်၊လက်နက် တော်ဘဏ္ဍာ တော်များ ကိုလည်း မကျန်မကြွင်း စေရ၊စေ့ငုစင်ကြယ် အောင်သိမ်း၊တဲနန်း တော်မှာမြေမိုး သန့်ရှင်း ရာ ရေမြက်အနီး အစဝ်ထွင်လွင်ပြင်ကျယ်ရာခင်း ကျင်း သာအောင် ဆောက်လုပ်ရမည်၊ အကွဲကွဲအပြား ပြား ၁၀၊ ၂၀၊ ၃၀၊ တောင် တောင်မြောက် မြောက်မရှိစေနှင့်၊မသွား မလာစေနှင့်၊စည်း ဝေး ဝေး သတိဂတိနှင့်နေရမည်၊ခန့်စေ တော်မူရာခရီး ကလည်း မလွန်စေနှင့်၊ငါ့အမိန့်တော်ကိုတစုတဝတည်း ခံစေပြီး မှသင့်ရာခန့်ထား တော်မူမည်၊ ရာဇဝတ်ရေး ပေါက်ပင်ကျေး သို့၊ တိမ်မှေး ပင့်ကူ၊ ကြက်ဥတုလျှင်ဟူ၍ကမ္ဘာစကား ဆိုရိုး ရှိသည်၊ထူ ခြွေသမ္ပတ္တိနှင့်တည်တည်ကြား ကြား ယတရာရ သောဆင်ကဲ့သို့ညီညီညွတ်ညွတ်တင့်တင့်တယ်တယ်စမ္ပါယ်လျက်သာ နေရမည်အကြောင်း ကိုအမိန့်တော်ရှိသည်။

II March (I760)

(သက္ကရာဇ်၁၁၂၁ခု) တပေါင်း လပြည့်ကျော် ၁၀ ရက်နေ့ဗညား
ဒလအာကာထင်တို့ထွင်ပေး ။

(လောင်း မိန့်၊ မှတ်ဖရ၊ စာ၂၀၄)

အမိန့်တော်ရှိသည်၊ မင်းလှရာဇာ၊ ရွှေတောင်လက်ယာပေါ်၊ ရွှေတောင်ကျော်
စွာထင်၊ ရွှေတောင်လက်ဝဲကျော်တို့နှင့် နေခက်ခန့်တော်မူသည့် နေမျိုး နော်ရ
ထာ၊ ကိမ်ကြား မင်းကြီး၊ သွေး သောက်ကြီး၊ အကွပ်အကြပ်၊ အမှုတော်ထမ်းတို့၊ မျိုး
ရိက္ခာထောက်နှင့် ရေမြေကြ်အဆစ်အပိုင်း ခရီးကိုမပြတ်မလပ် နေ့ဆက်သံတော်ဦး
တင်လာစေရမည်အမိန့်တော်ရှိသည့်အတိုင်း မရောက်ဆင်းဆို့အကြောင်း အရာ
ကိုလည်း မသိမကြား ရ၊ဖြပ်ဖိတွင်ရှိသည်မှ ရှိသည်ကိုလည်း အလျင်စေ၍ မရှိလျင်လည်း
မီးပွါး မီး သေး မထိစေရ၊ တပ်တောင်တာကိုမြို့ရွာနှင့် ဥပစာလွတ်ရာအခင်း
အကျင်း တော်သင့်သည်ဆီက ချရပ်နေထိုင်စေ၊ သည်မြို့က ရိက္ခာကိုပင် ရိက္ခာစာလက်
နက်ပြုရမည်၊ လမ်းတလျှောက်လုံး ပင်ကျေး ရွာတပြင်မီး ထင်း အသင့်အထိမျှား သည့်
မြို့ရွာကိုသိမ်း ပြီး လှျင်ရဲမက်တို့ကိုသွား လိုဝင်လိုသမျှ မဝင်မထွက်စေနှင့်၊ ရေမိုး
လွတ်ရာစပါး ကိုမည်သူတပ်မည်မျှ မည်သူတွင်မည်မျှအင်း စာရင်း နှင့် သေသေ
ချာချာမှတ်သား၍ တလုံး တဝတည်း စုပုံစေ၊ တဲတိုင်း တပ်တိုင်း ဝင်စုဉ်စုအစု
စုမထား စေနှင့်၊ စား ရုံရိက္ခာ ဆောင်ဘို့သာ ထောင်း ထုရမည်၊ အကွဲကွဲအ
ပြားပြား အစုစုထား လှျင်မရိုမသေ ပျောက်ပျက်လွင့်ပါး ရာသည်၊ ဝေး ရာ
ခရီး လမ်း မှား မှာကဲ့သို့ မဟုတ်ယခု မှာ စစ်ရေး ဆဲဆဲဖြစ်သည်၊ ရိက္ခာကိုသာအား
ထုတ်ရမည့်အကြောင်း ကိုအမိန့်တော်ရှိသည်။

I3 March I760

(သက္ကရာဇ်) ၁၁၂၁ ခုတပေါင်း လပြည့်ကျော် ၁၂ ရက်နေ့ ရွှေတောင်
သီရိကျော်ထင်တွင်ပေး ။

( လောင်း မိန့်၊ မှတ် ၆ဂ၊ စာ ၂၀၇ )

အမိန့်တော်ရှိသည်၊ မင်းလှရာဇာ၊သေနတ်၃၀၀မြင်း ၁၅၀နှင့်အမြန်အပြင်း သင်းတို့စစ်သည် ကျောလုံကပ်မိအောင်လိုက်ရမည်ခန့်ထား တော်မူသည်၊တိမ်ကြား မင်းကြီးတို့မှာနောက်ခြားနား၍ခန့်ထား တော်မူသည့်အတပ်အထောက်သာ ဖြစ်သည်၊ တိမ်ကြား မင်းကြီး ဆိုသူမှာပညာမိုက်အတွေး မိုက်အထင်ကြီး သူကန်း သဘင်ရှုချင်သကဲ့သို့အတွေး အတောအယူဝါဒကိုလိုက်နာ၍ဆင်ဘမ်း တောင်ရွာငယ် ကကိုဆင်အန်တွင်တစခန်း ၊ဆင်အန်ကသည်ဖြတ်ဘီအကြား ကိုလည်း ၅ညည့်၆ညည့် အိပ်၍သွား ဟန်ရှိသည်၊ ကြောင့်ကြ၍အိပ်လျှင် ကြောင့်ကြမက်သည်ဆိုရိုး ရှိသည်၊ တွေး တွေး ဆဆပြုတန်သည်အမှုအသက်ကိုစွန့်သည်ပီပီအရေး ကိုထောက်၍သင်း တို့ ပျက်ပြေး လေပြီး သည်ကိုဘဝါး ခြေထိပ်မရပ်မတည်ဝံ့အောင်လိုက်ရမည့်အရေး ကို ဆင်လုံး မြင်း လုံး သောင်း တပ်သိမ်း တပ်ကဲ့သို့တနေ့သွား ရန်ကို၃တိုင်၄တိုင်ကင်း ထောက်၍ကင်း ရောက်ပေါက်ရာတန်း ချင်း ထောက်၍ချီသွား သည့်အရေး ကို ထောက်၍ ငါကြောင့်ကြ တော်မူသည်၊ရပ်တင်း ကြလေဦး ၊ ငါရွှေစက်တော်ချတော် မူမှသွန်သင်ပြသ၍ချီစေရမည်၊ လကျ်ာမင်း ငယ်ကျော်စွာကိုလည်း ဖြပ်ဖီး တွင် လူရှိသည်မရှိသည်ကိုယခုတိုင်အတတ်မသိရ၍ စေတော်မူ သေး သည်၊ ရွှေတောင်သီ ရိကျော်ထင်နှင့်ပါသည့်မြင်း တစုနှင့်လူပျိုတော်တစုကိုလည်း လက်ယာမင်း ငယ် ကျော်စွာနှင့်လက်ဝဲလကျ်ာသွား ရမည်၊ ရွှေတောင်ကျော်စွာထင်၊ရွှေတောင် လကျ်ာပေါ်၊ရွှေတောင်လက်ဝဲကျော်တို့နှင့်မင်း လှရာဇာတို့မှုကား ငါ့ရွှေစက် တော်ရုံကိုဦး တိုက်ရဦး မည်။

2I March I760

(သက္ကရာဇ် ၁၁၂၁ ခု) တံခူး လဆန်း ၅ရက် နေ့လက်ယာမင်း ငယ် ကျော်စွာတွင်ပေး ။

(လောင်း မိန့်၊ မှတ် ၆၉၊ စါ၊၂၀၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူ၍ သော အရိန္ဒမာ လက်နက်စကြာ ရတနာဆင်
ဖြူသခင် သာသနာ့ဒါယကာ တော်ဖြစ် တော်မူ သော တိုင်း ကြီး ပြည်ကြီး ထီး ဆောင်း
မင်း အပေါင်း တို့ကိုအစိုး ရတော်မူ သော ဇမ္ဗူဒီပါကျွန်း ၌ မကျိုး မနွံ သော ပြည်
ထောင်ထီး ဆောင်း မင်း အပေါင်း တို့ကိုဘုန်း အာနုဘော် တော်ဖြင့်ညှည်း ပင်း
နှိပ်စက်တုန်လှုပ် ချောက်ချား စေလျက်အာဒိစ္စ ဝံသ နေမင်း ၏အဆက်အနွယ်ဖြစ်
တော်မူ သော ခပ်သိမ်း သော မြစ်အပေါင်း တို့သည်မဟာ သမုဒ္ဒရာကိုခယမ်း ခြင်း
ခပ်သိမ်း သော တောင်အပေါင်း တို့သည်မဟာ မေရုမြင်မိုရ်တောင်မင်း ရှိရာ
ခညွတ်သည်နှင့်အတူသုနာပရန်တမ္ဗဒီပကမွောစရာမည မဏိပူရသာ ရေခေတ္တရာ
စ သော တိုင်း ကြီး အပေါင်း တို့ဖြင့်ခြံရံအပ် သော မဟာ နဂရ၊ ရတနာသိင်္ဃကုန်း
ဘောင် ရွှေပြည်ကြီး ကိုအစိုး ရတော်မူ သော အလောင်း မင်း တရား ကြီး ဘုရား
အမိန့် တော်ရှိသည်၊ ဒွါရာဝတီမင်း မှစ၍မင်း ညီမင်း သား အမှူး အမတ်သ ဌေး
သူကြွယ်ဆင်း ရဲသား သတ္တဝါကျွန် တော်မျိုး အပေါင်း တို့၊ ဘဝအဆက်ဆက်ကဖြည့်အပ်
နှံသော သမ္ဘာရအဆောက်အဦး နှင့်ဘုရား ဆုကိုပန်ယူ တော်မူ သော အလောင်း
မင်း တရား ကြီး ဖြစ်မည်သိုက်တိတ် နိမိတ်ဗျာဒိတ် တော်စကား ဟောင်း ရှိသည်
နှင့်အညီမကျိုး မနွံ သော ပြည် ထောင်ရာစင်း ထီး ဆောင်း မင်း တို့ကိုနှိပ်နင်း
၍သာသနာ တော်အစီး အပွါး ပြည်သူလူရဟန်း တို့အစီး အပွါး ကို၅၂၈ပါး သော
မေတ္တာနှင့်သိမ်း ယူကယ်မပြုစု တော်မူသည်ဘုန်း ကြမ္မာလက္ခဏာ ရှင်မှန် ကြောင်း
ကိုလည်း သာဓိကသက် သေအခြား ပြ ဆောင်ရမည်မဟုတ်ပြီ၊ စစ်မက်ပြိုင်သမျှမင်း
ဗိုလ်ပါအပေါင်း တို့၏ဥကင်ထိပ်ထက်၌ရပ်လျက်ဥ ကွောင်း သွေး သား ကိုစား အံ့
သကဲ့သို့ပြည် ထောင်ရာစင်း မင်း ပြသူတို့၏အရှင် ကောင်း ကင်ပြင်ဝယ်မဖုံး မ
ကွယ်နိုင် သော နေလနက္ခတ်တာရာကဲ့သို့ထင်ရှား ရှိပြီ၊ ဇမ္ဗူဒီပါကျွန်း ၌ထီး နန်း
စိုး ပိုင်အုပ်ချုပ်နှင့်ကြရသည်မှာ ဓမ္မတာအစည်အတိုင်း ဖြစ်ကြရသည်။ဘုန်း ရှိ ရေဝံ
ပျှင်ဘုန်း မဲ့ ပျောက်သည်ကမ္ဘာ စကား ဆိုရိုး ရှိသည်။ဘုန်း လက်ရုံး အာနုဘော်နှင့်
အလောင်း အရာဖြစ်ကြသည်ကာလလည်း ယခုငါကဲ့သို့ပင်သိမ်း ရုံး ပျှင်တရာတစင်း
သော ထီး ဆောင်း မင်း တို့သည်ကျိုး နွံ၍စည်း စိမ်မပျက်အသက်မ သေ နေရာမ
နိမ့်ကာယစိတ္တသုခ ၂ပါး ကိုရကြကုန်သည်ငါသတင်း ကျေး ဇူး တော်ကိုကြား သိသည်

အတိုင်း ပညာဖြင့်နှလုံးသွင်း မိ၍ကျိုး နွံလျှင်လည်း ချမ်းသာရာရမည်ဘုန်း ကြမ္မာပျက်ပျက်အဖက်မဟုတ်သည်ကိုဂဠုန်ပျံလွှား နဂါး ကိုတီ နေကိုပိုး စုန်း မဋ္ဌရဋ္ဌဟသ်ာမင်း ကိုနွား ချေးတို့နိုင်း နိုင်သည်နှင့်အတူ ရဲရဲညီ သောသံ တွေ့ခဲ့ကိုသား တစ်ထင်၍ကဝိ ယောင် သော ဖြတ်ခြင်ယင်ရဲကဲ့သို့ ငါမရေ ဘံ ဆင်အခိုက်အတန့်မှု နေနှင့်ရသည်ကိုနွား ချေး ပေါ်ဥ္တတက် သော ဖါး ကဲ့သို့ကျင့်လျှင်အထွက်မဲ့ပျက်စီး ဆုံးရှုံး ခြင်း သို့ ရောက်မည်၊ အသေဝနာ စ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ ဟုသော မင်္ဂလာဂါထာတော်ကိုနှလုံး သွင်း ၍ ပညာမဲ့ကို ဖဲကြည်လျှက်ပညာရှိတို့နှင့်တိုင်ပင်မည်ပြည်သူသတ္တဝါအပေါင်း တို့နှင့်တကွကာယသုခ စိတ္တသုခနှင့်ချမ်းသာ ရောက်မည့်အကြောင်း ကို ၅၂၈ ပါး သော မေတ္တာနှင့်အမိန့်တော်ရှိသည်။

25 March I760

သက္ကရာဇ် ၁၁၂၁ ခုတန်ခူး လဆန်း ကိုး ရက်နေ့ဖြတ်ဖိပဥ္စင်း ငမွန်နှင့်သာမကောင်စံသူ ငဆုရည် ငတောင် ငစုကြီး ငစုံ ထောင်တို့လူရဟန်း ပေါင်းဂတွင်ပေး သည့်ရာဇသံအမိန့်တော်စက်ကူမင်ရေး ရှမ်းစာ မြန်မာစာကိုအိတ်ဖြူနှစ်ထပ်နှင့်သွတ်ကြတ်ကိုဂုံး စရိတ်အိတ်နီသွတ်။

( လောင်း မိန့်၊ မှတ် ၇၀၊ စာ ၂၁၂-၁၃ )

(25 March I760)

အမိန့်တော်ရှိသည်၊ အရပ်ရပ်ရှမ်း တလိုင်း ကွေ့ယိုး ဒယား ကျွန်တော်မျိုး တို့
ဖြတ်ဖီး မြို့တွင်ကျီ တော်နှင့် လှောင်ထား သည့်စပါး တော်ကိုယိုး ဒယား မြို့ကိုအလို
တော်ပြည့်မှ ရှမ်း တလိုင်း ကွေ့ယိုး ဒယား ကျွန်တော်မျိုး တို့ကိုဖျမ်း မျှ၍ စား
သောက်ရမည်ထား တော်မူသည်ငါရိက္ခာ တော်ကိုငါ၏စီး ပွါး တော်ကိုမထောက်
စား ယူ၍ ပျောက်ပျက်ရသည်၊ ငါ၏အမိန့်တော်ကိုမတည်၊ငါ၏ ရွှေနား တော်နောင်
ကြား တော်မူရလျှင်ဖြတ်ဖီမြို့မှစ၍အနီး အစပ် ကျေး ရွာပတ်လည် ယောကျ်ား မိန်း
မကြီး ငယ်ဖျက်စီး ခြင်း သို့ ရောက်မည်၊ ယိုး ဒယား ဒွါရာဝတီမြို့ကိုအလို တော်ပြည့်
မှသုံး ဆောင်စား သောက်ရမည်ငါအမိန့်တော်အတိုင်း နောက်စွန်း ရှား လျှင်
အရပ်ခေါင်း အကြီး တို့ညီညွတ်၍ ရှိနိုး သံ တော်ဦး တင်ပြီး မှ ငါအမိန့်တော်ကိုခံပြီး
၍သုံး ဆောင်စား သောက်ရမည်။

(25 March I760)

(သက္ကရာဇ် ၁၁၂၁ ခုတန်ခူး လဆန်း ၉ ရက်နေ့)

( လောင်း မိန့်၊ မှတ်ရာ၊ စါ ၂၁၅ )

သုနာပရန္တ တမ္ဗဒီပတိုင်းကြီး နှစ်တိုင်းတို့၏အချက်မင်း ဝံဆောင်ဦး၌မြစ်ကြီး ငါးစင်း ရှက်ဆုံလျက်တောင်ညိုငါးလုံး တို့ဖြင့်ပိတ်ဖုံး ခြံရံအပ် သောရတနာပူရ အင်းဝ ရွှေပြည်တော်ကြီးကိုအစိုး ရတော်မူသောဘုန်း တော်အလွန်ကြီးမြတ်တော် မူလှသောဘုရင်မင်း ခေါင်ကြီး အမိန့်ရှိတော်မူလိုက်သည်မှုဆိုး ဖိုဇိုလ်မျိုး တပ်မျိုး တို့၊ အဆက်ဆက်သောဘဝတို့၌ပြုဘူး သောကုသိုလ်ကံတော်သည်ပုံ့ပွား တောက်ထွန်း သည် ဖြစ်၍နတ်စည်း စိမ်နှင့်တူသောမင်း အဖြစ်သို့ရောက်တော်မူသည်ကိုဘုရား ပွင့် တော်မူသည်ကာလမာရ်နတ်အန္တရာယ်ပြုသကဲ့သို့ဗဟုသုတအကြား အမြင်မရှိသုတပညာ အရာတို့၌မျက်စိမဲ့သောသူကဲ့သို့ဖြစ်လတံ့သောအန္တရာယ်တို့ကိုမမြော်မထောက်ငါ့မြို့ရင်း တွင်တပ်ဝန်း ဝက်ချုံစိုက်ထား တည်လုပ်၍မင်း တို့တစုနေသည်အရာသည်အကျိုး အပြစ် နှစ်ပါး ကိုသိမြင်၍နေသည်မဟုတ်၊ ရောက်လတ္တံ့သောအန္တရာယ်ကိုမမြော်မထောက် မသိမမြင်နေသည်လည်း တကြောင်း ၊ ခပ်သိမ်း သောလူအပေါင်း တို့ဥပါဒ်အန္တရာယ် ရောက်မည်ကာလအကျိုး အပြစ်နှစ်ပါး ကိုပြသပြောဆို၍ချမ်း သာစေခြင်း ငှါလည်း ယောက်ျား ကောင်း တို့၏တံထွာခမ္မတာဖြစ်၍မင်း တို့၏အန္တရာယ်ကြီး စွာဖြစ်လိမ့်မည် အကြောင်း ကိုသိမြင်တော်မူသည်နှင့်အညီမင်း တို့တစုသတိရစေလို၍အမိန့်ရှိလိုက်သည်၊ အမိန့်တော်ကိုမနာမယူအမြင်နည်း စွာပညာမထွန်း လူဟိုက်ကျွန်ကိုနိဗ္ဗာန်တရား ဟောပါလျက်လည်း နာမနာ၏၊ ဘုတ်နှင့်ကျီး ငအိမ်ထက်ကိုမင်း တို့တစုယခုဝန်း ရံ စောင့်နေသည်သာမကသံတိုင်သံပျား ပင်ချိကပ်၍ဖုံး အုပ်သော်လည်း အ(ဘ)ယ ပူရဘေး မဲ့ရာအရပ်ဖြစ်၍များ စွာသောအရပ်စစ်သည်နှင့်တကွအသူရာနတ်တို့ ကြီး စား အား ထုတ်လုပ်ကြသော်လည်း ပျက်စီး ချင်း သို့မရောက် လေသကဲ့သို့ရှိအပ် သောအကြောင်း ထူး ကိုပညာမျက်စိသိမြင်နိုင်သောရသေ့သူမြတ်တို့ထား သည်သိုက် ဟောင်း ကျမ်း ဂန်ကိုမင်း တို့တစုမသိမမြင်သည်ဖြစ်၍သေအံ့သောအသက်အန္တရာယ် ကိုမထောက်မကြောက်ဝန်း ရံစောင့်နေသည်သာဖြစ်သည်၊ ရသေ့သူတော်မြတ်တို့ ထား သည့်သိုက်ဟောင်း တွင်(ဆင်ကား စွယ်ပြဲ၊ တစီး ထဲနှင့်၊ အရဲတိုး လာ၊ မင်း အင်္ဂါသည်မှာ၏သို့၊ ဆင်ပြောင်ကြီး သည်၊ အမြီး ဘယ်ညာ၊ လှုပ်လိမ့်မည်၊ ဆင်ပြောင် လည်း လှုပ်၊ ချသော့ဆုပ်၊ တရုပ်တိုင်အောင်နိုင်လတ္တံ့၊ ရခိုင်တိုင်အောင်ပိုင်လတ္တံ့၊ မြောက်ဘက်ဗိုလ်များ ၊ မတရား ၊ ဗိုလ်များ ခိုသို့၊ ပျိုလတ္တံ့၊ မယား ဆွေမျိုး ၊

မျက်ရည်ဖြိုး ၊ ညှိုး ၍ကျကျ၊ ငိုလတ္တံ့) ၊ ဟူ၍သိုက် ဟောင်း ရှိသည်ကိုအလွှံ ပြောင်ပြောင် တောက်လောင် သော သံတွေခဲ ရဲရဲကိုတပ်မက် မောခြင်း နှင့်နား ဝင်မည် စောင့် နေသည်မှက်ယင်သဘွယ်ဖြစ်၍ကြီး စွာ သော ပျက်စီး ခြင်း သို့ ရောက်လတ္တံ့ သော အကြောင်း ကိုဝါသနား တော်မူသည်၊ ဂရုဏာ တော်စိတ်နှင့်အညီသတိရ စေလို၍အမိန့် တော်ရှိလိုက်သည်။

12 September 1760

၁၁၂၂ ခုသတင်း ကျွတ်လဆန်း ၃ ရက် ၆ နေ့တွင်အင်း ဝမြို့တွင်း မှမင်း ခေါင် နော်ရထာ ကအင်း ဝကိုရံလိုသည့်ဘုရား လှတပ် တော်သို့ ပေး သည့်စာ။

( သိန်း သန်း ထွန်း ခင်ညွန့်စါစု )

သာရကပ်မဇ္ဈကပ်ဝရကပ် သာရမဇ္ဈ ကပ်တည်း ဟူသောကမ္ဘာအပေါင်း တို့သည်
ချုံရုံအပ် သောဘဒ္ဒကပ်ကမ္ဘာသည်တင့်တယ်သကဲ့သို့ကိုး သောင်း သောဟံသာအပေါင်း
တို့သည်ချုံရုံအပ်သော ဂတရဋ္ဌ ဟံသာမင်း သည်တင့်တယ်သကဲ့သို့ယုဂန္ဓရစသော
တောင်ခုနစ်လုံး တို့ဖြင့်ခြံရုံအပ်သောမြင်း မိုရ်တောင်မင်း သည်တင့်တယ်သကဲ့သို့
နက္ခတ်တာရာကြယ်အပေါင်း တို့ဖြင့်ချုံရုံအပ်သောလမင်း သည်တင့်တယ်သကဲ့သို့ခပ်သိမ်း
သောတိုင်း ကြီး ပြည်ကြီး ထီး ဆောင်း မင်း အပေါင်း တို့၏ပြတ်ဝပ်ကြိုး နှံ့ကျွန်တော်
ခံ၍ခြံရံစံပါယ်လျက်ရန်သူအပေါင်း တို့ဦး ညွှတ်ရာမဟာနဂရအယုဇ္ဈပူရအမည်ရှိသော
ကုန်း ဘောင်ရွှေပြည်ကြီး ကိုအစိုး ရတော်မူသော ရွှေတွင်း ငွေတွင်း ပယင်း ထွင်း
ပတ္တမြား ထွင်း တည်း ဟူသောခပ်သိမ်း သောရတနာတွင်း အပေါင်း တို့ကိုအစိုး ရ
တော်မူသောဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအရှင်ဘဝရှင်မင်း တရား
ကြီး ဘုရား ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကိုရတနာသိင်္ဂီ ခွက်မြတ်၌ ကေသရာ
ဇာခြသေ့မင်း နို့ရည်သည်အမြဲတည်သကဲ့သို့ ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကို စောင့်
သိမ်း ရှိသောစ္စာအမြဲတည်လျက်ဘုရား ရွှေစက် တော်စုံမြတ်ကိုဦး ထိပ်ထက်ဆင်ရွက်၍
ကျေး ဇူး သစ္စာ တော်မြတ်နှစ်ပါး ကိုမစောင့်၊ ပြည်ဆူး ပြည်ညှောင့်ပြည် လှေး ပြည်
မှား အစရှိသောရန်သူ တော်အဂတိ လေး ပါး သို့မလိုက်ယမမင်း ၏သဘောကဲ့သို့ဦး
လည်အညွှန့်ကိုနှိပ်နင်း ချိုး ဖဲ့ဖျက်ဆီး ဖြတ်တောက်တတ် သောအလေ့၌ဝိဇ္ဇာမိုးရိပ်ပုဏ္ဏက
နတ် ယောက်ျား ကဲ့သို့တသိန်း သောဗိုလ်ခြေတ သောင်း သောတပ်မှူး တရာ သော
ဗိုလ်မှူး တို့ကိုစိုး အုပ်စီရင် သောအဂ္ဂမဟာ သေနာပတိဗိုလ်မင်း ဘုရား ကြွား
ရောက်သည်မင်း ခေါင်နော်ရထာ၊မဟာသမုဒ္ဒရာသို့မရောက်ဘူး သောငခုံး
မငါး ငယ်သည်မိမိနေသောကျွဲခြေရာ၌ရေကိုများ နိုး ထင်မှတ်သကဲ့သို့အသက်ကို
အပြန်ပြန်ဆက်၍ဆပ်သော်လည်း မပိုင်နိုင်ရာသောဘုရား ကျေး ဇူး သစ္စာ တော်
မြတ်နှစ်ပါး ကိုအစောင့်သိကြွား မင်း ဝယ်မပြတ်စွဲစမှတ်ဖြစ်၍မတရား သောသူ
တို့၏ဥခေါင်း ကိုခွဲ လေ့ရှိသောဝရဇိန်ကိုထိပ်၌ရွက်နေရသကဲ့သို့ ကျေး ဇူး သစ္စာ တော်
မြတ်နှစ်ပါး ကိုမစောင့်မြေခွေး သိန္ဓော မာလောပေသီး ဖွတ်မီး သံခြေး ကဲ့
သို့ကျင့်ကြံမည်နိုင်ငံ တော်ဖြစ်သောအင်း ဝမြို့ကြီး ကိုခိုဝင်၍ သောင်း ကျန်း ဂိုင်း ပြု
ထောင်ထား သည်မှာမဟာသမတမင်း လက်ထက်မှစ၍ယခုမင်း ခေါင်နော်ရထါ

တိုင်အောင်သောင်းကျန်းရိုင်းပြထောင်ထားသမျှလူလျှမ်းလူသွမ်းအပေါင်းတို့
သည်ချမ်းသာမရဒုက္ခသာဖြစ်ကြောင်းကိုအစောင်စောင်သောရာဇဝင်တို့၌
ထင်ရှားရှာဆိုသည်အချက်ကိုစိုးစည်း တွေ့မြင်သော်လည်းသတ္တဝါတို့ပျက်စီးချင်း
သို့ရောက်လိုလျှင်တခုခုသောအမှုအရာဖေါက်ပြန်ခြင်းသဘောမမှတာဖြစ်သည်
အတိုင်းကုသိုလ်ကိုကုန်၍အကုသိုလ်ကံထွန်းပလှသည်သာဖြစ်သည်၊ အသင့်တရားကိုနှ
လုံးသွင်းဟူ၍မိသည်မှန်လျှင်ရှေ့မှုကိုပြစ်၍နောက်မှုကိုကျင့်ပါမည်ဘုရားဟုရွှေ
စက်တော်မြတ်အောက်သို့ဝင်လိုလျှင်ဘုရားပစ္စေကဗုဒ္ဓါအရိယာသူတော်ကောင်း
တို့ထံပန်တော်မူခဲ့သောဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောအသျှင်ဘဝရှင်
မင်းတရားကြီးဘုရားသည်အဆက်ဆက်သောဘဝတို့၌သမ္ဘာရင့်ပြီးဖြစ်၍ခပ်
သိမ်းသောသူရင်တော်၌ဖြစ်သောသားတော်ကဲ့သို့သနားတော်မူသည်နှင့်အညီ
ချမ်းသာရောက်မြဲအမှန်ဖြစ်သည်ကိုအသင့်နှလုံးမသွင်းပဲ(ဘူး)လေးရာထွင်ဖ
ဂုံထပ်ဆင့်ဆိုခဲ့သောစကားဟောင်းကဲ့သို့အသျှင်ဘဝရှင်မင်းတရားကြီးဘုရား
ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကိုသာစေါင့်သည်မဟုတ်၊ ဘုရားအစရှိသောရ
သေ့မြတ်တို့ထားသည့်သိုက်ဟောင်းမဟုတ်မမှန်သည်ကိုသိုက်ဟောင်းအမှန်ပြုလုပ်တင်
စား၍အင်းဝမြို့တော်တွင်းသို့ခိုဝင်နေနှင့်သည့်ကျွန်တော်မျိုးဆင်းရဲသားတို့
ဟုတ်နိုးထင်မှတ်၍အယူမှားလေလျှင်ကြီးစွာသောပျက်စီးခြင်းသို့ရောက်ရာ
ရောက်ကြောင်းဖြစ်လေအောင်တယောက်ချမ်းသာကိုယ့်ဘို့ရှာ၍သတ္တဝါပေါင်း
ဆင်းရဲကြောင်းဆိုသည့်စကားဟောင်းကဲ့သို့သိုက်ဟောင်းမဟုတ်မမှန်ကိုသိုက်
ဟောင်းဖြစ်သည်ဟုပြုလုပ်ပြောပြသောအရာသည်ကမ္ဘာအဆက်ဆက်ပင်ကျေသော်
လည်းအကုသိုလ်ဆင်းရဲမကျေရာသည်ဖြစ်သည်၊ အတိတ်ပစ္စုပ္ပန်အနာဂတ်ကာလသုံး
ပါးတို့ကိုမြင်သိနိုင်သောဂဝံပတေ့ရသေ့သူမြတ်တို့ထား၏ သောသာမ၊ ယဇု၊ ဣရုယုဟူ
သောဗေဒင်သုံးပုံ၌နှောင်အနာဂါတ်ဖြစ်လတ္တံ့သောအကြောင်းကိုသိရစ်စီမံ့သော
ဌါပထဝီအာပေါတေဇောဝါယောဟူသောမဟာဘုတ်လေးပါးကိုရှစ်ဆယ်သောနည်း
ဖြင့်အသီး(အသီး)ကျမ်းဖွဲ့ပြုထားတော်မူခဲ့သည့်သိုက်ဟောင်းတွင်အမှန်ဆိုခဲ့သည်
ကား(ဆင်ကားစွယ်ပြဲ၊ တစီးထဲနှင့်၊ အရဲတိုးလာ၊ ကျွန်အင်္ဂါသည်၊ လကျာတောင်
ကဝင်လတ္တံ့၊ ပျိုးနှစ်ပါးသား၊ စကားအမှန်၊ အင်္ဂါကျွန်သည်၊ တံခွန်ခဏ၊ စိုက်

14 September 1760

လတ္တံ့၊ တံခွန်စိုက်ခါ၊ ကျွန်အင်္ဂါသည်၊ မကြာခဏ၊ ပြေးလတ္တံ့၊ အမြောက်သေနတ်၊
အထပ်ထပ်သည်၊ ပြစ်ခပ်နေ့ည၊ ထုလတ္တံ့၊ အလွယ်ပုန်းအောင်း၊ လူအပေါင်း၊
တွင်းအောင်းကြွက်သို့၊ ပြုလတ္တံ့၊ တွင်းသို့ရောက်ချင်၊ ဖြေးအောင်ဝင်သည်၊
ပန်းပင်ဟိုက်၍၊ ရှုလတ္တံ့၊ ပြစ်ခတ်ထိရှ၊ လူထိုမျှသည်၊ မြေကျအရိုး၊ ဖြုလတ္တံ့၊ မှက်
ယင်သောင်းသောင်း၊ နံ့မကောင်း၊ နှာခေါင်းမဆန့်၊ ကျုလတ္တံ့၊ မသေခင်
က၊ ကျောက်ခဲကျသည်၊ ထိပ်စပေါက်၍၊ စူလတ္တံ့၊ ငပိမမြင်၊ ဆားမမြင်သည်၊ တောင်
ထွင်အကယ်၊ ချုလတ္တံ့၊ ဥစ္စာမနေ၊ ရှိသမျှကို၊ လက်ရစစ်၍၊ ယူလတ္တံ့၊ လက်ရစစ်ခါ၊ လွန်
ကြင်နာသည်၊ အိမ်မှာခွေးသို့၊ အူလတ္တံ့၊ အင်္ဂါဝင်က၊ မြို့အင်းဝ။ ထင်းစမီးနှယ်၊
ပူလတ္တံ့) ဟူ၍သိုက်ဟောင်းရှိသည်ကိုအမှီကောင်း၍အပေါင်းသင့်သည်ခိုက်ခေတ္တ
စည်းစိမ်ရှိသည်ကိုကိုယ်စိုးကိုယ်ပိုင်ဖြစ်သည့်အခြွေအရံစည်းစိမ်အင်ခွင်ခဲ့သို့ထင်၊
မှတ်၍ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကိုမစောင့်သောင်းကျန်းရိုင်းပြထောင်
လွှားသော်လည်းနှိုင်းနှုန်းရာမရှိသောဘုရားရှေ့ဘုန်းတော်မြတ်ကြောင့်
သံခဲနှင့်စိန်ညို မြင်းမိုရ်နှင့်မြေ နေနှင့်မီးပွင့် လနှင့်ပိုးစုန်းပမာနှုန်း
ဆိုသကဲ့သို့တကြောင်းခြင်္သေ့မင်းကိုယုန်၊ ဂဠုန်မင်းကိုပျံလွှား၊ နဂါးမင်းကိုတီ
ဘက်ပြိုင်နိုင်အံ့သကဲ့သို့၊ မောဟအဝိဇ္ဇာစိတ်ဖုံးလွှမ်းထင်မှတ်လေငြားသော်လည်း
တောင်ကိုတလိမ့်မြူနှင့်လိမ့်၍အိန့်သည်ထင်ရောင်စိန်ရွှေတောင်ကို ပျိုအောင်
ဖယောင်းတရှင်းပြောင်းနှင့်တူးရှောင်းသော်တွေ့မြေကုန်အောင်မျိုဝှမ်း
နှင့်တို့လည်းစွန်းညို့မထင်ဆိုသည့်စကားဟောင်းကဲ့သို့ထောင်လွှားပြုနှင့်သမျှ
(ဘေးဒုက္ခသိကျရောက်မည်၊ ဘဝရှင်မင်းတရားကြီး၏) သတ္တိဂုဏ်သည်နေလာ
လျှင်နှင်းကြောက်သည်၊ ရေလာလျှင်ဆားပျောက်သည်ဆိုသည်စကားဟောင်းကဲ့
သို့အတိုင်းမရှည်မကြာရချေ၊ ပျက်ပြုးဆုံးရှုံးခြင်းသို့ရောက်မည်အကြောင်းကို
ကြားရောက်လိုက်သည်မင်းခေါင်နော်ရထာ။

14 September 1760

သက္ကရာဇ်၁၁၂၂ခုသတင်းကျွတ်လဆန်း၅ရက်နေ့၊ ဘုရားလှတပ်
တော်ကမင်းခေါင်နော်ရထာထံသို့ပြန်ပေးသည့်စာ။
(သိန်းသန်းထွန်း ခင်ညွန့်စာစု)

အမိန့်တော်ရ ရှေ့နေ ခန့်တော်မူသသူကိုး ယောက်မှာ ခန့်တော်မူသည့်အတိုင်း လွှတ်တော်ရုံး တော်(မှာ)အစီရင်ခံခွင့်လဲဆိုရန်ရှိသော ကြောင့်အမှုသည်တို့က ခေါ်လျှင်အမှုသည်တဖက်မျက်နှာကြီး သသူဖြစ်သည်၊ အမှုသည်တဖက်မျက်နှာငယ်သ သူဖြစ်သည်၊ တံစိုး ပဏ္ဏာကာရအများ ပေး နိုင်သသူဖြစ်သည် စိတ်ကမစွဲမယူမရည် မထောက်ဂတိလေး ပါး တံစိုး သုံး ပါး ကင်း လွတ် အောင်ဟုတ်မှန်သည့်အတိုင်း လဲဆို ရမည်ဖြစ်သည်ကိုမျက်နှာကြီး ငယ်ရွယ် ထောက် ကြောင်း ကိုရှေ့နား တော်မြွတ်ကြား တော်မူသည်၊ နောင်သည်ကဲ့သို့ကြား တော်မမူရစေနှင့်၊ မျက်နှာကြီး ငယ်မရွယ် မထောက်ဂတိလေး ပါး တံစိုး သုံး ပါး ကင်း လွတ် အောင်တရား ဓမ္မသတ်ထုံး စံနှင့် အညီဟုတ်(မှန်) တော်တည့်ဖြောင့်မတ်စွာလဲဆိုပါမည်၊ မလဲမဆိုလစ်ဟင်း ယွင်း ယို လျှင်ကျမ်း တော်တွင်ပါသည့်အတိုင်း စူး ရောက်ပါစေသောအမိဋ္ဌာန်ပနက်စေ၍ အဖိန့်တော်ရ ရှေ့နေကိုး ယောက်ကိုကျမ်း စွဲကိုင်စေ၊ အမိန့်တော်ရ ရှေ့နေတို့ကို ကျမ်း တိုက်ရာရှေ့ရုံး သို့ဝန်ထောက်ာ၊ စာရေး ကြီး ာတို့ထွက်၍ကြည့်ရှုစေ။

29 April 1769

သက္ကရာဇ် ၁၁၃၁ ခုကဆုန်လပြည့်ကျော် ၁၀ ရက် ၀ နေ့နား ခံတော် စမြောင်မျိုး ပြန်

(တင်၊ အုပ်ချုပ်ပုံ၊ ၅၊ နောက်ဆက်တွဲ)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ဘုရား မယ်တော်အမိန့် တော်ရှိသည်။
ခင်ဦး ဗိုလ်လက်ယာ ဗလ ကျော်ထင်၊ ငါ့ကျွန် တော်မျိုး ဗလ ကျော်၊ ဒိပ္ပစက် ရေခင်၊ ဥဒိန်၊ ငမှတ်၊ ငကြာ တို့ကိုအမိန့် တော်မြတ်နှင့် ငါ့သား သတိုး သီဟ ကျော်ကိုငါ့ ကျေးဇူး ရှင်လက်ထက် တော်က အပ် ပေး သနား တော်မူသည့်ကျွန် တော်မျိုး သီဟ တော မြေ နေ ငပန်း နှင့်လူ ပေါင်း ၁၀ ကျော်၊ ရေမျက်မြင်း မြေ နေ ငမြတ်ရင်နှင့်လူ ပေါင်း ၁၀ ကျော်၊ မကျည်း တုံမြင်း မြေ နေ ငညိုနှင့်လူ ပေါင်း ၁၀ ကျော်၊ သ ပြေအိုက် ၄ မြေ နေ င ကောင်း ကြီး ၊ ငကြာ တို့နှင့်လူ ပေါင်း ၁၀ ကျော်၊ ကျွန် တော်မျိုး မှတ် စာ ဝင်ဖြစ်၍ ငါ့သား သတိုး သီဟ ကျော် မရှိလျှင် ငါကသိမ်း တော်မူ၍ သ ပြေအိုက် ၄ မြေ တွင်သီး သန့်ကွဲပြား နေထိုင် စေသည်ကိုအမိန့် တော်မတည်ရ၊ ခင်ဦး ဗိုလ်လက်ယာ ဗလ ကျော်ထင်ကလူတကိုယ်လျှင် ငွေ ဒ ၂ စိ ပေး ရမည်ချ ခေါ် ချုပ် တောင်း ကြောင်း နှင့် ငါ့ကျွန် ဗလ ကျော်တို့က ငါ့ကို ၎ှ ဆိုးသ်ော်ဦးတင်ပြန်သည်အတိုင်း ချ ခေါ် ချုပ် တောင်း သည်မှန်လျှင်လက်ယာဗလ ကျော်ထင်ကမ တောင်းမခံ ငွေ့၊ မှတ်စာ ဝင်လူ ပေါင်း ၅၀ ကျော်သည် ယခု မှထမ်း သည်ငါ့ကျွန် မဟုတ်၊ ငါ့ ကျေးဇူး ရှင်လက်ထက်က ငါ့သား သတိုး သီဟ ကျော်ကို ပေး အပ်သနား တော်မူသည့် ကျွန်ဖြစ်၍ ငါကထပ် မံသိမ်း တော်မူ ကြောင်းကို အ မြေ ခက်ဝန်တို့ကို ငါကအမိန့်ပြန်၍ ရှိ လေပြီး သည်၊ ငါ့အမိန့် တော်မြတ်ရင်း နှင့်အညီ ညီမ်ဝပ်စွာ လုပ်စား နေထိုင်၍ ငါ့အမှုကိုထမ်း စေ။

28 April 1770

သက္ကရာဇ် ၁၁၃၂ ခုကဆုန်လဆန်း ၄ ရက် နေ့ သံတော်ဆင့် မှတ်။

( ရှေး ဟောင်း သု တေသန )

4 September 1773

တောင်ဆွဲလွဲအသည်မှ ၁တဲပုအသည်ကဲ့သို့လုပ်ရိုး ပြင်ရိုး ထုံး စံရှိပါကြောင်း ဘုရား။
မက်မှန် ပါကယ်အသည်မှါ ဟော်ဆောံ၊ ဝင်း ပြင်၊ မဲ း စီစစ်ပြင်၍ တနှစ်လျှင်
ဝါချိန်၃၀၊ ချိပ်ဝင်၊ ဆီ၊ နံနှင်း ၊ ထိုး ဘွယ်ငွေချိန်အိ၊ ဖျင်တခုန်ဆက်ရိုး ပြင်
ကြေး စား အိမ်ဆောံရိုး ထုံး စံရှိပါကြောင်း ဘုရား ။

4 September 1773

သက္ကရာဇ်၁၁၃၅ခု တော်သလင်း လပြည့်ကျော်၄ရက်(၀)နေ့လွယ်မယ်၊ အောင်ပန်း ကျေး ရွာ ရေမြေအတွင်း လုပ်ခင်း ဆောင်တာမှံသမျှအခွန်ကို ရှေး ထုံး စံရှိသည့်အတိုင်း ဆက်သွင်း ခံယူသည့်စါရင်း ဘုရား ။

| | တောင်း | သင်ဖျာ | ချင်းမိန့် | ချိန်ရွက် | အဝီပြဲသား | ကျိန်ကွယ် | နောက်ကွယ် |
|---|---|---|---|---|---|---|---|
| ကိုလွင်သူကြီး ချိန်တိး မျှား ငယ်ဖျုံရိုး ၂ | | | | ၁၄ | | | ၁၈ |
| အောင်ပန်း သူကြီး ချိန် | | | | ၁၄၃ံ | | | ၁၅ |
| လွယ်မေ သူကြီး ချိန် | | | | ၁၆ | | | ၁၆ |
| ငှင်း သူကြီး ပုံလံ | | | | ၂ံ | ၁၈ | ၇ | |
| အင်း ဝင်း သူကြီး ချိန် | | | | | ၁၀ | | ၉ |
| ငှင်း သူကြီး ကချိန်ဝက်ဘိုး ဝန်ထမ်း | | ၁ | ၂၅၈ | | | | ၁၃ |
| ကျော်တလုံး သူကြီး ချိန် | | | | | ၁၅ | | ၁၀ |
| ငှင်း ကချိန်ဝက်ဘိုး ဝန်ထမ်း ခ | | | | | | | ၆ |
| ငပါဆုချိန် | | | | ၃. | | | ၂ံ |
| ငထွန်း ပုံချိန် | | | | ၃ံ ၁/ | | | ၃ံ ၁/ |
| င ကော်ပျချိန် | | | | | | ၁ | ၃ံ |
| မြင်း မတိသူကြီး ချိန် | | | | | ၂၀ | | ၂၈ |
| ငှင်း ငထွန်း ပြည်ချိန် | | | | | ၆ | | ၈ ၁/ |
| ငှင်း ချောင်း ကြီး ချိန် | | | | ၆ | | | ၅ |
| ငပါမှုတင်ချိန် | | | | ၈ [illegible] | | | [illegible] |
| ငဘုံချိန် | | ၁ | ၂၅၈ | ၈ [illegible] | | | |
| တမုံကြီး ချိန် | | | | ၃၈ | | | |
| သီတော်သူကြီး ချိန် | | | | ၈၂ | | | |

၉၆၂၂၂

4 September 1773

| | ကောင်း | သင်ဖျာ | ကျင်းမိစ် | ချိန်ချက် | ဆီပိသာ | ချိန်တွယ် | ရော်ဘွယ် |
|---|---|---|---|---|---|---|---|
| ပန်း ဖြူချိန် | | | | ၉၆၂၂ မူးခွဲ | ၄၇ | ၇ ၂ | |
| လမိုင်း သူကြီး ချိန် | | | | | ၁၇ | ၆ | ၇ |
| ငင်း သူကြီး ချိန်ဝန်ထမ်း ၁ | | ၁ | ၂၅၀ | | | | ၁၂ |
| ငုံး သုံသူကြီး ချိန် | | | | ၇၂ | | | ၇ |
| ငထွက် ကျောင်း ချိန် | | | | ၃ မူး | | | ၃ |
| ငနေစံချိန် | | | | ၁ | | | |
| ပန်လွန်သူကြီး ချိန် | | | | | ၇ | | ၃ |
| ငချစ်လှချိန် | | | | မူးခွဲ | | | |
| ငသာဖြူချိန် | | | | မူးခွဲ | | | |
| ငါး ကိုငပုံချိန် | | | | ၁၃ | | | |
| တောင်ထိုငဖြူချိန် | | | | ၃ | | | |
| ငပါကေ၁ာ်လှချိန် | | | | မူးခွဲ | | | မူးခွဲ |
| ငသာထွန်း ချိန် | | | | ၁ ခွဲ | | | |
| မြေနီကုံး ရွှေထွန်း ချိန် | | | | မူးခွဲ | | | မူးခွဲ |
| ကလေသဦး လှချိန်ငုံး ကိုင်း ၁၂၀ | | | | ၃ | | | |
| တောင်ထိုပိတ်ချိန် | | | | မူး | | | မူး |
| တောင်နင်း တိန်ချိန် | ၁ | ၁ | ၂၅၀ | | | ၂ ၀ | |
| မြောက်နင်း တိန်ချိန် | ၁ | ၁ | ၂၅၀ | | | | |
| ပေါင်း | | | | ၂၀ ၀၂ ၂မူးခွဲ | ၇၃ | ၁၃၂ | |

လွယ်မယ် အောင်ပန်း လယ်ခွန်မှာ၊ အရှင်ဆက်ရိုး ၊ နောက်လိုက်မှာ သွား သူကျွန်တော်မျိုး တို့စား ရိုး တုံး စံရှိပါကြောင်း ဘုရား ။

မက်မွန် ပါကယ်ရွာကိုမိုး နဲ့စော်ဘွား အမတ်တို့နှင့်လုဆိုကြသည်ပဌမ ရေငုတ်ဖြတ်စာဘုရား ။

ငရ်စော်စား အမတ်၊ မက်မွန်ရွာ မြေတိုင်သူကြီး ဟောင်း ပွဲတို့ နှင့်မိုး နဲ့စော်ဘွား တို့နောင်လက် နောင်လင်တပြင် ကျေး ရွာ ရေ မြေ ကြောင့် အစီရင်ခံကြသည့်စကား မှာ၊ ရဝ်စော်စား အမတ်၊ မက်မွန်ပါကယ်ရွာ မြေဘိုင်

သူကြီး ဟောင်း ပွဲတို့က နောင်လက် နောင်လင်တပြင် ကျေး ရွာသည်၊ ရေဝံ စေဝံ အစီစည်စီရင်နက်မက်မွန်ရွာနယ်တွင် မြေ ရေဖြစ်၍ဟံသာဝတီပါမင်း ဘိုး တော် ခမည်း ဟော်လက်ထက်အစည်စီရင်ရပါသည်။ ယင်း ကရင်တို့မငြိမ်မသက်တိုက်ဖျက် ၍ ကျေး ရွာပျက်စီး သည်ကါလ၊ အနိုက်အတန့်သာလွတ်လပ်ရပါသည်၊ ဘုရား ခမည်း တော်ဘုရား ရွှေလက်ထက် တော်တွင်ယင်း ကရင်တို့ကိုဆီး ကာ၍မြို့ရွာဖြစ်လျှင်အ စည်စီရင်နက်မက်မွန်အဝင်အပါကျေး ရွာ ရေ မြေမှန် သော ကြောင့်လက်ရှိလက် မကွာစီရင်ရပါသည်ကိုဘုရား နောင် တော်ဘုရား ရွှေလက်ထက် တော်တွင်မှမိုး နဲ စော်ဘွား အမတ်တို့က မိုး နဲမြို့နယ် မြေအဝင်အပါကျေး ရွာမဟုတ်ပါသည်ကိုအား ကြီး အား မျှား လုယူစီရင်၍ခံနေရခဲ့သည်၊ ရေဝံ စေဝံစီရင်စုမက်မွန်ပါကယ် ရွာနယ်အရှေ့ကိုပြွန်ချောင်း ၊ အရှေ့မြေဝံကို တောင်ပို့၂လုံး ၊ မြေဝံနန့်၄ယ် ချောင်း ။ နောင်လက်နောင်လင်တပြင် ကျေး ရွာလည်း ယခုသတ်ဆိုသည် မက် မွန်ပါကယ်နယ် မြေအတွင်း မှံပါသည်၊ မိုး နဲ စော်ဘွား တို့ဆိုသည်ပထုန်း ငါး ရွာ လည်း ယခုသတ်ဆိုသည် နယ် မြေပြင်အသီး အခြား ဖြစ်ပါသည် အစီရင်ခံသည်။

မိုး နဲ စော်ဘွား တို့ကလည်း နောင်လက်တပြင် ကျေး ရွာသည်၊ ရေဝံ စေဝံစီရင်စုမက်မွန်ရွာနယ် မြေအဝင်အပါကျေး ရွာ မြေ ရေမဟုတ်၊ မိုး နဲမြို့ အစည်စီရင်နက်နယ် မြေအဝင်အပါဖြစ်၍ဟံသာဝတီပါမင်း ဘိုး တော်ခမည်း တော် လက်ထက်ကသည်ယခုတိုင်လက်ရှိလက်မကွာစီရင်ရပါသည်။

( တောင်ကြီး ယဉ် ကျေး မှုပြတိုက် )

ဆင်ဖြူရှင်မင်း တရား အမိန့်တော်ဖြင့် ဧရာဝတီမြစ်ကြောင်း တွင် တိုင် တာ တော်တိုး ဖွဲ့ရှိသည့်ကွမ်း ထောက်မြို့ရွာစဉ်။

| | မြို့ရွာအမည် | တိုင် | တာ |
|---|---|---|---|
| ၁ | ဒဂုံမြို့မှ | | |
| ၂ | ပန်းလှိုင်သို့ | ၈ | |
| ၃ | ရန်ကင်း စံရွာ | ၈ | |
| ၄ | ဓနုဖြူ | ၆ | |
| ၅ | ညောင်ပင်သာ | ၆ | |
| ၆ | တောင်ပို့ဘုရား | ၃ | |
| ၇ | ဟသ်ာတ | ၃ | |
| ၈ | သာရဝေါ | | ၃၀၀ |
| ၉ | ငသော်တဲ့ခေါင်း | | ၃၀၀ |
| ၁၀ | ရွှေကျင် | | ၃၀၀ |
| ၁၁ | ရေခင်း သို့ | ၂ | |
| ၁၂ | ကနောင်သို့ | | ၃၀၀ |
| ၁၃ | မြန်အောင် | | ၂၀၀ |
| ၁၄ | တရုတ်မှော် | ၄၄ | |
| ၁၅ | ရွှေတောင် | ၈ | |
| ၁၆ | ပြည်မြို့သို့ | ၄ | |
| ၁၇ | ဇလွန်သောင်ထိပ် | ၄ | |
| ၁၈ | ညောင်ပင်ဆိပ် | ၄ | |
| ၁၉ | မြေထဲသို့ | ၄ | |
| ၂၀ | ဆင်ပေါင်ဝဲသို့ | ၅ | |
| ၂၁ | မိကျောင်း ရဲ | ၅ | |
| ၂၂ | မြင်ကွန်း | ၄ | |
| ၂၃ | မကွေး မြို့သို့ | ၄ | |

၂၄ ဝက်မစွတ် ၄

၂၅ သာပေါင်း ၄

၂၆ ရေနံချောင်း ၄

၂၇ ကျောက်ရဲ ၄

၂၈ စလေမြို့ ၄

၂၉ စဉ့်ကူး မြို့ ၄

၃၀ ရသာမြို့ ၄

၃၁ အရိမဒ္ဒနမည်သောပုဂံ ၄

၃၂ ရွှေတောင်ရမိုင်း ၄

၃၃ ပျော်ဘွယ်သို့ ၄

၃၄ ပဝက်စဝ ၄

၃၅ ငံမြာကြီး ၄

၃၆ ရဲပတိုင်ရွာ ၄

၃၇ ကျောက်တလုံး သို့ ၄

၃၈ အင်းဝနေပြည်တော် ၈

ဧရာဝတီမြစ်ကြောင်း ဖြင့်တာတော်ထိုး ဖွဲ့စေရာစပ်ဆိုဆက်သွင်း ရသောလက်ာ။
ဤလက်ာပိုဒ်များ မှာသက္ကရာဇ်၁၁၃၃ ခုနှစ်တွင် ရွှေဘိုအလောင်း မင်း တြား ကြီး 1771
၏ ဒုတိယ မြောက်သား တော်ဖြစ် သောဆင်ဖြူရှင်သည်၊ ရတနာသိခ်မှ ရတနာပူရ
အင်း ဝမြို့နန်း သို့တတိယ မြောက်ဘန်ဆင်း တည် ထောင် ပြောင်း စံ တော်မူကာထိုထို
မဏိပူရအာသန်နှင့်ယိုး ဒယား နိုင်ငံ များ ကို အောင်မြင် တော်မူပြီး နောက်မင်း
ကောင်း မင်း မြတ်ဖြစ်သည်အား လျော်စွာသာသနာ တော် ရေး ဘက်၌လည်း ပစ္စည်း
လေး ပါး တို့ဖြင့် ထောက်ပံ့လှူဒါန်း တော်မူ၍ ကျောင်း ကန်ဘုရား များ စွာအသစ်
လည်း တည် ဆောက်ကိုး ကွယ် တော်မူ၏၊ ယိုယွင်း သည်များ ကိုလည်း ပြင်ဆင် တော်မူ၏၊
သို့နှင့်လည်း အား ရ ရောင့်ရဲ တော်မမူ ရကား အောက်အကြေသို့ ရွှေ ဘောင် တော်
ဖြင့်စုန်ဆင်း တော်မူ ခါတိဂုံဆံ တော်ရှင်အား ထီး တော်အသစ်တင်လှူ တော်မူပြီး လျှင်
မိမိ နေပြည် တော်သို့ပြန်လည် တော်မူ ရာ၌ ဧရာဝတီမြစ် ကြောင်း တွင်ခရီး ယူဇနာ

တိုင်တာတော်ထိုး ဖွဲ့စေ အမိန့်တော်အရဖြင့်မှူးကြီး မတ်ရာတို့မှာကွမ်း ထောက် မြို့ရွာများ အလိုက်တိုင်တာထိုး ဖွဲ့ရရာ၎င်း များ ကိုလည်း အဆိုတော်ပညာရှိတို့က အောက်ပါဖြစ် သောလင်္ကာ ၃ ပုဒ်တို့ဖြင့်စပ်ဆိုဆက်သွင်း ရလေသည်။

တိဂုံဆံတော်ရှင်တည်ရာတိဂုံ ရပ်ဌာနမှာကား ရတနာပူရအင်းဝနေပြည်တော်တိုင် အောင်ယူဇနာ ၃၀ ကျော်မျှဖြစ်၏၊ တာတော်ဖြင့်ကား တာပေါင်း (၁ဂ၀,၀၀၀) တသိန်း ရှစ်သောင်း ကျော်ပင်တည်း ။

၁၊ ဖက်ကျွန်း စံရာ၊ မော်ကျွန်း ဖျာပိမ့်၊ သာခွါငွေရောင်။ ဖလ်အရောင်ထက်၊ ဘောက်ပြောင်ဘုန်း တူ၊ လဘာဆူသို့၊ သုံး လူ့ကြေး မှုံ၊ ရွှေတိဂုံကို၊ သဂုံမြတ်ရှင်၊ ယီး တော်တင်မှ၊ မင်္ဂလိဖေါင်၊ ဝင်း ဝင်း ပြောင်မျှ၊ ရွှေတောင်အဟန်၊ ရွှေပြည်ပြန်ထွင်၊ တိုင်မှန်တာဖွဲ့၊ တာခဲ့သည်တိုင်၊ ပိုဒ်သိုက်မကြွင်း ၊ အရင်း မကျန်၊ လျှောက်ဆိုဟန်ကား ၊ တာမှန်တာတိုင်၊ ပန်း လှိုင်ကြအောင်၊ တာရာရှစ်တိုင်၊ နှိုင်း ပြိုင်မယှင်း ၊ ရုံခင်း စံရာ၊ မှန်စွာနည်း တူ၊ ဓနုဖြူသို့၊ မြောက်ဆူထိုး ဖွဲ့၊ ဘုန်း ကြီးသွဲ့ခါ၊ ညောင်ပင်သာမူ၊ သချာ ခြောက်ရပ်၊ ထက်ရပ်မှိုင်း ညို၊ တောင်ပို့ဘရာ၊ သညာတဝ၊ ဟသီတနှင့်၊ ဌာနအညီ၊ ပေါင်း သုံး လီဝယ်၊ သုံး စီမျှသာ၊ ခြား ကြာရေ ကြော၊ သာရဝေါတဖေါ်၊ ငသော်ကွဲ ခေါင်း ၊ သည့်နောင် ရွှေကျင်၊ သုံး ရာတွင်သာ၊ သချာသုံး လီ၊ တာပေါင်း ညီသည်၊ ရေသီ တာလမ်း ဖြန့်သန်း တည်း ။

၂၊ ညောင်ရွှေကျင်က၊ ရွှေစင်လျှံဝင်း ၊ ဆန့်ပြန်လျှဉ်း သော်၊ ရေခင်း ရောက်အောင်၊ နှစ်တိုင် ဆောင်၏။ ကနောင်သုံး ရာ၊ ဒွေး ရာမြန် အောင်၊ တာဆောင်ဘုန်း အုပ်၊ ဘရုပ်မှော်လှော၊ ဇေယျဇေယျ၊ အငှ ရွှေတောင်၊ ရိမှောင်ရစ်ဆို့၊ ပြည်မြို့ရိပ်ညံ့၊ ဇလွန် သောင်ဆိပ်၊ ညောင်ပင်ဆိပ်နှင့်၊ ရိုး ဆိပ် မြေထဲ၊ တကွဲလင်း ကြောင်း ၊ လည်း ကောင်း အညီ၊ လေး တိုင်စီတည့်၊ တလည်ဆင့်ကဲ၊ ဆင်ပေါင်ဝဲနှင့်၊ မိကျောင်း ရဲရွာ၊ ငါး တိုင်သာလျှင်၊ ခြား ကွာသည်ချည်း ၊ တနည်း မြင်ကွန်း ၊ မြောက်ယွန်း ကမ်း မြေး ၊ မကွေး သာလွှတ်၊ ဝက်မစွတ်သာပေါင်း ၊ ရေနံချောင်း သာခဲ့၊ ကျောက်ရဲသာထွေ၊ စလေသာတိုး ၊ စဉ့်ငူအုံး သာ၊ သာထက်သာ၍၊ ရသာမြို့က၊ ရိမန္တတိုင်၊ တာမှတ်ပိုင်၍၊ လေး တိုင်စီသာ၊ ခြား ဝေး ကွာသည်၊ စဉ်လာရှေး ကထုံး စံတည်း ။

31 July 1775

၃၊ ဂိမန္တနာ။ အောင်ချာပူရ၊ မြို့ပေါ်တိုက၊ ချီပြီး ကြွသော်၊ အင်း ဝဘုန်း ခေါင်၊ ရာမင်း နောင်လျှင်၊ ရွှေတောင်ရမိုင်း ၊ ရပ်ဆိုင်း စမ္ပါယ်၊ ပျော်ဘွယ်တရက်၊ ပဝက်စဝ၊ ဘညစံပြီး ။ ငါမြာကြီး ဝယ်၊ ရပ်မှီး ယှဉ်နွဲ့၊ တနေ့တဲ၍၊ ရဲပတိုင်ရွာ၊ တရက်ကြာသော်၊ နီလာရေခင်ဖုံး ၊ ကျောက်တလုံး သို့၊ စုရုံး တာစည်၊ ဖေါင်တော်ရှင်သည်၊ ရေယဉ်သီတာ၊ ကွမ်း ထောက်ရွာလည်း ၊ မျှား စွာမဝေး ၊ လေး တိုင်အမှန်။ တာရှစ်ပြန်တွင်၊ ဇိမာန်သိင်္ဂါ၊ ရတနာပူရ၊ ရွှေထိုင်း ချွဲ၊ ယူဇနာဖွဲ့သော်၊ သုံး ဆဲ့လေး သ ၊ ယူဇနာတည့်၊ အတာခန့်လောင်း ၊ သချ်ာ ပေါက်သော်၊ သိန်း နှင့်
ရှစ်သောင်း ၊ ခါကောင်း ဆန်း သစ်၊ သက္ကရာဇ်သာမော၊ ဥ၊ ဩ၊ ညံ၊ စီ၊ ခုချိန် 1771
သည်ကိုသိင်္ဂီဝင်း လျှံ၊ ရွှေဖေါင်ယှုံဖြင့်၊ မင်း ဝင်အောင်ချက်၊ ဟန်လျက်ကျွန်း ငု၊ ဆိုက် တော်မူသည်၊ နတ်လူပီတိ၊ ရွှင်လမ်း တည်း ။

(<u>သူရိယမဂ္ဂဇင်း</u> ၊ စက်တင်ဘာ၁၉၂၉၊ စာမျက်နှာ၁၇၃-၅)

31 July 1775

မြေဒူး မင်း ရန်ကုန်မှအဝသို့ရေကြောင်း ဖြင့်ပြန်ကြွတော်မူရာအဝသို့ သက္ကရာဇ်၁၁၃၇ခုဝါခေါင်လဆန်း ၅ရက် ၂နေ့ရောက်တော်မူသည်။

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရွှေနန်း သခင်ဘဝရှင်မင်း တရား ကြီး အမိန့်တော်ရှိသည်၊ မူရ၂ပါး ကိုဘုရား ဟောတော်မူသည့်အတိုင်း ရွက်ဆောင် တော်မူလေ့ရှိသော အရိယာသံဃာအပေါင်း တို့ သုံ့လူထွက်ထား ဘုရား သဗ္ဗညုတ ပရိနိဗ္ဗာန်လွန် တော်မူသည့်နောက်အဇာတသတ်မင်း ၊ ကာလာသောကမင်း ၊ သီရိ ဓမ္မာသောကမင်း တို့ကိုအမှီပြု၍ ပဌမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါ ယနာတင် တော်မူကုန်သည်၊ ယခုလည်း ရဟန်း သာမဏေတို့ကိုနဂရဂါမနိဂုံး ဇ နပုဒ်သို့ဝင်လျှင်သင်္ကန်း ရုံစေလိုသည့်ပုဂ္ဂိုလ်သူမြတ်တို့ကသင်္ကန်း ရုံသင့်သည်၊ ဒုကုဋ် တင်စေလိုသည့်ပုဂ္ဂိုလ်သူမြတ်တို့ကတင်သင့်သည်အယူကွဲပြား၍ဘုရား ရှင်သာသနာ တော်ကိုစိတ်တသမတ်တည်း ဖြူစင်ရှာ မကျင့်မဆောင်ရ၊ အလိုကိုတွန့်တိုရှိကြောင်း နှင့်ရွှေနား တော်ကြား တော်မူသည်၊ အရိယာသံဃာ တော်ဆရာ တော်အပေါင်း တို့သည်နိဗ္ဗာန်မဂ်ဖိုလ်အကျိုး ငှါကိုယ့်စီး ပွါး သတ္တဝါအပေါင်း တို့၏စီး ပွါးကို ဟောကြား ကျင့်ဆောင် တော်မူကြသည်ဖြစ်သည်၊ အလိုကိုတွန့်တိုရှိကြရမည်မဟုတ်ဘုရား ဟော တော်မူသည့်ပါဠိ တော်အဋ္ဌကထာဋီကာဝိနည်း ကျမ်း ဂန်အမှန်ရှိသည်ကိုသာအား ထုတ် တော်မူကြရမည်၊ သင်္ကန်း ရုံလိုသည့်အရိယာသံဃာ တော်ဆရာ တော်တို့နှင့် ဒုကုဋ်တင်လိုသည့်အရိယာသံဃာ တော်ဆရာ တော်အပေါင်း တို့ဘုရား ဟောတော် မူသည့်ပါဠိမည်သို့အနက်အဓိပ္ပါယ်လါသည်ဗုဒ္ဓမတညုဘုရား ရှင်အလို တော်ကိုသိသော အဋ္ဌကထာဋီကာသင်္ဂါယနာဝင်ဝိနည်း ကျမ်း ဂန်ကမည်သို့လါသည်၊ တကါ တော်ရေ မြေ့ရှင်မှစ၍ပြည်သား ပြည်သူရှင်လူအပေါင်း တို့လမ်း ကြောင်း ထင်ထင်သိမြင်သာ အောင်သုဓမ္မာစရပ်တွင်သတ္တိဗျတ္တိနှင့်ပြည့်စုံ သောပုဂ္ဂိုလ်မြတ်တို့ကိုခွင့်ပေး တော် မူကြ၍အသါအယါ ပြောဆို တော်မူကြရမည့်အကြောင်း ကိုအမိန့် တော်ရှိသည်။

24 February I780

သက္ကရာဇ် ၁၁၄၁ ခုတပေါင်း လပြည့်ကျော် ၆ ရက် ၅ နေ့မှာ ရှိအောင် ရတနာသုဓမ္မာစရပ်တွင်အတွင်း ဝန်ထောက်နေမျိုး နော်ရထာပြန်။

( တောင်ခွင် )

25 February I780

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရွှေနန်း သခင်ဘဝရှင်မင်း တရား
ကြီး အမိန့်တော်ရှိသည်။ စကား များ ရှာဆိုကြရမည်မဟုတ်၊ သိမ ဇာတို့ကို ဒုကုဋ္ဌ
တင်၍ ရင်ဘွဲ့စည်း သင့်သည်၊ ပါဠိအဋ္ဌကထာဋီကာတိုက်ရိုက်ရှိသည်ကိုသိအမိန့်တော်
ရင်း အတိုင်း ဆို တော်မူကြရမည့်အကြောင်း ကိုအမိန့်တော်ရှိသည်။

25 February I780

သက္ကရာဇ် ၁၁၄၁ ခုတပေါင်း လပြည့်ကျော် ရရက် နေ့မာန်အောင်
ရတနာသုဓမ္မာစရပ်တွင် လျှော်ကား သုံး ထောင်မှူး ကျော်ထင်နန္ဒမိတ်ပြန်
အမိန့်တော်။

( တောင်ရှင် )

25 February I780

သက္ကရာဇ် ၁၁၄၁ ခုတပေါင်းလပြည့်ကျော် ၇ ရက် နေ့မာန်အောင်ရတနာသု
ဓမ္မာစရပ်တွင်လက်ယာဘက် နေဒုကုဋ္ဌတင်ဆရာတော်တို့က သင်္ကန်း ရုံပုဂ္ဂိုလ်တို့
အဆိုကို ချေသည်၊ ပိဏ္ဍစာရိကေနဘိက္ခဝေ၊ ဘိက္ခုနာအစရှိသော စုဏ္ဍဝါပါဠိတော်
သည်သာမဏေကိုပညတ်သောသိက္ခာပုဒ်မဟုတ်၊ သမညာယဘိက္ခုဟူသော ပါရာဇိကကဏ်
ပါဠိတော်၊ သမညာယတိ၊ ပညတ္တိယံ ဝေါဟာရေနာတိအကြော အစရှိသော ပါရာဇိ
ကကဏ်အဋ္ဌကထာ၏အရဖြစ်သော သာမဏေကိုဘိက္ခုဟုပညတ်ရခြင်း သည်ဆွမ်း ပင့်ဖိတ်
သော်ကာလစသည့်တို့၌သာမဏေကိုပင်ဘိက္ခုဟုဆို၏၊ ပညတ်တော်မူသောသိက္ခာပုဒ်အရာ
၌သာမဏေကိုဘိက္ခုမဆို မယူရ၊ မဆိုမယူရကြောင်းကိုလည်း ဘိက္ခုတိ၊ ဘိက္ခကောဘိက္ခု၊
ဘိက္ခာစာရအဇ္ဈုပဂတောတိဘိက္ခု၊ ဘိန္နပဋဓရောတိဘိက္ခု၊ သမညာယဘိက္ခု၊ လ၊ အ
ကုပ္ပေနဌာနာရဟေန အယံဣမသ္မိံအတ္ထေအဓိပ္ပေတော ဘိက္ခုတိ၊ ပါရာဇိကကဏ်ပါဠိ
တော်၊ ဘိက္ခုတိ၊ ဘိက္ခုဟူသည်ကား ဘိက္ခာအရိယာတို့တောင်းခြင်းဖြင့်တောင်း
တတ်၏၊ ဣတိတသ္မာထို့ကြောင့်၊ ဘိက္ခု၊ ဘိက္ခုမည်၏၊ ဘိက္ခာစာရံဆွမ်း ခံရာသို့၊
အဇ္ဈုပဂတော၊ ကပ်တတ်၏၊ ဣတိ၊ ထို့ကြောင့်ဘိက္ခု၊ ဘိက္ခုမည်၏၊ ဘိန္နပဋဓရော
အပိုအတေ့အဆင်းကိုဖျက်သောသင်္ကန်းကိုဆောင်တတ်၏၊ ဣတိထို့ကြောင့်၊ ဘိက္ခု၊
ဘိက္ခုမည်၏၊ သမညာယ၊ ရဟန်းဟူသောပညတ်အားဖြင့်၊ ဘိက္ခု၊ ဘိက္ခုမည်၏၊ လ၊
ယွာယံယော၊ အယံဘိက္ခု၊ အကြင်ရဟန်းကိုသမဂ္ဂေန၊ ညီညွတ်သော၊ သင်္ဃေန၊ သင်္ဃာ
သည်၊ အကုပ္ပေန၊ မပျက်အပ်သော၊ ဌာနာရဟေန၊ သာသနာတော်တည်းဟူသော
အကြောင်းအား ထိုက်ထသော၊ ညတ္တိစတုတ္ထေန၊ ညတ်လျှင်၊ လေးခုမြောက်သော၊
ကမ္မေန၊ ကမ္မဝါစာဖြင့်၊ ဥပသမ္ပန္နော၊ ပဉ္စင်းဖြစ်သောရဟန်းကို၊ ဣမသ္မိံ
အတ္ထေ၊ ဤသိက္ခာပုဒ်ကိုပညတ်ရာ၌၊ အဓိပ္ပေတော၊ အလိုရှိအပ်၏၊ ဤပါရာဇိ
ကကဏ်ပါဠိတော်အဓိပ္ပါယ်ကား ၊ အရိယာတို့တောင်းခြင်းဖြင့်တောင်းတတ်သော
ကြောင့်လည်း ဘိက္ခုမည်၏၊ ဆွမ်း ခံတတ်သောကြောင့်လည်း ဘိက္ခုမည်၏၊ အဆင်းအ
တေ့အပိုကိုဖျက်သောသင်္ကန်း ဝတ်သောကြောင့်လည်း ဆွမ်း ပင့်ဖိတ်သော်အခါရဟန်း
တို့ကိုရေတွက်ရာစသည်၌သာမဏေသည်လည်း ၊ ဘိက္ခုမည်၏၊ လ၊ ဉာတ်ကမ္မဝါစာ
ဖြင့်ပဉ္စင်း ခံသောရဟန်းသည်လည်း ဘိက္ခုမည်၏၊ ထိုဘိက္ခုအများတို့တွင်၍သိက္ခာ
ပုဒ်ကိုပညတ်ရာ၌သာမဏေအစရှိသောဘိက္ခုအများကိုမလိုအပ်မရသင့်၊ ဤသို့ပါရာ

ဇိကဏ်ပဌမပါရာဇိကသိက္ခာပုဒ်မှစ၍ နိသဂ္ဂိ ၃၀ တိုင် ၄၃ ပါသောသိက္ခာပုဒ်တို့၌
သာမဏေကိုဘိက္ခုဟုမယူရကြောင်း ပါစိတ်ပါဠိတော်မုသာဝါဒသိက္ခာပုဒ်မှစ၍ ပါဠိ
ဒေသနိယသိက္ခာပုဒ်လေးပါးတိုင်။ ၉၆ ပါး သောသိက္ခာပုဒ်တို့၌သာမဏေကိုဘိက္ခု
ဟုမယူရကြောင်းကိုလိုသည်ဖြစ်၍ ပဌင်းကိုသာဘိက္ခုဟုယူအပ်ပါသည်။ တကြောင်းလည်း
သင်္ကန်း ရုံး သင်္ကန်း ရုံအရှင်မြတ်တို့ဆိုသည်။ ပိဋကစာရိကေနဘိက္ခုဝေဘိက္ခုနာစသော
ပါဠိ၏ ရှေး ဝတ္တသီလကိုပညတ်ခြင်း၏အကြောင်း တေန ခေါ ပန သမယေန ပိဋကစာ
ရိကဘိက္ခုဒုနိဝတ္ထာဒုပါရုတာစသည်ဖြင့်ရဟန်း ပဌင်းကိုသာဆိုသည်ဖြစ်၍လည်း ။
ပဌင်းကိုသာဘိက္ခုဟုယူဆအပ်၏။ သုပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမိ။ တိသိက္ခာ
ကရဏီယာ။ သုပဋိစ္ဆန္နေန အန္တရဃရေ ဂန္တဗ္ဗံ။ ယော အနာဒရိယံ ပဋိစ္စ ကာယံ ဝိဝ
ရိတွာ အန္တရဃရေ ဂစ္ဆတိ။ အာပတ္တိ ဒုက္ကဋဿ ဟုသောသိက္ခာပုဒ်တော်ကိုလည်း
ပဌင်းဖြစ်သောဆဗ္ဗဂ္ဂီရဟန်းကိုအကြောင်းပြု၍ပညတ်တော်မူသည်။ သာမဏေ
ယောကျ်ား ။ သာမဏေမိန်းမ။ သိက္ခမာန်တို့မှာမိမိတို့အား ပညတ်သောဆယ်ပါး
သောသိက္ခာပုဒ်တို့မှကြွင်း သောသာမဏေတို့အား ပညတ်သောအရာတို့၌ ဒါဏ်အလိုင်
အရာကိုပင်ဥပစာရအားဖြင့်အာပတ်ဟုခေါ်သည်သာဖြစ်သည်။ ဂဏ္ဌိကံမငြိမှု
ဋ္ဌိတွာ။ စသည်၌အနုညာတသော။ ပဋိသေဓမပါသောကြောင့် ကပတ်သိမ်မတတ်သော်
လည်း အာပတ်သင့်မသင့်ဆိုညားအံ့။ ဝတ္တက္ခန္ဓကေ။ ကော ဒုက္ကဋာပတ္တိ ယေဝ သိ
သဗ္ဗဝဇ္ဇေသု။ အနာဒရိယေန ဟောတိ။ ဟုသောပါဠိဝါအဋ္ဌကထာပါဌကိုဆောင်
၍တပတ်သိမ်ကပတ်ကျင်း တတ်၍ မရှပ်မဝတ်ပါဠိဝါအဋ္ဌကထာမှာဥပဇ္ဈာယ်ဆရာ
တို့အား ပြုရာသောဝတ်ကိုမပြုလျှင်ဒုက္ကဋ်အာပတ်သင့်သည်ကိုသာဆိုသည့်အရာဖြစ်
ပါသည်။ ကပတ်သိမ်ကပတ်ကျင်း၌တတ်ခြင်းသည်ဥပဇ္ဈာယ်ဝတ်စသောဝတ္တသီလ
မဟုတ်။ အနုညာတသိက္ခာပုဒ်မျှသာဖြစ်သည်။ ထို့ကြောင့်အနုဇာနာမိဘိက္ခဝေဂ
ဏ္ဌိကံပဋိမုဉ္စိတုံဟု၍သာဟောတော်မူသည်။ တပါး သိက္ခာပုဒ်၌အာပတ္တိ ဒုက္ကဋဿ ဟု
ဟောတော်မူသကဲ့သို့ဤအနုညာတသိက္ခာပုဒ်၌ ဒုက္ကဋ်အစရှိသောအာပတ်သို့တင်၍
မလာမဟောပါ။ အန္တောဂါမေ ဝါ ဟောတု ဝိဟာရေ ဝါ ဟုသာနံစသောအဋ္ဌကထာ
စကားသည်လည်း ပဌင်းကိုအကြောင်းပြု၍ပညတ်တော်မူသောဝိနည်း ပါဠိ၏
အဋ္ဌကထာသာဖြစ်သည်။ သာမဏေတို့ကျင့်ရာသည်ကိုဆိုသောအဋ္ဌကထာမဟုတ်ပါ။ သတ္တ

25 February I780

ရာဇ် ၁၁၄၁ ခုတပေါင်း လပြည့်ကျော် ၇ ရက် နေ့သင်္ကန်း ရုံ့ပုဂ္ဂိုလ်တို့အဆိုဆင်ခြေကို ၄င်း နေ့ဒုကုဋ္ဌတင်အရှင်မြတ်တို့က ခြေသည်၊ ၄င်း အချေကိုသင်္ကန်း ရုံပုဂ္ဂိုလ်တို့ကပြန်လှန်၍တဘန်မချေမဆိုဝံ့၊ ဆရာတော်သံဃာတော်တို့အရုံအတင်သဘောမကျဝိဝါဒရှိကြောင်း ကိုကြား တော်မူသည်နှင့် ဝိဝါဒမကွဲမပြား စေရ၊ တဝတည်း သိတရား လမ်း မှန်ပြဋ္ဌန်သည့်အရာကိုသိ တော်မူသါ အောင်သုဓမ္မာစရပ်တွင်ဆိုကြရသည်။ အဆိုစာရင်း ကျဆရာတော်တို့ပြင်လက်ယာက နေသည်၊ စံကျောင်း ဆရာထောက်မပြောဆိုသည်ကိုကြား တော်မူရပေသည်၊ လက်ဝဲက ကျော်အောင်စံထား ဆရာတော်၊ မင်း ရွာဆရာတော်၊ ကူး တို့ဆိပ်ဆရာတော်၊ ညောင်ကန်ဆရာတော်တို့လည်း ကျမ်း ဂန်သိမြင်သည့်ပုဂ္ဂိုလ်ဖြစ်သည့်၊ ပါဠိအဋ္ဌကထာ ရှိသည့်အတိုင်း ထောက်မပြောဆို တော်မူကြရမည်။

26 February I780

သက္ကရာဇ် ၁၁၄၁ ခုတပေါင်း လပြည့်ကျော် ၈ ရက် ၀ နေ့မှာမာရ်အောင်ရတနာသုဓမ္မာစရပ်ထွင်အတွင်း ဝန်ထောက်နေမျိုး နော်ရထာပြန်။
( တောင်ရှင် )

ဒုကုင်တင်ဆရာတော်သင်္ကန်း ရုံဆရာတော်တို့အရုံအတင်ကျမ်း ဂန်နှင့်အညီဆို ကြသည့်စကား မှာတင်သင့်သည် ရုံသင့်သည်ဘုရား ရှင်နှစ်ကွဲ ဟောတော်မူမည်မဟုတ်တခုခုကိုသာ ဟောတော်မူမည်ဖြစ်သည်၊ ဒုကုင်တင်ဆရာတော်တို့ကိုပါဠိအဋ္ဌကထာနှင့်နှစ်ဦး ဆိုစေ၊ မဆိုနိုင်လျှင်ဘုရား ဟောတော်မူသည့်ပါဠိအဋ္ဌကထာရှိသည့်အတိုင်း ကျင့်ဆောင်စေ။

I5 November I780

သက္ကရာဇ်၁၁၄၂ ခုတန် ဆောင်မုန်း လဆုတ်၄ ရက် နေ့နံား ခံစ မြောင်မှူး နေမျိုး နန်သူ့ထွင်ပြန်။

22 November I780

(သက္ကရာဇ်၁၁၄၂ ခုတန် ဆောင်မုန်း လဆုတ်၁၁ ရက်ဗုဒ္ဓဟူး နေ့ မါရ် အောင်သုမဗ္ဗာစရစ်တွင်လက်ယာဘက် နေရာနေဒုကုင်ကင်ဖိုက်း ဆရာတော်သံဃာတော်တို့အဆို ပြုကြသည်)။

( တောင်ခွင် )

ယခုဆိုသည့်စကား ရပ်ပြင်ဆိုရန်အများ ရှိသေး သည်၊ ငါသာသနာတော်ကိုထိမ်း ကိမ်း ပြုစုတော်မူသည့်ကေရာဇ်ဖြစ်သည်၊ ဆိုလိုရာရာစကား အချေအမြစ်ပါဠိ အဋ္ဌကထာတိုက်ရိုက်မလါမရှိသည်ကိုနိုင်မြည်၍ဆိုရမည်မဟုတ်၊ ဘုရား ဟုင်ရွှေမျက်နှာ တော်ကိုသါကြည့်တော်မူရမည်ဖြစ်သည်၊ မြေနန်း တော်တွင်ဆိုစေသည်ကါလလည်း သာမဏေတို့တင် ဆောင်စည်း ဘွဲ့သည်ဒုက္ခရင်ဘွဲ့ကိုပါဠိအဋ္ဌကထာမလါမရှိပေ၊ ဆရာစဉ့်သို့လိုက်၍သာကျင့်ဆောင်ပေသည်ဆိုချက်ရှိပြီယခုဆို၍ဆက်သွင်း သည့်ပြင် သာမဏေတို့မှာရွာဝင်ဆွမ်း စား ဆွမ်း စဥ်းကိုကိုယ်ဝတ်စမွယ်တင်ရင်စည်း၍ သွား ရမည်ဟုသုပဋ္ဌိန္နလက္ခဏာညီ အောင်ပခုံး နှစ်ဘက်ကိုဖုံး လွှမ်း ဝတ်ရုံ၍ သွား ရမည်ကိုသာသိတော်မူလိုရင်း ဖြစ်သည်၊ ပါဠိတော်အဋ္ဌကထာလါသည့်အတိုင်း သိတော်မူသာ အောင်ဆိုစေ။

23 November 1780

သက္ကရာဇ် ၁၁၄၂ ခုတန်ဆောင်မုန်း လဆုတ် ၁၂ ရက် နေ့သံတော်ဆင့် စည်သူရွှေတောင်နော်ရထာတွင်ပြန်။

( တောင်ခွင် )